နေမင်းကွယ်ချိန် လသာချိန်

သို့မဟုတ်

# သာမညဖလသုတ်တော်နှင့်အဇာတသတ်

ဦးကောင်းထွန်း

KS1200
THANK YOU



ဒို့အာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး.......................ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး...........ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး..............ဒို့အရေး

## ပြည်သူ့ သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှတ် ၂၈၊ တောင်မြင်းပြိုင်ကွင်းလမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၅၄၁၃၃၁

စာမူခွင့်ပြုချက်အမှတ်
၁၅၅/၂၀၀၃(၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၂၃၆/၂၀၀၃(၄)

အတွင်းစာစီ
ကိုသောင်းကြူ

အတွင်းဖလင်
ဦးတင်မြင့် (ရာဇာ)

မျက်နှာဖုံး
မောင်မောင်သိုက်

မျက်နှာဖုံးဖလင်
ALPHA

မျက်နှာဖုံးပုံနှိပ်
စိန်မြန်မာပုံနှိပ်တိုက်

ပုံနှိပ်ခြင်း
ပထမအကြိမ်

အုပ်ရေ ၁၀၀၀

ပုံနှိပ်/ထုတ်ဝေ
ဒေါ်မော်မညွန့်၊ စိန်မြန်မာပုံနှိပ်တိုက် (မြ-၀၇၁၃၆)
အမှတ် ၂၈၊ ဒေါင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်
ရန်ကုန်မြို့က ပုံနှိပ်၍
ဦးဇော်ကားလား သောကြာစာအုပ်တိုက် ([illegible])
အမှတ် ၁၅၊ ညွှန့်ဘီလမ်း နံ့ကျော်ကွေ့ကြော်၊ တာမွေမြို့နယ် [illegible]
ရန်ကုန်မြို့က ထုတ်ဝေသည်။

ဦးကောင်းထွန်း

# နေမင်းကွယ်ချိန် လ,သာချိန်
(သို့မဟုတ်)
# သာမညဖလသုတ်တော်
နှင့်
# အဓာတသုတ်

*Royal Snow Publications*

၂၉၂၁၇

ဓိစဉ်သူ

ပန်းချီ-သန်းထွန်းစိုး

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ၊ ၁ရက်

ရောင်းဈေး
၁၂၀၀/-

## ရေးရှုရည်သန် စေတနာမှန်

ဤစာဆိုမှ၊ ငါ့ကို လူများ၊ ကြည်ညိုပွားအံ့
ပျို့လားအရှယ်၊ သင့်ရုံငယ်က၊ ဆန်းကြွယ်အထူး
ဂုဏ်ကျေးဇူးကို၊ သိမ်မြူးမနေ၊ ယုတ်ဖော်ပေမှ
ညာကြောလွှမ်းကြား၊ ကျော်ထင်ရှားအံ့
နှစ်ပါးဤသို့၊ မကြံမြဲ့တည်း. . .

ယခုဘဝ၊ ဤကာယဉ်၊ သုခစီးပွား
မဖြစ်ငြားလည်း၊ ငါ့အားတိမှာ၊ သံသရာဝယ်
ယုတ်ပါအံ့နည်း၊ ကြံသိုင်းတည်း၍၊ အရည်းရှင်မူ၊
နှလုံးဖြူပေါ်။

လူတို့နားတွင်၊ မိုက်မလင်းကို၊ ဝင်းဝင်းထွန်းညီး
ညာဏ်ဆီမီးဖြင့်၊ မှောင်ကြီးကင်းပျောက်၊ ငါ့စာရောက်က
ငါ့အောက်ပညာ၊ နုသေးငွာသား၊ သဗ္ဗာမပြန့်
လူ့အဝန့်အား၊ စိတ်ပြားပညာ၊ ပွားပါစိမ့်မည်
သည်သို့ရည်၍. . .

ရှင်မဟာရဋ္ဌသာရ
ဘုရိဒတ်ဇာတ်ပေါင်းခန်းပျို့

## ကြိုးကြောင်းညွှန်ပြ အာသီသ စကားညွှန်း

သည်စာအုပ်၏ အခြေခံ ရည်ရွယ်ရင်းမှာ လောကကို မျက်နှာမူစ အရွယ် လူငယ်ကလေးများသည် မိမိတို့ဘဝကို အများအယွင်းကင်းစွာ ပျိုးထောင်တည်ဆောက်နိုင်ဖို့ပင် ဖြစ်သည်။ အရည်အချင်းရှိသမျှ မိမိတို့ ကိုယ်တိုင်၏ ကောင်းကျိုးချမ်းသာကိုလည်းကောင်း၊ သူတစ်ပါးတို့၏ ကောင်းကျိုး ချမ်းသာကိုလည်းကောင်း ရယူခံစား ကြီးပွားအောင်မြင်ကြစေဖို့ပင် ဖြစ်သည်။

သည်အရင်းခံ ရည်ရွယ်ချက်ကြောင့်ပင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့နှင့် ကျွမ်းဝင်ရင်းနှီးနေခဲ့ပြီးဖြစ်သော ရှင်ဒေဝဒတ်နှင့် အဇာတသတ်တို့၏ ဖြစ်ရပ် ခြင်းရာ သင်ခန်းစာအထောက်အထားကို နှိုင်းယှဉ်တင်စား ရေးသားဖော်ညွှန်း ရခြင်းဖြစ်သည်။

**"တစ်ချက်မှားလျှင် တစ်သက်သွားသည်"** ဆိုသော စကားအတိုင်း မိတ်ဆွေဆိုးဖြစ်သော **"ရှင်ဒေဝဒတ်"**နှင့် ပေါင်းသင်းမိသောကြောင့် အဇာတသတ် မင်းသားကလေး၏ဘဝ နစ်မွန်းပုံကို ဆင်ခြင်ကြည့်နိုင်သည်။

တစ်ဖန်တဲ့ **"ပျက်အစဉ် ပြင်ခဏ"** ဆိုသလို မိတ်ဆွေကောင်းဖြစ်သော **"ဆရာဇီဝက"** ကို အကြောင်းပြု၍ ဗုဒ္ဓမြတ်စွာနှင့် တွေ့ခွင့်ရကာ အမှား ကွယ်ပျောက် အမှန်ရောက်ခဲ့ရပုံကိုလည်း တွေ့မြင်သုံးသပ်နိုင်ကြမည် ဖြစ်သည်။

အဇာတသတ်မင်းကို အကြောင်းပြု၍ အဖိုးထိုက်တန်သော **"သာမညဖလ သုတ်တော်"** လည်း ပေါ်ပေါက်ခဲ့ရသည်။

အဇာတသတ်မင်းသည် ဗုဒ္ဓမြတ်စွာနှင့် တွေ့ဆုံပြီး ထိုနေ့ထိုအချိန်မှ စ၍ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို မတုန်မလှုပ် သက်ဝင်ယုံကြည်သော အစလ သဒ္ဒါတရားနှင့် ပြည့်စုံသည့် **"ဥပါသကာပုဂ္ဂိုလ်"** ဖြစ်လာခဲ့လေသည်။

ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သောအခါ သတိလက်လွတ် ရှုံ့သွပ် ခမန်းပင် ဖြစ်ရရှာချေသည်။ ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်မွေတော်များကို ကာလ မြင့်ရှည် ခိုင်ကျည် တည်တံ့နိုင်အောင် လုံခြုံစေ့စပ်စွာ သိမ်းဆည်းပေးခဲ့ရုံမက ပထမဦးစွာသော သင်္ဂါယနာတင်ခြင်းအမှု **"ဓမ္မသဘင်"** ကိုလည်း လှိုက်လှဲ ထက်သန်စွာ ဖြည့်ဆည်းပေးခဲ့သည်။

စာရေးသူသည် သည်စာအုပ်အပေါ် သည်သို့ ရည်သန်အားထား အပ်ပါသည်။

- ဘဝခရီးကို စတင်လျှောက်လှမ်းကြမည့် အကြင်လုလင်ပျို၊ လုံမပျို အပေါင်းတို့သည် ကိုယ်ကျိုးရှာ အခွင့်အရေးသမားတို့နှင့် ကင်းလွတ် ပြီး ဘဝခရီးကို အမှားအယွင်းကင်းစွာ လျှောက်လှမ်းနိုင်ကြပါစေ သတည်း။
- ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို လေးစားရိုသေစွာ ဆည်းကပ် ကိုးကွယ် နိုင်ကြပါစေသတည်း။
- မိမိကောင်းကျိုး၊ သူတစ်ပါးကောင်းကျိုး စွမ်းဆောင်အားထုတ် နိုင်သော သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်ကြစေ သတည်း။

ဦးကောင်းထွန်း
၁၃၆၄-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

အမှတ် ၂၃၄၊ ဥက္ကာလမ်းသွယ် ၈၊
ဂ ရပ်ကွက်၊ မြောက်ဥက္ကလာပ၊
ရန်ကုန်မြို့။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်ရှင် ဘုရားစင်စစ် ဖြစ်မြောက်နိုင်ရေးအတွက် ဒသပါရမီ၊ ဒသဉပပါရမီ၊ ဒသပရမတ္ထပါရမီ ဟူသော အယုတ်အလတ်အမြတ် ပါရမီအမျိုးမျိုးကို ဘဝပေါင်းများစွာ ကပ်ကမ္ဘာပေါင်း များစွာ ကြိုးပမ်းတကြီး ဖြည့်ဆည်းအားထုတ်တော်မူခဲ့ရသည်။

ထိုပါရမီများအားလျော်စွာ ဂေါတမဗုဒ္ဓ မြတ်စွာဘုရားရှင် အဖြစ်သို့ ဆိုက်ရောက်လာသည့်တွင်လည်း ဘုရားအမည်ခံ ဂိုဏ်းဆရာ အသီးသီးတို့နှင့် ကြုံဆုံရင်ဆိုင်ခဲ့ရသည်။ မရိုးမသား ကောက်ကျစ်စဉ်းလဲစွာသော စိတ်စေတနာ အရင်းခံဖြင့် ပြဿနာအမျိုးမျိုးကို မေးမြန်းကာ အကြီးအကျယ် ထိပါးပုတ်ခတ်သူ၊ ကဲ့ရဲ့ရှုတ်ချသူတို့နှင့် တွေ့ကြုံဆုံစည်းခဲ့ရသည်။

သို့သော် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အလွန်အကြူး ထူးဆန်းအံ့ဩဖွယ် ဂုဏ်ကျေးဇူးမှာကား မည်သို့သော အတတ်ပညာ၊ မည်သို့သော ကြံစည်အားထုတ်မှုဖြင့် ထိပါးပုတ်ခတ်လာသူပင်ဖြစ်စေ နောက်ဆုံး၌ မြတ်စွာဘုရား၏ ဉပသကာ ပုဂ္ဂိုလ်ဘဝသို့သာ ဆိုက်ရောက်သွားရခြင်းပင်ဖြစ်သည်။ ဦးစွာ ဆိုညွှန်းခဲ့ပြီး ပါရမီတော်များ၏ ကျေးဇူးနှင့် အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်၏ အကျိုးသက်ရောက်မှုဟူ၍ ဆိုရပေလိမ့်မည်။

ကြောင်းကျိုး (နွယ်ယှက်ဆက်စပ်မှု) သဘာဝ၊ ကြောင်းကျိုးဆင်ခြင် တုံနည်း (သဘော)အားဖြင့်ကား သမ္မာသမ္ဗုဒ္ဓဘုရားရှင်စင်စစ် ဖြစ်မြောက်ရေးအိုမှု ဖြင့် ဘဝပေါင်းများစွာ၊ ကပ်ကမ္ဘာပေါင်းများစွာ၊ ပါရမီအမျိုးမျိုးကို ကြိုးပမ်း အားထုတ်ခြင်း ကြီးစွာဖြည့်ဆည်းတော်မူလာခဲ့ရခြင်းသည် **အခြေခံရင်းမြစ်မူလ**

**အကြောင်းတရား** မယဉ်ကျေးသော လူယောကျ်ား စသည်တို့ကို ပကတိ ယဉ်ကျေးသိမ်မွေ့စေရုံမျှမက သံသရာဝဋ်ဆင်းရဲတွင်းမှ လွတ်ကင်းထွက်မြောက်နိုင်အောင် ကယ်တင်တော်မူနိုင်ခြင်းသည်ကား ထိုထိုပါရမီများ၏ **ဂုဏ်ကျေးဇူး သက်ရောက်မှု အကျိုးတရား**ပင် ဖြစ်ပေသည်။

စင်စစ် ထိုထိုအကြောင်းခြင်းရာများမှာ **"ဘုရား မကြည်ညိုတတ် သုတ်ကျမ်းဖတ်"** ဆိုသည်မျိုး၊ မြတ်စွာဘုရားရှင်အား **"ဂုဏ်တော်ဘုရား"** အဖြစ် ပညာသိ သဒ္ဓါရိုကျိုး ကြည်ညိုမြတ်နိုးမှုဖြစ်စေနိုင်သည်။

ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူး၌ မတုန်မလှုပ် (တစ်စုံတစ်ရာ ယုံမှားသံသယမရှိ) သက်ဝင်ယုံကြည်ခြင်းတည်းဟူသော "အစလ သဒ္ဓါတရား" ဖြစ်မြောက်စေနိုင်ကြောင်း ကောင်းစွာသော အထောက်အပံ့လည်း ဖြစ်ပေသည်။

ကြောင်းကျိုးဆက်နွယ်မှု၊ အပြန်အလှန် ကျေးဇူးပြုခြင်းနည်းအားဖြင့် ဆိုပါမူလည်း–

**"ဘုရားကို မြင်တတ်မှ၊ တရားကို မြင်တတ်မည်"**

**"တရားကို မြင်တတ်မှ၊ သံဃာကို မြင်တတ်မည်"**

**"သံဃာကို မြင်တတ်မှလည်း မြတ်စွာဘုရားကို "ပညာသိသဘော" မျိုးဖြင့် သဒ္ဓါညွတ်နူးကြည်ညိုတတ်မည်။** သာမညဖလသုတ်နှင့် ဗြဟ္မဇာလသုတ်တော်များ၏ ဂုဏ်ကျေးဇူးအနှစ်သာရပိုင်းကို ကောင်းစွာသဘောပေါက်သိမြင်နိုင်ပေမည်။"

## ဆဒ္ဒန်ဆင်မင်းဘဝ ဖြစ်စဉ်က

"အဆွေမုဆိုးသား၊ ဤ ငါ့အစွယ်တော်အစုံကို သင့်အား ပေးလှူသော ငါသည်၊ မချစ်အပ်သော ဝတ္ထုအဖြစ် နှလုံးသွင်း၍ (အမှတ်ပြု၍) ငါမလှူ၊ သိကြားမင်းအဖြစ်၊ မာရ်မင်း၏အဖြစ်၊ ဗြဟ္မာမင်း၏အဖြစ် အစရှိသည်တို့၏ စည်းစိမ်ကို တောင့်တသည်ဖြစ်၍လည်း ငါမလှူ၊ စင်စစ်သော်ကား၊ ဤ ငါ့အစွယ်တော်တို့ထက် အဆအရာအားဖြင့်လည်းကောင်း၊ အဆအထောင်အားဖြင့်လည်းကောင်း၊ အဆအသိန်းအားဖြင့်လည်းကောင်း၊ သဗ္ဗညုတဉာဏ်တည်းဟူသော အစွယ်တို့ကိုသာလျှင် အလွန်တရာသာ၍ ငါ ချစ်တော်မူ၏၊ ငါ၏ ဤအစွယ်တော်ကို

လှူရသော ကောင်းမှုသည် သဗ္ဗညုတဉာဏ်ကို ရနိုင်ခြင်း၏ အကြောင်း ကောင်းစွာသော အထောက်အပံ့ ဖြစ်စေသတည်း။"

ဤကား ဆဒ္ဒန်ဆင်မင်းဘဝ ဆဒ္ဒန်ဆင်မင်းဖြစ်စဉ်ကပင်လျှင် သောနုတ္တိုရ်မုဆိုးအား စွယ်တော်စုံကို ပေးလှူကာ သဗ္ဗညုတဉာဏ်တော် ရလိုမှုအတွက် ပါရမီဖြည့်ဆည်းခဲ့ပုံဖြစ်သည်။

## သိဝိရာဇ်မင်းကြီးဘဝ ဖြစ်စဉ်က

ထို့အတူပင် သိဝိရာဇ်မင်းကြီးဖြစ်ခဲ့စဉ်အခါကလည်း . . .

"သင်ပုဏ္ဏား . . . နင်နှင်သသူ၊ သာမန်လူတို့၊ လှူဝံ့မည်ထား၍၊ ကြားရုံကိုမျှ၊ ကြက်သီးထ,လောက်သော၊ ဒါနပရမတ်–မျက်လုံးမြတ်ကို၊ ထုတ်ဖြတ်၍ လှူသည်ကား၊ မျက်ဆန်တော်နှစ်ဘက်၊ အသက်အာယု၊ ဤဝတ္ထုများထက်၊ သဗ္ဗညုတဉာဏ်ကို၊ လွန်တရာ၊ သာ၍ချစ်ခင်၊ လိုချင်တောင့်တ စုံမက်လှ၍၊ သင်ပုဏ္ဏားအား ငါ လှူရက်တော်မူသည်" ဟူ၍ ပါရမီတော် ဖြည့်ဆည်းခဲ့ပုံကို သိရပြန်သည်။

နောက်– ဝေဿန္တရာမင်းကြီးဖြစ်တော်မူခဲ့စဉ်မှာလည်း . . .

"ငါသည် ဝေဿန္တရာမင်းဘဝ၌ သားချစ် ဇာလီနှင့် သမီးချစ် ဂဏှာဇိန်တို့ကိုလည်းကောင်း၊ ငါ့အပေါ်တွင် အလွန်တရာ ရိုသေလေးမြတ်လှပေသော မဒ္ဒီမိဖုရားကိုလည်းကောင်း၊ သူတစ်ပါးအား ပေးလှူခဲ့ခြင်းသည် သဗ္ဗညုတဉာဏ်ကို ရည်သန်တောင့်တသောအားဖြင့် ပေးလှူခဲ့ခြင်းသာဖြစ်သည်၊ ထိုသဗ္ဗညုတဉာဏ်မှတစ်ပါး အခြားမည်သည်ကိုမျှ ရည်ရွယ်ခြင်း မရှိခဲ့" ဟူ၍ ကိုယ်တော်တိုင်ပင်လျှင် ပြန်လည် ဟောကြားတော်မူခဲ့ပေသည်။

ဗုဒ္ဓမြတ်စွာ၏ ဂုဏ်ကျေးဇူးများမှာ ဤသို့သော ပါရမီတော်ဖြည့်ဆည်းခဲ့မှုများနှင့် အလေးအနက် ဆက်စပ်နေခဲ့သည်။ ထိုထိုပါရမီတော်များကို သိတန်သလောက်သိမှ၊ သို့မဟုတ်– ပြည့်စုံတိကျစွာ သိပါမှလည်း "ဂုဏ်နှင့်ဒြပ် ထက်ကြပ်မကွာ" ဆိုသည့်နှယ် ဘုရားရှင်၏ အကြောင်းတရား အကျိုးတရားများကို အလုံးစုံခြုံလွှမ်းကာ သဘောပေါက် ဆင်ခြင်နိုင်ပေမည်။

## ဘုရားနှင့် တရား

စင်စစ်အားဖြင့်ကား ဘုရားနှင့်တရားသည် အပြန်အလှန် "ကြောင်းကျိုး" ဆက်စပ်နေသည်။ ဘုရားရှင်၏ ထူးမြတ်စွာသော ဂုဏ်ကျေးဇူးကို သိမြင်တတ်မှ လည်း ထိုမြတ်စွာဘုရား ဟောကြားညွှန်ပြတော်မူအပ်သော တရားတော်များကို သက်ဝင်ကြည်ညိုမှုဖြစ်နိုင်မည်။ သို့လျှင် တရားတော်ကို သက်ဝင်ကြည်ညို တတ်ပါမှလည်း ဘုရားရှင်ကို အလေးအနက် ယုံကြည်လေးမြတ်ခြင်း ဖြစ်မြောက် နိုင်ပေမည်။

အလောင်းတော်ဘဝတွင် ပါရမီ ဖြည့်ဆည်းခဲ့ရမှုဆိုသည်မှာလည်း အလွန် တရာ ရှည်လျားကြာမြင့်စွာသော ကပ်ကမ္ဘာ (အချိန်ကာလ)၊ ဖြည့်ရ နည်းမှာ လည်း အမျိုးမျိုးအထွေထွေ ဖြစ်သည်။

ထို့ကြောင့် . . .

စိန္တိတံ သတ္တ သင်္ချေယံ= အစရှိသော ပါဠိအားလျော်စွာ အသင်္ချေပေါင်း များစွာ စိတ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ကိုယ် နှုတ် နှစ်ပါးဖြင့် လည်းကောင်း၊ ဘုရားဖြစ်ရစေရန် ဆုပန်ခြင်း၊ ပါရမီအမျိုးမျိုး ဖြည့်ဆည်း ခဲ့ရခြင်းများအနက် သုမေဓာ ရှင်ရသေ့ဘဝမှသည် နောက်ဆုံး သဗ္ဗညုတဉာဏ် တော်ရှင် မြတ်စွာဘုရားစင်စစ် ဖြစ်မြောက်တော်မူသည်အထိ ပါရမီဖြည့်ဆည်းခဲ့ပုံ များကို ကျေးဇူးရှင် ဒိပဲယင်းဆရာတော်ဘုရား၏ (ရှေးဦးဆုံး ဗုဒ္ဓဝင်ဟု ဆိုရ မည့်) "တထာဂတဉဒါနဒီပနီ"မှ လိုအပ်သမျှ ကောက်နုတ်ဖော်ပြရသော်–

## သုမေဓာ၏ အသိဉာဏ်

ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူအံ့သော ကာလ၊ လူတို့အသက် တစ်သိန်းတမ်း၌ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် အမရဝတီပြည် ပုဏ္ဏားမျိုးထဲတွင် "သုမေဓာ"ဟူသော အမည်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့၏။

သုမေဓာ၏ မိဘများသည် လွန်စွာချမ်းသာကြွယ်ဝကြ၏။ နှစ်ဖက်သော မိဘတို့မှ အမျိုးခုနစ်ဆက်တိုင်အောင် ဆင်းသက်တည်တံ့လာခဲ့သည့် ပစ္စည်း ဥစ္စာ ရွှေငွေ ရတနာများတို့သည် သုမေဓာ သတို့သား လက်ထက်အထိပင်လျှင် မရေမတွက်နိုင်လောက်အောင် များပြားလှ၏။ သုမေဓာသတို့သား၏ မိဘများမှာ လည်း သုမေဓာ ငယ်စဉ်ကပင် ကွယ်လွန်ဆုံးပါးသွားခဲ့ကြ၏။

Royal Snow
Publications

တစ်နေ့သောအခါ၌ သုမေဓာ သတို့သား၏ ပစ္စည်းထိန်း (ဘဏ္ဍာစိုး) ဖြစ်သူသည် ထိုထိုပစ္စည်းဥစ္စာများအားလုံးကိုပင် သုမေဓာအား ထုတ်ပြပြီးနောက်–

"အရှင့်သား . . . ဤပစ္စည်းတို့သည်ကား၊ အရှင့်သား၏ နှစ်ဖက်သော မိဘအမျိုးခုနစ်ဆက်တို့မှ ဆင်းသက်စုဆောင်းခဲ့မိသော ပစ္စည်းဥစ္စာရတနာတို့ ပေတည်း၊ အရှင့်သားသည် ဤပစ္စည်းဥစ္စာ ရွှေငွေရတနာတို့ကို အလိုရှိတိုင်း သုံးဆောင်ကာ ချမ်းသာပျော်ပါးစွာနေပါလော့" ဆိုပေ၏။

ထိုအခါ သုမေဓာ သတို့သားသည် ဤသို့ တွေးကြံဆင်ခြင်မိ၏။

"ငါ့မိ၊ ငါ့ဖ၊ ငါ့ဘိုး၊ ငါ့ဘွားတို့သည် ဤပစ္စည်းများကို သူတို့ သေလွန်သောအခါ မည်သို့မျှ ယူမသွားနိုင်ကြပါတကား...၊ များပြားစွာ စုဆောင်းမိသည် မှန်လျက်လည်း သူတို့ကွယ်လွန်သည့်အခါ စွန့်ပစ်ခဲ့ကြရသည်သာ ဖြစ်ပါတကား...၊ ငါမူကား– ထိုသို့မဟုတ်၊ ထိုထိုပစ္စည်းများကို ငါ့နောက်သို့ ထက်ကြပ်မကွာ ပါရှိနိုင်လေအောင်ပင် ကြံဆောင်ကြိုးပမ်းပေအံ့ . . ."

သုမေဓာ သတို့သားသည် အစုအပုံ အများအပြားဖြစ်နေသော ထိုပစ္စည်းများနှင့် ပတ်သက်၍ ယင်းသို့ တွေးကြံမိပြီးနောက် ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ ကိုယ်ခန္ဓာပျက်စီးရခြင်း ဆင်းရဲ၊ မိုက်မဲတွေဝေစွာ သေရခြင်း ဆင်းရဲစသော အခြားအကြောင်း တစ်ဆယ့်လေးပါးတို့ကိုလည်း တစ်လျှောက်တည်း ဆက်လက် တွေးကြံ ဆင်ခြင် သုံးသပ်မိပြန်၏။

သို့ဖြင့်ပင် သူ့၌ ရှိရှိသမျှသော ထိုထိုပစ္စည်းဥစ္စာ ရွှေငွေရတနာများကို အလုံးစုံ စွန့်လွှတ်လှူဒါန်းကာ မြတ်စွာသော အမြိုက်တရားကို "ရှာ"အံ့သောငှာ ဟိမဝန္တာတောသို့ ရှေးရှုထွက်ခွာလာခဲ့ပေ၏။

## ကျောင်းသခ်မ်း ဖန်ဆင်းထားနှင့်ခြင်း

ထိုအခါ၌ သိကြားမင်းသည် သုမေဓာ သူဌေးသား တရားအားထုတ်အံ့သောငှာ ထွက်ခွာလာလတ်သည်ကို သိလေရကား ဝိသုကြံနတ်သားအား သုမေဓာ သီတင်းသုံးနေထိုင်ရန် ကျောင်းသခ်မ်းကို အရံသင့် စီမံဖန်ဆင်းထားနှင့်စေ၏။

သိကြားမင်း စေအပ်သည့်အတိုင်းပင် ဝိသကြုံနတ်သား ဖန်ဆင်းထားသော ကျောင်းသခ်မ်းသည် ရသေ့ ရဟန်းတို့အတွက် အဘက်ဘက်မှပင် နှစ်သက်မွေ့လျော်ဖွယ်၊ ငြိမ်းအေးချမ်းမြေ့ဖွယ် ဖြစ်ပါပေ၏။ ကျောင်းသခ်မ်းနေရာသည် ညီညွတ်ပြန့်ပြူးစွာသော မြေအပြင်ရှိရုံသာ မဟုတ်သေး၊ စင်္ကြံလျှောက်ရန် သဲမြေလမ်းလည်း ရှိ၏။ အသီးအပွင့်နှင့် ပြည့်စုံစွာသော သစ်ပင်တို့လည်း ရှိ၏။ သောက်ချိုးသုံးဆောင်ရန် ကြည်လင်အေးမြစွာသော စမ်းရေလည်း ရှိအပ်ပေ၏။

ထို့ပြင် လျှော်တေသင်္ကန်းမှ စ၍ ရသေ့ ရဟန်းတို့ လိုအပ်သမျှသော အသုံးအဆောင်မှန်သမျှမှာလည်း အားလုံးပင် အဆင်သင့် အရံသင့် ပြည့်စုံနေသည်သာ ဖြစ်ပေ၏။ သုမေဓာသည် ထိုကျောင်းသခ်မ်းကို တွေ့မြင်ရသည့်အခါ အသင့်ရှိနှင့်နေသော လျှော်တေသင်္ကန်းကိုလဲ လှယ်ဝတ်ဆင်ကာ ပကတိသော ရသေ့ ရဟန်းအသွင်ကို ယူပြီးနောက် ဤသို့လည်း ဆင်ခြင်သုံးသပ်မိ၏။

"ငါ၏ အလိုဆန္ဒသည် ပြည့်စုံအပ်ပြီ၊ ရသေ့ ရဟန်းအဖြစ်သို့ ရောက်အပ်ပြီ၊ ဤရသေ့ ရဟန်းအဖြစ်သည် စင်စစ်– တင့်တယ်စွာ တကား…၊ ဘုရားပစ္စေက ဗုဒ္ဓါအစရှိသော လုံ့လကြီးသူတို့သည် ရဟန်းအဖြစ်ကို ချီးမွမ်းအပ်ကုန်၏၊ ငါသည် ယခုအခါ လူမှုအနှောင်အဖွဲ့ကို ဖြတ်ရပြီ၊ တောထွက်နိုင်ခဲ့ပြီ၊ သို့နှင့်အမျှ မြတ်စွာသော ရသေ့ ရဟန်းအဖြစ်ကိုလည်း ရအပ်ပြီ၊ ရဟန်းတရားကို အားထုတ်၍လည်း မဂ် ဖိုလ်ချမ်းသာကို ရယူနိုင်ပေတော့အံ့ . . ."

သုမေဓာရှင်ရသေ့သည် ဝိသကြုံနတ်သား ဖန်ဆင်းပေးအပ်သော ကျောင်းသခ်မ်းတွင် ရသေ့ ရဟန်းအဖြစ် ခံယူနေထိုင်ပြီးနောက် ထိုကျောင်းသခ်မ်း၌ အကြောင်းအားလျော်စွာ သုံးသပ်ဆင်ခြင်မိသော မလိုလားအပ်သည့် အခြေအနေကိုလည်း သိနားလည်လာရပြန်၏။

သို့ဖြင့်ပင် ထိုကျောင်းသခ်မ်း၌ နေ့ရက်အနည်းမျှသာ သိတင်းသုံးပြီးနောက် သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်ဆိုသည့်မျိုး၊ တစ်ခုသော သစ်ပင်ရင်း (သစ်ပင်၏ အောက်ခြေ) သို့ ရွှေ့ပြောင်းနေထိုင်ခဲ့၏။ ရတတ်သမျှ သစ်သီး အာဟာရကိုသာ မှီဝဲလျက် ရသေ့ ရဟန်းတို့ ကျင့်သုံး ဆောက်တည်အပ်ရာ တရားသဘောကို ကြိုးစားပြီး အားထုတ်ခဲ့၏။

ခုနစ်ရက်မျှ ကြာမြင့်သောအခါ၊ သမာပတ်ရှစ်ပါးနှင့်တကွ အဘိညာဉ်ငါးပါးတို့ကို ကောင်းစွာပင် ရရှိပေါက်မြောက်နိုင်ခဲ့ပေ၏။

## ဒီပင်္ကရာမြတ်စွာဘုရားအလောင်းတော်

သုမေဓာရှင်ရသေ့ ထိုကဲ့သို့ ဈာန်သမာပတ် ရရှိပေါက်မြောက်နိုင်ခဲ့သောအခါ၌ ဒီပင်္ကရာ မြတ်စွာဘုရား အလောင်းတော်သည် ရမ္မာဝတီပြည့်ရှင် "သုဒေဝမင်း"၏ မိဖုရား "သုမေဓာ"အထံတွင် ပဋိသန္ဓေတည်နေတော်မူလာခဲ့၏။

နောက်–ဆယ်လစေ့၍ ဖွားမြင်ပြီးကာ အရွယ်ရောက်လာချိန်၌ ဖခမည်းတော်၏ အရိုက်အရာ ထီးနန်းအမွေကို လွှဲပြောင်းဆက်ခံခဲ့၏။ ရမ္မာဝတီပြည့်ရှင်မင်းဖြစ်ပြီး "ဥသဘက္ခန္ဓ"ဟူသော သားတော်တစ်ပါး ထွန်းကားခဲ့သည်တွင် ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ကာ တောထွက်တော်မူ၏။ ဒုက္ကရစရိယာအကျင့်မြတ်ကို "ဆယ်လ"ကျင့်ပြီးနောက် မြတ်စွာဘုရားရှင်အဖြစ်သို့ ဆိုက်ရောက်တော်မူခဲ့ရပေ၏။

ထိုဒီပင်္ကရာမြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော်မူသောအခါ၊ ဘုရားစင်စစ် ဖြစ်မြောက်တော်မူသောအခါ၊ ဓမ္မစကြာတရားဟောတော်မူအပ်သောအခါတို့၌ နိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့သည် ထင်ရှားဖြစ်ကုန်၏။ မဟာပထဝီမြေကြီးသည်လည်း ပြင်းစွာတုန်လှုပ်ချောက်ချားအပ်သည်သာ ဖြစ်ပေ၏။

သို့သော်ငြား သုမေဓာရှင်ရသေ့သည် မိမိ ရရှိပေါက်မြောက်ထားအပ်ပြီးသော ဈာန်အဘိညာဉ်တို့၌ ရှုးစိုက်တည်ငြိမ်ခြင်းကြီးစွာ မွေ့လျော်ဝင်စားနေမိခြင်းကြောင့် ထိုထိုနိမိတ်ထူးများကို သတိမပြု ဂရုမမူလိုက်နိုင်ရှိရပေသတည်း။

တစ်နေ့သောအခါတွင်ကား ပစ္စန္တဒေသအရပ်သားတို့သည် ဒီပင်္ကရာမြတ်စွာဘုရားကို ဆွမ်းကျွေးခြင်း (ဆွမ်း–ကပ်လှူရ) အံ့သောငှာ ပင့်ဖိတ်ထားကြကုန်၏။ ဘုရားရှင်ကလည်း မိမိသီတင်းသုံးစံနေတော်မူရာ "သုဒဿနကျောင်းတော်"မှသည် ပစ္စန္တရွာသားတို့ ပင့်ဖိတ်ထားရာသို့ နောက်ပါ ရဟန်းများနှင့်အတူ ရှေးရှုကြွချီတော်မူလာခဲ့၏။

ထိုစဉ်၌ သုမေဓာရှင်ရသေ့သည် ကောင်းကင်ထက်တွင် ရပ်ကြွနေဆဲ ဖြစ်ပေရကား၊ ပစ္စန္တ ရွာသားတို့၏ ထူးခြားစွာသော အပြုအမူအတွက် ရွာသားတို့ရှိနေရာသို့ ဆင်းသက်လာကာ–

"အသင်ရွာသားတို့...ယခု အသင်တို့ ဝမ်းမြောက်ဝမ်းသာ ပြင်ဆင်ပြုလုပ်နေကြကုန်သော ဤလမ်းခရီးသည်ကား အဘယ်သူ့အတွက် အဘယ်သူ လျှောက်လှမ်းရန်အတွက် ပြုလုပ်နေကြခြင်း ဖြစ်ပေသနည်း" မေးမြန်း၏။

ရွာသားတို့၏ အဖြေစကားအရ ဒီပင်္ကရာမြတ်စွာဘုရား ဆွမ်းစားကြွတော်မူမည့်အဖြစ်ကို သိရလျှင် သုမေဓာရှင်ရသေ့သည် လွန်စွာသော ကြည်နူးဝမ်းမြောက်ခြင်းဖြင့် "အသင်တို့... ဤသို့တပြီးကား– ထိုလမ်းပြင်မှုတွင် ငါ့အားလည်း တစ်ဖို့တစ်ခုပေးပါ၊ ငါလည်း အသင်တို့ကဲ့သို့ပင် ပြင်ဆင်ပြုလုပ်ပါရစေ..."ဆိုပေ၏။

ရွာသားတို့က အနူးအညွတ်ခွင့်ပြုကြ၏။ သုမေဓာရှင်ရသေ့လည်း မိမိအဖို့တာ ရအပ်သော မြေနေရာ၌ ဝမ်းမြောက်ခြင်းကြီးစွာ ပြုပြင်ဖို့မံခြင်း ပြု၏။ သို့လျှင် ပြုပြင်ဖို့မံနေဆဲ၌ပင် ဒီပင်္ကရာမြတ်စွာဘုရားရှင်သည် နောက်ပါ သံဃာများနှင့်အတူ ရှင်ရသေ့အပါးသို့ ချဉ်းကပ်ရောက်ရှိလာ၏။

ထိုအခါ၌ သုမေဓာရှင်ရသေ့သည် မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးကို လိုက်လှဲကြည်ညိုစွာ အောက်မေ့ရင်းဖြင့်သာလျှင် မြတ်စွာဘုရားရှေ့တော်တွင် ဝမ်းလျားမှောက်လိုက်၏။ မိမိ၏ဆံပင်ကိုလည်း မြေအပြင်ပေါ်တွင် ဖြန့်ခင်းလိုက်၏။

ထို့နောက် "အရှင်မြတ်စွာဘုရား...နောက်ပါတပည့်သံဃာများနှင့်အတူ တပည့်တော်၏ ကျောပေါ်မှ နင်းလျှောက်၍ ကြွတော်မူပါ၊ တပည့်တော် ဖို့မံနေဆဲ ညွန်ပြောင်းကို နင်းတော်မမူပါလင့်၊ အရှင်မြတ်စွာဘုရား...တပည့်တော်၏ ကျောပေါ်မှ ကြွလှမ်းတော်မူခြင်းသည် တပည့်တော်၌ ကြီးစွာသောအကျိုးစီးပွားဖြစ်ပါစေလတ္တံ့..."ဆိုပေ၏။

နောက်– မြေပေါ်တွင် အလျားမှောက်နေရင်းမှလည်း ဤကဲ့သို့ တွေးကြံဆင်ခြင်မိပြန်၏။

## သုမေဓာ၏ ရည်သန်တောင့်တရင်း

(က) ငါသည် ယခု ဖူးတွေ့နေရသော ဤမြတ်စွာဘုရားရှင် ခြေတော်ရင်း၌ပင်လျှင် ကိလေသာအညစ်အကြေးတို့ကို ပယ်ဖျက်သုတ်သင်မည်ဆိုက တစ်စ မကျန် သုတ်သင် ပယ်ရှင်းနိုင်ရာ၏။ ပယ်နိုင်စွမ်း၏။

(ခ) သို့သော် ဤဒီပင်္ကရာ မြတ်စွာဘုရားအထံတော်၌ (လက်ထက်တော်၌) မထင်ရှားသောအဖြစ်ဖြင့် နိဗ္ဗာန်သို့ ရောက်ရခြင်းအတွက် ငါ့အား အဘယ်သို့ အကျိုးရှိနိုင်ပါအံ့နည်း။

(ဂ) လုံ့လအားမာန် အမြင်ဉာဏ်ရှိသော ယောကျ်ားဖြစ်လျက်တစ်ယောက်တည်း ကူးမြောက်သဖြင့် ငါ့အား အဘယ်အကျိုးရှိပါအံ့နည်း။ သဗ္ဗညုတ ဘုရားရှင်စင်စစ်အဖြစ်သို့ ရောက်ရှိ၍သာလျှင် နတ်နှင့်တကွသော လူအပေါင်းတို့ကို သံသရာဝဲသြဃအတွင်းမှ ထုတ်ဆောင် ကယ်တင်ပေအံ့။

(ဃ) ယောကျ်ားမြတ်ဖြစ်သော ငါသည် ဤမြတ်စွာဘုရား ခြေတော်ရင်း၌ အသက်ကို စွန့်၍ပြုအပ်သော တံတားခင်းရသော ကောင်းမှုအကျိုးအားကြောင့်ပင်လျှင် စင်စစ် မုချ သဗ္ဗညုတပုဂ္ဂိုလ်အဖြစ်သို့ရောက်ရ၍ များစွာသော လူအပေါင်းကို ကယ်တင်နိုင်ရလို၏။

(င) နတ်နှင့်တကွသော လူတို့အား သံသရာအလျဉ်ကို ဖြတ်၍သော်လည်းကောင်း၊ ဘဝသုံးပါးကို ဖြတ်၍သော်လည်းကောင်း မဂ္ဂင်ရှစ်ပါးတည်းဟူသော တရားသင်္ဘောဖြင့်သာလျှင် နိဗ္ဗာန်သို့ "ကူးတို့" ပို့နိုင် ရလို၏။

သုမေဓာရှင်ရသေ့သည် ယင်းကဲ့သို့ ထက်သန်ပြင်းပြစွာသော ရည်သန်တောင့်တမှုကြောင့်ပင်လျှင် ရည်ရွယ်ရင်း ကုသိုလ် အထ,မမြောက်နိုင်မည်စိုးသကဲ့သို့ "အရှင်မြတ်စွာဘုရား . . . တပည့်တော်၏ ကျောပြင်ပေါ်မှသာလျှင်နင်းလျှောက်၍ ကြွတော်မူပါ"ဟု ထပ်ကာထပ်ကာ တောင်းပန်နေအပ်သေးသည်သာတည်း။

သို့သော်ငြား ဒီပင်္ကရာမြတ်စွာဘုရားရှင်ကမူ သုမေဓာရှင်ရသေ့ ဆိုအပ်သောအတိုင်း နင်းလျှောက်ခြင်းမပြု။ ရှင်ရသေ့၏ ဦးခေါင်းရင်း၌ ရပ်လျက်

"ဤ သုမေဓာရှင်ရသေ့ကား အဘယ်ဆုကို တောင်းသနည်း"ဟု ဉာဏ်အား လျော်စွာ တွေးခေါ်ဆင်ခြင်ကြည့်တော်မူ၏။

"ဘုရားဖြစ်ရအံ့သော ဆု" ကို တောင်းအပ်ကြောင်း သိရသည့်အခါ "ရှေးရှေးဘုရားတို့အထံ၌လည်း ပါရမီဖြည့်ခဲ့ပြီးလေပြီလော" ဟု တစ်ဖန် ထပ်မံပြီး ဆင်ခြင်ကြည့်တော်မူပြန်၏။ ထိုအခါ၌ ဘုရားအဆူဆူတွင် ပါရမီ ဖြည့်ခဲ့ပြီးလျက် အင်္ဂါရှစ်ပါးနှင့် မပြည့်စုံသေး၍သာ နိယတဗျာဒိတ် မခံရသေး ကြောင်းကို ကောင်းစွာ သိမြင်တော်မူအပ်ပေ၏။

ထို့နောက် ဘဒ္ဒကပ်ကမ္ဘာတွင် ဘုရားသုံးဆူပွင့်တော်မူပြီးသည့်အခါ လေးဆူမြောက်သော ဘုရားရှင်အဖြစ်ဖြင့် စင်စစ် မုချပွင့်ထွန်းတော်မူရချိမ့်မည် ကိုလည်းကောင်း၊ အင်္ဂါရှစ်ပါးဖြင့် ပြည့်စုံနေပြီး ဖြစ်သည်ကိုလည်းကောင်း ကောင်းစွာပင် သိမြင်တော်မူအပ်ပြန်ပေ၏။

သို့ဖြင့် ဤသို့သော ဗျာဒိတ်စကားကို မိန့်မြွက်တော်မူအပ်ပေ၏။

## ဒီပင်္ကရာမြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်

(၁) ချစ်သားရဟန်းတို့၊ ဆံကျစ်ထုံးအပ်သော၊ ခြိုးခြံစွာ ကျင့်အပ်သော ဤရှင်ရသေ့ကို ရှုကြပါကုန်လော့၊ ဤရသေ့သည် ယခုကမ္ဘာမှ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အထက်၌ လောက သုံးပါး၏ ဘုရားစင်စစ် ဖြစ်ပေလတ္တံ့။

(၂) မွေ့လျော်ဖွယ်ရှိသော ကပိလဝတ်ပြည်မှ တောထွက်၍ အနော်မာ မြစ်နား၌ ယင်္ဂကာရဗြဟ္မာကြီး လျှုဒါန်းသော ကြာသင်္ကန်းဖြင့် ခြောက်နှစ်တာကာလပတ်လုံး ဒုက္ကရ စရိယာ အကျင့်မြတ်ကို ကျင့်သုံးပြီးနောက် အဇပါလ ညောင်ပင်ရင်း၀ယ် သေနနိဂုံးမှ သေနသူဌေးသမီး 'သုဇာတာ' လှူအပ်သော နို့ဆွမ်းကို ခံယူကာ နေရဥ္စရာ မြစ်ကမ်းနံဘေးတွင် ဘုဉ်းပေးသုံးဆောင်လတ္တံ့။

(၃) ညချမ်းသောအခါ၌ နတ်တို့ စီရင်အပ်သော ခရီးလမ်းဖြင့် ဗောဓိ ပင်ရင်းသို့ ချဉ်းကပ်လတ္တံ့၊ ဗောဓိပင်ကို လက်ယာရစ် လှည့်၍ ညောင်ဗုဒ္ဓဟောပင်ရင်း၌ ဤဘုရားသည် သစ္စာလေးပါးတရားကို သိမြင်လတ္တံ့။

(၄) ဤဘုရားကို ဖြစ်စေတတ်သော အမိကား– မာယာ၊ အဖကား– သုဒ္ဓေါဒန၊ ကြင်ဖက်တော်ကား–ယသောဓရာ၊ သားတော်ကား– ရာဟုလာ၊ ဤရသေ့သည် 'ဂေါတမ' ဟူသော အမည်ဖြင့် ထင်ရှားစွာ ဘုရားဖြစ်ပေလတ္တံ့။

(၅) ကင်းပြီးသော ရာဂရှိသော၊ ငြိမ်သက်တည်ကြည်သော 'စိတ်' ရှိသော 'ဥပတိဿ'ကား–လက်ယာရံ၊ ကောလိတကား–လက်ဝဲရံ ဖြစ်လတ္တံ့၊ အာနန္ဒာကား–အလုပ်အကျွေး ဖြစ်လတ္တံ့၊ ခေမာ ဥပ္ပလဝဏ်တို့ကား–လက်ယာရံ၊ လက်ဝဲရံ တပည့်ရဟန္တာမများ ဖြစ်ကုန်ကြပေလတ္တံ့။

ဒီပင်္ကရာမြတ်စွာဘုရားရှင်က ယင်းသို့လျှင် ဗျာဒိတ်တော် မြွက်ကြား အပ်သောအခါ၌ နတ် လူ အပေါင်းတို့သည် လွန်စွာသော ဝမ်းမြောက်ခြင်းဖြင့် "သုမေဓာရှင်ရသေ့သည် ဘုရားဟူသော မျိုးစေ့၏အညွန့်တည်း"ဟု ဟစ်ကြွေး ကြေညာကြကုန်၏။ လက်အုပ်ချီကာ ရှိခိုးကြကုန်၏။

ထိုနောက်သော်ကား သုမေဓာရှင်ရသေ့ ဘုရားဖြစ်အံ့သော တိတ်နိမိတ် သုံးဆယ့်နှစ်ပါးတို့သည်လည်း ဖြစ်ပေါ်လာကြကုန်ပြန်၏။ ထိုအခါ၌ သုမေဓာ ရှင်ရသေ့သည် ကြံတွေးမိ၏။

## ဘုရားဖြစ်ရေး ကြံတွေးဆင်ခြင်

"မြတ်စွာဘုရားတို့၏စကားတော်သည် ချွတ်ယွင်းသော မည်သည် မရှိ၊ ငါသည်ကား–မချွတ်လျှင် ဘုရားဖြစ်ရပေလတ္တံ့၊ ထိုသို့ စင်စစ် ကေန် ဘုရားဖြစ်ရမည်ပင် မှန်သော်ငြား ရှေးရှေး ဘုရားရှင်တို့သည် အကြောင်းအကျိုး မပြည့်စုံဘဲ (အကြောင်းအကျိုး မလုံလောက်ပါဘဲ လျက်) ဘုရားအဖြစ်သို့ မဆိုက်ရောက် မထွန်းပေါက်နိုင်ကြကုန်ရာ။

"စင်စစ်–ဘုရားဖြစ်မြောက်နိုင်စွမ်းသော အကြောင်းခြင်းရာတို့ နှင့် ကောင်းစွာ ပြည့်စုံလုံလောက်အပ်သောကြောင့်သာလျှင် 'အကြောင်း နောက် အကျိုးပါရခြင်း' ဖြစ်ပေရာ၏၊ ထို့ကြောင့် ငါသည်လည်း ဘုရားအဖြစ်ကို ပြုတတ်ကုန်သော အကြောင်းရင်း အခြေခံအား စင်စစ် ကေန် မှန်သောအတိုင်း သိမြင်နိုင်ရန် စူးစမ်း ဝေဖန်ကြည့်ပေဦးအံ့"

သုမေဓာရှင်ရသေ့သည် ယင်းသို့ ကြံတွေးဆင်ခြင်မိသည်နှင့်အမျှ စင်စစ် ဘုရားရှင်ဖြစ်စေနိုင်စွမ်းသော အကြောင်းတရား အကျိုးတရားတို့ကို အလေးအနက် စူးစမ်းဆင်ခြင်ကြည့်အပ်သောအခါ ပထမဦးစွာ "ဒါနပါရမီ" ကို အကြောင်းအားလျော်စွာ သတိရဆင်ခြင်မိ၏။ ထို့နောက် တစ်ဖန် "သီလပါရမီ" ကို ဆင်ခြင်မိ၏။ ဤသို့ဖြင့် ကျန်ပါရမီ ရှစ်ပါးဖြစ်သော နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီတို့ကိုလည်း အစဉ်အတိုင်းပင် ဆက်လက်ဆင်ခြင်မိပေ၏။

ထိုအခါ၌ ယင်းပါရမီဆယ်ပါးတို့ကို ကြောင်းကျိုးသဘာဝ သဘောလက္ခဏာနှင့်တကွ ကောင်းစွာသုံးသပ်ဆင်ခြင်မိသော မြတ်စွာဘုရားအလောင်းတော် သုမေဓာရှင်ရသေ့၏ တရားအာနုဘော်ကြောင့်၊ စကြာဝဠာတစ်သောင်းလုံး၌ပင်လျှင် မဟာပထဝီမြေကြီးသည် ပြင်းထန်စွာ တုန်လှုပ်အပ်ချေ၏။ သုမေဓာရှင်ရသေ့သည်လည်း မိမိ ဆင်ခြင် သိမြင်အပ်သော ပါရမီဆယ်ပါးတို့ကို သိမြင်အပ်သော အတိုင်းပင်လျှင် ကောင်းစွာ ဖြည့်ဆည်း အားထုတ်အပ်ပေ၏။

## (၁) ကောဏ္ဍညဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူပြီးသောအခါ "သာရ" အမည်ရှိသော ကပ်၌ "ကောဏ္ဍညဘုရား" ပွင့်ထွန်းတော်မူလာ၏။ ထိုဘုရားရှင်လက်ထက်တော်၌ ဂေါတမမြတ်စွာဘုရား အလောင်းတော် (သုမေဓာရှင်ရသေ့)သည် "ဝိဇိတာဝီ" အမည်ရှိသော စကြဝတေးမင်းဖြစ်အပ်သတည်း။

ထိုအခါ၌ "ဝိဇိတာဝီ စကြဝတေးမင်း"သည် ဘုရားရှင်နှင့်တကွ ကုဋေတစ်သိန်းသော သံဃာတော်တို့အား အလှူကြီးပေးပြီး ဘုရားဆုကို တောင်းတော်မူပြန်၏။ ကောဏ္ဍညဘုရားကလည်း ဤကမ္ဘာမှ သုံးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်တွင် "ဂေါတမ"အမည်ရှိသော ဘုရားဖြစ်ပေလတ္တံ့ဟု ဗျာဒိတ်ပေးကာ တရားဟောတော်မူ၏။

ဝိဇိတာဝီ စကြဝတေးမင်းသည် ဘုရားရှင်၏ တရားတော်ကို နာကြားရသည့်အခါ သဒ္ဓါကြည်ညိုခြင်းနှင့်တကွ သာသနာတော်၌ ရဟန်းပြုအပ်၏။ ပိဋကတ်သုံးပုံကို သင်ကြားဆည်းပူး၏။ ရိုသေညွတ်နူးခြင်းကြီးစွာဖြင့် နှစ်လိုမြတ်နိုး ကြိုးစားအားထုတ်ခြင်း ဖြစ်၏။

ယင်းသို့လျှင် သဒ္ဓါတရားထက်သန်စွာ သင်အံကျက်မှတ် လေးမားစွာ လိုက်နာကျင့်သုံးအပ်ခြင်း (အဖြစ်)ကြောင့်လည်း အဘိညာဉ်ငါးပါး-ဈာန် သမာပတ်ရှစ်ပါး ရရှိသည်အထိ ကောင်းကျိုးတရား ထွန်းကား ဖြစ်မြောက် နိုင်ခဲ့ရပေ၏။

## (၂) မင်္ဂလဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ကောဏ္ဍညဘုရား၏နောက်၌ ပွင့်ထွန်းတော်မူအပ်သော မင်္ဂလဘုရား လက်ထက်၌ ဘုရားအလောင်းတော်သည် "သုရုစိ" အမည်ရှိသော ပုဏ္ဏား ဖြစ်လာ၏။ သံဃာတော် ကုဋေကစ်သိန်းနှင့်တကွသော မြတ်စွာဘုရားရှင်အား "နက်ဖြန် နံနက်၌ အကျွန်ုပ်၏ ဆွမ်းကို အလှူခံတော်မူပါ" ဟု ဖိတ်မန် ပန်ကြားခြင်း ပြုခဲ့၏။

မိမိနေအိမ်သို့ ပြန်ရောက်သည့်အခါ ဤသို့ ဆင်ခြင်မိ၏။

"ငါသည် ဤမျှလောက်သော သံဃာတော်တို့အား ယာဂုဆွမ်း၊ ပုဆိုး၊ သင်္ကန်းအစရှိသော အလှူဝတ္ထုတို့ကိုကား ကောင်းစွာပေးလှူနိုင်စွမ်း၏။ သို့သော် သံဃာတော်အရှင်မြတ်တို့ နေထိုင်သီတင်းသုံးရန်နေရာမှုကား အဘယ်သို့ ရှိပါလတ္တံ့နည်း"

ထိုအခါ သုရုစိပုဏ္ဏား၏ စိတ်အကြံကို သိကြားမင်း သိ၍ ငါသည် သုရုစိပုဏ္ဏား အလှူပေးရာတွင် ကောင်းမှုပါဝင်အံ့ကြံလျက် လက်သမားအသွင် ဖန်ဆင်းကာ သုရုစိပုဏ္ဏားအထံ ရောက်လာ၏။ လက်သမားဖြစ်ကြောင်း သိစေ၏။

သုရုစိပုဏ္ဏားသည် ထိုလက်သမား စီစဉ်အပ်သော အဆောက်အအုံ တို့၏ ထူးခြားဆန်းကြယ်မှုအားလျော်စွာ သိကြားမင်းဖြစ်ကြောင်း သိအပ်သဖြင့် သဒ္ဓါတရားပိုမိုပြီး ထက်သန်ကာ အဖျော်ယမကာ နို့ဃနာဆွမ်းစသည်တို့ကို အလွန်များပြားလှစွာ စီစဉ်ဖန်တီး၍ ဘုရားရှင်နှင့်တကွသော သံဃာတော် အရှင်မြတ်တို့ကို ခုနစ်ရက်တိုင်တိုင်ပင် အလှူကြီးပေးတော်မူပေ၏။

မင်္ဂလဘုရားရှင်လည်း သုရုစိပုဏ္ဏား၏ ကြီးစွာသော အလှူအရ သုရုစိ၏ ကြောင်းကျိုးသဘောကို ထောက်ထားဆင်ခြင်ကြည့်သောအခါ သုရုစိပုဏ္ဏားသည် ဤကမ္ဘာမှသည် ကမ္ဘာတစ်သိန်းအလွန်ဖြစ်သော နှစ်သင်္ချေတို့၏ အထက်၌

"ဂေါတမ"ဟူသော အမည်ဖြင့် မြတ်စွာဘုရား ဖြစ်မြောက်တော်မူချိမ့်မည်ကို သိမြင်တော်မူလေရကား . . . "အသင်သုရုစိပုဏ္ဏား၊ အသင်သည် ယခုပြုရသော ကောင်းမှုတို့၏ အကျိုးအားကြောင့် နောင်အခါ၌ "ဂေါတမ"အမည်ရှိသည့် ဘုရားစင်စစ် ဖြစ်မြောက်ရပေလတ္တံ့."ဟူ၍ ဗျာဒိတ်ကြားတော်မူအပ်ပေ၏။

သုရုစိပုဏ္ဏားလည်း ဗျာဒိတ်စကား အားလျော်စွာ ပိုပြီး ထက်သန်ပြင်းပြသော သဒ္ဓါတရားဖြင့် ရှိရှိသမျှသော စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်ကာ ဘုရားရှင်အထံ၌ ရဟန်းပြု၏။ တရားသဘော၌ အလေးအနက် သက်ဝင်ကျင့်ကြံခြင်းအားဖြင့်လည်း အဘိညာဉ် ငါးပါးနှင့် သမာပတ် ရှစ်ပါးတို့ကို ပေါက်မြောက်ရရှိအပ်ပေ၏။

## (၃) သုမနဘုရားလက်ထက် ပါရမီဖြည့်ခြင်း

မင်္ဂလဘုရားနောက်၌ သုမနဘုရား ပွင့်ထွန်းတော်မူ၏။ ထိုအခါ အရှင်ဂေါတမအလောင်းတောင်သည် "အတုလ" အမည်ရှိသော နဂါးမင်း ဖြစ်တော်မူ၏။ အလောင်းတော်နဂါးမင်းသည် သုမနဘုရားရှင်အား နတ်တို့၏ စောင်းညင်းပတ်သာတူရိယာဖြင့် ပူဇော်ကာ ကြီးစွာသောအလှူကြီးကို ဖြစ်စေ၏။ သံဃာတော်အရှင်မြတ်တို့အား (ပုဆိုး) သင်္ကန်းတစ်စုံကျစီ လှူတော်မူ၏။ သရဏဂုံဆောက်တည်၏။

ထို သုမနဘုရားရှင်လက်ထက်တော်တွင်လည်း အလောင်းတော်သည် နောင်အခါ၌ ဘုရားစင်စစ်ဖြစ်မြောက်တော်မူရမည့်အကြောင်း ဗျာဒိတ်စကားနာကြားခဲ့ရသည်သာ ဖြစ်ပေသတည်း။

## (၄) ရေဝတဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ရေဝတဘုရားလက်ထက်၌ အလောင်းတော်သည် အတိဒေဝအမည်ရှိသော ပုဏ္ဏားဖြစ်၏။ မြတ်စွာဘုရားတရားတော်ကို ကြားနာရသည့်အခါ သရဏဂုံ သုံးပါးကို ဆောက်တည်၏။ ကိလေသာ ပယ်ဖြတ်ခြင်းအတွက် ဘုရားရှင်အား အတိုင်းထက်အလွန် ကျေးဇူးတင်ကြည်ညိုကာ အပေါ်ရုံသင်္ကန်းဖြင့် လှူဒါန်းပူဇော်ခြင်းပြု၏။

ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ထိုဘုရားရှင် (ရေဝတ) လက်ထက်တွင်လည်း နောင်အခါ ဘုရားဖြစ်အံ့သော ဗျာဒိတ်စကားကို ကြားနာခဲ့ရသည်ဖြစ်ပေ၏။

## (၅) သောဘိတဘုရားလက်ထက် ပါရမီဖြည့်ခြင်း

သောဘိတဘုရားလက်ထက်၌ အလောင်းတော်သည် 'အဇိတ' အမည်ရှိသော ပုဏ္ဏားဖြစ်၏။ ဘုရားရှင်၏ တရားတော်ကို နာကြားရခြင်းဖြင့် သရဏဂုံဆောက်တည်ကာ ဘုရားအမှူးရှိသော သံဃာတော်များစွာတို့ကိုလည်း အလှူကြီးပေး၏။ ထို သောဘိတဘုရားကလည်း ဗျာဒိတ်စကား ကြားတော်မူခဲ့သည်သာ ဖြစ်ပေ၏။

## (၆) အနောမဒဿီဘုရားလက်ထက် ပါရမီဖြည့်ခြင်း

အနောမဒဿီဘုရားရှင်လက်ထက်တော်၌ကား ဂေါတမဘုရားအလောင်းတော်သည် တန်ခိုးအာနုဘော် ကြီးစွာသော ဘီလူးစစ်သည်ကြီး ဖြစ်နေ၏။ အကုဋေ တစ်သိန်းမကသော ဘီလူးတို့၏ အကြီးအမှူးဖြစ်၏။ ထိုဘီလူးစစ်သူကြီးသည် လူ့ပြည်တွင် ဘုရားပွင့်နေကြောင်း သိရသည့်အခါ ဘုရားရှင်အထံ လာရောက်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ကြီးစွာသော လှူဒါန်းပူဇော်ခြင်းပြု၏။

ထိုအခါ၌ အနောမဒဿီဘုရားရှင်သည် ဘီလူးစစ်သည်ကြီး၏ နောက်ကြောင်း ပါရမီခံများအားလုံးကို ဆက်စပ်ပေါင်းရုံးပြီး ဆင်ခြင်ကာ နောင်သောအခါကာလ၌ 'ဂေါတမ' မြတ်စွာဘုရားအဖြစ် ပွင့်ထွန်းတော်မူရမည်ဟူသော ဗျာဒိတ်စကားကို မိန့်ကြားတော်မူခဲ့ပေ၏။

## (၇) ပဒုမဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ပဒုမမြတ်စွာဘုရားလက်ထက်တော်၌ ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် ခြင်္သေ့မင်းဖြစ်နေ၏။ တစ်နေ့သောအခါ မိမိကျက်စားအပ်သော တောတောင်အတွင်း လှည့်လည်စဉ် နိရောဓသမာပတ် ဝင်စားနေတော်မူသော ဘုရားရှင်နှင့် ကြုံဆုံမိ၏။

ထိုအခါ၌ အလောင်းတော်ခြသေ့်မင်းသည် နိရောဓသမာပတ်၌ စူးစိုက်ဝင်စားနေခြင်းဖြင့် ပကတိတည်ကြည်ငြိမ်သက်နေအစ်သော မြတ်စွာဘုရားရှင်၏ ဣန္ဒြေ၌ လွန်ကဲစွာပင် ကြည်ညိုမြတ်နိုးခြင်း ရှိလေရကား... ဘုရားရှင်ကို ပထမဦးစွာ လက်ယာရစ်လှည့်ကာ ရှိခိုးပူဇော်ပြီးနောက် မိမိ၏ခြသေ့်သံဖြင့်လည်း သုံးကြိမ်မြောက်တိုင်အောင်ပင် ကောင်းချီးပေးသည့် သဘောမျိုး ပူဇော်ခြင်းပြု၏။

ယင်းကဲ့သို့ ကြည်ညိုခြင်း ပူဇော်ခြင်းတို့မှာလည်း အစဦးစွာ တွေ့မြင်ရသည့် တစ်နေ့တည်းသာမဟုတ်၊ တစ်ကြိမ်တည်းသာမဟုတ်၊ ခုနစ်ရက်တိုင်တိုင်ဖြစ်၏။ ထို့နောက် ထိုခုနစ်ရက်မျှသော အချိန်ကာလအတွင်း၌ အလောင်းတော်ခြသေ့်မင်းသည် မည်သည့်အစာကိုမျှလည်း မစား၊ မိမိအသက် သေလိုကသေစေတော့ဟူသော စွန့်လွှတ်ခြင်းဖြင့် ဘုရားရှင်၏ အနီးတွင်သာ နိရောဓသမာပတ် ဝင်စားနေမှုကို ကြည့်ရှုကြည်ညိုရင်း စိတ်နှလုံးချမ်းမြေ့ကြည်နူးနေအပ်ပေ၏။

မြတ်စွာဘုရားရှင်သည် နိရောဓသမာပတ်မှ ထတော်မူသည့်အခါ ခြသေ့်မင်း၏ သဒ္ဓါတရားကို သိ၍ ရဟန်းအပေါင်းတို့ကို မိမိအထံသို့ ရောက်စေကာ ထိုရဟန်းသံဃာတော်များကိုလည်း ခြသေ့်မင်းသည် သဒ္ဓါကြည်ညိုမှု၊ ရိုသေညွတ်နူးမှု ဖြစ်မြောက်စေပြန်၏။

သို့ဖြင့်ပင် ပဒုမဘုရားရှင်သည် ထိုအလောင်းတော်ခြသေ့်မင်းအား–

"အသင်ခြသေ့်မင်း... အသင်သည် နောင်သောအခါ၌ "ဂေါတမ" ဟူသော အမည်တော်ဖြင့် ငါကဲ့သို့ပင် ဘုရားစင်စစ်ဖြစ်ပေလတ္တံ့."ဟု ဗျာဒိတ်ကြားတော်မူအပ်ခဲ့ပေ၏။

## (၈) နာရဒဘုရားလက်ထက် ပါရမီဖြည့်ခြင်း

နာရဒဘုရားရှင်လက်ထက်၌ကား ဂေါတမဘုရားအလောင်းတော်သည် ရသေ့တစ်ပါးဖြစ်၏။ အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါး ရရှိထားပြီးသူဖြစ်၏။ ဘုရားရှင်နှင့်တကွသော ရဟန်းသံဃာတော်အပေါင်းတို့အားအလှူကြီးပေးကာ စန္ဒကူးနံ့သာနိဖြင့် ပူဇော်ခြင်းပြုအပ်၏။ ထိုနာရဒမြတ်စွာဘုရားရှင်လက်ထက်တွင်လည်း အလောင်းတော်သည် ရှေးရှေးဘုရားများနည်းတူပင် ဗျာဒိတ်ပေးခြင်းကို ခံယူခဲ့ရပြန်ပေ၏။

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေး
ကမ္ဘာအေး၊ ရန်ကုန်။

## (၉) ပဒုမုတ္တရဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ပဒုမုတ္တရာဘုရားလက်ထက်တော်၌ အလောင်းတော်သည် "ဇဋိလ" အမည်ရှိသော သူဌေးကြီးဖြစ်၏။ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်တို့အား သင်္ကန်းအလှူကြီးပေး၏။ ထိုဘုရားရှင်လက်ထက်တွင်လည်း အလောင်းတော်သည် ဗျာဒိတ်ခံယူခဲ့ရပြန်ပေ၏။

## (၁၀) သုမေဓာဘုရားလက်ထက် ပါရမီဖြည့်ခြင်း

သုမေဓာဘုရားလက်ထက်၌ အလောင်းတော်သည် "ဥတ္တရ"အမည်ရှိသော လုလင်ဖြစ်၏။ ဘုရားရှင်၏တရားတော်ကို နာကြားရခြင်းဖြင့် သရဏဂုံဆောက်တည်ကာ ဘုရားရှင်နှင့်တကွသော သံဃာတော်တို့အား အလှူကြီးပေး၏။ ထို့နောက် ကုဋေရှစ်ဆယ်မျှသော ပစ္စည်းဥစ္စာတို့ကိုစွန့်လွှတ်ကာ ရဟန်းပြုတောထွက်ခဲ့လေသည်။

ထိုဘဝတွင်လည်း နောင်အခါ ဘုရားဖြစ်ရလတ္တံ့သော ဗျာဒိတ်တော်ကို သုမေဓာဘုရားရှင်အထံမှ ခံယူခဲ့ရပေ၏။

## (၁၁) သုဇာတာဘုရားလက်ထက် ပါရမီဖြည့်ခြင်း

သုဇာတာဘုရားရှင်လက်ထက်တော်၌ အလောင်းတော်သည် စကြဝတေးမင်းဖြစ်ခဲ့၏။ ဘုရားပွင့်တော်မူကြောင်း သတင်းကောင်း ကြားသိရသည့်အခါ ဘုရားအထံတော်သို့ လာရောက်ပြီး တရားတော်ကို နာကြား၏။ နောက်-ဘုရားရှင်နှင့်တကွ သံဃာတော်အရှင်မြတ်တို့အား ရတနာခုနစ်ပါးအပြင် မိမိပိုင်စိုးရသော လေးကျွန်းလုံးဖြင့်ပင် ရည်စူးပူဇော်ကာ ရဟန်းပြုအပ်၏။

ထို သုဇာတာဘုရားလက်ထက်တော်တွင်လည်း အလောင်းတော်သည် နောင် အနာဂတ်ကာလ၌ ဘုရားစင်စစ် ဖြစ်မြောက်ပေလတ္တံ့ဟူသော ဗျာဒိတ်စကားကို ကြားသိခဲ့ရပြန်ပေ၏။

## (၁၂) ပိယဒဿီဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ပိယဒဿီဘုရားလက်ထက်တော်၌ ဂေါတမမြတ်စွာ ဘုရားအလောင်းတော်သည် "ကဿပ" ဟူသော ပုဏ္ဏားလုလင်တစ်ဦး ဖြစ်ခဲ့၏။ ပိယဒဿီဘုရားရှင်၏ တရားတော်ကို နာကြားရသည့်အခါ သရဏဂုံသုံးပါး၌ ကောင်းစွာ

၂၆၂၁၇
Royal Snow Publications

သက်ဝင်ယုံကြည်သည်နှင့်အမျှ ငါးပါးသီလ၊ ဆယ်ပါးသီလတို့ကိုလည်း မြဲမြဲ ဘည်တံ့စွာ ကျင့်သုံးဆောက်တည်ခဲ့၏။

ကုဋေတစ်သိန်းသော ဥစ္စာတို့ကိုလည်း သာသနာ့အကျိုးငှာ လှူဒါန်း အပ်ပေ၏။ အလောင်းတော်သည် ထို-ပိယဒဿီဘုရားရှင်အထံတော်မှ လည်း နောင်အခါ ဘုရားဖြစ်ရအံ့သော ဗျာဒိတ်တော်ကို ကြားသိခံယူခဲ့ရပေ သတည်း။

## (၁၃) အတ္ထဒဿီဘုရားလက်ထက် ပါရမီဖြည့်ခြင်း

အတ္ထဒဿီဘုရားရှင်လက်ထက်ကွင်မှု အလောင်းတော်၏အမည်မှာ "သုသိမ"ဖြစ်၏။ တန်ခိုးကြီး ရသေ့တစ်ဦးဖြစ်သဖြင့် နတ်ပြည်မှ ထင်ရှားပန်းကို ဆောင်ယူခဲ့ကာ ဘုရားရှင်ကို ပူဇော်ခြင်းပြု၏။ ထိုဘဝတွင်လည်း ဗျာဒိတ် ခံယူခဲ့ရသည်သာ ဖြစ်ပေ၏။

## (၁၄) ဓမ္မဒဿီဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ဓမ္မဒဿီဘုရားလက်ထက်တွင် အလောင်းတော်သည် သိကြားမင်းတည်း။ သို့ဖြင့်ပင် နတ်ပြည်မှ နတ်ပန်းတို့ဖြင့်လည်းကောင်း၊ နတ်တို့၏ ဓောင်းညင်း ပတ်သာတူရိယာများဖြင့်လည်းကောင်း ဘုရားရှင်အား ရိုသေညွတ်နူးစွာ လှူဒါန်း ပူဇော်အပ်ပေ၏။

ဘုရားရှင်လည်း အလောင်းတော် သိကြားမင်းအား ဘုရားစင်စစ်ဖြစ်ရအံ့ သော အကြောင်းကို ဗျာဒိတ်စကားအဖြစ် မိန့်ကြားတော်မူအပ်ပေ၏။

## (၁၅) သိဒ္ဓတ္ထဘုရားလက်ထက် ပါရမီဖြည့်ခြင်း

သိဒ္ဓတ္ထဘုရားလက်ထက်၌ အလောင်းတော်သည် မင်္ဂလ အမည်ရှိ အဘိညာဉ်ရ ကျော်စောထင်ရှားစွာသော ရသေ့တစ်ပါးတည်း။ ဇမ္ဗူသပြေသီးကို ဆောင်ယူကာ မြတ်စွာဘုရားရှင်အား လှူဒါန်းဆက်ကပ်၏။ သိဒ္ဓတ္ထဘုရားရှင် သည် ရှေးရှေးဘုရားရှင်တို့ နည်းတူပင် ဗျာဒိတ်စကား မြွက်ကြားတော်မူအပ် ပေ၏။

## (၁၆) တိဿဘုရားလက်ထက် ပါရမီဖြည့်ခြင်း

တိဿဘုရား ပွင့်ထွန်းတော်မူအပ်သောအခါ၌ကား အလောင်းတော်သည် "သုဇာတ"အမည်ရှိသော ပြည့်ရှင်မင်းဖြစ်ခဲ့၏။ နောက်–ရသေ့ ရဟန်းပြုကာ တန်ခိုးကြီးစွာရှိနေစဉ် တိဿဘုရားရှင် ပွင့်ထွန်းတော်မူကြောင်း ကြားသိရသဖြင့် နတ်ပန်းများဖြစ်သော ထင်ရှားပန်း၊ ပဒုမာပန်း၊ ပင်လယ်ကသစ်ပန်းတို့ကို ဆောင်ယူကာ ပရိသတ်လေးပါးတို့၏ အလယ်တွင် ကြွချီတော်မူသောဘုရားရှင်အား လှူဒါန်းပူဇော်ခြင်း ပြုအပ်၏။

သို့လျှင် လှူဒါန်းပူဇော်အပ်သော ပန်းတို့သည် ကောင်းကင်ထက်၌ မျက်နှာကြက်ပန်းဆိုင်းသဖွယ် တည်ရှိနေကြကုန်၏။ ထို တိဿဘုရားရှင်လက်ထက်တော်တွင်လည်း အလောင်းတော်သည် ဗျာဒိတ်ခံယူခဲ့ရသည်သာတည်း။

## (၁၇) ဖုဿဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ဖုဿဘုရားလက်ထက်၌ အလောင်းတော်သည် "ဝိဇိတာဝိ"အမည်ရှိသော ပြည့်ရှင်မင်း ဖြစ်နေ၏။ ဘုရားရှင်၏ တရားတော်ကို နာကြားရသည့်အခါ မင်းအဖြစ်ကို စွန့်လွှတ်၍ ဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြုကာ ပိဋကတ်သုံးပုံကို သင်ယူ၏။ သီလပါရမီကို ကောင်းစွာဖြည့်ကျင့်၏။ လူတို့အားလည်း တရား ကောင်းစွာ ဟောကြား၏။

ဖုဿဘုရားရှင်လည်း ရှေးရှေးဘုရားရှင်တို့နှင့် အလားတူပင် ဂေါတမမြတ်စွာဘုရားအလောင်းတော်အား ဗျာဒိတ်စကား မြွက်ကြားတော်မူအပ်ပေ၏။

## (၁၈) ဝိပဿီဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ဝိပဿီဘုရားလက်ထက်၌ အလောင်းတော်သည် "နဂါးမင်း"ဖြစ်နေ၏။ ရတနာခုနစ်ပါးဖြင့် စီခြယ်အပ်သော ရွှေအင်းပျဉ်ကို ဘုရားရှင်အား လှူဒါန်း၏။ ထိုနဂါးမင်းအဖြစ်တွင်လည်း အလောင်းတော်သည် ဗျာဒိတ်ခံယူခဲ့ရပေ၏။

## (၁၉) သိခီဘုရားလက်ထက် ပါရမီဖြည့်ခြင်း

သိခီဘုရား ပွင့်ထွန်းတော်မူသည့်အခါ ဂေါတမမြတ်စွာဘုရားအလောင်းသည် "အရိန္ဒမ" အမည်ရှိသော ပြည့်ရှင်မင်းတည်း။ ဘုရားရှင်အမှူးရှိသော သံဃာတော်တို့အား သင်္ကန်းတစ်စုံစီနှင့်တကွ ဖြစ်သော အလှူကြီးကို ပေးအပ်၏။

ရတနာခုနစ်ပါးတို့ဖြင့် တန်ဆာဆင်ထားသော ဆင်ကိုလည်း လှူဒါန်းအပ်၏။ နောက်–ထိုဆင်၏တန်ဖိုး အတိုင်းအရှည်နှင့် တူမျှသော ကျုံ (ဂိုဒေါင်) ဖြင့် ထည့်ထားသော စားသောက်သုံးဆောင်ဖွယ် ရိက္ခာတို့ကိုလည်း လှူဒါန်းအပ်ပေ၏။ ထို သိခိမြတ်စွာဘုရားရှင်အထံတော်မှလည်း နောင်အခါ ဘုရားဖြစ်ရအံ့သော ဗျာဒိတ်စကားကို နာကြား၍ခံယူခဲ့ရသည်သာ ဖြစ်ပေ၏။

## (၂၀) ဝေဿဘူဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ဂေါတမဘုရားအလောင်းတော်သည် ဝေဿဘူဘုရားရှင်လက်ထက်၌ "သုဒဿန" အမည်ရှိသော ပြည့်ရှင်မင်းဖြစ်အပ်၏။ ဘုရားရှင်နှင့်တကွသော သံဃာတော်ပေါင်းတို့အား သင်္ကန်းတစ်စုံကျစီဖြင့် အလှူကြီးပေး၏။ ရှေးရှေးဘုရားရှင်များနည်းတူပင် ဗျာဒိတ်ခံယူခဲ့ရပြန်ပေ၏။

## (၂၁) ကကုသန်ဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ကကုသန်ဘုရားရှင်ကား ဘဒ္ဒကမ္ဘာတွင် ပထမဦးစွာ ပွင့်ထွန်းတော်မူအပ်သော ဘုရားပေတည်း။ ထို မြတ်စွာဘုရားလက်ထက်၌ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ခေမာပြည့်ရှင် ဘုရင်မင်းမြတ်ဖြစ်နေ၏။ ဘုရားနှင့်တကွသော သံဃာတော်အပေါင်းတို့အား သပိတ်၊ သင်္ကန်း အစရှိသည့် အလှူကြီးကိုလည်းကောင်း၊ မျက်စဉ်း အစရှိသော ဆေးဝါးတို့ကိုလည်းကောင်း လှူဒါန်း၏။

ဘုရားရှင်၏ တရားတော်ကို နာကြားရသည့်အားလျော်စွာပင် ပြည့်ရှင်မင်းအဖြစ်ကို စွန့်ပစ်ကာ ဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြုအပ်၏။ ကကုသန်ဘုရားရှင်သည် ထိုပြည့်ရှင်မင်းဘဝမှ ရဟန်းပြုအပ်သော "ဂေါတမမြတ်စွာဘုရားအလောင်းတော်"အား "အသင်ချစ်သား...သင်သည် ကဿပဘုရား၏ နောက်ပိုင်း၌ ဂေါတမအမည်ရှိသော ဘုရားဖြစ်ပေလတ္တံ့...."ဟူ၍ ဗျာဒိတ်စကား ဆိုဩွန်းတော်မူအပ်ပေ၏။

## (၂၂) ကောဏာဂုံဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ကောဏာဂုံဘုရားရှင်လက်ထက်၌ အလောင်းတော်သည် "ပဗ္ဗတ" အမည်ရှိသော သောတဝတီပြည့်ရှင်မင်းဖြစ်နေ၏။ မြတ်စွာဘုရားအထံတော်တွင် မှူးမတ်အပေါင်းတို့နှင့်အတူ တရားနာယူကာ ဘုရားရှင်နှင့်တကွသော သံဃာ

တော်အရှင်မြတ်တို့အား ကြီးစွာသော အလှူကို ပြုအပ်၏။ ချည်ပုဆိုး၊ ပိုးပုဆိုး၊ ကမ္ဗလာ၊ ဘွဲ့ဖြူပုဆိုး (သက်န်း) တို့ကိုလည်းကောင်း၊ ရွှေကုက္ကား၊ ရွှေတံခွန်တို့ကိုလည်းကောင်း လှူဒါန်းအပ်ပေ၏။ ထို့နောက် ဘုရားရှင်၏ သာသနာတော်တွင်လည်း ရဟန်းပြုအပ်၏။ ဂေါတမမြတ်စွာဘုရားအလောင်းကော် "ပဗ္ဗတ"မင်းသည် ထို ကောဏာဂုံ ဘုရားရှင်အထံမှလည်း နောင်အခါ၌ ဘုရားဖြစ်ရအံ့သော ဗျာဒိတ်ကို ခံယူခဲ့ရပြန်ပေ၏။

## (၂၃) ကဿပဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ကဿပဘုရားလက်ထက်တွင် အလောင်းတော်သည် "ဇောတိပါလ" ဟူသော ပုဏ္ဏားလုလင်တစ်ဦး ဖြစ်၏။ ဗေဒင်သုံးပုံကုန်စင်အောင် တတ်ကျွမ်းသဖြင့် များစွာ ကျော်စောထင်ရှား၏။ အိုးထိန်းသည် ဃဋိကာရကို အကြောင်းပြုကာ မြတ်စွာဘုရား တရားတော်ကို နာကြားရပြီးနောက် လူ့ဘောင်လောကကို ငြီးငွေ့စက်ဆုပ်မှုဖြင့် တောထွက်ရဟန်းပြု၏။

ကဿပဘုရားရှင် သာသနာတော်တွင် ပိဋကတ်သုံးပုံကို အဆုံးတိုင် သင်ယူသည်သာမက မြတ်စွာဘုရားကိုလည်း အလွန်ရိုသေစွာ ဆည်းကပ်လုပ်ကျွေး၏။ ကဿပမြတ်စွာဘုရား သာသနာတော်၏ အကျိုးဆောင် သာသနာပြုသဖွယ်ဖြစ်၏။ ထိုဘုရားရှင်လက်ထက်တွင်ကား အလောင်းတော်သည် နောက်ဆုံးအကြိမ်ဖြစ်သော နိယတဗျာဒိတ်ကို ခံယူကြားနာခဲ့ရပေသည်။

## ပါရမီဆယ်ပါးကို ခွဲခြားစိတ်ဖြာခြင်း

ဤကား ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် သုမေဓာရှင်ရသေ့ဘဝမှ စတင်ကား နိယတဗျာဒိတ် (ဘုရားဖြစ်မြောက်မည့်အကြောင်း) ခံယူခဲ့ရပြီး ဘုရားအဆူဆူ လက်ထက်တွင် အစဉ်အားလျော်စွာ ပါရမီဖြည့်ဆည်းခဲ့ရပုံ ဖြစ်လေသည်။

ထို သုမေဓာရသေ့ဘဝမှသည် နောက်ဆုံး ဝေဿန္တရာမင်းဖြစ်တော်မူသည်အထိ ကြားကာလအသီးသီးတွင်လည်း ပါရမီအမျိုးမျိုးကို ဖြည့်ဆည်းခဲ့ရသေးသည်သာ ဖြစ်သည်။ ထိုထိုပါရမီများကို အမျိုးအစားသဘော ခွဲခြားစိတ်ဖြာလိုက်လျှင် ဤသို့ဖြစ်ပေ၏။

## ပါရမီ သုံးမျိုးသုံးစား

(၁) မိမိကိုယ်ခန္ဓာမှ အပဖြစ်သော ဥစ္စာပစ္စည်း (စည်းစိမ်ချမ်းသာ) ကို စွန့်လွှတ်လှူဒါန်းကာ ပါရမီဖြည့်ဆည်းခြင်းသည် ဒသပါရမီ မည်၏။

(၂) မျက်စိ၊ နား၊ နှာခေါင်း အစရှိသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှီးဖြတ်ထုတ်နုတ်၍ လှူဒါန်းပေးကမ်းခြင်းဟူသော ပါရမီဖြည့် ဆည်းမှုသည် ဒသဉပပါရမီမည်၏။

(၃) မိမိကိုယ်တိုင်၏ အသက်ကိုပင်လျှင် စွန့်လွှတ်၍ လှူဒါန်းဖြည့်ဆည်း အပ်ခြင်းသည် ဒသပရမတ္ထပါရမီမည်၏။

## ဇာတ်တော် အစဉ်အားဖြင့်ကား ...

(၁) အကတ္တိမင်း၊ ခေနဥယမင်း၊ မဟာသုဒဿနစကြာမင်း၊ မဟာဂေါဝိန္ဒ ပုဏ္ဏား၊ နေမိမင်း၊ စန္ဒကုမာရမင်း၊ ဝိသယှသူဌေး၊ သိဝိမင်း၊ ဝေဿန္တရာ၊ အထူးသဖြင့် ယုန်မင်းဖြစ်စဉ်အခါ "ပေးကမ်းခြင်း၌ ငါနှင့်တူသောသူမရှိ၊ ဤသို့ စွန့်ကြဲခြင်းသည် ငါ့အား ဒါနပါရမီ" မည်၏။

(၂) သီလဝမင်း၊ စမ္ပေယျနဂါးမင်း၊ ဘူရိဒတ်နဂါးမင်း၊ ဆဒ္ဒန်ဆင်မင်း၊ ဇယဒိသမင်း၏သား-အလီနသတ္တုမင်းသား၊ အထူးသဖြင့် သခ်ပါလ နဂါးမင်းဖြစ်စဉ်အခါ "တံကျင်ဖြင့် ထိုးသော်လည်းကောင်း၊ လှံ တို့ဖြင့် ထိုးဆွသော်လည်းကောင်း၊ ရွာစား၏သားဖြစ်သူအပေါ်၌ မည်သို့မျှ အမျက်မထွက်။ "ဤသည်ပင်လျှင် သီလပါရမီတည်း"ဟု မိမိကိုယ်အသက်ကိုပင်လျှင် စွန့်လွှတ်ခြင်းပြုအပ်သော ပါရမီသည် "ပရမတ္ထသီလပါရမီ"မည်၏။

(၃) သောမနဿမင်းသား၊ ဟတ္ထိပါလမင်းသား၊ အယောဃရပညာရှိ၊ အထူးသဖြင့် စူဠသုတသောမ မင်းဖြစ်စဉ်အခါ မိမိလက်ဝယ်သို့ ရောက်အပ်ပြီးသော တိုင်းပြည် (ပြည့်ရှင်မင်းအဖြစ်) ကိုပင်လျှင် အနည်းငယ်မျှ စွဲလမ်းငြိတွယ်ခြင်းမရှိ။ မင်းအဖြစ်ကို "စွန့်"၍

တောထွက်တော်မူအပ်ခြင်းဟူသော ပါရမီသည် "ပရမတ္ထနေက္ခမ္မ ပါရမီ"မည်၏။

(၄) ဝိဓူရပညာရှိ၊ မဟာဂေါဝိန္ဒပညာရှိ၊ ကုဒ္ဒါလပညာရှိ၊ အာရက ပညာရှိ၊ ဗောဓိပရိဗိုဇ်၊ မဟောသဓပညာရှိ၊ အထူးသဖြင့် သေနက ပညာရှိဖြစ်စဉ်အခါ ပညာဖြင့် စူးစမ်းဆင်ခြင်၍ ပုဏ္ဏားကို ဆင်းရဲမှ လွတ်စေ၏။ ငါ၏ ပညာနှင့်တူသောသူ မရှိ၊ ဤသည်ပင်လျှင် ငါ့အား ပညာပါရမီတည်းဟူ၍ သားရေအိတ်အတွင်း၌ ရှိသော မြွေကို ထုတ်ပြအပ်သော ပါရမီသည် "ပရမတ္ထ ပညာပါရမီ" မည်၏။

(၅) ထို့အတူ ဝီရိယပါရမီကို ဖြည့်အပ်သော အဖြစ်တို့သည်လည်း မရေမတွက်နိုင်သည်သာတည်း။ စင်စစ်သော်ကား မဟာဇနကမင်း ဖြစ်တော်မူစဉ်အခါ တစ်ဖက်ကမ်းကို မမြင်ရသော သမုဒ္ဒရာ အတွင်းတွင်ဖြစ်ပါလျက် သင်္ဘောသားများစွာတို့ သေကြေပျက်စီး ကြရသည်ကို မြင်လျက် စဉ်းငယ်မျှ တုန်လှုပ်ချောက်ချားခြင်း မရှိမူဘဲ မလျော့သော လုံ့လဖြင့် အားထုတ်ခြင်းသည် "ပရမတ္ထ ဝီရိယပါရမီ"မည်၏။

(၆) ခန္တိဝါဒီ ရသေ့ဖြစ်သောအခါ၌ ထက်လှစွာ ပုဆိန်ဖြင့် ပေါက်အပ် သော ကာသိမင်းအား စဉ်းငယ်မျှ အမျက်မထွက်မူဘဲ ကောင်းစွာ ချုပ်တည်း သည်းခံနိုင်ခြင်းဟူသော ပါရမီသည် "ပရမတ္ထ ခန္တီ ပါရမီ"မည်၏။

(၇) မဟာသုတသောမ မင်းဖြစ်စဉ်၌ သစ္စာစကားကို စောင့်ထိန်းသော အားဖြင့် မိမိ၏အသက်ကိုပင်လျှင် စွန့်လွှတ်ကာ တစ်ရာ့တစ်ပါး သော မင်းတို့အား သေဘေးမှ လွတ်ကင်းစေခဲ့သော ပါရမီသည် "ပရမတ္ထသစ္စာပါရမီ"မည်၏။

(၈) မူဂပက္ခဇာတ်၌ အမိကို မုန်းသောကြောင့်လည်း မဟုတ်၊ အဖကို မုန်းသောကြောင့်လည်း မဟုတ်။ စင်စစ–သဗ္ဗညုတဉာဏ်တော်ကို ချစ်လှသောသာလျှင် မအသော်လည်း အ,ဘိသကဲ့သို့၊ မဆွံ့သော် လည်း ဆွံ့ဘိသကဲ့သို့၊ နားမပင်းသော်လည်း ပင်းဘိသကဲ့သို့

အဓိဋ္ဌာန်ပြုထားအပ်လေသော ပါရမီသည် "ပရမတ္ထအဓိဋ္ဌာန်ပါရမီ" မည်၏။

(၉) ကေရာဇ်မင်းဖြစ်စဉ်အခါ၌ တစ်စုံတစ်ယောက်သောသူမျှ မိမိအား မထိတ်လန့်စေ၊ မကြောက်ရွံ့စေမူဘဲ မေတ္တာ၏အစွမ်း၊ မေတ္တာကို ရှေးရှုအားထုတ်လျက်သာလျှင် တော၌ မွေ့လျော်ခြင်း ပြုအပ်၏။ ဤကဲ့သို့ မိမိ၏အသက်အန္တရာယ်ကိုမျှ မငဲ့ကွက်မူဘဲ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းပွားများနေအပ်သော ပါရမီသည် "ပရမတ္ထ မေတ္တာပါရမီ"မည်၏။

(၁၀) လောမဟံသဇာတ်၌ သုသာန်တစပြင်၌ အိပ်ခြင်း၊ အရိုးစုကို အနား၌ထား၍ အိပ်ခြင်းပြုရုံမျှ မဟုတ်သေး၊ ကလေးပေါင်းများစွာ တို့သည် မိမိအထံလာရောက်၍ များစွာသော အရုပ်တို့ကို ပြခြင်း (နှောက်ပြောင်ခြင်း)၊ တံတွေးထွေးခြင်း၊ ပန်းနံ့သာများဖြင့် ပူဇော် ခြင်းစသော နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ် အပြုအမူတို့ကို ပြုကြ ကုန်သော်ငြားလည်း ထိုထိုအပြုအမူတို့၌ မည်သို့မျှ မတုန်လှုပ်မူဘဲ ပကတိသော တည်ငြိမ်ခြင်းဖြင့်သာလျှင် နေနိုင်စွမ်း၊ နေနိုင်အပ် လေသောအဖြစ်သည် "ပရမတ္ထဥပေက္ခာပါရမီ"မည်၏။

## ပါရမီအားလျော်စွာ ဉာဏ်တော်အဆင့်ဆင့် ရအပ်ပုံ

အလောင်းတော်သည် ဘဝပေါင်းများစွာတွင် ဤသို့လျှင် ပါရမီတော် အမျိုးမျိုး၊ အရေအတွက်ပေါင်းများစွာတို့ကို ဖြည့်ဆည်းတော်မူလာခဲ့ပြီးနောက် နောက်ဆုံး-သိဒ္ဓတ္ထမင်းသားဘဝ၌ ဘုရားဖြစ်ရအံ့သောငှာ တောထွက်တော် မူသည်။ သူတစ်ပါးတို့ ကျင့်သုံးနိုင်ခဲ့စွာသော ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်သုံးအားထုတ်တော်မူသည်။

**သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ ညချမ်း၌** မဟာဗောဓိပင် ရင်း အပရာဇိတပလ္လင်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေနေတော်မူကာ "ဘုရား မဖြစ် သမျှ ဤနေရာက မထပြီ" အဓိဋ္ဌာန်ဖြင့် အာနာပါန (ထွက်သက်ဝင်သက်ကို ရှုမှတ်ဆင်ခြင်ခြင်း) ဈာန်ကို ဝင်စားတော်မူသည်။

Royal Snow
Publications

## ပုဗ္ဗေနိဝါသ အတီတံသဉာဏ်

ဤသို့ဖြင့် မိမိသန္တာန်၊ သူတစ်ပါးသန္တာန်၌ ဖြစ်ဖူးသော ခန္ဓာအစဉ် အမည်အမျိုး အကျိုးအကြောင်း ပြောင်းဟန်ပြန်ဟန်ကို မကျန်ကုန်စင် သိမြင်တော်မူနိုင်သော ပုဗ္ဗေနိဝါသ အတီတံသ အမည်ရသော ပဌမဝိဇ္ဇာဉာဏ်ကို ထိုနေ့ညဉ့်ဦးယာမ်၌ ရအပ်တော်မူပေ၏။

## ဒိဗ္ဗစက္ခုဉာဏ်

ထိုပုဗ္ဗေနိဝါသဉာဏ်ဖြင့် ရှေ့အစွန်အလုံးကို ဖုံးလွှမ်းမြှေးယှက်တတ်သော အဝိဇ္ဇာအမိုက်တိုက်ကို ဖွင့်လှစ်တော်မူကာ အကုဋေမကသော သမာပတ်ကို ဝင်စားတော်မူရာမှ တစ်ဆင့် စတုတ္ထဈာန်ကို ဝင်စားတော်မူပြန်သောအခါ နတ်မျက်စိမက အဆရာထောင် သာလွန်၍ မြင်နိုင်စွမ်းသော "ဒိဗ္ဗစက္ခု"ဟု ဆိုအပ်သော ဒုတိယ ဝိဇ္ဇာဉာဏ်ကို သန်းခေါင်ယာမ်အချိန်၌ ရအပ်တော်မူပြန်ပေ၏။

နောက်–ထိုဒိဗ္ဗစက္ခုဉာဏ်ကို အခြေခံပြုလျက် ယထာကမ္မုပဂ အဘိဉာဏ်၊ အနာဂတံသ အဘိဉာဏ် နှစ်ပါးကို ဆက်လက်ပွားများပြန်သောအခါ ယုတ်ညံ့သော သတ္တဝါသည် တဏှာမောဟ အကျိုးဆက် (အကျိုးပေးမှု) တည်း။ အဆင်းလှသော သတ္တဝါသည် မေတ္တာ၏ အကျိုးဆက် (အကျိုးပေးမှု) တည်း။

အဆင်းမလှသော သတ္တဝါသည် ဒေါသ၏အကျိုးဆက်တည်း။ ကြွယ်ဝသော သတ္တဝါသည် အ,လောဘ၏ အကျိုးဆက်တည်း စသည့် သတ္တဝါအပေါင်းတို့၏ အကြောင်းတရား အကျိုးတရား အလုံးစုံကို အကုန်အစင် သိမြင်တော်မူအပ်ပြန်ပေ၏။

## ဘုရားအဖြစ်သို့ ဆိုက်ရောက်တော်မူခြင်း

ထိုမှတစ်ဆင့် မိုးသောက်ယာမ်သို့ ရောက်လတ်သော် တစ်ခဏတာမျှ ကျိန်းစက်တော်မူ၍ နိုးထသည့်အခါ အလျှင်ရှေးရှုပြီးဖြစ်သော စတုတ္ထဈာန်ကို တစ်ဖန်ပင်စားတော်မူပြန်သည်။

ထိုအခါ၌ ဝိပဿနာနည်းအားလျော်စွာ ဆင်ခြင်သုံးသပ်တတ်သော သမ္မသနဉာဏ်၊ သင်္ခါရတရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းတို့ကို သိတတ်သော

ဥဒယဗ္ဗယဉာဏ် စသည့် ဝိပဿနာဉာဏ် ဆယ်ပါးတို့ကို အစဉ်အတိုင်း (အစဉ်အားလျော်စွာ) သိမြင်လေရကား...

လင်းပျောက်ခဲ့စွာ သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ်တရားတို့၌ လွှမ်းထားပိတ်ပင်တတ်သော အဝိဇ္ဇာကွန်ရက်ကို ဖြတ်လျက် ဒုက္ခသစ္စာ၏ သဘာဝတရား လေးပါးကို ပိုင်းခြား၍ သိခြင်း၊ သမုဒယသစ္စာ၏ သဘာဝတရား လေးပါးကို ပယ်ရှားဖြတ်ခွာခြင်း၊ နိရောဓသစ္စာ၏ သဘာဝတရား လေးပါးကို မျက်မှောက်ပြုထားခြင်း၊ မဂ္ဂသစ္စာ၏ သဘာဝတရား လေးပါးကို ပွားစီးစေနိုင်ခြင်းတည်းဟူသော ကိစ္စလေးပါး၊ ကိစ္စတစ်ဆယ့်ခြောက်ပါးတို့ကို သိကြားမင်း၏ ဝရဇိန်စက်ကဲ့သို့ တစ်ပြိုင်နက် တစ်ချက်တည်း ပြီးစေလျက်...

သောတာပတ္တိမဂ်ကိုလည်းကောင်း၊ ထိုမှတစ်ဆင့် သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုလည်းကောင်း၊ အစဉ်အတိုင်း ရအပ်ပြီးသော အ,ပရိမာဏ ဆုံးဆထုတ်ဖွေ မရေမတွက်နိုင်သော၊ ဆအသာဓာရဏ စတုဝေသာရဇ္ဇ ဒသဗလဆ အဘိညာ, ဝိဇ္ဇာရှစ်ဝ, စရဏတစ်ဆယ့်ငါးအပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်ရှင်၊ လောကသုံးပါး၏ အထွတ်အမြတ် ဖြစ်တော်မူသော ဘုရားရှင်အဖြစ်သို့ "သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့ အရုဏ်မတက်မီ"အချိန်တွင် ဆိုက်ရောက်တော်မူအပ်ပေ၏။

ဤကား-သုမေဓာရှင်ရသေ့ဘဝ၊ နိယတဗျာဒိတ်တော် ခံယူခဲ့ရသည့်အခါမှစ၍ ပါရမီအမျိုးမျိုးကို ကြိုးစားဖြည့်ကျင့်ကာ နောက်ဆုံး သိဒ္ဓတ္ထမင်းသားဘဝ၌ လောကသုံးပါး၏ အထွတ်အထိပ်ဖြစ်ပေသော သဗ္ဗညုတဉာဏ်ရှင်မြတ်စွာဘုရားအဖြစ်သို့ ဆိုက်ရောက်တော်မူခဲ့ရပုံ ဖြစ်လေသည်။

ထိုသို့ ဘုန်းတော်၊ ဂုဏ်တော်၊ ဉာဏ်တော် အားလုံးပြီးပြည့်စုံအပ်သော ဘုရားအဖြစ်သို့ ဆိုက်ရောက်တော်မူသည့်အခါ ပထမဦးစွာ ကျူးရှင့်တော်မူသော ဥဒါန်းဂါထာမှာ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ စကားအဖြစ်ဖြင့်ချည်းသာ မဟုတ်။ ရည်ညွှန်းထုတ်ဖော်ရင်း ဖြစ်သော အကြောင်းခြင်းရာ (သဘောအခြေခံ) ကို၌

ကပင်လျှင် ကြောင်းကျိုးဆက်စပ်မှုနှင့်တကွ အလေးအနက် နှလုံးသွင်းဆင်ခြင် ကြည့်ဖွယ် ကောင်းလှပေသည်။

(၁) အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရကဝေ သန္တော၊ ဒုက္ခဇာတိပုနပ္ပုနံ။

(၂) ဂဟကာရကဒိဋ္ဌောသိ၊ ပုနဂေဟံနကာဟသိ။ သဗ္ဗာတေ
ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံဝိသင်္ခတံ၊ ဝိသင်္ခါရဂတံစိတ္တံ၊
တဏှာနံခယမဇ္ဈဂါ။

(၁) ဘောဂဟကာရက၊ အို. . .အတ္တဘောတည်းဟူသော အိမ်ကို ပြုတတ်သော တဏှာယောကျ်ား ပဲခွပ်သမား။ တံ၊ သင့်ကို။ ဂဝေသန္တော၊ ရှာသော ငါသည်။ ယေနဉာဏေန၊ အကြင်သဗ္ဗညုတဉာဏ်တော်ဖြင့်။ တံ၊ သင့်ကို။ ဒဋ္ဌုံ၊ မြင်အံ့သောငှာ၊ သက္ကာ၊ တတ်ကောင်း၏။ တံ၊ ဉာဏံ၊ ထိုသဗ္ဗညုတဉာဏ်တော်ကို။ အနိဗ္ဗိသံ-အဝိန္ဒန္တော၊ မရသည်ဖြစ်၍။ အနေကဇာတိသံသာရံ၊ အဖြစ်များစွာ သံသရာ ပတ်လုံး၊ သန္ဓာဝိဿံ၊ တစ်ပါးသော ဂတိမှသည် တစ်ပါးသော ဂတိသို့ ပြေးဝင်ခဲ့ရလှလေပြီ။ သံသရိ၊ တစ်ပါးသော ဂတိ၌ တပြောင်းပြန်ပြန်ဖြစ်သောအားဖြင့် ကျင်လည်ရလှလေပြီ။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဇာတိ၊ အမိဝမ်း၌ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲစွာ၏။

(၂) ဂဟကာရက၊ အတ္တဘောတည်းဟူသော အိမ်ကို ပြုတတ်သော တဏှာယောကျ်ား ပဲခွပ်သမား။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌၊ တံ၊ သင့်ကို။ မယာ၊ ငါသည်။ ဒိဋ္ဌော၊ မြင်အပ်သည်။ အသိ၊ ဖြစ်၏။ ပုန၊ တစ်ဖန်။ ဂေဟံ၊ အိမ်ကို။ တွံ၊ သင်သည်။ နကာဟသိ၊ မပြုရလတ္တံ့။ တေ၊ သင်၏၊ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဖာသုကာ၊ တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အကွပ်အခြင်တို့ကို၊ ဘဂ္ဂါ၊ ငါ ချိုးဖဲ့ရပြီ။ ဂဟကူတံ၊ အဝိဇ္ဇာတည်းဟူသော အိမ်၏ အထွဋ်ကို၊ ဝိသင်္ခတံ၊ ငါ-ချရပြီ။ မေ၊ ငါ၏၊ စိတ္တံ၊ စိတ်သည်။ ဝိသင်္ခါရ ဂတံ၊ အာရုံပြုသောအားဖြင့် နိဗ္ဗာန်သို့ ရောက်ပြီ။

တဏှာနံ၊ တဏှာတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို၊ အဇ္ဈဂါ- အဓိအဂါ၊ ငါ-ရပြီ။

ထို့နောက် အရုဏ်တက်၍ ကဆုန်လပြည့်ကျော် တစ်ရက်နေ့သို့ ရောက်သောအခါ၌ ဘဝပေါင်းများစွာ ပါရမီအမျိုးမျိုး ဖြည့်ဆည်းတော်မူခဲ့ခြင်း အားဖြင့် လောကသုံးပါး၏ မကိုင်းသရဖူဖြစ်တော်မူလာရပေသော ဗုဒ္ဓမြတ်စွာ ဘုရားသည် ပထမဦးစွာသော ဤဥဒါန်းစကား၏ နောက်၌ ဒုတိယမြောက် ဖြစ်သော ဥဒါန်းစကားကိုလည်း ယခုကဲ့သို့ ထပ်မံ ကျူးရင့်တော်မူအပ်ပြန် ပေ၏။

## ဒုတိယ ဥဒါန်းစကား

(၁) ယဒါဟဝေ ပါတုဘဝန္တိ ဓမ္မာ အာတာပိနော ဈာယတော ဗြာဟ္မဏဿ အထ-ဿ ကင်္ခါဝပယန္တိ သဗ္ဗာ ယတော ပဇာနာတိ သ ဟေတု ဓမ္မာ။

(၂) ယဒါဟဝေ ပါတု ဘဝန္တိ ဓမ္မာ အာတာပိနော ဈာယတော ဗြာဟ္မဏဿ အထ-ဿ ကင်္ခါ ဝ ပယန္တိသဗ္ဗာ၊ ယတော ခယံ ပစ္စယာနံ အဝေဒိ။

(၃) ယဒါဟဝေ ပါတု ဘဝန္တိ ဓမ္မာ အာတာပိနော ဈာယတော၊ ဗြာဟ္မဏဿ ဝိဓူပယံ တိဋ္ဌတိ မာရသေနံ သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

(၁) အာတာပိနော၊ ခြိုးခြံသော လုံ့လရှိထသော။ ဈာယတော၊ အကုသိုလ် တရားကို ဖုတ်ကြည်းပြီးထသော။ ဗြာဟ္မဏဿ၊ အပ ပြုအပ်ပြီးသော မကောင်းမှုရှိသော ရဟန္တာပုဂ္ဂိုလ်အား။ ယဒါ- ယသ္မိံကာလေ၊ အကြင်အခါ၌၊ ဓမ္မော၊ ဗောဓိပက္ခိယ တရား သုံးဆယ့်ခုနစ်ပါးတို့သည်၊ ဟဝေ-ဧကန္တေန၊ အကယ်မလွဲသဖြင့်၊ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ အထ-တသ္မိံကာလေ၊ ထိုအခါ၌၊ အဿဗြာဟ္မဏဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား၊ ကင်္ခါ၊ တစ်ဆယ့် ခြောက်ပါးသော ယုံမှားခြင်းတို့သည်။ ယတော-ယသ္မာ ကာရဏာ၊

ထို့ကြောင့်၊ သဟေတုခမ္မံ၊ အကြောင်းနှင့်တကွ ဖြစ်သော ပဋိစ္စ သမုပ္ပါဒ်တရားကို၊ သော ဗြာဟ္မဏော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။

(၂) အာတာပိနော၊ ခြိုးခြံသော လုံ့လရှိထသော။ ဈာယတော၊ အကုသိုလ်တရားတို့ကို ဖုတ်ကြည်းပြီးထသော။ ဗြာဟ္မဏဿ၊ အပ ပြုအပ်ပြီးသော မကောင်းမှုရှိထသော ရဟန္တာပုဂ္ဂိုလ်အား၊ ယဒါ–ယသ္မိံ ကာလေ၊ အကြင်အခါ၌။ ဓမ္မာ၊ သစ္စာလေးပါးတရားတို့သည်။ ဟဝေ–ကေဝလေန၊ စင်စစ်သဖြင့်၊ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ အထ–တသ္မိံ ကာလေ၊ ထိုအခါ၌၊ အဿဗြာဟ္မဏဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား၊ သဗ္ဗာ၊ ခပ်သိမ်းကုန်သော၊ ကင်္ခါ၊ တစ်ဆယ့်ခြောက်ပါးသော ယုံမှားခြင်းတို့သည်၊ ယတော–ယသ္မာ ကာရဏာ၊ အကြင်ကြောင့်၊ ဝယန္တိ၊ ငြိမ်းကုန်၏။ တတော–တသ္မာကာရဏာ၊ ထို့ကြောင့်၊ ပစ္စယာနံ၊ အကြောင်းတရားတို့၏၊ ခယံ၊ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို၊ သော ဗြာဟ္မဏော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်၊ အဝေဒိ၊ သိ၏။

(၃) အာတာပိနော၊ ခြိုးခြံသော လုံ့လရှိထသော၊ ဈာယတော၊ အကုသိုလ်တရားကို ဖုတ်ကြည်းပြီးထသော၊ ဗြာဟ္မဏဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား၊ ယဒါ–ယသ္မိံ ကာလေ၊ အကြင်အခါ၌၊ ဓမ္မာ၊ သစ္စာတရားလေးပါးတို့သည်၊ ဟဝေ–ကေဝလေန၊ အကယ်မလွဲသဖြင့်၊ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ အထ–တသ္မိံ ကာလေ၊ ထိုအခါ၌၊ သူရိယော၊ နေမင်းသည်၊ အန္တလိက္ခံ–အန္တလိက္ခေ၊ ကောင်းကင်ပြင်၌၊ ဩဘာသယံ–ဩဘာသယန္တော၊ ထွန်းလင်းလျက်၊ တိဋ္ဌတိ ဣဝ၊ တည်သကဲ့သို့၊ သော ဗြာဟ္မဏော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ မာရသေနံ၊ ကာမာဝစရပဉ္စမာသေနာ၊ အစရှိသော မာရ်၏စစ်သည်ကို၊ ဝိဓူပယံ ဝိဓူပယန္တော၊ ဖျက်ဆီးလျက်၊ တိဋ္ဌတိ၊ တည်၏။

## ပဌမဦးဆုံး အမေးပြဿနာ

ဗုဒ္ဓမြတ်စွာဘုရားသည် ထိုထို ဥဒါန်းတော်များ ကျူးရင့်ပြီးနောက်ပိုင်း "အဇပါလ" ညောင်ပင်ရင်းတွင် စံနေတော်မူသောအခါ "ဟုံဟုံက" ဟူသော ဒိဋ္ဌမင်္ဂလိက ပုဏ္ဏားသည် ဗုဒ္ဓမြတ်စွာဘုရားအထံ လာရောက်ကာ ဤသို့ မေးမြန်းလျှောက်ထား၏။

"အရှင်ဂေါတမ၊ အဘယ်သို့သောသူသည် ဗြာဟ္မဏ မည်ပါသနည်း"

ထိုအခါ မြတ်စွာဘုရားက ဤသို့ ဖြေတော်မူ၏။

"အသင်ပုဏ္ဏား...အကြင်သူသည် တဟုံဟုံတက်သော အမျက်ကင်းကွာလျက် သတ္တဝါတို့အား သနားချစ်ခင်ခြင်းလည်းရှိ၏။ ရာဂ စသော ကိလေသာတို့ကိုလည်း ပယ်ခွာစွန့်ပစ်တတ်၏။ မြတ်သည်ဟု သမုတ်အပ်သော ပုညကြိယာဝတ္ထု (ကောင်းမှုကုသိုလ်တို့ကို အားထုတ်ခြင်း) များ၌သာ မွေ့လျော်၏။ ထိုသူသည်သာလျှင် မြတ်ရာသို့သွားအံ့သည်ဖြစ်၍ 'ဗြာဟ္မဏ'မည်ပေ၏။"

ထို့နောက် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီငါးဦးတို့အား မိဂဒါဝုန်တောတွင် သက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့်နေ့ ညချမ်း (နေဝင်စအချိန်)၌ ဓမ္မစကြာတရားကို ဟောတော်မူသည်။ ပဉ္စဝဂ္ဂီငါးဦးသာမဟုတ် များစွာသော နတ် ဗြဟ္မာတို့သည်လည်း တရားတော်ကို လာရောက်နာကြားကြကုန်သည်။ ထိုထို နတ်ပရိသတ်အပေါင်းတို့တွင် "သာတာဂိရိ" အမည်ရှိသော နတ်ဘီလူးသည်လည်း တစ်ဦးအပါအဝင်ဖြစ်ပေ၏။

သို့သော် "သာတာဂိရိ"သည် ဘုရားရှင်၏ တရားတော်ကိုကား အလေးအမြတ် တည်ငြိမ်ရှူးစိုက်စွာ မနာကြားနိုင်ခဲ့ပေ။ "ငါ့အဆွေ ဟေမဝတသည်လည်း ငါကဲ့သို့ပင် မြတ်စွာဘုရား၏ တရားတော်ကို နာကြားရပါမှ ကောင်းလေစွ..." ဟူသော သဒ္ဓါစိတ်အရ ထိုတရားပွဲသို့ ဟေမဝတများ ရောက်ကောင်း ရောက်လာချိမ့်မည်လား...အတွေးဖြင့် မိမိ၏အဆွေဖြစ်သူကို မျှော်တလင့်လင့် ရှိနေမိခြင်းကြောင့်ဖြစ်လေသည်။

သို့ဖြင့်ပင် ဘုရားရှင်၏ တရားတော်ပြီးဆုံးသွားသည်နှင့် တစ်ပြိုင်နက် သာတာဂိရိသည် မိမိ၏အဆွေဖြစ်သူအား မြတ်စွာဘုရားရှင်အကြောင်း သတင်းကောင်းကို အသိပေးပြောပြချင်လှသဖြင့် ဟေမဝတရှိနေရာ ဟေမဝတတောင်သို့ ဆောလျင်စွာ ထွက်လာဖြစ်ခဲ့လေသည်။

## ဘဝနောက်ကြောင်း ပြန်ပြောင်းမျှော်သော်

သာတာဂိရိနှင့် ဟေမဝနတ်ဘီလူးဆိုရာ၌ ထိုနှစ်ဦးတို့သည် နတ်ဘီလူး မဖြစ်ရသေးမီ လွန်ခဲ့သော ဘဝ၌ကား ပိဋကတ်ကျမ်းတတ် မထေရ်မြတ်နှစ်ပါး ဖြစ်ခဲ့ကြလေသည်။ ထိုမထေရ်မြတ်နှစ်ပါးတို့သည် ကျမ်းဂန်ပိဋကတ် နှံ့စပ် ကျွမ်းကျင်သည်သာ မဟုတ်သေး၊ ကျင့်ဝတ်သိက္ခာပုဒ်ကိုလည်း အထူးသဖြင့် လေးစားရိုသေကြသည်။

သို့သော် တစ်ချိန်သောအခါ၌ကား အကျင့်ပျက် ရဟန်းတစ်ပါးနှင့် ပတ်သက်ကာ မဖြောင့်မမှန်ပြုမိသည့်သဘောမျိုး ချွတ်ယွင်းချက်ဖြစ်ခဲ့ကြရသည်။ မိမိတို့သည် ဝိနည်းဒေသနာတော်ထက် အကျင့်ပျက် ရဟန်းအပေါ်တွင်သာ လိုက်လျောထောက်ခံမိခဲ့ကြသည်ဟူ၍ မိမိကိုယ် မိမိတို့ သံသယဖြစ်ခဲ့ကြ ရသည်။

ရဟန်းဘဝမှ စုတေ သေလွန်ရသောအခါ နတ်ပြည်ရောက်နိုင်သော ကံရှိပါလျက် ထိုအစွဲ၏ပြင်းစွာသော နှိပ်စက်မှုကြောင့်ပင်လျှင် နှစ်ဦးစလုံး နတ်ဘီလူးဖြစ်ခဲ့ကြရသည်။ နတ်ဘီလူးဘဝတွင် အစည်းအဝေးပွဲများ၌ တစ်ဦးနှင့် တစ်ဦး တွေ့ဆုံမိကာ မိမိတို့ဘဝ နောက်ကြောင်းကို ပြန်ပြောင်း ဆွေးနွေး ဖြစ်ကြသည်။ ကြောင်းကျိုးကုန်စင် သိမြင်သဘောပေါက်ကြရသည်။

ထိုအခါ လွန်ခဲ့ပြီး ဘဝကဲ့သို့ ခင်မင်တွယ်တာမိကြရပြန်သည်။ သို့ဖြင့် တစ်ဦးနှင့်တစ်ဦး ဤသို့လည်း အပြန်အလှန် ပြောဆိုမှာကြားခဲ့ကြ၏။

"အဆွေ . . .ဟေမဝတ၊ သင်၏နေရာ ဟိမဝန္တာတောကား အံ့ဖွယ်သရဲ ထူးကဲစွာသော တောပေတည်း၊ အကြောင်းတစ်စုံတစ်ရာ ထူးခြားချေသော် ငါ့အား အသိပေး အကြောင်းကြားပါလော့"

"ကောင်းလှပြီ . . .သာတာဂိရိ၊ သင်၏နေရာ မဇ္ဈိမဒေသအရပ်သည် လည်း မြတ်သောသူတို့နေရာပင် ဖြစ်ချေသည်။ တစ်စုံတစ်ရာ ထူးခြားမှု မရှိ ခဲ့လျှင် ငါ့အား အသိပေး အကြောင်းကြားပါလော့"

သို့သော် နတ်ဘီလူးနှစ်ဦးလုံးပင်လျှင် မိမိတို့ တန်ခိုးစည်းစိမ်အားလျော်စွာ မွေ့လျော်ပျော်ပါးနေမိခြင်းကြောင့်လည်းကောင်း၊ မြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေနေတော်မူသည့်အခါ ဖွားမြင်တော်မူသည့်အခါ "မြေလှုပ်ခြင်း"အစ ရှိသည့် ဘုရားအလောင်းတော်နှင့် ပတ်သက်သော ဗုဒ္ဓပုပ္ဗနိမိတ်တို့မှာလည်း

ကြာမြင့်စွာ တည်တံ့နေသည်မဟုတ်သောကြောင့်လည်းကောင်း၊ ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူသည့်အဖြစ်ကို မသိလိုက်နိုင် ရှိကြရလေသည်။

မြတ်စွာဘုရားသည် ဓမ္မစကြာတရားကို ဟောကြားတော်မူအပ်သည့်အခါတွင်မှ တိတ်ထူး နိမိတ်ထူးတို့၏ ကြာမြင့်စွာ တည်တံ့နေမှုကြောင့် နတ်ဘီလူးနှစ်ဦးအနက် ဂိရိနတ်သည် ပထမဦးစွာ သိခွင့်ရကာ မြတ်စွာဘုရားရှင်၏ တရားတော် နာကြားရခြင်းဖြစ်လေသည်။

## ဗုဒ္ဓမြတ်စွာနှင့် ပတ်သက်သော ပြဿနာ

ထိုကဲ့သို့ သာတာဂိရိ(နတ်)က ဟေမဝတ(နတ်)ကို ဘုရားရှင်နှင့်ပတ်သက်၍ အသိပေးအကြောင်းကြားရန် လာခဲ့စဉ်၌ ဟေမဝတ၏ ဘုံဗိမာန်သို့ မရောက်ရသေးမီ လမ်းခုလတ်မှာပင် ဟေမဝတနှင့် မျက်နှာချင်းဆိုင် ဆုံစည်းမိလေသည်။

သို့ဆုံစည်းမိရခြင်းမှာကား ဤသို့ဖြစ်လေသည်။ ဟေမဝတ၏နေရာ ဟိမဝန္တာတောတွင် တောပန်း တောင်ပန်းတို့လည်း အခါမဲ့ (ရာသီမဟုတ်) ပွင့်ကြကုန်သည်။ ကြယ်နက္ခတ်တို့ကလည်း အခါတိုင်းထက် တောက်ထွန်းကြသည်ဖြစ်၍ တောတောင်အလုံးတို့သည်ပင်လျှင် မဖြစ်စဖူး ထူးကဲဆန်းကြယ်စွာ သာယာတင့်တယ်နေဘိသည်။

ထိုအခါ ဤရွှေ့ဤမျှ ထူးခြားဆန်းကြယ် စိတ်နှလုံးပျော်မွေ့ဖွယ်ဖြစ်နေသော အချိန်အခါတွင် ငါ၏အဆွေ သာကာဂိရိကိုခေါ်၍ နှစ်ဦးအတူ ပျော်ပါးမြူးတူးအံ့ အကြံဖြင့် ဟေမဝတကိုယ်တိုင်ကလည်း သာတာဂိရိအထံ လာရောက်ခဲ့သည်။ ထို့ကြောင့်ပင် ရာဇဂြိုဟ်ပြည်၏ အထက်ကောင်းကင်ယံ၌ တစ်ဦးနှင့်တစ်ဦ (ကြိုတင်ချိန်းထားသည့်နှယ်) မျက်နှာချင်းဆိုင် ကြုံဆုံမိကြခြင်းဖြစ်လေသည်။

သာတာဂိရိက ဟေမဝတကို အကျိုးအကြောင်း မေးမြန်းသောအခါ ဟေမဝတက မိမိလာရောက်ခဲ့ရခြင်းအကြောင်းကို အမှန်အတိုင်းပြောပြသည်။

ထိုအခါ သာတာဂိရိက ထိုထိုမဖြစ်စဖူး ထူးခြားဆန်းကြယ်စွာသော အံ့ဖွယ်သရဲတို့သည်ကား အကြောင်းမဲ့ဖြစ်ပေါ်လာခြင်း မဟုတ်။ ဤလောက၌ နှိုင်းရာမမြင်၊ ယှဉ်ရာမရှိ၊ ပကတိစင်စစ် ထူးမြတ်လှစွာသော ဂုဏ်ကျေးဇူးတော်

အပေါင်းတို့၏ အရှင်ဗုဒ္ဓမြတ်စွာဘုရား ပွင့်ထွန်းတော်မူကာ ဓမ္မစကြာတရားကို ထုတ်ဖော်ဟောကြားတော်မူအပ်ခြင်းကြောင့်သာလျှင် ဤသို့ဤပုံ အခါမဲ့ပွင့်သော ပန်းနှင့်တကွ ထူးခြားဆန်းကြယ်မှုအမျိုးမျိုးတို့ ဖြစ်ထွန်းပေါ်ပေါက်နေရခြင်း ဖြစ်ကြောင်း ပြန်လည်ရှင်းပြသည်။

ထို့နောက် မိမိ၏အဆွေ ဟေမဝတကို ဗုဒ္ဓမြတ်စွာဘုရားအထံ ခေါ်ဆောင်လိုသောအားဖြင့်–

"အဆွေဟေမဝတ၊ နှယ်ကာလ (ဝါဆိုလ) ပန္နရသီ၊ တိထိရက်စေ့၊ ဤယနေ့ည၊ ဤသမယကား၊ လောကသုံးဘုံဝယ်၊ တစ်စုံတစ်ယောက်သောသူနှင့်မျှ တူတော်မမူထသော၊ လူသုံးဦးတို့၏အမျှးဥက္ကဋ္ဌဖြစ်ပေသော ဗုဒ္ဓမြတ်စွာဘုရားသည် ဓမ္မစကြာတရားတော်ကို ဟောအပ်ခြင်းဖြင့် လောကဓာတ်တစ်ခွင် ထက်ဝန်းကျင်မှ တရားနာလာလတ်ကြကုန်သော နတ် ဗြဟ္မာအပေါင်းတို့၏ ကိုယ်ရောင်တန်ဆာရောင်တို့ တပြောင်ပြောင်ထွန်းပကာ၊ အထူးသဖြင့် တင့်တယ်သာယာလှစွာသော အခါကာလပေတည်း။

"အဆွေဟေမဝတ၊ သာကီဝင်မင်းမျိုးမှ ဖြစ်အပ်ခြင်းဖြင့် စင်စစ်ဇာတိဂုဏ်အားဖြင့်လည်း မြင့်မြတ်စင်ကြယ်လှပေသော ဘုရားရှင်ဂေါတမကို ငါတို့နှစ်ဦး အတူတကွ ဖူးမြော်ကာ တရားတော်ကို ကောင်းစွာနာကြားကြကုန်အံ့ . . ." ဆိုပေ၏။

ထိုအခါ၌ ဟေမဝတသည် ဤသို့ တွေးကြံမိ၏။

"ငါ့အဆွေသာတာဂိရိသည် မိမိ၏ဆရာ (ဘုရား) ဖြစ်သူကို သဗ္ဗညုပုဂ္ဂိုလ်အဖြစ် ဆိုညွှန်း၏။ စင်စစ်–သဗ္ဗညုပုဂ္ဂိုလ်မည်သည်ကား အလွန်ဖြစ်မြောက်နိုင်ခဲစွာသော အခြင်းအရာပေတည်း။

"ပူရာဏကဿပဆိုသူတို့သည်လည်း သဗ္ဗညုဟု ဝန်ခံလျက် မှားယွင်းသော အယူဝါဒဖြင့် လူများအပေါင်းကို ဖျက်ဆီးကြကုန်၏။

"ယခု–ငါ့အဆွေဆိုအပ်လေသော ဂေါတမဘုရားသည် စင်စစ် သဗ္ဗညုပုဂ္ဂိုလ်မှန်ပါမူကား တာဒိဂုဏ်နှင့် ပြည့်စုံလေရာ၏။ သို့–ဟုတ်မဟုတ် ငါစုံစမ်းပေဦးအံ့ . . ."

သို့ဖြင့်ပင် ဟေမဝတသည် သာတာဂိရိကို ဤသို့ ပြန်လည်မေးမြန်း၏။

"အဆွေသာတာဂိရိ၊ သင်၏ဆရာသည် စင်စစ် လူသုံးဦးတို့၏ ဥက္ကဋ္ဌအမျိုး ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် မှန်ခဲ့ချေသော် ထို-သင့်ဆရာ၌ ကောင်းတည်တံ့အပ်သော (ခိုင်ကျည်တည်ငြိမ်ဖြောင့်မှန်စွာသော) စိတ်နှလုံးရှိပါ၏လော၊ ခပ်သိမ်းသော သတ္တဝါမှန်သမျှတို့၌ ရန်သူမိတ်ဆွေ (ဟူ၍) ခွဲခြားခြင်းမရှိ၊ ပကတိ အညီအညွတ်သာလျှင် ဖြစ်အပ်လေသော တာဒိဂုဏ်နှင့် ပြည့်စုံပါ၏လော၊ အလုံးစုံသော အာရုံကောင်းဆိုးတို့၌ ထိပါးတုန်လှုပ်ခြင်းမှ ကောင်းစွာ ကင်းအပ်ပါ၏လော..."

ဤမေးခွန်းနှင့် ပတ်သက်၍ကား သာတာဂိရိသည် ကောင်းစွာ မဖြေကြားနိုင်စွမ်းပေ။ သိမ်မွေ့နက်နဲလှစွာသော သဗ္ဗညုတဉာဏ်တော်၏ သဘောအဓိပ္ပာယ်ကို ကောင်းစွာ မသိကျွမ်း မရင်းနှီးခြင်းကြောင့် ဖြစ်သည်။ သို့အတွက် မိမိသိစွမ်းနိုင်သမျှသော အခြင်းအရာ ဂုဏ်ကျေးဇူးဖြင့်သာလျှင် ဟေမဝတအား ပြန်လည်ဖြေကြားလိုက်ရ၏။

"အဆွေ...ဟေမဝတ၊ သုံးလောကမျက်ရှု-သဗ္ဗညုမြတ်စွာဘုရားသည်ကား၊ မြင်းမိုရ်တောင်မင်းသည် လေပြင်းမုန်တိုင်း မည်သို့ပင်သည်းထန်သော်ငြား၊ စဉ်းငယ်မျှပင် ယိမ်းယိုင်လှုပ်ရှားခြင်း မရှိဘိသကဲ့သို့လည်းကောင်း၊ မဟာပထဝီမြေကြီးသည်လည်း ထို့အတူပင် ပကတိကြံ့ခိုင်စွာ တည်နေနိုင်ဘိသကဲ့သို့လည်းကောင်း၊ မိမိ၏ကိုယ်တွင်းကိုယ်ပ နှစ်ဝသော မာရ်တို့ကို တွန်းလှန်ချိုးဖျက်၍ ကောင်းစွာ တည်တံ့နိုင်ပေ၏။

"စင်စစ်-ဤကဲ့သို့ တည်တံ့နိုင်ခြင်းသည်ကား ယခုမျက်မှောက်ဘဝ ဘုရားရှင်အဖြစ်သို့ ဆိုက်ရောက်မှသာ မဟုတ်၊ ဗုဒ္ဓသမ္ဘာရ (ဘုရားဖြစ်စေကြောင်း ပါရမီဆယ်ပါး) ကို ဖြည့်ဆည်းစဉ် ဆဒ္ဒန်ဆင်မင်းအဖြစ်၌ပင်လျှင် မိမိအား ဆိပ်လူးမြားဖြင့် ပစ်ခွင်းလာဘိသော ရန်သူကိုလျက်၊ မည်သို့မျှ မျက်မှာန်ရန်ငြိုးသိုထားခြင်း မရှိ၊ ပကတိ ကြံ့ခိုင်စွာသောသည်းခံခြင်း (ခန္တီပါရမီ) ဖြင့် မိမိ၏ စွယ်တော်စုံကို မိမိကိုယ်တိုင်ပင်လျှင်ပိုင်းဖြတ်၍ လှူခဲ့ပေသေးသည်။

Royal Snow
Publications

## မဟာကပိလမျောက်မင်းဖြစ်စဉ်၌

"မဟာကပိလမျောက်မင်းဖြစ်စဉ်၌လည်း မိမိအား သတ်ရန် အားထုတ်သော ပုဏ္ဏားကိုပင်လျှင် နေရင်းရပ်ဌာန်ကို ပြန်နိုင်ရန် (ပြန်ရောက်နိုင်အံ့သောငှာ) လမ်းညွှန်လိုက်ပေသေးသည်။

## ဝိဓုရသုခမိန်ဖြစ်စဉ်၌

"ဝိဓုရသုခမိန်ဖြစ်စဉ်မှာလည်း ယူဇနာခြောက်ဆယ်မျှသော တောင်အောက်သို့ မိမိအား ဖောက်ထိုးကျွမ်းပြန်ပစ်ချအပ်လေသော ပုဏ္ဏကဘီလူးကိုပင်လျှင် စင်စစ်–မြင့်မြတ်စွာသော မေတ္တာတရားဖြင့် ကောင်းစွာ တရားဟောတော်မူအပ်ပြန်ဘိသည်။

"ထိုထိုအကြောင်းများကြောင့်ပင်လျှင် ဗုဒ္ဓမြတ်စွာဘုရားသည် ကောင်းစွာထားအပ် မြတ်သောစိတ်တော် ရှိဘိသည်ဟု သိအပ်ပေသတည်း။

"အဆွေဟေမဝတ၊ သုံးလောကထွင့်ထား သဗ္ဗညုမြတ်စွာဘုရားသည်ကား သတ္တဝါအားလုံးတို့အပေါ်၌လည်း ဆင်းရဲချမ်းသာခွဲခြားခြင်းမရှိ၊ မိမိကိုယ်တော်တိုင်နှင့် ထပ်တူညီမျှ ပကတိသော မေတ္တာတရားကိုသာ ထားရှိအပ်သည်သာတည်း၊ ထိုမှတစ်ပါး ကောင်းသော အာရုံ၊ ဆိုးသော အာရုံ (နှစ်သက်ဖွယ်–မနှစ်သက်ဖွယ်) တို့၌လည်း မည်သို့မျှ ထူးခြားတုန်လှုပ်တော်မမူ၊ ကောင်းသည်ဖြစ်စေ–ဆိုးသည်ဖြစ်စေ၊ စဉ်းငယ်မျှ ခံမင်စွဲလမ်းခြင်းမရှိ ဖြစ်ပေသည်။

"လာဘ်လာဘပေါ်များခြင်း–ရှားပါးခြင်း၊ အခြွေအရံပေါ်များခြင်း–ရှားပါးခြင်း စသည့် လောကဓံရှစ်ပါးတို့၌လည်း စဉ်းငယ်မျှ လှုပ်ရှားတော်မူခြင်း မရှိ၊ ပကတိသည်းခံနိုင်စွမ်းသော တာဒိဂုဏ်နှင့် ကောင်းစွာ ပြည့်စုံတော်မူပေသည်။

"ထို့ပြင် အကြင်မိန်းမ၊ ယောကျ်ားတို့၌ ဆင်းသွင်သဏ္ဌာန် တင့်တယ်ဟန်၊ မတင့်တယ်ဟန် ကြံစည်တွေးတောခြင်းဟုသော သက်ပ္ပ ရာဂတို့မှလည်း ကောင်းစွာ ကင်းတော်မူအပ်သည်သာတည်း။"

ထိုအခါ၌ ဟေမဝတသည် ဤသို့တစ်ဖန် မေးပြန်၏။

"အဆွေ...သာတာဂိရိ၊ သင့်ဆရာသည် သတ္တဝါတို့အား သတ်ဖြတ်ညှဉ်းဆဲခြင်းဟူသော ပါဏာတိပါတ၊ လောဘရမ္မက်ဖြင့် ခိုးဝှက်ခြင်းဟူသော အဒိန္နဒါန်တို့နှင့်လည်း ကောင်းစွာ လွတ်ကင်းပါ၏လော။ ငါးဖြာအာရုံကာမဂုဏ်တို့၌ တပ်မက်မွေ့လျော်ခြင်းအားဖြင့် မေ့လျော့မှုဖြစ်စေသော ပမာဒတရားနှင့်လည်း ကင်းလွတ်အပ်ပါ၏လော။

"မာတုဂါမသည်တို့နှင့် နှစ်သက်လွန်ကြူးအပ်သော တဏှာရမ္မက်နှင့်လည်း ကောင်းစွာကင်းအပ်ပါ၏လော၊ နီဝရဏခြောက်ပါးမှ ကင်းကွာလျက် ဈာန်သမာပတ်မြတ်သော အဘိညာဏ်တို့ ပွားများစည်ပင်အောင်လည်း ရှုက်ဆောင်နိုင်ပါ၏လော။"

ဟေမဝတက ဤသို့ မေးလေသော် သာတာဂိရိကလည်း သို့နှယ် ဖြေအပ်ပြန်ပေ၏။

"အဆွေဟေမဝတ၊ ငါ၏ဆရာ မြတ်စွာဘုရားသည်ကား ပါဏာတိပါတ၊ အဒိန္နဒါန်ဟူသော မိစ္ဆာကံတို့သည် ယခုဘဝမှကင်းအပ်သည်မဟုတ်၊ ရှေးရှေးသောကာလ ဘဝများစွာတို့ကပင်လျှင် ကင်းစင်တော်မူခဲ့ပြီးဖြစ်ပေသည်။

"ထို့ကြောင့်လည်း နိဗ္ဗာန်မဗိမ္မအစရှိသော လက္ခဏာတော်ကြီး သုံးဆယ့်နှစ်သွယ်၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် ကောင်းစွာပြည့်စုံတင့်တယ်တော်မူရခြင်း ဖြစ်ပေသည်။

"ဈာန်...ဝိမောက္ခစသည်တို့မှာလည်း ယခုမျက်မှောက်ကာလဘုရားဖြစ်မှသာ ပြည့်စုံသည်မဟုတ်၊ မယ်တော့်ဝမ်းမှ ဖွားဦးစ, တစ်လသားကတည်းကပင်လျှင် ဈာန်ဝင်စားတော်မူနိုင်ခဲ့သည်သာတည်း။"

ထိုအခါ ဟေမဝတက ဤသို့ ဆိုပြန်၏။

"ကောင်းလှပြီ သာတာဂိရိ၊ ဤသို့ဆိုသော်-တစ်ဖန်ထပ်၍ မေးပါရစေဦး၊ သင်၏ဆရာ ဗုဒ္ဓမြတ်စွာဟူသော ပုဂ္ဂိုလ်သည် မုသာဝါဒ၊ ဖရုသဝါစာ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပ-ဟူသော ဝစီကံလေးပါးကိုလည်း ပယ်စွန့်ကင်း ရှင်းနိုင်ပါ၏လော...။

"အဆွေဟေမဝတ . . .၊ သင်မေးအပ်သော ဝစီကံလေးပါးဆိုသည်မှာကား ငါ့ဆရာအဖို့ ယခုဘဝမှသာ ကင်းအပ်သည်မဟုတ်၊ ရှေးရှေးဘဝများကတည်းက ကင်းအပ်ခဲ့သည်သာတည်း။

"သို့လျှင် ကင်းအပ်သောကြောင့်လည်း ငါ့ဆရာသည် သန့်ရှင်းသာယာ သိသာနာဖွယ် မပြယ်လုံး နက်နဲစေ့စပ် ပဲ့တင်ထပ်သော အသံတော်နှင့် ပြည့်စုံတော်မူပေ၏။ ထိုမှတစ်ပါး . . .ပညာဖြင့် လွှမ်းမိုး၍ အကျိုးရှိသော စကားကိုသာ ဆိုတတ်ခြင်းအဖြစ်ကြောင့်လည်း မည်သို့မသွေ ဖြစ်စေဆိုက ဖြစ်လာရသော သိဟနာဒဂုဏ်နှင့် ပြည့်စုံတော်မူအပ်သည်သာတည်း"

ထိုအခါ . . .ဟေမဝတက ဤသို့ မေးပြန်၏။

"အဆွေသာတာဂိရိ . . .၊ သင်၏ဆရာသည် ကိလေသာအာရုံကာမဂုဏ် ငါးပါး၌ လိုလားတောင့်တခြင်းကို ကြဉ်နိုင်ပါ၏လော၊ စိတ်၏ဖောက်ပြန်ခြင်းဟူသော ဗျာပါဒကို ပယ်စွန့်နိုင်ပါ၏လော၊ ဖောက်ပြားသော မိစ္ဆာဒိဋ္ဌိတရားနှင့် ကင်းအပ်ပါ၏လော၊ ခပ်သိမ်းသောတရားတို့၌ မပိတ်မပင် သိမြင်တတ်သော ပညာမျက်စိ ရှိပါ၏လော"

"အဆွေဟေမဝတ၊ ငါ့ဆရာကား ကိလေသာကာမဂုဏ်တို့၌ ကောင်းစွာ ကင်းအပ်သောကြောင့်ပင်လျှင် ဝသဝတ္တီနတ်မင်းသမီးတို့သော်မှ ရှုံးခြင်းကြီး ရှုံးရပေသည်။ နှလုံးတော်နောက်ကျိခြင်းဆိုသည်မှာလည်း တစ်ရံတစ်ခါမျှ ဖြစ်ဖူးသည်မရှိ၊ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူတို့နှင့် စင်ဖြူတော်မူလှသောကြောင့်လည်း လောကသုံးခွင်ဝယ် မသိမမြင်သော တရားဟူ၍ မရှိ၊ အားလုံးပင် သိမြင်အပ်ပေသည်သာတည်း . . ."

"ကောင်းလှပြီ သာတာဂိရိ၊ ငါ ထပ်၍ မေးပါဦးမည်၊ သင်၏ဆရာသည် ဘုရားရှင်အားလုံးတို့ ပြည့်စုံရသော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးနှင့်လည်း ပြည့်စုံပါ၏လော၊ နိဗ္ဗာန်သို့သွားကြောင်း ကောင်းစွာစင်ကြယ်လှစွာသော စရဏတရား တစ်ဆယ့်ငါးပါးတို့နှင့်လည်း ပြည့်စုံပါ၏လော၊ အာသဝေါတရားတို့သည်လည်း လုံးဝဥဿုံ ကင်းစင်ကုန်ခန်း

Royal Snow
Publications

အပ်ပါ၏လော၊ ဘဝတစ်ဖန် ပဋိသန္ဓေနေရခြင်းမှလည်း ကင်းအပ်ပါပြီလော"

"အဆွေဟေမဝတ၊ ငါ၏ဆရာ မြတ်စွာဘုရားသည် ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတရား တစ်ဆယ့်ငါးပါးတို့နှင့် ကောင်းစွာပြည့်စုံတော်မူအပ်ပေ၏။ အလုံးစုံသော အာသဝေါတရား ကုန်ခန်းအပ်ခြင်းကြောင့် သုံးခန်းသော ဘဝဝယ် အသစ်တစ်ဖန် ပြန်လည်၍ ပဋိသန္ဓေနေရခြင်းလည်း မရှိတော့ပြီသာတည်း..."

သာတာဂိရိက ဗုဒ္ဓမြတ်စွာဘုရားနှင့် ပတ်သက်၍ ဤကဲ့သို့ အလေးအနက်ဖြေဆိုအပ်သောအခါ ဟေမဝတသည် ဘုရားရှင်၏ ဂုဏ် အံ့ဩဖွယ်သော ကျေးဇူးတော်အတွက် လွန်ကဲစွာပင် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်လေရကား...

"အဆွေသာတာဂိရိ...၊ ဤမျှသော ဂုဏ်နှင့် ပြည့်စုံပေလျှင် သင်၏ဆရာသည် စကြဝဠာလောကဓာတ်၌ နှိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်မရှိ၊ ပုရိသထွတ်ဖျား ဘုရားစင်စစ် မှန်ပေပြီ။ ငါတို့သည် ဤမြတ်စွာဘုရားကို သွား၍ ဖူးမြင်ကြကုန်အံ့။ တရားတော်ကို နာကြားကြကုန်အံ့..." ဆိုပေ၏။

ထို့နောက် ဤသို့တစ်ဖန် ထပ်၍ ဆိုပြန်၏။

"အဆွေသာတာဂိရိ၊ အမြန်လာလော့...ဟိမဝန္တာမြိုင်ခန်းဝါ၌၊ ကောင်းစွာခိုမှီ၊ သား-ဏေ၏၊ ညီညွတ်ဖွဲ့ထွား၊ ဆစ်လျားမမြင်၊ အစဉ်စုရုံး၊ စပါးပုံးထဲသို့၊ လုံးဝန်းပြည့်ဖြိုးသော မြင်းခေါင်း (ဒူးခေါင်း)တော်လည်း ရှိထသော၊ ရှည်ခြင်း-ငါးမည်၊ တိုသည်ကား-လေး၊ အသေး-စတု၊ မြင့်မှု-ခြောက်ဆင့်၊ ဝန်းသင့်သည့်အရာ-ဝန်းလှစွာသော အင်္ဂါကြီးငယ်တို့၏ ပြည့်စုံခြင်းဖြင့်၊ သင့်တင့်လျောက်ပတ်စွာသော ဆင်းသွင်သဏ္ဍာန်တော် ရှိအပ်ထသော...

"ကြီးမြတ်သော လုံ့လလည်း ရှိထသော၊ တစ်ထပ်တည်းသာ ခန္ဓာတည်ရုံမှိဝဲဟုန်ကြောင့်၊ အကုန်ခေါင်းပါးသော အာဟာရလည်း ရှိထသော၊ မောနေယျဂုဏ်နှင့်လည်း ပြည့်စုံစွာထသော၊ ဆိတ်ငြိမ်သော တောအုပ်၌ ချာန်ဝင်စားကာ မွေ့လျော်နေအပ်ထသော...

"ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော နှလုံးတော်လည်း ရှိထသော၊ ဝဲယာ ရှေ့နောက် ဖော်မလှောက်ဘဲ၊ တစ်ယောက်တည်းသာ ကျင့်ကြံ နေလေ့ရှိထသော၊ လောကဓာတ်၌ ပြိုင်ဘက်မပြု၊ တစ်ဆူကည်းသော ယောကျ်ားလည်း ဖြစ်ထသော၊ ဘဝတစ်ပါးသွားလာခြင်းလည်း မရှိ ထသော . . .

"ကိလေသာကာမ၊ ဝတ္ထုကာမ ဤနှစ်ဝတို့၌ ဆန္ဒရာဂ၏အားဖြင့် ငဲ့ကွက်ခြင်းလည်းမရှိထသော၊ "ဂေါတမ" အမည်ရှိသော မြတ်စွာဘုရား ကို ဖူးမြင်ကြကုန်အံ့။ ထိုမြတ်စွာဘုရားကို ကပ်လတ်၍ သေမင်း၏ ကျော့ကွင်းမှ လွတ်ကင်းရာဖြစ်သော "နိဗ္ဗာန်"ကို မေးလျှောက်ကြ ကုန်အံ့ . . ."

ဟေမဝန်သည်၊ ဗုဒ္ဓမြတ်စွာဘုရားကို ထိုကဲ့သို့ ချီးကျူးဆိုမြွက်ကာ၊ သာတာဂိရိနှင့် မတူ မြတ်စွာဘုရားအထံသို့ အမြန်သွားရောက် ဖူးမြော်ပူဇော် သည်။ ထို့နောက် ဆယ်မျိုးသော ပြဿနာရပ်ကို မေးမြန်းလျှောက်ထားအပ် သည့်အခါ ဘုရားရှင် "ဟေမဝတသုတ်တော်" ဟူသော အဖြေစကားကို ပြန်လည်ဟောကြားတော်မူအပ်ပေ၏။

**စကားစပ်။** ။သာတာဂိရိနှင့် ဟေမဝတနတ်ဘီလူးနှစ်ဦးတို့သည် ယခုဆိုခဲ့ပြီးအတိုင်း ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို အလေးအနက် သိနားလည်အပ်ခြင်းမှာ ကဿပ ဘုရားရှင်လက်ထက်တော်ကတည်းကပင် အဋ္ဌကထာ နှင့်တကွ ပိဋကတ်သုံးပုံကို အာဂုံဆောင်သည်အထိ သင်အံလေ့ကျက်မှု ရှိထားပြီးခြင်းကြောင့်ဖြစ်သည်။

## ဘုရားစင်စစ် ဟုတ်မဟုတ်

စင်စစ် ကြောင်းကျိုးသဘာဝအားဖြင့်ကား ဗုဒ္ဓမြတ်စွာဘုရားနှင့် ပွင့်ထွန်း တော်မူဦးစ အခြေအနေမှာ ခေတ်ကာလအချိန်အခါနှင့်လည်းကောင်း၊ လူ့ သဘော-လူ့သဘာဝအားဖြင့်လည်းကောင်း အလေးအနက် ဆက်စပ်ပက်သက် နေသည်ဟု ဆိုနိုင်သည်။

Royal Snow
Publications

ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူစဉ်ကာလမှာ ဘုရားအမည်ခံ အခြားသော ပုဂ္ဂိုလ်တို့ ပေါ်ပေါက်နေနှင့်သော အချိန်အခါဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့ကလည်း သူတို့ဝါဒနှင့် သူတို့ တစ်ဂိုဏ်းတစ်ဖွဲ့ ဖြစ်တည် ထင်ရှားနေကြသည်။ ဟောပြောသင်ပြနေကြသူများဖြစ်သည်။

ထိုသူများအထဲတွင် "ဗုဒ္ဓမြတ်စွာဘုရား" ဟူ၍ ရုတ်တရက် ပေါ်ထွန်းလာအပ်သောအခါ လက်ရှိ တွေ့မြင်ကြုံကြိုက်နေရဆဲ အချိန်အခါ အားလျော်စွာ လောကလူသားများ ရာစုအဖို့ ပေါ်ထွန်းနေနှင့်ပြီး ဘုရားအမည်ခံတို့နှင့် တသီးတခြား ကွဲပြားရှင်းလင်းစွာ နားမလည်တတ်နိုင်၊ မဝေဖန်တတ်နိုင်ရှိကြသည်။

ဖြစ်ထွန်းပေါ်ပေါက်စကို အထင်မကြီး မယုံကြည်တတ်သော လူ့သဘော–လူ့သဘာဝ အားလျော်စွာ အလေးမပြုသည့် သဘောလည်း ဖြစ်ပေသည်။

အချို့ ပညာခံရှိထားသူများကလည်း ပညာခံရှိထားသောကြောင့်ပင် ဘုရားရှင်စင်စစ် ဟုတ်နိုင်၊ မဟုတ်နိုင်ကို သံသယရှိကြသည်။ သို့လော သို့လော တွေးတောဆင်ခြင်ကြသည်။ သို့သော် သူတို့ကမူ ပညာခံ လုံးဝ မရှိသူများထက် တစ်ပန်းသာသည်။ အမှန်တရားနှင့် နီးစပ်သည်။

## လောကသုံးပါး၏ အထွတ်အထိပ်

လောကသုံးပါး၏အထွတ်အထိပ် ဗုဒ္ဓမြတ်စွာဘုရားဆိုသည်မှာ လက္ခဏာကြန်အင်က မည်သို့ရှိရမည်၊ မည်သို့သော အသိပညာ အကျင့်အကြံရှိရမည် စသည်တို့ကို (လောကီဗေဒင်လက္ခဏာကျမ်းများအားလျော်စွာ) သိနားလည်ထားကြသောကြောင့်ဖြစ်သည်။

ထိုထိုပညာရှိများထဲတွင် "ဗြဟ္မာယု" အမည်ရှိ ပုဏ္ဏားကြီး (ဗရာမင်) သည် တစ်ဦးအပါအဝင်ဖြစ်သည်။ ထိုပုဏ္ဏားကြီးသည် ပညာခံရှိထားပြီးဖြစ်သည်နှင့်အမျှ ဗုဒ္ဓမြတ်စွာဘုရားအား ဘုရားစင်စစ် ကေန်ဟုတ်၏၊ မဟုတ်၏ စုံစမ်းပုံမှာ အဘက်ဘက်မှ စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။

ဗြဟ္မာယုပုဏ္ဏားကြီး ထိုကဲ့သို့ စူးစမ်းလေ့လာသည်ကို သိရခြင်းအားဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ လက္ခဏာကြန်အင်တို့ကို (လောကီနည်းအားဖြင့်ဖြစ်စေ) သိနားလည်ရသည့်မျှ မဟုတ်သေး။ ထိုအချိန် ထိုအခါ၌ ဗုဒ္ဓမြတ်စွာဘုရားသည်

မိမိနှင့် ခေတ်ပြိုင်သဘောမျိုး ဘုရားအမည်ခံ ပုဂ္ဂိုလ်တို့နှင့်လည်းကောင်း၊ ပညာရှိ အသီးသီးတို့နှင့်လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ကြုံတွေ့ခဲ့ရသည်ကိုလည်း ကောင်းစွာသိသာနိုင်ဖွယ်ဖြစ်သည်။

## ဘုရားစင်စစ် ဟုတ်မဟုတ် စုံစမ်းခြင်း

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာဘုရားသည် နောက်ပါ ရဟန်းငါးရာမျှလောက် နှင့်အတူ "ဝိဒေဟ"တိုင်းအတွင်း ဒေသစာရီ လှည့်လည်ကြွမြန်းတော်မူလာ၏။ ထိုဝိဒေဟတိုင်းအတွင်း "မိထိလာပြည်"၌လည်း "ဗြဟ္မာယု"ဟူသော ပုဏ္ဏားကြီး တစ်ဦးရှိ၏။

ထိုပုဏ္ဏားကြီးသည် အဘိဓာန်ကျမ်း၊ အလင်္ကာကျမ်း၊ သဒ္ဒါကျမ်း၊ ဣတိဟာသကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့ကို ကောင်းစွာတတ်မြောက်၏။ ဗျာကရဏ်းကျမ်း၊ လောကာယတကျမ်း၊ မဟာပုရိသလက္ခဏာကျမ်းတို့၌လည်း များစွာ ကျွမ်းကျင်၏။ အသက်အားဖြင့်လည်း တစ်ရာ့နှစ်ဆယ်သို့တိုင်ရောက်ကာ အိုမင်းမစွမ်းရှိနေပြီ ဖြစ်ပေ၏။

ထိုဗြဟ္မာယုပုဏ္ဏားကြီးသည် ဝိဒေဟတိုင်းအတွင်း မြတ်စွာဘုရားကြွတော် မူလာသည်ကိုလည်းကောင်း၊ အရဟံ အစ ဘဂဝါ အဆုံးရှိသော မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ အစ အလယ် အဆုံး သုံးပါးလုံးသော ကောင်းခြင်းဖြင့် ပြည့်စုံအပ်သော တရားတော်၏ အခြင်းအရာကိုလည်းကောင်း လူအများတို့ထံမှ အဆင့်ဆင့် ပျံ့နှံ့ကျော်စောလာအပ်သည့် အားလျော်စွာ သတင်းစကား ကြားသိထားရ၏။

သို့ဖြင့်ပင် "ဥတ္တရ" အမည်ရှိသော မိမိ၏ တပည့်တစ်ဦးကို ဤသို့ ပြောဆိုစေခိုင်း၏။

"ချစ်သား ဥတ္တရ. . .၊ သာကီဝင်မင်းမျိုးမှ ရဟန်းပြုခဲ့သော ရဟန်း ဂေါတမသည် ယခုအခါ နောက်ပါ ရဟန်းငါးရာနှင့်အတူ ဝိဒေဟတိုင်းအတွင်း ဒေသစာရီ လှည့်လည်လာအပ်၏။ ထိုအရှင်ဂေါတမမြတ်စွာဘုရားသည်–

(၁) ပုဗ္ဗေအထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။

(၂) အလုံးစုံသောတရားတို့ကို ကိုယ်တိုင် မှန်စွာ သိတော်မူအပ်သော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

(၃) အသိဉာဏ် "ဝိဇ္ဇာ" အကျင့် "စရဏ"နှင့် ပြည့်စုံတော်မူသော ကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

(၄) ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့် လည်း သုဂတ မည်တော်မူ၏။

(၅) လောကကို သိတော်မူတတ်သော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏။

(၆) ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော် မူ၏။

(၇) နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝ မနုဿာနံ မည်တော်မူ၏။

(၈) သစ္စာလေးပါးတရားကို သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏။

(၉) ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏ဟူသော ဂုဏ်သတင်းကို ကြားသိရ၏။ လူအပေါင်း တို့သည်ပင်လျှင် ထိုဂုဏ်သတင်းကို ပြောဆိုနေကြကုန်၏။ ကျော်စောပျံ့နှံ့လျက် ရှိ၏။

"ချစ်သား ဥတ္တရ...ထိုသို့သဘောရှိသော ရဟန္တာတို့ကို ဖူးမြော်ရခြင်း သည် ကောင်းသည်သာတည်း။ သင်သည် ထိုရဟန်းဂေါတမအထံ ချဉ်းကပ် ပြီးလျှင် ရဟန်းဂေါတမ၏ ကျော်စောသတင်းသည် ကျော်စောသည့်အတိုင်းပင် စင်စစ်ကောန် မှန်လေသလော၊ သို့မဟုတ် မမှန်မကန် ကျော်စောခြင်းပင် ဖြစ်လေ သလောဆိုသည်ကို စုံစမ်းပါချေလော့"ဆိုပေ၏။

ထိုအခါ ဥတ္တရလုလင်က ဤသို့ ပြန်ပြော၏။

"ဆရာကြီး...အကျွန်ုပ်သည် ထိုအရှင်ဂေါတမ၏ ကျော်စောသည့် အတိုင်း ဟုတ်မဟုတ်ကို အဘယ်သို့လျှင် သိနိုင်ပါအံ့နည်း"

"ချစ်သား ဥတ္တရ၊ သင်–ဤသို့မဆိုလင့်၊ ဝေဒကျမ်းတို့၌ လာအပ်သော ယောကျ်ားမြတ်တို့၏ လက္ခဏာကြန်အင် အလုံးစုံကို သင့်အား ငါသင်ပေး ထားပြီး မဟုတ်လော၊ ဥတ္တရ. . .ယောကျ်ားမြတ်တို့၏ လက္ခဏာကြန်အင်နှင့် ပြည့်စုံအပ်သူသည် စကြဝတေးမင်းသော်လည်းကောင်း၊ လောကသုံးပါး၏ အထွတ်အထိပ် ဘုရားစင်စစ်သော်လည်းကောင်း ဤနှစ်မျိုးမှတစ်ပါး အခြား မဖြစ်နိုင်ပြီ။

"သင်သည် ငါ သင်ပေးထားပြီးအတိုင်း ယောကျ်ားမြတ်တို့၏ လက္ခဏာ ကြန်အင်အားလျော်စွာ စူးစမ်း ဝေဖန်ချေခဲ့သော် အရှင်ဂေါတမသည် မြတ်စွာ ဘုရားစင်စစ် ဟုတ် မဟုတ်ကို ကောင်းစွာ သိနိုင်ပေလတ္တံ့."

"သြော်. . .ဆရာကြီး. . .ဟုတ်ပါပြီ၊ ဆရာကြီးသည် အကျွန်ုပ်အား ယောကျ်ားမြတ်တို့၏ လက္ခဏာအလုံးစုံကို သင်ပေးထားပြီးပါပြီ။ အကျွန်ုပ်သည် အရှင်ဂါတမအထံ သွားရောက်စုံစမ်းပါတော့အံ့ . . ."

ဥတ္တရသည် ဤသို့ဆိုကာ ဗုဒ္ဓမြတ်စွာဘုရားအထံ ရှေးရှုထွက်ခွာသွား၏။ မြတ်စွာဘုရားနှင့် တွေ့ရသောအခါ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို ပြီးသော် ဗုဒ္ဓမြတ်စွာဘုရား၏ လက္ခဏာအလုံးစုံတို့သည် မိမိသိပြီးသော အတိုင်း ဟုတ်မဟုတ်ကိုလည်း စူးစမ်းလေ့လာ ဆင်ခြင်သုံးသပ်ခြင်းပြု၏။

ထိုအခါ၌ ဥတ္တရသည် သိမြင်လွယ်သော လက္ခဏာတော်တို့ကို အများ တွေ့မြင်ရသော်လည်း အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်နှင့် ရှည်လျား သော လျှာတော်တို့ကိုမူ တွေ့မြင်ခွင့်မရ ဖြစ်နေခဲ့၏။ ထို့ကြောင့် ထိုလက္ခဏာ နှစ်ပါး၌ကား တွေးတောယုံမှားခြင်း ဖြစ်နေမိ၏။

မြတ်စွာဘုရားသည် ဥတ္တရ၏ ထိုတွေးတောယုံမှားမှုကို သိတော်မူလေရ ကား အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ကို ဥတ္တရ မြင်သာအောင် တန်ခိုးအားဖြင့် ဖန်တီးတော်မူ၏။ ထို့နောက် လျှာတော်ကို ထုတ်၍ နားတွင်း နှစ်ဖက်ကို သုံးသပ်၏။ နှာခေါင်းပေါက်နှစ်ခုကိုလည်း အပြန်အလှန် သုံးသပ် ၏။ နဖူးပြင်တစ်ခုလုံးကိုလည်း လျှာတော်ဖြင့် သုံးသပ်ဖုံးအုပ်တော်မူ၏။

ထိုအခါ ဥတ္တရလုလင်သည် ဤသို့ တွေးကြံမိ၏။

"ရဟန်းဂေါတမသည် ယောကျ်ားမြတ်တို့၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာကော်တို့နှင့် စင်စစ် ပြည့်စုံသည်ကား မှန်ပေပြီ။ သို့သော် နေခြင်း

ထိုင်ခြင်း စသည်ကိုကား မမြင်ရသေး။ ငါသည် ရဟန်းဂေါတမ နောက်သို့ ထက်ကြပ်မကွာ လိုက်ပါရမှုကား ကိုယ်အမူအရာဖြစ်သော ဣရိယာပုထ် လေးပါးကို ကောင်းစွာ သိမြင်ရပေလတ္တံ့.”

## ဒေသစာရီ ကြွချီရာသို့

သို့ဖြင့် ဥတ္တရလုလင်သည် မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူရာသို့ အရိပ်သဖွယ်သာလျှင် ခုနစ်လတိုင်တိုင် အစဉ်တစိုက် လိုက်ပါခဲ့၏။

ခုနစ်လမှ ကျော်လွန်သောအခါ ဥတ္တရသည် မြတ်စွာဘုရားထံမှ ခွာပြီး မိမိ၏ ဆရာရှိရာ မိထိလာပြည်သို့ ပြန်လာခဲ့၏။ ဆရာဖြစ်သူ ဗြဟ္မာယုပုဏ္ဏားကြီးကို ရှိသေစွာ ရှိခိုးကာ မိမိပြန်ရောက်လာကြောင်းကို သိစေ၏။

ထိုအခါ ဗြဟ္မာယုပုဏ္ဏားကြီးသည် ဥတ္တရလုလင်အား ဂေါတမမြတ်စွာဘုရားနှင့် စပ်လျဉ်းသည်များကို မေးမြန်းအပ်၏။

“အဘယ်သို့ပါနည်း...ချစ်သား ဥတ္တရ၊ ရှင်ကြီးဂေါတမ၏ ကျော်စောသတင်းသည် စင်စစ်ကေန် မှန်သည့်အတိုင်းပင် ပျံ့နှံ့ထွက်ပေါ်လာခြင်း ဖြစ်လေသလော၊ သို့မဟုတ်-မမှန်မကန် ကျော်စောခြင်းပင် ဖြစ်လေသလော”

“အို...ဆရာကြီး၊ ရှင်ကြီးဂေါတမသည် ကျော်စောသည့်အတိုင်းပင် မှန်ပေသည်။ မဟုတ်မမှန်ကျော်စောခြင်း မဟုတ်ပါ၊ ယောကျ်ားမြတ်တို့၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတို့နှင့် ညီညွတ်ပြည့်စုံသည်လည်း အမှန်ပင် ဖြစ်ပါပေသည် ဆရာကြီး။

“ဆရာကြီး...အရှင်ဂေါတမသည်-

(၁) အညီအညွတ် ကောင်းစွာ ထိအပ်သော ခြေဖဝါးအပြင် ရှိပေ၏။

(၂) ထိုခြေဖဝါးအပြင်တို့၌လည်း အကန့်တစ်ထောင်၊ အကွပ်ပုံတောင်းတို့နှင့်တကွသော စက်လက္ခဏာတို့ ရှိပေ၏။

(၃) ရှည်သော ဖနောင့် ရှိပေ၏။

(၄) ရှည်သော လက်ချောင်း၊ ခြေချောင်းတော်တို့ ရှိပေ၏။

(၅) နူးညံ့သိမ်မွေ့သော လက်ဖဝါး၊ ခြေဖဝါးတို့ ရှိပေ၏။

(၆) ရွှေပွတ်လုံးကဲ့သို့ ညီညွတ်စွာသော လက်ခြေတို့ ရှိပေ၏။

(၇) ခြေဖမိုးမှသည် လက်လေးသစ် အထက်၌ တည်အပ်သော မြင့်သော ဖမျက်လည်း ရှိပေ၏။

(၈) ဇေကိသားကောင်၏ မြင်းခေါင်း (ဒူးခေါင်း)နှင့် တူစွာသော ပြည့်ဖြိုးသည့် မြင်းခေါင်း ရှိပေ၏။

(၉) မတ်ရပ်နေတော်မူလျက်မှပင် ကိုယ်ကို မကိုင်းညွတ်ရမူဘဲ လက် နှစ်ဖက်တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ် ဆုပ်နယ်ခြင်း ပြုနိုင်ပေ၏။

(၁၀) အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ် ရှိပေ၏။

(၁၁) ရွှေစင်ရုပ်နှင့် တူသော အဆင်း၊ ရွှေသားအပြင်နှင့် တူစွာသော အရေပြား ရှိအပ်ပေ၏။

(၁၂) သိမ်မွေ့နူးညံ့စွာသော အသားအရေ ရှိအပ်၏။ သို့-သိမ်မွေ့နူးညံ့ စွာသော အသားအရေကြောင့်လည်း ထိုမြတ်စွာဘုရား၏ ကိုယ်တော်၌ မြူမှုန်အညစ်အကြေးတို့ လိမ်းကျံကပ်ငြိခြင်း မရှိ။

(၁၃) မွေးညင်းပေါက်တို့၌ တစ်ချောင်းစီ တစ်ချောင်းစီသာ ပေါက်အပ် သော မွေးညင်းတို့ ရှိပေ၏။

ဥတ္တရလုလင်သည် ဗုဒ္ဓမြတ်စွာဘုရား၏ ထူးခြားဆန်းကြယ်လှစွာသော လက္ခဏာတော် သုံးဆယ့်နှစ်ပါးအကြောင်းကို ယင်းသို့လျှင် အစဉ်အတိုင်း အသိပေး ပြောပြလာခဲ့ပြီးနောက် ဤကဲ့သို့လည်း တစ်ဖန် ဆက်လက်၍ ပြောပြန် ပေ၏။

## မြတ်စွာဘုရား၏ သွားလာဟန်

"အို . . .ဆရာကြီး၊ 'အရှင်ဂေါတမ'သည် ယခုဆိုခဲ့ပြီးအတိုင်း သုံးဆယ့် နှစ်ပါးသော လက္ခဏာတော်မြတ်တို့နှင့် ပြည့်စုံညီညွတ်ရုံမျှ မဟုတ်သေး၊ ခြေလှမ်း လှမ်းသည့်အခါ၌ပင်လျှင် လျော်ကန်လျောက်ပတ်လှစွာ၏။ မြန်လွန်းသည်လည်း မဟုတ်၊ နှေးလွန်းသည်လည်း မဆိုသာ၊ ပုဆစ်ဒူးအချင်းချင်း မထိခိုက်စေမူဘဲ တည်ငြိမ်သိမ်မွေ့စွာသာလျှင် ကြွလှမ်းတော်မူလေ့ရှိ၏။

"သို့-ကြွလှမ်းတော်မူရာ၌လည်း အထက်ကို မော့၍ မကြည့်သလို- အောက်သို့လည်း ငုံ့၍ ကြည့်တော်မမူ။ ထမ်းပိုးတစ်ဖြန့်မျှလောက်သော ရှေ့တူရူသို့သာ ကြည့်ရှုတော်မူအပ်၏။ ရွာတွင်းသို့ ဝင်ရာ၌ ကိုယ်တော်သည်

တစ်စုံတစ်ရာ ပြောင်းလဲခြင်းမရှိ၊ နံဘေးတစ်ဖက်သို့ စောင်းငဲ့ခြင်း၊ ဟိုဟို သည်သည် လှည့်လည်ကြည့်ရှုခြင်းမရှိ၊ ထိုင်တော်မူသောအခါ၌လည်း မိမိကိုယ်ကို ပစ်ချသည့် သဘောမျိုးမဟုတ်၊ လက်ခြေဆော့ခြင်းလည်း မရှိ၊ ပကတိဟည်ငြိမ် စွာသော အနေအထားဖြင့်သာလျှင် နေထိုင်သီတင်းသုံးအပ်၏။

## မြတ်စွာဘုရား၏ အပြုအမူ

"အို...ဆရာကြီး၊ အရှင်ဂေါတမသည် ဆွမ်းစားပြီး၍ သပိတ်ကို ဆေးကြောအပ်သည့်အခါ၌လည်း ရေသည် မနည်းမများသာ ဖြစ်၏။ သပိတ်ကို ခါ၍ လှုပ်၍ မြှောက်၍ ဆေးသည်မဟုတ်၊ ခလောက်...ခလောက်ဟူသော အသံမျိုးပေါ်ထွက်လာခြင်းလည်း မရှိ၊ သပိတ်ကို စင်ကြယ်စေခြင်းသည်သာ လိုအပ်ရင်း ဖြစ်၏။

သို့လျှင် မိမိ၏ သပိတ်ကို ဆေးကြောပြီး၍ တစ်နေရာတွင် ထားရာ၌ လည်း လုံးဝ အလိုမရှိတော့သည့်ပမာ စွန့်ပစ်လိုက်ခြင်းမျိုးမဟုတ်၊ နောက် တစ်ကြိမ် အသုံးပြုရန်အတွက် စွဲလမ်းတပ်မက်နေသည်မျိုးလည်း မဟုတ်၊ မနီးလွန်း မဝေးလွန်းရာတွင် လျော်ကန်သလိုသာလျှင် ထားအပ်၏။

## မြတ်စွာဘုရား၏ သုံးဆောင်မှု

"ဆွမ်းကို သုံးဆောင်သောအခါ၌လည်း သင့်တင့်လျောက်ပတ်ရုံသာ ဖြစ်၏။ နည်းလွန်းသည်လည်းမဟုတ်၊ များလွန်းသည်လည်း မဆိုသာ၊ ထိုမှ တစ်ပါး ဟင်းလျာကို ဆွမ်းထက်ပိုပြီး သုံးဆောင်လေ့မရှိ၊ စားကြွင်းစားကျန် ဝါးဖတ်တို့သည်လည်း ခံတွင်း၌ ကြွင်းကျန်နေသည်မဟုတ်၊ ဆွမ်းဟင်းတို့၏ အရသာကိုလည်း ချိုသည်၊ ခါးသည် သိရုံသာဖြစ်၏။ အရသာ၌ တပ်မက် နှစ်သက်သောအားဖြင့် သုံးဆောင်ခြင်းမရှိ။

"အို...ဆရာကြီး၊ အမှန်စင်စစ်အားဖြင့်သော်ကား အရှင်ဂေါတမသည် ဆွမ်းကို သုံးဆောင်မှီဝဲရာ၌ ခန္ဓာကိုယ်တည်တံ့ရန်၊ မျှတရန်၊ ပင်ပန်းနွမ်းနယ်မှု ပြေပျောက်စေရန် သုံးဆောင်ခြင်းမှုသာဖြစ်၏။ အရသာ၌လည်းကောင်း၊ အတိုင်း အရှည် (ပေါ်များ ပိုလျှံခြင်း) ၌လည်းကောင်း အာရုံပြုသောအားဖြင့် သုံးဆောင် အပ်ခြင်း မဟုတ်။

## ဆွမ်းအလှူ၏ ကောင်းကျိုးတရား

"ဆွမ်းစားပြီးသည့်အခါ ထိုဆွမ်းအလှူ၏ အကျိုးကျေးဇူးကို အာရုံပြုရန် (အနုမောဒနာ)လည်း မည်သည့်အခါမျှ မေ့လျော့တော်မူခြင်းမရှိ၊ ထို့ပြင် မည်သည့်ဆွမ်း (အာဟာရ)ကိုပင်ဖြစ်စေ၊ မနှစ်သက်ခြင်း၊ မကျေနပ်ခြင်း စသည်မျိုး တစ်စုံတစ်ရာ ထုတ်ဖော်ပြောဆိုခြင်းမရှိ၊ အခြားတစ်ပါးသော ဆွမ်းအာဟာရကိုလည်း မတောင့်တ၊ ဆွမ်းစားပြီးသည့်အခါ တစ်ခဏတာမျှ ဆိတ်ဆိတ်နေတော်မူ၏။ ထို့နောက် ပရိသတ်နှင့် လျော်စွာသော တရားကို ဟောတော်မူအပ်၏။

"စင်စစ်အားဖြင့်ကား အရှင်ဂေါတမသည် မည်သည့်ရပ်ရွာဒေသ၌ပင်ဖြစ်စေ၊ မိမိအထံ ရောက်လာသော ပရိသတ်တို့အား လျော်ကန်စွာသော တရားဖြင့် အကျိုးစီးပွားပြုလေ့ရှိသည်သာ ဖြစ်ပေ၏။ တရားသဘော (တရားအားထုတ်မှု) ၌ စိတ်ပါဝင်စားခြင်း ဖြစ်စေ၏။"

## သင့်တင့်လျောက်ပတ်ခြင်း

"အို . .ဆရာကြီး၊ အရှင်ဂေါတမသည် တစ်ခုသော ရွာမှသည် တစ်ခုသော ရွာသို့ ဆက်လက်ကြွချီအပ်သောအခါ ထိုရွာမှ လွတ်ပြီ၊ လွတ်စေတော့ သဘောမျိုး ခြေလှမ်းသွက်သွက် လှမ်းခြင်းမျိုးမရှိ၊ တွယ်တာနေသည့် သဘောမျိုးဖြင့်နှေးလေးလန်ခြင်းလည်း မဟုတ်၊ မိမိသွားအပ်သော၊ သွားလိုသော ခရီးစဉ်အတိုင်းသာလျှင် ငြိမ်းချမ်းစွာ ရှေးရှုဦးတည်အပ်ခြင်း ဖြစ်ပေ၏။

"နားနေရာရောက်သည့်အခါ ခြေတို့ကို ဆေးအပ်၏။ သို့သော် ထိုခြေဆေးခြင်းအမှုသည် မိမိ၏ ခြေထောက်အစုံကို တင့်တယ်စေခြင်း မြတ်နိုးတနာပြုအပ်ခြင်းသဘောကားမဟုတ်၊ ပြုသင့်သည့် အားလျော်စွာ ပြုအပ်ခြင်းသာဖြစ်၏။ ထို့နောက် ကမ္မဋ္ဌာန်းတရားကို ရှေးရှုလျက်သာလျှင် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူတတ်ပေ၏။

"အို . . .ဆရာကြီး၊ စင်စစ်သော်ကား အရှင်ဂေါတမသည် မိမိဆင်းရဲစေရန်ကိုလည်း မပြုလုပ်၊ သူတစ်ပါးတို့ကိုလည်း ဆင်းရဲစေခြင်း မရှိ၊ မိမိအကျိုးတရား၊ သူတစ်ပါး၏ အကျိုးတရား၊ လောကသားအားလုံးတို့၏ အကျိုးစီးပွားကိုသာ ရှေးရှုဆင်ခြင်ပြီး နေတော်မူအပ်သည်သာတည်း။

"အရှင်ဂေါတမမဟုတ်သော" ဗုဒ္ဓမြတ်စွာဘုရားအား များစွာပင် တွေ့မြင်ဆည်းကပ်ချင်လှသည်။ မေးမြန်းလျှောက်ထားချင်လှသည်။

ထိုအခါ၌ မြတ်စွာဘုရားသည် မိထိလာပြည်မှ "မဃဒေဝ" သရက်ဥယျာဉ်တွင် ရောက်ရှိ သီတင်းသုံးနေတော်မူသည်။ မိထိလာ ပြည်သူအပေါင်းတို့လည်း မြတ်စွာဘုရား၏ ဂုဏ်သတင်းကို သိရခြင်းအားလျော်စွာ သရက်ဥယျာဉ်သို့ သွားရောက်၍ မြတ်စွာဘုရားကို တွေ့ဆုံကြကုန်သည်။ ရှိခိုးပူဇော်ကြကုန်သည်။

တစ်ဂ ္သောအခါ၌ ဗြဟ္မာယုပုဏ္ဏားကြီးသည် ထိုသူများနည်းတူပင် မိမိ၏ တပည့်များနှင့် အတူတကွ မြတ်စွာဘုရား ရှိနေတော်မူရာ မဃဒေဝ သရက်ဥယျာဉ်သို့ ရောက်လာခဲ့၏။ သို့သော် မြတ်စွာဘုရားအား ကြိုတင်မပန်ကြားဘဲ ဝင်ရောက်တွေ့ဆုံရန် မသင့်ဟု စဉ်းစားမိသဖြင့် တပည့်တစ်ဦးအား မိမိမှာထားလိုသမျှ အသိပေးမှာထားပြီး မြတ်စွာဘုရားအထံသို့ ကြိုတင်စေလွှတ်လိုက်၏။

တပည့်ဖြစ်သူသည် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးနှုတ်ဆက်ပြီးသော် ဗြဟ္မာယု ပုဏ္ဏားကြီး မှာထားလိုက်သည့်အတိုင်းပင် ပြန်လည်လျှောက်ထားအပ်ပေ၏။

## မြတ်စွာဘုရားအား ခွင့်ပန်ခြင်း

"အရှင်မြတ်စွာဘုရား... တပည့်တော်သည် ဗြဟ္မာယုပုဏ္ဏားကြီး၏ တပည့်ဖြစ်ပါသည်။ အရှင်ဘုရားအထံ လာရောက်ရခြင်းမှာ ဆရာဖြစ်သူ၏ စိတ်ဆန္ဒအရ လာရောက်ခဲ့ရခြင်း ဖြစ်ပါသည်။

"တပည့်တော်၏ ဆရာဖြစ်သူသည် အရှင်ဘုရားအား အနာကင်းကာ ကျန်းမာချမ်းသာခြင်း ရှိမရှိ၊ တပည့်တော်မှ တစ်ဆင့်မေးမြန်းလျှောက်ထားအပ်ပါသည်။

"အရှင်မြတ်စွာဘုရား...တပည့်တော်၏ဆရာ ဗြဟ္မာယု ပုဏ္ဏားကြီးသည် အသက်တစ်ရာ့နှစ်ဆယ်ရှိနေပါပြီ။ အဘိဓာန်ကျမ်း၊ အလင်္ကာကျမ်း၊ သဒ္ဒါကျမ်း၊ ဣတိဟာသကျမ်းတို့ကို ကောင်းစွာတတ်မြောက်

ပါသည်။ ဗျာကရဏ်းကျမ်း၊ လောကာယတကျမ်း၊ မဟာပုရိသကျမ်း တို့လည်း တတ်မြောက်ကျွမ်းကျင်ပါသည်။

"ဤမိထိလာပြည်ရှိ ပုဏ္ဏားမျိုးတို့တွင် အသက်အားဖြင့်လည်း ကောင်း၊ အတတ်ပညာ စည်းစိမ်ဥစ္စာ ဂုဏ်သိက္ခာအားဖြင့်လည်းကောင်း ကြီးမားမြင့်မြတ်ဆုံးသော ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပါသည်။

"ထို–တပည့်တော်၏ ဆရာ ဗြဟ္မာယုပုဏ္ဏားကြီးသည် အရှင်ဘုရားကို ဖူးမြင်တွေ့ဆုံလိုသည့်အတွက် တပည့်တော်အား ယခုကဲ့သို့ ကြိုတင်ပြီး အခွင့်တောင်းခိုင်းလိုက်ရခြင်းဖြစ်ကြောင်းပါ ဘုရား . . ."

ထိုအခါ၌ ဗုဒ္ဓမြတ်စွာဘုရားသည် ထို–တပည့်ဖြစ်သူမှတစ်ဆင့် ဗြဟ္မာယုပုဏ္ဏားကြီးအား ကောင်းစွာပင် ခွင့်ပြုလိုက်လျှောတော်မူအပ်လေရကား ဗြဟ္မာယုပုဏ္ဏားကြီးသည် မကြာမြင့်မီ အချိန်အတွင်း၌ပင်လျှင် မြတ်စွာဘုရားရှေ့တော်မှောက်သို့ ရောက်ရှိလာအပ်ပေ၏။

ထို့နောက် မြတ်စွာဘုရားကို ဝမ်းမြောက်ဝမ်းသာ ရှိခိုးနှုတ်ဆက်ပြီးသော် တပည့်ဖြစ်သူ ဥတ္တရလုလင်နည်းတူပင် မြတ်စွာဘုရား၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်များကို ကြည့်ရှုစူးစမ်းအပ်ပေ၏။

## ယုံမှားသံသယ ဖြစ်ရခြင်း

ဗြဟ္မာယုပုဏ္ဏားကြီးသည် ထိုအခါတွင်လည်း နှစ်ပါးသောလက္ခဏာတော်တို့၌ ဥတ္တရလုလင်ကဲ့သို့ပင် ယုံမှားသံသယ ဖြစ်မိရပြန်သည်။ သို့ဖြင့်ပင် မြတ်စွာဘုရားအား ဤသို့လျှောက်ထား၏။

"အရှင်ဂေါတမ ယောကျ်ားမြတ်တို့၏ လက္ခဏာတော် သုံးဆယ့်နှစ်ပါးအနက် အရှင့်ကိုယ်တော်၌ နှစ်ပါးသော လက္ခဏာတို့ကို မတွေ့မြင်ရပါ။ လူတို့ထက် မြတ်သော်မူပေသော . . . အရှင်ဂေါတမ၊ အရှင်၏အင်္ဂါဇာတ်သည် အအိမ်ဖြင့် ဖုံးလွှမ်းအပ်ခြင်းရှိပါသလော၊ လျှာတော်သည်လည်း ရှည်လျား ကျယ်ပြန့်အပ်ပါသလော . . ."

"အကျွန်ုပ်သည် ဤလက္ခဏာနှစ်ပါးကို မသိမမြင်ရပါ။ အကျွန်ုပ်၏ ယုံမှားသံသယကို ပယ်ဖျောက်တော်မူပါလော့၊ အကျွန်ုပ်သည် အခွင့်ရအပ်သည်ရှိသော် အရှင်ဂေါတမအား မျက်မှောက်လောက၏ အကျိုးစီးပွားအလို့ငှာ လည်း

ကောင်း၊ တမလွန်လောက၏ အကျိုးစီးပွား အလို့ငှာလည်းကောင်း လွန်စွာ တောင့်တအပ်သော တစ်စုံတစ်ခုသော ပုစ္ဆာကိုလည်း မေးလျှောက်လိုပါ၏"

မြတ်စွာဘုရားသည် ထိုအခါ၌ ဥတ္တရလုလင်နည်းတူပင် ဗြဟ္မာယုပုဏ္ဏား ကြီးအား အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ကို တန်ခိုးတော်အားဖြင့် သိမြင်စေ၏။ လျှာတော်ဖြင့်လည်း နားနှစ်ဖက်ကိုလည်းကောင်း၊ နှာခေါင်းကို လည်းကောင်း သုံးသပ်ပြတော်မူ၏။ နဖူးပြင်တစ်ခုလုံးကိုလည်း နံ့စပ်ထိရောက် စွာပင် ဖုံးလွှမ်းပြတော်မူ၏။

နောက်–ဤသို့လည်း မိန့်တော်မူ၏။

"အသင်ပုဏ္ဏားကြီး၊ အသင်သည် ယောကျ်ားမြတ်တို့၏ လက္ခဏာ သုံးဆယ့်နှစ်ပါးကို သိဖူးကြားဖူး၏။ ထိုကြားသိဖူးသောအတိုင်းပင် ထိုလက္ခဏာ တော်တို့သည် ငါ၏ ကိုယ်၌ ထင်ရှားရှိကုန်၏။ အသင်သည် တစ်စုံတစ်ရာမျှ ယုံမှားတွေးတောခြင်း မရှိလေလင့်။

"အသင်ပုဏ္ဏား . . . ငါသည် ပိုင်ခြား၍ သိသင့်သော တရားကို ပိုင်းခြား၍ သိပြီးပြီ၊ ပွားများသင့်သော တရားကိုလည်း ပွားများပြီးပြီ၊ ပယ်သင့်သော တရားကိုလည်း ပယ်အပ်ပြီးပြီ။ ထို့ကြောင့်လည်း ငါသည် ဘုရားစင်စစ် ဖြစ်၏။

"မျက်မှောက် အကျိုးစီးပွား၊ တမလွန် အကျိုးစီးပွားဆိုသည်တို့ကိုလည်း အသင် တောင့်တအပ်သည့်အတိုင်း မေးလိုသမျှ မေးလေလော့၊ ငါ ကောင်းစွာ ခွင့်ပြုအပ်ပေ၏။"

## ဗြဟ္မာယု၏ အမေးပြဿနာ

"အရှင်ဂေါတမ . . . အဘယ်သူသည် မကောင်းမှုကို အပပြုပြီးသူ ဖြစ်ပါ သနည်း၊ အဘယ်သူသည် သိခြင်းအဆုံးသို့ ရောက်သူဖြစ်ပါသနည်း၊ အဘယ် သူသည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူဖြစ်ပါသနည်း၊ အဘယ်သူသည် စင်ကြယ် သော ပုဂ္ဂိုလ်ဟူ၍ ဆိုရပါသနည်း။

"အဘယ်သူသည် ရဟန္တာဖြစ်ပါသနည်း၊ အဘယ်သူသည် အလုံးစုံသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူဖြစ်ပါသနည်း၊ အဘယ်သူသည် အရဟန္တာမဂ်ဉာဏ်

မောနေယျနှင့် ပြည့်စုံသူဖြစ်ပါသနည်း၊ အဘယ်သူသည် သစ္စာလေးပါးကို သိသူဟူ၍ ဆိုရပါသနည်း။

## ဗုဒ္ဓမြတ်စွာဘုရား၏ အဖြေ

"အသင်ပုဏ္ဏား. . .အကြင်သူသည် ရှေးကနေခဲ့ဖူး (ဖြစ်ခဲ့ရဖူး)သော ခန္ဓာအစဉ်ကို သိ၏။ နတ်ဘုံနှင့် အပါယ်ဘုံတို့ကိုလည်း သိမြင်၏။ ထိုမှတစ်ပါး ဇာတိကုန်ခြင်းသို့ ရောက်၏။ အရဟတ္တမဂ်ဉာဏ်ကို အထူးသိ၍ အဆုံးသို့ ရောက်၏။ ထိုသူသည် "မုနိ" ခေါ်သော ရဟန်းဖြစ်၏။

"အချင်းခပ်သိမ်း ရာဂတို့မှ လွတ်သောကြောင့် အထူးသဖြင့် စင်ကြယ်သော စိတ်ကို သိ၏။ ပဋိသန္ဓေနေခြင်း၊ သေခြင်းကို ပယ်ပြီးဖြစ်၏။ မြတ်သော အကျင့်အားလုံးနှင့် ပြည့်စုံ၏။ အလုံးစုံသော တရားတို့၏ ကမ်းတစ်ဖက်သို့ ရောက်၏။ ထိုကဲ့သို့သော သူကို "ဗုဒ္ဓ"ဟူ၍ ဆိုရ၏"

ထိုအခါ၌ ဗြဟ္မာယုပုဏ္ဏားကြီးသည် မြတ်စွာဘုရား ဖြေကြား မိန့်ဆိုတော်မူအပ်သည်နှင့် စပ်လျဉ်း၍ လွန်စွာသော သဒ္ဓါကြည်ညိုခြင်း ဖြစ်မြောက်လေရကား ထိုင်ရာမှထ၍ လက်ဝဲတစ်ဖက် ပခုံးထက်၌ မိမိ၏ ကိုယ်ရုံအဝတ်တစ်ပိုင်းကို စံပယ်တင်–တင်ပြီး မြတ်စွာဘုရား၏ ခြေတော်အစုံကို ဦးတိုက်အပ်ပေ၏။ ခံတွင်းဖြင့် ငုံခြင်း၊ လက်ဖြင့် သုံးသပ်ဆုပ်နယ်ခြင်းတို့ကိုလည်း ပြုအပ်ပေ၏။

ထို့နောက်– "အရှင်ဂေါတမ၊ အကျွန်ုပ်သည် ဗြဟ္မာယုပုဏ္ဏားပါတည်း၊ အရှင်ဂေါတမ၊ အကျွန်ုပ်သည် ဗြဟ္မာယုပုဏ္ဏားပါတည်း"ဟူ၍လည်း မိမိအမည်ကို အကြိမ်ကြိမ် ထုတ်ဖော်ပြီး လျှောက်ထားအပ်ပေ၏။

အားလုံးသော ပရိသတ်တို့ကား အတိုင်းထက်အလွန်ပင် ထူးဆန်းအံ့ဩခြင်းဖြစ်ကြရသည်။ ဗြဟ္မာယုပုဏ္ဏားကြီးသည် အသက်ကြီးလှပြီသာ မဟုတ်သေး၊ အမျိုးအဆွေ ခြွေရံသင်းပင်းများအားဖြင့်လည်းကောင်း၊ စည်းစိမ်ဥစ္စာဂုဏ်သိက္ခာအားဖြင့်လည်းကောင်း များစွာပင် ကျော်စောထင်ရှားအပ်သူဖြစ်သည်ကို ကောင်းစွာ သိနားလည်နေကြခြင်းကြောင့်ပေတည်း။

## အစဉ်အတိုင်း သိအပ် ကျင့်အပ်သော တရား

ထိုအချိန်၌ မြတ်စွာဘုရားသည် ဗြဟ္မာယုပုဏ္ဏားကြီးအား ဒါန သီလ အစ ရှိသည့် အစဉ်အတိုင်း သိအပ် ကျင့်သုံး အားထုတ်အပ်သော တရားတို့ကို ဟောကြားတော်မူသည်။

သို့–ဟောကြားခြင်းအားဖြင့် ဗြဟ္မာယုပုဏ္ဏားကြီးသည် ကိလေသာအညစ် အကြေးတို့မှ ကင်းစင်ကာ တက်ကြွကြည်လင်သောစိတ် ဖြစ်ပေါ်လာသည့်အခါ သစ္စာလေးပါးကို ဆက်လက်ပြီး ဟောကြားတော်မူပြန်၏။

နောက်ဆုံး၌ကား ဗြဟ္မာယုပုဏ္ဏားကြီးသည် သေတာပတ္တိမဂ်သို့တိုင် ဆိုက်ရောက်ခဲ့ရလေသည်။

ထိုအခါ တရားကို မြင်ပြီးသော ဘရားကို သက်ဝင့်ပြီးသော တွေးတော ယုံမှားခြင်း ကင်းအပ်ပြီးသော ဗြဟ္မာယုပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင် အား ဤသို့လျှင် ကြည်ညိုမြတ်နိုးခြင်း ကြီးစွာလျှောက်ထားအပ်ပေ၏။

"အရှင်ဂေါတမ...အရှင်ဂေါတမ၏ တရားတော်သည် အလွန် နှစ်သက်ဖွယ်ရှိပေ၏။ ဥပမာသော်ကား မှောက်ထားအပ်သော အရာဝတ္ထု ကို လှန်၍ ပြဘိသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းထားသော အရာဝတ္ထု ကို ဖွင့်လှစ်၍ ပြအပ်ဘိသကဲ့သို့လည်းကောင်း၊ အမိုက်တိုက်၌ ဆီမီး အရာအထောင်ကို ထွန်းညှိလိုက်ဘိသကဲ့သို့လည်းကောင်း၊ ထို့အတူ သာလျှင် အရှင်ဂေါတမသည် အကျွန်ုပ်အား အကြောင်းအကျိုးအမျိုး မျိုးဖြင့် အမှန်တရားကို ပြတော်မူအပ်ပါပေ၏။ အမှန်ကို သိမြင်စေ အပ်ပါပေ၏။

"အရှင်ဂေါတမ...အကျွန်ုပ်သည် အရှင်ဂေါတမကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ် ပါ၏။ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

"အရှင်ဂေါတမသည် အကျွန်ုပ်တို့ ယနေ့မှ အစပြု၍ အရှင် ဂေါတမအား အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်အပ်သော ဥပါ သကာဟု မှတ်တော်မူပါ၊ အရှင်ဂေါတမသည် ရဟန်း၊ သံဃာတို့နှင့် အတူ နက်ဖြန်၌ အကျွန်ုပ်၏ ဆွမ်းကိုလည်း အလှူခံတော်မူပါ"

ဗြဟ္မာယုပုဏ္ဏားကြီးသည် နောက်တစ်နေ့နံနက်၌ မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာအပေါင်းတို့အား ဆွမ်းအစရှိသည့် မွန်မြတ်စွာသော ခဲဖွယ်ဘောဇဉ်တို့ကို သဒ္ဓါတရားထက်သန်စွာ ဆက်ကပ်လှူဒါန်းသည်။ တစ်နေ့တည်း တစ်ကြိမ်တည်းမျှ မဟုတ်မူဘဲ ခုနစ်ရက်တိုင်တိုင်ပင် သဒ္ဓါမြတ်နိုးခြင်းကြီးစွာ လှူဒါန်းပူဇော်အပ်ခြင်းဖြစ်ပေ၏။

ထို့နောက်ပိုင်း ဗြဟ္မာယုပုဏ္ဏားကြီး ကွယ်လွန်သွားချိန်၌ ရဟန်းတို့က မြတ်စွာဘုရားအား ဗြဟ္မာယုပုဏ္ဏားကြီးအကြောင်း စပ်လျဉ်းမေးမြန်း(လျှောက်ထား)ကြသောအခါ မြတ်စွာဘုရားရှင်က–

> "ချစ်သား ရဟန်းတို့. . . ဗြဟ္မာယုပုဏ္ဏားသည် အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ ကုန်ဆုံးချုပ်ငြိမ်းအပ်ခြင်းကြောင့် ဗြဟ္မာပြည်၌ပင် ပရိနိဗ္ဗာန်ပြုခြင်း သဘောရှိ၏။ (ပရိနိဗ္ဗာန်ပြုသွားပြီ ဖြစ်၏) ထိုဗြဟ္မာပြည်မှ ပြန်လာခြင်း သဘောမရှိတော့ပြီ"ဟု ပြန်လည်ဖြေကြားတော်မူအပ်ပေ၏။

## အခြေအနေနှင့် အချိန်အခါ

ဗုဒ္ဓမြတ်စွာဘုရားအဖြစ် ဥဒါန်းကျူးရင့်တော်မူခဲ့ပြီးသည်မှ နောက်ပိုင်း ဗြဟ္မာယုပုဏ္ဏားကြီးနှင့် တွေ့ဆုံဟောပြောရခြင်း အသိမှာ အခြေအနေ (အကြောင်းခြင်းရာ) သဘောဖြစ်သည်။ တစ်နည်းသောအားဖြင့်သော် ထိုအခြေအနေသည် လောကကြောင်း လူမှုရေး ဗဟုသုတ ဘာမျှမပြည့်စုံသေးသော အဇာတသတ်မင်းသားကလေးနှင့်လည်း တိုက်ရိုက်ဆက်စပ်နီးနွယ်နေသည်ဟု ဆိုနိုင်သည် ဆိုထိုက်သည်။

ဗြဟ္မာယုပုဏ္ဏားကြီးကဲ့သို့သော သက်ကြီးရွယ်ရင့် ပညာရှိ ပညာတတ်ပုဂ္ဂိုလ်ကြီးတစ်ဦးအနေဖြင့်ပင်လျှင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးထူးမြတ်လှသည်၏ အဖြစ်ကို အထူးတလည် အလေးအနက် စူးစမ်းဆင်ခြင် (စုံစမ်း)ပြီးမှ ကောင်းစွာ သိမြင်နားလည်အပ်သောအခါ (အဖြစ်မှန် အဖြေမှန်ကို သိနားလည်ရလေသောအခါ) အဇာတသတ်မင်းသားကလေးကဲ့သို့သော လောကကို မျက်နှာမူစ အရွယ်လုလင်ပျိုကလေးမှာ–

*Royal Snow Publications*

သူ့ကိုယ်ကျိုး အခွင့်အရေးအတွက် မိမိအား တပည့်အဖြစ် သိမ်းသွင်းအသုံးချရန် သူ့နည်းပရိယာယ်နှင့် သူ ရောက်လာအပ်သော ရှင်ဒေဝဒတ်၏ အဇ္ဈာသယကို တိကျသေချာ မသိနားမလည်တတ်သည်နှင့်အမျှ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးကိုလည်း မည်သို့မျှ မသိတတ်နိုင်သည့် အခြေအနေမျိုးရှိနေခြင်းကြောင့် ဖြစ်သည်။

ထို့နောက် "အချိန်အခါဆိုသည်မှာကား" ဤသို့ ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရား ပွင့်ထွန်းတော်မူချိန်မှာ ရှေ့ပိုင်းတွင် ဦးစွာဆိုညွှန်းခဲ့ပြီးအတိုင်း ဘုရားအမည်ခံဂိုဏ်းဆရာကြီးများ လောကီပညာတတ်များ ရှိနေနှင့်ပြီး အချိန်ကာလဖြစ်သည်။

ရှင်ဒေဝဒတ်ကလည်း အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်အာနန္ဒာတို့ကို အကြောင်းပြုပြီး ဗုဒ္ဓမြတ်စွာဘုရားအထံတော်တွင် အနေရခက်နေချိန်ဖြစ်သည်။ အဇာတသတ်မင်းသားကလေးလည်း ငယ်ရွယ်သေးသည်နှင့်အမျှ လောကကြောင်း လူမှုရေးအသိပညာ နည်းပါးနေသေးစဉ် ဖြစ်သည်။

သို့ဖြင့်ပင် အခြေအနေအားလျော်စွာ တပည့်လိုအပ်နေသူ၊ တပည့်ရှာနေသူနှင့် ဆရာလိုအပ်နေသူချင်း အကြောင်းအားလျော်စွာ ပေါင်းမိသွားကြရသည်။ လူ့သဘာဝ–လောကကြောင်း အားလျော်စွာ ပေါ်ပေါက်ကြုံဆုံလာအပ်သော "အချိန်အခါသဘော" ဖြစ်ပေသည်။

## ဤလူ့ဘဝ လူ့လောကတွင်

ဤ လူ့ဘဝ (လူ့လောက)တွင် လုလင်ပျိုနှင့် လုံမငယ်ဟူသည် မိမိတို့၏ ဘဝရပ်တည်မှုကို မည်သည့် ကြိုတင်ပြင်ဆင်ခြင်းမျှလည်း မရှိသေး၊ (မပြုလုပ်နိုင်သေး) ကောင်းဆိုးများမှန် ဝေဖန်ပိုင်းခြားတတ်ခြင်းဟူသော အသိပညာ အတတ်ပညာများလည်း မပြည့်စုံမဖူလုံသေးပါဘဲလျက် လောကသဘာဝ–လူ့သဘာဝကို၊ မလွဲသာ မရှောင်သာ ကြုံဆုံရင်ဆိုင်ရခြင်းဖြစ်သည်။

ထိုကဲ့သို့ လုလင်ပျိုနှင့် လုံမငယ်များ လူ့ဘဝကို ထိပ်တိုက်ရင်ဆိုင်ကြရခြင်းသည် အနီးဆုံးသော ဥပမာအားဖြင့်သော် သားရဲတိရစ္ဆာန်များ ဘေးအန္တရာယ်ကြီးမားလှစွာသော တောနက်ကြီးထဲသို့ မည်သည့် အကာအကွယ် လက်နက်တစ်စုံတစ်ရာမျှ မပါရှိဘဲ တိုးဝင်သွားရောက်ရခြင်းမျိုးဟု ဆိုနိုင်သည်၊ ဆိုထိုက်သည်။

ထိုကဲ့သို့ ဘေးအန္တရာယ် ကြီးမားလှစွာသောကြောင့်ပင် ပေ့ုလင်ပျို့နှင့် လုံမငယ်တို့၏ ဘဝသည် အမှားအမျိုးမျိုးနှင့် ကြုံဆုံထိတွေ့ရတတ်သည်။ ကြီးပွားနိုင်သော အခွင့်အလမ်း အခြေခံရှိပါလျက် အပေါင်းအသင်း မှားယွင်းမှု အတွေးအခေါ် မှားယွင်းမှုစသည်များအရ (မကြီးပွား မအောင်မြင်နိုင်ရုံမျှ မဟုတ်သေး) ဘဝနစ်မွန်းသွားရသည်များလည်း အနည်းနှင့် အများရှိတတ်သည်။

## ဘဝအတွေ့အကြုံနှင့် အသိပညာ

အမှန်အားဖြင့်ကား လုလင်ပျို့နှင့် လုံမပျို့ဟူသော လူငယ်များ၌ ဘဝနစ်မွန်းခြင်းဟု ဆိုရမည့် အယူအဆ အတွေးအခေါ် လွဲမှားခြင်း၊ အကျင့်စာရိတ္တ ပျက်ပြားရခြင်း အဖြစ်သည် အသက်အရွယ် ငယ်သေးသည်နှင့်အမျှ ဘဝအတွေ့အကြုံ နည်းပါးသောကြောင့်လည်းကောင်း၊ ပင်ကို အသိပညာ (ဝေဖန်ပိုင်းခြားတတ်မှု) မပြည့်ဝ-မရင့်ကျက်သေးသောကြောင့်လည်းကောင်း တွေ့ကြုံခံစားရခြင်းဖြစ်ပေသည်။

## တစ်ဆင့်ခံ အသိပညာ

အသိပညာကို ရရှိသိမြင်နိုင်ခြင်းမှာ "သက်ကြီးစကား-သက်ငယ်ကြား" ဆိုသည့်မျိုး မိမိထက် သက်ရွယ်ကြီးမားသော လူကြီးမိဘများထံမှ တစ်ဆင့်နာခံမှတ်သားခြင်းအားဖြင့်လည်းကောင်း၊ စာပေနည်းအားဖြင့် သင်ကြားဆုံးမထားအပ်သော စာကောင်းပေမွန်များကို ဖတ်ရှုလေ့လာခြင်းအားဖြင့်လည်းကောင်း ရရှိနိုင်သည်။ သဘောပေါက် သိနားလည်နိုင်သည်။

သို့သော် ထိုနည်းမျိုးဖြင့် ရရှိအပ်သော အသိပညာမှာ မိမိကိုယ်တိုင်၏ ပင်ကိုအခြေခံ အသိဉာဏ်စင်စစ် မဟုတ်ချေ။ ကျောင်းသင်ခန်းစာသစ်တစ်မျိုး၊ သူတစ်ပါးထံမှ တစ်ဆင့်ခံ သင်ကြားယူရသည့် နာခံမှတ်သားထားရသည့် "သုတမယ" ခေါ် သင်ရိုးညွှန်းတမ်း အသိပညာဖြစ်သည်။

## ကိုယ်ပိုင် အသိပညာ

ကိုယ်ပိုင်အသိပညာဆိုသည်မှာကား မိမိကိုယ်တိုင်၏ စူးစမ်းတွေးခေါ်တတ်မှု၊ သတိတရားအခြေခံဖြင့် ဝေဖန်ပိုင်းခြားတတ်မှု အသိဉာဏ်သဘောပါဝင်သည်။ အတွေ့အကြုံမှန်သမျှအပေါ်တွင် မူတည်ပြီး အကောင်းအဆိုး

အကျိုးအပြစ် အမှားအမှန်ကို စူးစမ်းဆင်ခြင်ကြည့်သည်၊ ဝေဖန်ပိုင်းခြား ကြည့်သည်။

သူများပြောတိုင်းလည်း မယုံသူများ လက်ခံကျင့်သုံးနေတိုင်းလည်း မိမိက ကြောင်းကျိုးဆင်ခြင်တုံတရား ကင်းမဲ့စွာ လွယ်လင့်တကူလိုက်ပြီး မပြုလုပ်နိုင်၊ မိမိဆင်ခြင်နိုင်စွမ်းရှိသမျှ အသိဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားကြည့်ပြီး ပြုသင့်သည်ကိုမှ ပြုသည်၊ လက်ခံထိုက်သည်ကိုမှ လက်ခံသည်။

ထိုသဘော–ထိုအပြုအမူသည် ကြောင်းကျိုးဆင်ခြင်တုံတရားနှင့်တကွ မိမိ၏ကောင်းဆိုး မှားမှန်ဝေဖန်ပိုင်းခြားနိုင်မှု အားလျော်စွာ သဘောပေါက် သိမြင်ဆုံးဖြတ်အပ်သော "စိန္တာမယ"ခေါ် ကိုယ်ပိုင်အသိပညာဖြစ်သည်။

## သတိတရားနှင့် အတွေ့အကြုံ

သို့သော် ထိုအသိပညာမျိုးမှာလည်း မိမိလိုချင်တိုင်း ရနိုင်သည်မဟုတ်၊ ဖြစ်ချင်တိုင်း ဖြစ်နိုင်သည်မဟုတ်၊ ပထမဦးစွာ–သတိတရား၊ ဒုတိယ–ဘဝ အတွေ့အကြုံ၊ ထိုနှစ်ခုပေါင်းစပ်ပြီးမှ ဆိုးကောင်းမှားမှန်ဟူသော သက်သေခံ အထောက်အထား (အဖြေမှန်) ပေါ်ပေါက်လာရခြင်း ဖြစ်လေသည်။

ဥပမာသဘောအားဖြင့် အသိပညာသည် အဆောက်အအုံ ပုံပန်းသဏ္ဍာန် တစ်ခုနှင့် တူသည်။ စူးစမ်းဆင်ခြင် ဝေဖန်ပိုင်းခြားမှုသည် သတိတရားနှင့် တူသည်။ အဆောက်အအုံတစ်ခုကို မိမိရှေ့မှောက်တွင် တွေ့မြင်နေရသော်ငြားလည်း သတိတရားဖြင့် အလေးအနက် မစူးစမ်း မဆင်ခြင်ခဲ့လျှင် မည်သည့် အဆောက်အအုံဖြစ်သည်ဟူ၍ တိကျသေချာစွာ မဆုံးဖြတ်နိုင်။

ထို့အတူပင် မိမိက သတိတရားဖြင့် စူးစမ်းဆင်ခြင်တတ်မှု ရှိနေသည့် တိုင်အောင် အဆောက်အအုံ၏ ပုံပန်းသဏ္ဍာန်သဖွယ်ဖြစ်သော ဘဝအတွေ့ အကြုံ (အကြောင်းတရား) နှင့် မဆုံဆည်း မတိုက်ဆိုင်ခဲ့လျှင်လည်း အဆိုး အကောင်း အမှားအမှန်ကို မသိမမြင် သဘောမပေါက်နိုင် ရှိချိမ့်မည်။

ထို့ကြောင့် . . .

"ဤ–လူ့လောကတည်းဟူသော လူ့ဘဝ၊ လူ့အဖြစ်သို့ ကြုံကြိုက် ဆိုက်ရောက်လာကြရကုန်သော အကြင်လူငယ်လူရွယ်မှန်သမျှတို့သည် မိမိတို့၏

သေတစ်ပန် သက်တစ်ဆုံးဖြစ်ပေသော အနာဂတ်ဘဝ သာယာအေးချမ်းမှုအတွက် အများအယွင်းကင်းနိုင်သမျှ ကင်းစေရန် နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ဖျက်ဆီးသူများ ဘေးအန္တရာယ်မှ လွတ်ကင်းရန်မှာ မသိမဖြစ်၊ မရှောင်ကွင်း၍ အဖြစ် အလွန့်အလွန်ပင် အရေးကြီးလှပေသည်။

သို့နှင့်အမျှလည်း ထိုထိုလူငယ်ကလေးများတို့သည်–

ဒေဝဒတ်၏ ဖြားယောင်းသိမ်းသွင်း ဖျက်ဆီးမှုအားလျော်စွာ မှားခြင်းကြီးများပြီး ပျက်စီးခဲ့ရရှာပေသော ဒေဝဒတ်မင်းသားကလေးကဲ့သို့ ကံမကောင်းအကြောင်းမသင့်ဖြစ်ကာ အကယ်၍များ မိမိတို့၏ ဘဝခရီးလမ်းခုလတ်တွင် ဖျက်ဆီးသူများအတွက် ပျက်စီးခြင်းဖြစ်ကြရပါမူကား–

> ပညာရေးဆုံးခန်းတိုင်သော်ငြား (အခွင့်အရေးသမား အိမ်ထောင်ဖက်နှင့် တွေ့ကြုံကာ (တွေ့ကြုံရခြင်းအားဖြင့်) တစ်သက်တာလုံး နစ်မွန်းဆုံးရှုံးသွားရတတ်သည်။
>
> အောင်မြင်ကြီးပွားနိုင်လောက်သော ပညာအခြေခံ အခွင့်အရေးရှိပါလျက် (တစ်ကိုယ်ကောင်း အခွင့်အရေးသမား၊ လူပါးလူနပ်များ၏ အသုံးချမှုကို ခံရကာ) ပင်ကိုယ်အရည်အချင်းရှိသလောက် မကြီးပွား မအောင်မြင် ဖြစ်သွားရတတ်သည်။
>
> ပညာရပ်တစ်ခုခု၊ လုပ်ငန်းတစ်ခုခုကို အတည်တကျ မပြုလုပ် မကြီးပမ်းနိုင်ဘဲ ဟိုလုပ်ငန်း–သည်လုပ်ငန်း စူးစမ်းလေ့လာနေမိခြင်းဖြင့် နောက်ဆုံးတွင် အချိန်ကုန် လူပန်းဖြစ်ရတတ်သည်မျိုးလည်း ရှိသည်။

ဒေဝဒတ်ဖျက်ဆီး၍ ပျက်စီးခဲ့ရရှာသော အဇာတသတ်မင်းသားကလေးပမာ ဖြစ်ပေသည်။

ဤကား မိမိကိုယ်တိုင်မှာလည်း ငယ်ရာမှ ကြီးလာသူ (ဘဝအတွေ့အကြုံအမျိုးမျိုးနှင့် ကြုံဆုံထိတွေ့ခဲ့ရသူ) ဖြစ်သည့်အားလျော်စွာ မိမိသဘောပေါက်သိနားလည်ခဲ့သော၊ လောကသဘာဝ–လူ့သဘာဝ ကောင်းကျိုးဆိုးပြစ်များကို မိမိအောက် ငယ်ရွယ်သူတို့အား စေတနာကောင်း (စာပေသမား စင်စစ်တို့၏ အပြုသဘောတာဝန်ပိုင်း)ဖြင့် အရင်းတိုင်း ပြန်လည်ပြီး ဖောက်သည်‘ချ’လိုက်ရခြင်း ဖြစ်သည်။

## အနုပညာသည်တို့၏ ဘဝခရီး

လိုအပ်မှုအရ ထပ်မံဖြည့်စွက်ရလျှင် ဤ–စာရေးသူသည် မိမိကိုယ်တိုင်မှာလည်း (စာရေးဆရာ–စာပေသမားဖြစ်လိုမှုဖြင့်) ထိုလောက–ထိုလုပ်ငန်းနှင့် နီးစပ်ရာများတွင် အမျိုးမျိုးကျင်လည်ခဲ့ရဖူးသည်။

အထက်ပိုင်းမြန်မာပြည် "အညာဒေသ" အစရှိသော အရပ်ရပ်အနယ်နယ်မှ စာပေ၊ တေးဂီတ အနုပညာဝါသနာရှင်များစွာတို့နှင့်လည်း အကြောင်းအားလျော်စွာ တွေ့ကြုံဆုံစည်းခဲ့ရဖူးသည်။

ထိုထိုဝါသနာရှင်ပေါင်း များစွာတို့သည်–

မြို့တော်ရန်ကုန်မှ "စာပေအနုပညာလောက"တွင် မိမိတို့ဝါသနာစိတ်ဆန္ဒအရ ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားကာ ကျင်လည်လှုးလာနေကြရင်းမှ အခြေအနေအားလျော်စွာ၊ အချိန်အားလျော်စွာ အောင်မြင်ခြင်း ဖြစ်မြောက်သွားကြသူများလည်း ရှိသည်။

ရုပ်ရှင်မင်းသား (ဇာတ်လိုက်) ဖြစ်ချင်၍၊ စာရေးဆရာဖြစ်ချင်၍၊ ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာဖြစ်ချင်၍၊ ဒါရိုက်တာဖြစ်ချင်၍ ရန်ကုန်မြို့မှ ဆရာကြီး သမားကြီးများအထံတွင် အမျိုးမျိုး အနွံအတာခံကာ ဆည်းကပ်ခစားပါသော်ငြား နောက်ဆုံး၌ အရက်ကို ဖန်ခွက်ထဲသို့ထည့်ကာ ရေခဲရောစပ်ပေးရခြင်း၊ သံပုရာသီးထည့်ပေးရခြင်း စသည့် ပညာမျိုးမျှသာ တတ်ကျွမ်းကာ မိမိတို့ကိုယ်တိုင်မှာလည်း "အရက်သမားကြီး အဓိပတိ" ဖြစ်သွားရသည်များလည်း ရှိသည်။

စာပေ၊ တေးဂီတ အနုပညာသမားဖြစ်ရမည့်အစား စာရိတ္တပျက်စီးမှုသာ အဖတ်တင်ရခြင်းမျိုး ဖြစ်ပေသည်။

ဤသို့သော ဖြစ်ရပ်မျိုးကို ကြောင်းကျိုးဆက်စပ်ပြီး စဉ်းစားကြည့်လိုက်သောအခါ ထို "လောကကို မျက်နှာမူစ အရွယ်" လောက သဘာဝ၊ လူ့သဘာဝကို မည်သို့မျှ အသိမကြွယ်သေးရှာသူ လူငယ်တို့၏ ဘဝသည် အမှန်စင်စစ် သနားကြင်နာစဖွယ် ဖြစ်ပါပေသည်။

သူတို့ခများများမှာ အသက်အရွယ် ငယ်နုသေးသည်နှင့်အမျှ လောကပရိယာယ်၊ လူ့ပရိယာယ်ကို မသိနားမလည်တတ်ကြလေသောအခါ မိမိ

တစ်ကိုယ်ကောင်း အခွင့်အရေးသမားများနှင့် ကြုံတွေ့ရသည့်၌ နည်းအမျိုးမျိုးဖြင့် ဘဝနစ်မွန်းသွားကြရတတ်သည်။ ကိုယ့်ကိုယ်နှင့် သူ့စိတ် ဆိုသည်မျိုး၊ သူ့အကျိုးစီးပွား၊ ဂုဏ်အရှိန်အဝါအတွက် မိမိတို့၏ ဘဝလွတ်လပ်ခွင့်ကို အခြေအနေဖန်တီးမှုအားလျော်စွာ စွန့်လွှတ်လိုက်ကြရသည်။

အားလုံးနိဂုံးချုပ် ကောက်ချက်ချလိုက်သောအခါ လူသားတစ်ယောက်၏ ဘဝအဆိုးအကောင်းသည် သူ ပေါင်းသင်းနေသူများ၏ စိတ်သဘောထား စရိုက်သဘာဝနှင့်လည်း ဆက်စပ်သည်၊ ပတ်သက်သည်။

ခေတ်ကာလ အချိန်အခါနှင့်လည်း နီးနွယ်သည်။ ကြွယ်ဝချမ်းသာ ထင်ပေါ်ကျော်စောခြင်း၊ သိမ်ငယ်နွမ်းပါး အရှိန်အဝါကင်းမဲ့ခြင်းနှင့်လည်း ဆက်နွယ်နေသည်။ ခေတ်ဆိုး၊ အခါဆိုးနှင့် ကြုံရလျှင် မိမိပါ အကျင့်စာရိတ္တ ပျက်ပြားရခြင်း၊ လူမသမာတို့၏ ဘေးအန္တရာယ်တို့နှင့် ကြုံတွေ့ရခြင်းများ ဖြစ်နိုင်သည်။ ကြွယ်ဝချမ်းသာ ထင်ပေါ်ကျော်စောလျှင် "ငါမှ ငါကွ"ဆိုသည်မျိုး၊ ငါတည်းဟူသော မာန်မာနဖြင့် မပြုကောင်းသည်မျိုးကို ပြုမှားမိကာ နည်းအမျိုးမျိုးဖြင့် ပျက်စီးသွားရတတ်သည်။

သိမ်ငယ်နွမ်းပါး အရှိန်အဝါကင်းမဲ့လွန်းလျှင်လည်း စိတ်အားငယ်ပြီး မိမိ၌ နဂိုရှိထားသည့် အတွေးအခေါ်သတ္တိအားမာန် အသိပညာများသည်ပင်လျှင် ပျက်ပြယ်လွင့်ပါးသွားတတ်သည်၊ သွားနိုင်သည်။

လောကကို မျက်နှာမူစအရွယ် လူငယ်များ (လုံမငယ်များ အပါအဝင်) ထိုအခြေအနေဆိုးမျိုးနှင့် ကြုံဆုံရခြင်း၊ ဖြစ်ပျက်တတ်ခြင်းတို့မှာ ဘဝအတွေ့အကြုံ နည်းပါးသေးခြင်းအပေါ် မူတည်ပြီး ဆိုးကောင်းမှားမှန် သဘောကို (အကြောင်းအားလျော်စွာ) မဝေဖန် မပိုင်းခြား၊ မသိနားမလည်တတ်ခြင်းကြောင့်ပင် ဖြစ်ပေသည်။

## အဇာတသတ်မင်းသားကလေး

အမှန်စင်စစ် လုလင်ပျို အဇာတသတ်မင်းသားကလေး၏ ဘဝမှာလည်း ထိုအတိုင်းပင် ဖြစ်ခဲ့သည်။ ထိုအခြေအနေမျိုးပင် ဖြစ်ချေသည်။ သူနှင့် ဒေဝဒတ် ရဟန်း တွေ့ဆုံကြုံကြိုက်မိပုံ (အခြေအနေ ဖန်တီးလာပုံ) ကိုလည်း မိမိတို့ တွေးခေါ်မြော်မြင်နိုင်စွမ်းရှိသမျှ စူးစမ်းဆင်ခြင်ကြည့်ပါဦး။

ဤသို့ဖြင့်ပင် ရှင်ဒေဝဒတ်သည် လောလောဆယ် မိမိကိုယ်ကျိုး (ဘဝရပ်တည်မှု) အတွက် အဇာတသတ်မင်းသားကလေးအား (မိမိ၏ သြဇာခံ တပည့်အဖြစ်) ဖြားယောင်းသွေးဆောင်ကာ စည်းရုံးသိမ်းသွင်းခဲ့ခြင်း ဖြစ်သည်။

ရှင်ဒေဝဒတ်က "ဤကောသမ္ဗီပြည်သားတို့သည် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်အာနန္ဒာတို့ကိုသာ နှစ်လိုမြတ်နိုး ကိုးကွယ်ဆည်းကပ်ကြကုန်သည်၊ ငါ့ကိုမူကား- မည်သူကမျှ မြတ်နိုးကြည်ဖြူ အလေးမူခြင်း မရှိကြချေကုန်" ဆိုရာ၌ အခြားသံဃာတော်များကပါ ထိုပုဂ္ဂိုလ်များ (အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်အာနန္ဒာ) နှင့် စပ်လျဉ်းပြီး ဗုဒ္ဓမြတ်စွာဘုရားအပေါ် တွေးခေါ်ယူဆမှုလွဲမှားကြသည်လည်း ရှိသေးသည်။

မြတ်စွာဘုရား . . .ဝေဠုဝန်ကျောင်း၌ သီတင်းသုံး စံနေတော်မူစဉ်အခါ ဖြစ်သည်။

နောင်အချိန်တွင် "အရှင်သာရိပုတ္တရာ" အမည်ဖြင့် မြတ်စွာဘုရားရှင်၏ လက်ယာရံ အဂ္ဂသာဝကကြီး ဖြစ်ရအံ့သော ဥပတိဿပရိဗိုဇ်နှင့် လက်ဝဲရံ အရှင်မဟာမောဂ္ဂလန်ဖြစ်လာရမည့် ကောလိတပရိဗိုဇ်တို့သည် ဗုဒ္ဓမြတ်စွာထံမှောက်သို့ ရောက်လာကြ၏။

သူတို့နှစ်ဦးတည်းမျှမဟုတ်၊ အလျှင် သိဥ္စည်းဆရာကြီးထံတွင် ရှိစဉ်က အတူနေခဲ့ရသော ပရိဗိုဇ်များနှင့်ပါ အတူတကွ ရောက်ရှိလာကြခြင်းဖြစ်၏။

အရှင်သာရိပုတ္တရာရော၊ အရှင်မဟာမောဂ္ဂလာန်ပါ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီးချိန်၌ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအား လက်ယာရံ ဓမ္မသေနာပတိ အဂ္ဂသာဝကကြီးအဖြစ်ဖြင့်လည်းကောင်း၊ အရှင်မဟာမောဂ္ဂလာန်အား လက်ဝဲရံအဂ္ဂသာဝကကြီးအဖြစ်ဖြင့်လည်းကောင်း အသိအမှတ်ပြု နေရာထားတော်မူသည်။

အဂ္ဂသာဝကနှစ်ပါး အပါအဝင်ဖြစ်သော ထိုသာဝက သန္နိပါတ အစည်းအဝေးကြီး (မဟာဓမ္မသဘင်) ၌ မြတ်စွာဘုရားသည် ရှေးရှေးအခါ ဂင်္ဂါဝါဠုသဲစုမျှမက ပွင့်ထွန်းတော်မူကြလေကုန်ပြီးသော ဘုရားရှင်တို့၏ အစဉ်အလာ ဟောကြားဆုံးမတော်မူမြဲဖြစ်သော သြဝါဒပါတိမောက်ခဒေသနာတော်ကိုလည်း ထုတ်ဖော်ဟောကြားတော်မူသည်။

သဗ္ဗပါပဿအကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊ သစိတ္တ ပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ၊ ခန္တီ ပရမံတပေါတိတိက္ခာ၊ နိဗ္ဗာနံပရမံ ဝဒန္တိ ဗုဒ္ဓါ။ နဟိပဗ္ဗဇိတော ပရူပဃာတီ၊ နသ မဏောဟောတိ၊ ပရံဝိဟေဌ ယန္တော။ ။ အနုပဝါဒေါ အနုပဃာတော၊ ပါတိမောက္ခေစ သံဝရော၊ မတ္တညုတာစ အတ္တသ္မိံ၊ ပန္တဉ္စသယနာသနံ၊ အဓိစိတ္တေစအာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။ ။

အလုံးစုံသော မကောင်းမှုကို မပြုခြင်းသည်လည်းကောင်း၊ ကုသိုလ် ဆယ်ပါး မြတ်တရားတို့နှင့် ပြည့်စုံစေခြင်းသည်လည်းကောင်း မိမိ၏ စိတ်ကို (မကောင်းမှု အလုံးစုံမှ ရှောင်ကြဉ်၍) ပကတိ ဖြူစင်ဖြောင့်မတ်စွာ ထိန်းသိမ်း စောင့်စည်းထားကပ်ခြင်းသည်လည်းကောင်း၊ ဤဟူရား (ကျင့်သုံးအားထုတ်မှု) သည်လျှင်၊ ဤကျင့်ကြံဆောက်တည်မှုသည်ကား ခပ်သိမ်းသော မြတ်စွာဘုရား ရှင်တို့၏ အစဉ်အဆက် ဟောမြွက်ထုတ်ဖော် ဆုံးမတော်မူအပ်သော သာသနာ တော်ပေတည်း။

အား ခုနစ်ပါးထက်၊ ထက်သန် သာလွန်သော သည်းခံခြင်းအမှုသည် မြတ်စွာသော အကျင့်တည်း။ နိဗ္ဗာန်တရားကို မြတ်၏ဟူ၍ ဘုရားရှင်တို့သည် ဆိုကြကုန်၏။ သူတစ်ပါးအား သတ်ဖြတ်တတ်သောသူသည် ရဟန်းမမည်၊ သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက် တပ်မက်လေ့ရှိသောသူသည် (မိမိအကျိုး၊ မိမိ၏ အလိုဆန္ဒတစ်ခုတည်းကိုသာ ဦးစားပေးပြီး သူတစ်ပါးအပေါ်တွင် နည်းအမျိုးမျိုး ဖြင့် အနိုင်ကျင့် လွှမ်းမိုးတတ်သူသည်) ကိလေသာငြိမ်းစေသောသူ မည်သည် မဖြစ်။

သူတစ်ပါးအား စွပ်စွဲပြစ်ဖွဲ့ မကဲ့ရဲ့ခြင်းသည်လည်းကောင်း၊ ကိုယ်နှုတ် ဥစ္စာ ဒဏ်သုံးဖြာဖြင့် လွန်စွာမနှိပ်စက်ခြင်းသည်လည်းကောင်း၊ အာပတ်ခုနစ်ပုံ ကို စောင့်စည်းခြင်းသည်လည်းကောင်း၊ အစာအာဟာရ၌ အတိုင်းအရှည်ကို သိတတ်ခြင်း (လိုအပ်လျော်ကန်သမျှသာလျှင် မှီဝဲသုံးဆောင်ခြင်း) ရွာနီးကျောင်း၌ (လူသူလေးပါး များပြားစည်ကားရာ အရပ်၌) မနေခြင်းသည်လည်းကောင်း၊ ဈာန်မဂ်နှင့် ယှဉ်လတ်၍ လွန်မြတ်သော စိတ်၌သာလျှင် လွန်စွာလုံ့လပြုခြင်း သည်လည်းကောင်း၊ ဤတရား(တို့)သည်၊ (ဤတရားတို့သည်ကား) ခပ်သိမ်း

သဘောကို ကြောင်းကျိုးသဘာဝ ကျနစွာ မသိနားမလည်တတ်၍သာ လောကီ ချာန်မှုသော ဒေဝဒတ်ရဟန်းကို အထင်ကြီးမိသည်နှင့်အမျှ ဗုဒ္ဓမြတ်စွာဘုရား အပေါ် အထင်အမြင် (သိနားလည်မှု) လွဲမှားသွားရခြင်း ဖြစ်ပေသည်။

## မောဟဂတိ

"ဆန္ဒ ဒေါသာ ဘယာ မောဟ" ဟူသော အ,ဂတိတရားလေးပါးအနေဖြင့် ကား အဇာတသတ်မင်းသားကလေး ဤကဲ့သို့ တွေးကြံအောက်မေ့မိခြင်းမှာ မောဟဂတိနှင့် ငြိစွန်းဆက်စပ်သွားရခြင်း ဖြစ်သည်။

မောဟဂတိဟူသည် ကောင်းဆိုးမှားမှန်ကိုလည်း မသိတတ်၊ လူတစ်ဦး တစ်ယောက်၏ အယုတ်အမြတ်ကိုလည်း မဝေဖန်တတ်၊ မိမိကိုယ်တိုင်ကပင် အသိပညာကင်းမဲ့နေသဖြင့် သူတစ်ပါးတို့၏ ကောင်းဆိုးယုတ်မြတ်ကိုလည်း မသိနားမလည်တတ်ခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် သူ့ကိုယ်ကျိုးအခွင့်အရေး အတွက် (မိမိအား တပည့်အဖြစ် သိမ်းသွင်းသွေးဆောင်ရန်) သူစွမ်းနိုင်သမျှသော တန်ခိုးအာနုဘော်ကို လက်ကသုံး တောင်ဖဲ့ပြုပြီး မြွေငါးကောင်နှင့်အတူ ရောက်လာအပ်သော ရှင်ဒေဝဒတ်အား အားကိုးတစ်ကြီး အထင်ကြီးမိသည်နှင့် အမျှ ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုပင် သိနားလည်တတ်မှု လွဲမှားချွတ်ချော်သွားခဲ့ ရခြင်း ဖြစ်လေသည်။

## တပည့်ရှာရခြင်း၏ အရင်းခံ

မြတ်စွာဘုရားရှင်သည် ကောသမ္ဗီပြည်ရှိ ဃောသိတာရုံကျောင်း၊ ပါဒါရိကာရုံကျောင်း၊ ကုက္ကုဋာရုံကျောင်းများ၌ လှည့်လည်သီတင်းသုံးစံနေတော် မူစဉ်အခါ ကာလဖြစ်သည်။

ထိုအခါ "ဃောသကသူဌေး"အစရှိသော ဥပါသကာ–ဥပါသိကာအပေါင်း တို့သည် မြတ်စွာဘုရားကို လာရောက်ဖူးမြော်ကြသည့်အခါ "အရှင်သာရိပုတ္တရာ အဘယ်ကျောင်းတိုက်မှာ သီတင်းသုံးပါသနည်း၊ အရှင်မောဂ္ဂလာန်ကား အဘယ် ကျောင်းမှာပါနည်း၊ အရှင်အာနန္ဒာက အဘယ်ကျောင်းသို့ ရောက်နေပါသနည်း" စသည်ဖြင့် မိမိတို့ သဒ္ဓါကြည်ညိုမှုထက်သန်ရာ ပုဂ္ဂိုလ်များကို မေးမြန်းစုံစမ်း လေ့ရှိကြကုန်သည်။ လှူဒါန်းပူဇော်ဖွယ်များကိုလည်း ထိုအရှင်တို့ ရှိနေရာသို့ သွားရောက်ပြီး လှူဒါန်းပူဇော်ကြကုန်သည်။

Royal Snow Publications

ထို့နောက် တရားသဘင်ဆင်ယင်ကျင်းပရာ၊ လှူဒါန်းပူဇော်ခြင်း မင်္ဂလာ အမျှပြုလုပ်စည်းဝေးရာ စသည်များတွင်လည်း "အရှင်သာရိပုတ္တရာကား- ငါတို့၏ ဆရာအရှင်မြတ်တည်း၊ အလွန်ပညာကြီးကျယ်၏။ ငါတို့၏ ဆရာကား- အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ပေတည်း၊ ဈာန်အဘိညာဉ် တန်ခိုး အာနုဘော်အရာ၌ အလွန့်အလွန်ပင် ထူးခြားဆန်းကြယ် ထက်မြက်စွာ၏" ဟူ၍လည်း အလေးအနက် တအံ့တသြ ပြောဆိုချီးမွမ်းလေ့ရှိကြသည်။

အရှင်သာရိပုတ္တရာ အစရှိသည့် ပုဂ္ဂိုလ်များကို ထိုကဲ့သို့ သဒ္ဓါညွတ်နူးမှု ရှိကြသလောက် ရှင်ဒေဝဒတ်ကိုမူကား မည်သည့် ဥပါသကာ တစ်ဦးတစ်ယောက်ကမျှ စုံစမ်းမေးမြန်းခြင်းမပြု၊ သဒ္ဓါကြည်ညိုမှုလည်း မရှိကြပေ။

ထိုအခြေအနေအတွက် ရှင်ဒေဝဒတ်သည် အလွန့်အလွန်ပင် နာကြည်းခံပြင်းခြင်း ဖြစ်ရသည်နှင့်အမျှ ဤကဲ့သို့လည်း တွေးကြံဆင်ခြင်မိသည်။

"ဤကောသမ္ဗီပြည်သားတို့သည် ငါ့အား မေးမြန်း၍ အကျွမ်းတဝင်ပြုလာသောသူမည်သည် တစ်စုံတစ်ယောက်မျှပင် မရှိကြကုန်၊ သာရိပုတ္တရာ၊ မောဂ္ဂလာန်၊ အာနန္ဒာစသော သူတို့၏အထံသို့သာ သွားလာဝင်ထွက်ကြကုန်သည်။

"ငါသည်လည်း သာကီဝင်မင်းမျိုးမှ ရဟန်းပြုလာခဲ့သူဖြစ်ပါလျက် ဒါယကာတို့ (ယခုကဲ့သို့) မကြည်ညိုခြင်း မဆည်းကပ်ခြင်းသည် ဘုရားရှင်က ငါ၏ ကျေးဇူးမဲ့စကားကို ဒါယကာတို့အား ပြောကြားထားဘိသည်ဖြစ်ရာလတ္တံ့။ ထို့ကြောင့် ဘုရားမြတ်စွာနှင့် ငါအတူနေ၍ မသင့်ပြီ။ ဤမှတစ်ပါး အခြားမြို့ရွာတစ်ခုခု၌ ငါ့အားကိုးကွယ်ချီးမြှင့်မည့် ဒါယကာကို ဖွေရှာမှီတင်း၍ နေတော့အံ့။

"သို့သော်ငြား ထက်ဝန်းကျင်သော ထီးဆောင်းနန်းနေ ပဒေသရာဇ်မင်းအများတို့သည် ဘုရားသခင်၏အလုပ်အကျွေး ဥပါသကာချည်း ဖြစ်ကြကုန်သည်။

"ဗိမ္ဗိသာရမင်းကြီး၏ သားဖြစ်သော အဇာတသတ်မင်းသားမူကား အသက်အရွယ်လည်း ငယ်သေး၏၊ ကိုးကွယ်အပ်သောဆရာလည်း မရှိလေသေး၊ နောင်ရေးလည်း အလွန်ကောင်း၏။

"ထိုမင်းသားကို ငါ့အား ကြည်ညိုစေ၍ ဆရာပြုရချေသော် များစွာသော လာဘသက္ကာရသည်ဖြစ်နိုင်လတ္တံ့၊ ထိုလာဘသက္ကာရကို အမှီ (အကြောင်း) ပြု၍ ပရိသတ်လေးပါးတို့သည်လည်း ပြန့်ပွားစည်ပင်စွာ ဖြစ်လာပေလတ္တံ့."

တစ်နေ့သော ညၢ ပကတိ တိတ်ဆိတ်ငြိမ်သက်လှစွာ သန်းခေါင်ယံခန့် အချိန်၊ အဇာတသတ်မင်းသားကလေးတစ်ဦးတည်း နန်းတော်ဆောင်အတွင်းမှ သလွန်တော်ထက်တွင် ရှိနေစဉ်အခါ ဖြစ်သည်။

ထိုအချိန်တွင်–

ဦးခေါင်းထက်၌ ပါးပျဉ်းဖြန့်နေအပ်သော မြွေတစ်ကောင်၊ ဝဲယာလက်နှစ်ဖက်၌ ပါးပျဉ်းဖြန့်ထားအပ်သော မြွေနှစ်ကောင်၊ ဝဲယာခြေနှစ်ဖက်၌ ပါးပျဉ်းဖြန့်လျက်သားဖြစ်သော မြွေနှစ်ကောင်၊ ထို–မြွေငါးကောင်တို့၏ အမြီးများကလည်း သူ့ကိုယ်လုံးကို ဘယ်ပြန်ညာပြန် ရစ်ပတ်လိမ်ယှက် သိုင်းထားအပ်သော သူတစ်ဦးသည် မင်းသားကလေး အိပ်စက်နေရာ သလွန်ပေါ်သို့ ဖြုန်းဆို ခုန်ချလိုက်၏။

မင်းသားကလေး အလွန်ပင် ကြောက်လန့်တုန်လှုပ်သွားရ၏။

ထို ခုန်ချလိုက်သူက "အသင်မင်းသား...ကြောက်သလော" မေး၏။

အဇာတသတ်မင်းသားကလေးက "ငါ ကြောက်လှသည်၊ အသင် မည်သူနည်း၊ လူလော–နတ်လော–နဂါးလော..." မေး၏။

ရှင်ဒေဝဒတ်က "အသင်မင်းသား မကြောက်လင့်၊ ငါကား ရှင်ဒေဝဒတ်တည်း၊ ငါ၏တန်ခိုးအစွမ်းကို အသင်မင်းသား သိမြင်စေလိုသောကြောင့်သာလျှင် အဘိညာဉ်နည်းနည်းအားဖြင့် ဖန်ဆင်း၍ ပြအပ်ခြင်းဖြစ်သည်" ဆို၏။

"အရှင်ဒေဝဒတ်၊ ထိုသို့ဆိုလျှင်လည်း အရှင်၏ နဂိုပကတိသော ရဟန်းအသွင်ကို ပြစမ်းပါဦးလော့"

ထိုအခါ၌ ဒေဝဒတ်ရဟန်းသည် မူလဖန်ဆင်းထားအပ်သော မြွေငါးကောင်နှင့် ပြိုးပြွမ်းရောထွေးနေသည့် ကြောက်လန့်ချောက်ချားစဖွယ် အသွင်မှသည် ရဟန်းပရိက္ခရာရှစ်ပါးနှင့်တကွ ပကတိသော ရဟန်းအဖြစ် ကြည်ညိုချင်စဖွယ် တင့်တယ်စွာသည့် ဆင်းသွင်သဏ္ဍာန်ကို ပြုပြင်ဖန်ဆင်းပြအပ်ပြန်ပေ၏။

အဇာတသတ်မင်းသားကလေးသည် ထိုဆင်းသွင်သဏ္ဍာန်ကို တွေ့မြင်ရသည့်အခါ၌ကား "ဩော်...အရှင်ဒေဝဒတ်သည် ကြီးမား

သော တန်ခိုးအာနုဘော်ရှိပါပေသည်၊ နာနာဘာဝ ရူပကာယ (အထူးထူး အထွေထွေသော ရုပ်ဆင်းသဏ္ဍာန်) ကိုလည်း ပြုလုပ်ဖန်ဆင်းပြနိုင်စွမ်း ရှိပါပေသည်၊ ငါ့ဖခမည်းတော် ကိုးကွယ်အပ်သော "ဘုရား"သော်မှ လည်း ဤတန်ခိုးအာနုဘော်မျိုးကို ဖန်ဆင်းပြနိုင်စွမ်းမရှိပါချေတကား" ဟူ၍ တွေးကြံဆင်ခြင်လိုက်မိသည်။

## ယုတ္တိသဘာဝ (ကြောင်းကျိုး) လေးပါး

(၁) အာဂမယုတ္တိ၊ ဘုရားအစရှိသော သူတော်ကောင်းပညာရှိ အသီးသီးတို့ ထုတ်ဖော်ဟောကြားထားအပ်သော ကျမ်းဂန် အဆိုအညွှန်း (အထောက်အထား)

(၂) ပသာဒယုတ္တိ၊ နနွင်းနှင့် ထုံးကို ရောစပ်လိုက်သည်၌ ပကတိကြက်သွေးရောင် (အနီရင့်)ဖြစ်ပြောက်လာပုံမျိုး၊ လက်တွေ့မျက်မြင် သိသာစေအပ်သော အခြေအနေ အထောက်အထား။

(၃) သာဓကယုတ္တိ၊ နောက်နောက် ဤကဲ့သို့ ဖြစ်ခဲ့ဖူးသည်၊ ဤကဲ့သို့ ပြုလုပ်ခဲ့သည်ဟူသော အကြောင်းအချက် အထောက်အထား (တရားဥပဒေ သဘောအရဆိုလျှင် ရှေးရှေးက ရှိနှင့်ခဲ့ပြီးဖြစ်နေသော တရားစီရင်ထုံး၊ တရား ဆုံးဖြတ်ထားပုံမျိုး အထောက်အထား။)

(၄) သဘာဝယုတ္တိ၊ မျက်မြင်ထင်ရှား (ရုပ်ဝတ္ထု–ပုံပန်းသဏ္ဍာန်) သဘောမျိုးမဟုတ်လင့်ကစား မြစ်တဖက်တွင် ကမ်းပြို သည်၌ အခြားတစ်ဖက်ကမ်းတွင် သောင်ထွန်းလာရခြင်းမျိုး၊ မဟုတ်မမှန်သည်ကို တစ်တစ်ခွခွ လုပ်ကြံလီဆယ်ပြီး ပြောရာ၌ အသံထွက်မတည်ငြိမ်၊ မျက်စိအနေအထားက ပုံမှန်မဟုတ်ဖြစ်နေရခြင်းမျိုး စသည်တို့ဖြစ်သည်။

ယခုလည်း ထိုလုလင်ငယ် အသက်အရွယ်မျှသာရှိသေးသော အဇာတသတ် မင်းသားကလေးသည် အထက်ဆိုညွှန်းခဲ့ပြီး ယုတ္တိသဘာဝလေးပါး (ကြောင်းကျိုး ဆင်ခြင်တုံသဘော) နှင့် စပ်လျဉ်း နှီးနွှယ်နေသည့် ရှာန်အဘိညာဉ်တန်ခိုး

သော မြတ်စွာဘုရားရှင်တို့၏ အစဉ်အဆက်မပြတ် ညွှန်ကြားပြသဟောကြားဆုံးမတော်မူအပ်မြဲဖြစ်သော အဆုံးအမ (သာသနာ)တော်ပေတည်း။ (ဤကားဗုဒ္ဓဂေါတမ မြတ်စွာဘုရားရှင် သာသနာတော်၌ ပထမဦးစွာသော သာဝကသန္နိပါတ"မဟာမေ့သဘင်" ကြီးပေတည်း။)

## မသိတတ်သူတို့၏ တွေးကြံမှု

ထိုအခါ အချို့သော သံဃာတို့က ဤကဲ့သို့အဖြစ်တင်ကုန်သည်။

"မြတ်စွာဘုရားသည် မျက်နှာကိုကြည့်၍ ဆွမ်းပေးသကဲ့သို့ ရှိဘိသည်။ အကယ်၍ အဂ္ဂသာဝကအရာကို ပေးတော်မူလိုလျှင် သာသနာတွင်းသို့ ရှေးဦးစွာ ဝင်ရောက်အပ်ပေသော ပဉ္စဝဂ္ဂီငါးဦးတို့အားသော်လည်း ပေးသင့်ပါ၏။ ထိုသူတို့အား သနားတော်မမူပါသော် နှစ်ကြိမ်မြောက်ဝင်သော 'ရှင်ယသ'စသော ငါးကျိပ်ငါးယောက်သော သူတို့အားသော်လည်း သနားတော်မူသင့်ပါ၏။

"ထိုသူတို့ကိုမျှ မပေးလိုမူ သုံးကြိမ်မြောက်ဝင်သော ဘဒ္ဒဝဂ္ဂီမင်းသားရဟန်းတို့အားသော်လည်း ပေးသင့်ပါ၏။ ထိုသူတို့ကိုမျှ မထားလိုမူ ဉရုဝေလကဿပ စသော ရသေ့ညီနောင်တို့အားသော်လည်း သနားသင့်ပါ၏။ ထိုသို့ဖြစ်လျက် ထိုသူတို့၏ မျက်နှာကို မညှာမလှည့် ရှုကြည့်တော်မမူ (မညှာတာမထောက်ထားတော်မူဘဲ) ဘဲ နောက်ဆုံးမှသာ ဝင်လာအပ်သော ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့အား အဂ္ဂသာဝက အရာကို ထားတော်မူဘိသည်။ (ချီးမြှင့်မြှောက်စားတော်မူပလေသည်) အကြောင်းမသင့်တကား..." ဆိုကြကုန်၏။

ထိုစကားသည် အဆင့်ဆင့်သောအားဖြင့် မြတ်စွာဘုရား ကြားသိတော်မူရသောအခါ "ချစ်သားတို့...ငါကား မျက်နှာကို ကြည့်၍ အရာပေးသည်မဟုတ်၊ ရှေးရှေးသော ဘဝက၊ ထိုသူတို့ တောင့်တသော ဆု၊ ပြုကြသော ပါရမီကောင်းမှု အတိုင်းသာလျှင် အရာပေးတော်မူသတည်း"ဟု ပြန်လည်မိန့်ကြားတော်မူ၏။

သံဃာတော်အပေါင်းတို့က အဂ္ဂသာဝကနှစ်ပါး၏ အတိတ်ဘဝ ပါရမီအကြောင်းကို သိပါရစေ တောင်းပန်ကြကုန်သည်။ သို့ဖြင့်ပင် မြတ်စွာဘုရားက အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့၏ ပါရမီနောက်ကြောင်းဖြစ်စဉ်ဟောင်းကို ပြန်လည်အသိပေးတော်မူအပ်သည်မှာကား...

## သရဒလုလင်နှင့် သိရိဝမုန

ဤဘဒ္ဒကမ္ဘာ၏အထက် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း မတိုင်မြောက်သေးမီ အခါကာလက ဖြစ်သည်။

ထိုအချိန်အခါ၌ အရှင်သာရိပုတ္တရာ၏ အလောင်းအလျာ "သရဒလုလင်"သည် ဗြာဟ္မဏမဟာသာလအမျိုး၌ဖြစ်၍ အရှင်မောဂ္ဂလာန်အလောင်းအလျာမှာမူ အသည်သူကြွယ်အမျိုး၌ ဖြစ်မြောက်ကာ "သိရိဝမုန"အမည်ရှိ၏။

ထိုလုလင်နှစ်ဦးတို့သည် အတူတကွ ကစားဖော်ကစားဖက်ဖြစ်ကာ တစ်ဦးနှစ်တစ်ဦး အလွန်ပင် ချစ်ခင်တွယ်တာကြ၏။ သရဒလုလင်သည် ဖခင် ကွယ်လွန်သဖြင့် အမွေပစ္စည်းများကို လက်ခံသိမ်းပိုက်ရသောအခါ ထိုပစ္စည်းဥစ္စာပေါင်းများစွာတို့ကို အကြောင်းပြုပြီး ဤသို့ တွေးကြံဆင်ခြင်မိ၏။

"ငါသည် ယခုမျက်မှောက်သော ကိုယ်ခန္ဓာဘဝအဖြစ် (အကြောင်းရပ်) ကိုသာ သိချေသည်။ နောင်တမလွန်ဘဝ၌ ဖြစ်ရအံ့သည်များကိုကား မည်သို့မျှ မသိနိုင်ချေ။ ပဋိသန္ဓေအားဖြင့် ဖြစ်သော သတ္တဝါတို့ မည်သည်လည်း သေရခြင်းတရားသည် အစဉ်ထာဝရ မြဲလှစွာ။

"ထိုသို့ သေဆုံးပျက်စီးရသောအခါ၌လည်း မိမိ၏ဥစ္စာ ရွှေ ငွေ ဆန်ရေစပါး အစရှိသော ပစ္စည်းဘဏ္ဍာတို့ကို မည်သို့မျှ မည်သူမျှ မိမိနှင့် အတူတကွ ယူဆောင်မသွားနိုင်ကြချေ။

"သားမယား ဆွေမျိုး စသည်တို့ကလည်း မည်သို့မျှ ကောင်းအောင် လိုက်၍ ပြုပြင်နိုင်သည်မဟုတ်ချေ။ စင်စစ် မသေမီကာလက ပျော်နိုးကြသော ကာမချမ်းသာဟူသည်လည်း မည်သို့မျှ အနှစ်သာရမရှိချေ။

"သို့လျှင် အနှစ်သာရ ဘာကမျှ မရှိပါဘဲလျက် ဤလူ့ဘောင်ကို မိတွယ်နေသဖြင့် အဘယ်မှာ အကျိုးရှိအံ့နည်း။

"စင်စစ် ဤလူ့ဘောင်ကို စွန့်ပြီးရဟန်းပြုကာ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းကို ရှာရခြင်းသည်သာလျှင် ဧကန် မချွတ်ပြုသင့်ပြုထိုက်လှခြင်း ဖြစ်ပေ၏။"

Royal Snow
Publications

သရဒလုလင်သည် ထိုအကြောင်းကို မိမိ၏ သူငယ်ချင်း သိရိဝမုနကို ပြန်လည်ပြောပြသောအခါ သိရိဝမုနက "အဆွေ... ငါကား ရဟန်းပြုခြင်းငှာ မစွမ်းနိုင်ပါ၊ သင်စွမ်းနိုင်က ပြုလေလော့"ဆို၏။

သို့ဖြင့်ပင် သရဒလုလင် ရသေ့ ရဟန်းပြုအပ်သောအခါ ထိုသရဒလုလင် ကဲ့သို့ပင် အမှန်တရားကို ပွေးကြံဆင်ခြင်တတ်သည့် အခြားသူများကလည်း ကစ်စတစ်စ အတူလိုက်၍ ရသေ့ ရဟန်းပြုကြသဖြင့် ခုနစ်နှစ်တာမျှ ကြာမြင့်သော အခါ၌ ရသေ့ပေါင်း ခုနစ်သောင်းလေးထောင် ဖြစ်လာ၏။

သရဒရသေ့သည် မိမိ၏ တပည့်ဖြစ်ကုန်သော ထိုရသေ့တို့အား စျာန် အဘိညာဉ်တရား ရနိုင်စွမ်းသော ကသိုဏ်းပရိကံကို ညွှန်ကြားအားထုတ်စေ အပ်သဖြင့် အားလုံးတို့သည်ပင်လျှင် အဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါးကို ရရှိပေါက်မြောက်ကြကုန်၏။

## အနောမဒဿီမြတ်စွာဘုရား

ထိုအခါ မဇ္ဈိမဒေသမှ စန္ဒဝတီပြည်ဝယ် "အနောမဒဿီ"အမည်တော် ရှိသော မြတ်စွာဘုရားသည် ထင်ရှားဖြစ်ပွင့်နေတော်မူ၏။ လက်ယာရံကား အရှင်နိသဘ၊ လက်ဝဲရံကား အရှင်အနောမ၊ အလုပ်အကျွေးကား အရှင်ဝရုဏ အမည်ရှိ၏။

ထိုဘုရားကား လူတို့ အသက်တစ်သိန်းတမ်း၌ ပွင့်ထွန်းတော်မူသည်။ ကိုယ်ရပ်တော် (အမြင့်) ငါးဆယ့်ရှစ်တောင်၊ ကိုယ်တော်ရောင် (ရောင်ခြည်တော်) တစ်ဆယ့်နှစ်ယူဇနာ ရဟန်းပေါင်း တစ်သိန်းအခြံအရံရှိသတည်း။

တစ်နေ့သောအခါ ထို အနောမဒဿီ မြတ်စွာဘုရားရှင်သည် မဟာ ကရုဏာ သမာပတ်၌ ထတော်မူ၍ လောကကို ရှုတော်မူအပ်သော် တစ်ခုသော တောင်ခြေရင်း၌ တပည့်အပေါင်းတို့နှင့်တကွ ရှိနေတော်မူသော သရဒရသေ့ကို တွေ့မြင်တော်မူလတ်၍-

"ထိုရသေ့တို့အား တရားတော်မိုး ရွာကြိုးသွန်းဖြန်းလျက် ဗျာဒိတ်ပန်းကို ပေးကမ်းတော်မူခြင်းငှာ သာဝကတို့ကို မခေါ်မူဘဲ မိမိတစ်ကိုယ်တော်တည်း သာလျှင် ကောင်းကင်ခရီးဖြင့် ကြွမြန်းတော်မူ၍ သရဒရသေ့၏ထံပါး၌ ငှက် နှာ ... ကဲ့သို့ သက်ဆင်းတော်မူ၏။

ထိုအချိန်ကား သရဒရသေ့၏ တပည့်များသည် တောတွင်းတစ်ခွင်ဝယ် သစ်သီးရှာလှည့်လည်နေကြစဉ် ဖြစ်သဖြင့် ကျောင်းသခ်မ်း၌ သရဒရသေ့ တစ်ပါး တည်းသာ ကျန်ရှိနေခိုက်ဖြစ်ပေသတည်း။

သရဒရသေ့သည် အနေမဒဿီ မြတ်စွာဘုရားကို ရုတ်တရက် တွေ့မြင် ကြုံဆုံလိုက်ရသည့်အခါ–

"ဘုရားရှင်ကိုယ်တော်မြတ်၏ ထူးခြားဆန်းကြယ်စွာသော လက္ခဏာတော်ကြီးငယ်၊ အံ့ဖွယ် တစ်ဆယ့်ရှစ်စုံ၊ ရောင်လျှံဟုန်ခြောက်ဆိုင်တို့ဖြင့် တစ်ပြိုင်နက် ထွန်းပ,အပ်ပေသော ၊အသရေတော်များအရ ဗေဒင်ကျမ်းတို့၌ လာရှိသော အဆင်းသွင်သဏ္ဌာန် ကြန်အင်လက္ခဏာနှင့်အညီ ဤရွေ့ဤမျှ ထူးခြားလှဘိသော သူမြတ်သည်ကား လောကဓာတ်အတွင်း၌ ပြိုင်ဘက်ကင်းမြောက် တစ်ယောက်တည်းသော ပုဂ္ဂိုလ်စင်စစ် သာလျှင် ဖြစ်တန်ရာသည်။

"ကိလေသာ အမှောင်လွှမ်းခြုံသည့် ကာမဂုဏ် ညစ်ညမ်းမှုတွင် ကျွမ်းဝင်ကာ မွေ့လျော် (မေ့လျော့ပျော်မြူး) နေအပ်သူကား မည်သို့မျှ မဖြစ်တန်ရာ။

"သုံးဆယ့်တစ်ဘုံဝယ်၊ တစ်စုံတစ်ယောက်သောသူနှင့်မျှ နှိုင်းယှဉ်ရာမရှိ အသဒိသ စင်စစ် ဓမ္မရာဇာဟု ထွင့်ထား၊ သဗ္ဗညု မြတ်စွာဘုရားသာလျှင် ဖြစ်ချိမ့်မည်"ဟူ၍ တွေးကြံ ဆင်ခြင် မိချေ၏။

သို့ဖြင့်ပင် မြတ်စွာဘုရားအား အနူးအညွတ် ပျပ်ဝပ်ရှိသေစွာ ခရီးဦးကြိုဆိုပြီးနောက် သောက်တော်ရေ၊ သုံးဆောင်တော်ရေ ဆက်ကပ်ခြင်း၊ နေရာအခင်း အကျင်းပြုလုပ်ပေးခြင်းစသည်များကို သဒ္ဓါလှိုက်လှဲစွာ ထပ်မံဖြည့်ဆွက်အပ်ပေ၏။ မြတ်စွာဘုရားအား သင့်တင့်သောနေရာမှ ရှိခိုးဆည်းကပ်နေအပ်ပေ၏။

ထိုစဉ်ခိုက်တွင် သစ်သီးခူးရာမှ ပြန်လာကြကုန်သော တပည့်ဖြစ်သူတို့သည် မိမိတို့၏ ဆရာဖြစ်သူနှင့် ဘုရားရှင်တို့၏ အခြေအနေကို အံ့ဩဖွယ် တွေ့မြင်လိုက်ရသည့်အခါ–

"အို-အရှင်ဆရာ၊ အကျွန်ုပ်တို့သည် ဤလောကဓာတ်၌ ဆရာ့ထက် လွန်မြတ်သောသူကား မရှိချေပြီဟု အောက်မေ့မှတ်ထင်နေပါကုန်သည်။ ယခုမှာ ဆရာကပင် အမြတ်တနိုး ရှိခိုးရပြန်သည်။ ဤပုဂ္ဂိုလ်ကား ဆရာ့ထက် လွန်မြတ်ပေသလော"ဟု မေးမြန်းကြကုန်၏။

သရဒရသေ့က "ချစ်သားတို့...အသို့ ဆိုကုန်သနည်း၊ မုန်ညင်းစေ့ကို မြင်းမိုရ်တောင်နှင့် နှိုင်းစာဘိသကဲ့သို့ မည်သို့မျှ ခိုင်းနှိုင်းခြင်းမပြုထိုက်သူအား ငါနှင့် ခိုင်းနှိုင်းဘိသည်။

"ဤပုဂ္ဂိုလ်ကား သုံးပါးသော လောကဝယ်၊ မည်သူတစ်စုံတစ်ယောက်နှင့် အမျှ တုဖက်နှိုင်းယှဉ်ရာမရှိ၊ အသဒိသပုဂ္ဂိုလ်စင်စစ်၊ ဓမ္မရာဇ်ထွတ်ထား သဗ္ဗညု မြတ်စွာဘုရားရှင်ဖြစ်ပေသည်။ ငါတို့ကား-ဤဘုရားရှင်သာသနာတော်မှအပ အရည်းမျှသာ ဖြစ်ချေတကား..."ဆို၏။

ထိုအခါ၌ ရသေ့အပေါင်းတို့သည် အနောမဒဿီ မြတ်စွာဘုရားကို ဝိုင်းဝန်းပြီး ရှိခိုးကြကုန်သည်။ သရဒရသေ့လည်း မြတ်စွာဘုရားကို လျော်ကန်သင့်မြတ်စွာသော သစ်သီးဆွမ်း အဟာရကို ကပ်လှူပြီးနောက် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်ကို နာကြား၍ မြတ်စွာဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကို တစ်ဆယ့်နှစ်ဂါထာသောဂါထာပုဒ်တို့ဖြင့် အနှုးအညွတ် နှစ်လိုမြတ်နိုးစွာ ချီးကျူးပူဇော်အပ်ပေ၏။ (သိမြင်ကြည်ညိုလိုသူများ အပါဒါန်ပါဠိတော်၌ ကြည့်ပါ။)

## အဂ္ဂသာဝက နှစ်ပါး

ထိုအချိန်၌ အနောမဒဿီ မြတ်စွာဘုရားသည် မိမိ၏ လက်ဝဲရံ၊ လက်ယာရံဖြစ်သော အဂ္ဂသာဝကနှစ်ပါးတို့ကို မိမိထံမှောက်သို့ရောက်လာစေလိုသော ဆန္ဒဖြစ်တော်မူ၏။ အဂ္ဂသာဝကနှစ်ပါးတို့ကလည်း မြတ်စွာဘုရားရှင်၏ ဆန္ဒကို မိမိတို့ နေရာမှပင် သိနားလည်တော်မူကြသဖြင့် အရံသံဃာတော် နှစ်သိန်းနှင့်အတူ ဘုရားရှင် ရှေ့တော်မှောက်သို့ ရောက်လာကြကာ ဘုရားရှင်အား ပျပ်ဝပ်ရိုသေစွာ ရှိခိုးခစားနေကြကုန်၏။

သရဒရသေ့သည် မြတ်စွာဘုရားရှင်နှင့် သံဃာတော်များ၏ လောလော ဆယ် ရပ်တည်နေထိုင်မှုနှင့် ပတ်သက်၍ ဘုရားရှင်၏နေရာသည်လည်းကောင်း၊ အဂ္ဂသာဝကနှမ်ပါးနှင့်တကွသော သံဃာတော်များ၏ နေရာအခင်းအကျင်း

သည်လည်းကောင်း မြင့်မြတ်လျော်ကန်ခြင်းမရှိ များစွာပင် နိမ့်ပျပ် (ချို့ငှမ်း) နေဘိသည်ဟု ဆင်ခြင်တွေးကြံမိ၏။

မွေးကြိုင်သင်းပျံ့နူးညံ့သိမ်မွေ့စွာသော ပန်းပွင့်တို့ဖြင့် မြင့်မားစွာသော နေရာ အခင်းအကျင်း "ပလ္လင်"မျိုးကို စီစဉ်ဖန်တီးပေးရသော် ကောင်းမြတ်လှစွာ၏ဟု စဉ်းစားတွေးခေါ်မိ၏။

သို့ဖြင့်ပင်–

မိမိ၏ တပည့်ရသေ့များအား . . . "တပည့်တို့ . . . မြတ်စွာဘုရားရှင်၏ နေရာတော်နှင့် သံဃာတော်များ၏ သီတင်းသုံးနေထိုင်ရာသည် လျော်ကန် လျောက်ပတ်ခြင်းမရှိ၊ များစွာပင် နိမ့်ကျငုပ်လျှိုးနေချေသည်။ ပန်းပွင့်ပေါင်းများစွာတို့ဖြင့် မြင့်မြတ်တင့်တယ်စွာသော နေရာအခင်းအကျင်းမျိုးဆိုချေသော် လျော်ကန်လိုက်ဖက်ခြင်း ဖြစ်ပေလတ္တံ့။

"ထိုနေရာအခင်းအကျင်း (ပလ္လင်)မျိုးဖြစ်မြောက်နိုင်လေအောင် ငါ့တပည့်အပေါင်းတို့သည် များစွာသော ပန်းပွင့်တို့ကို ဆောင်ယူကြကုန်လော့"ဆို၏။

ထိုအခါ၌ တပည့်ရသေ့အပေါင်းတို့သည် ကြီးစွာသောဝမ်းမြောက်ခြင်းဖြင့် ဆရာဖြစ်သူ (သရဒရသေ့) ဆိုအပ်သော အတိုင်းပင်များစွာသော ပန်းပွင့်တို့ဖြင့် ဘုရားရှင်၏ နေရာ၊ အဂ္ဂသာဝကများ၏နေရာ၊ သံဃာတော်များ၏ နေရာကို လျင်မြန်စွာ ပြုလုပ်ကြကုန်ရကား . . .

အနောမဒဿီမြတ်စွာဘုရားရှင်၏နေရာ ပလ္လင်တော်သည် တစ်ယူဇနာမြင့်၏။

အဂ္ဂသာဝကနှစ်ပါး၏ နေရာသည် သုံးဂါဝုတ်မြင့်၏။

မဟာသာဝကတို့၏ နေရာသည် တစ်ယူဇနာခွဲမြင့်၏။

အခြားသော သံဃာတော်တို့၏ နေရာသည် တစ်ဂါဝုတ်မျှမြင့်အပ်ပေသတည်း။

## နိရောဓသမာပတ် ဝင်စားတော်မူခြင်း

မြတ်စွာဘုရားရှင်သည် သရဒရသေ့နှင့်တကွသော ရသေ့အပေါင်းတို့ ကုသိုလ်ကောင်းမှု များစွာဖြစ်ကြစိမ့်သောငှာ ထို–ပန်းပလ္လင်နေရာထက်၌ ခုနစ်ရက်ပတ်လုံးပင်လျှင် နိရောဓသမာပတ်ကိုဝင်စားတော်မူ၏။ မြတ်စွာဘုရားသမာပတ်ဝင်စားနေတော်မူကြောင်း သိလျှင် သံဃာတော်များနှင့်တကွသော

အဂ္ဂသာဝကနှစ်ပါးတို့သည်လည်း ထိုအတူပင် (လိုက်၍) သမာပတ်ဝင်စားကြကုန်၏။

ထိုအခါ၌ သရဒရသေ့သည် ခုနစ်ရက်ပတ်လုံးပင် သစ်သီးအာဟာရကိုမျှ မှီဝဲသုံးဆောင်ခြင်းမပြုဘဲ မြတ်စွာဘုရားရှင်အား ပန်းတို့ဖြင့် မိုးကာလျက် ပီတိချမ်းသာဖြင့်သာလျှင် ငြိမ်သက်စွာနေတော်မူ၏။

မြတ်စွာဘုရားသည် သမာပတ်မှ ထတော်မူသောအခါ လက်ယာတော်ရံ "နိသဘ"ထေရ်အား ရသေ့တို့၏ ပန်းနေရာ "ပလ္လင်"အတွက် အနုမောဒနာ ပြုခိုင်း၏။ လက်ဝဲရံဖြစ်သော "အနောမ"ထေရ်ကိုလည်း ထိုအတူပင် အနုမောဒနာ ပြုခိုင်းတော်မူ၏။ သို့သော်ငြား ထိုအဂ္ဂသာဝကနှစ်ပါးတို့ အနုမောဒနာပြုပြီးသည်၏ အဆုံး၌ မည်သည့် ရသေ့တစ်ဦးမျှပင် မဂ်ဆိုက်ဖိုလ်ဝင်ပုဂ္ဂိုလ် မဖြစ်မြောက်ကြချေ။

အနောမဒဿီမြတ်စွာဘုရားရှင် ကိုယ်တော်တိုင် အာကာသဂင်္ဂါ (ကောင်းကင်သမုဒ္ဒရာ)ကို လွှတ်ဘိသကဲ့သို့ ထူးခြားဆန်းကြယ်စွာသော အနုမောဒနာကို ပြုပြီးသည်တွင်မှ သရဒရသေ့မှအပဖြစ်သည့် ခုနစ်သောင်းလေးထောင်သော ရသေ့အပေါင်းတို့သည် တန်ခိုးဖြင့် ပြီးအပ်သော သပိတ်၊ သင်္ကန်း စသည့် ရဟန်းတို့၏ ပရိက္ခရာအပြည့်အစုံနှင့်တကွ ရဟန္တာပုဂ္ဂိုလ်များ ဖြစ်မြောက်တော်မူကြကုန်၏။

## သမာဓိ မရနိုင်သောကြောင့်

တပည့်ဖြစ်သူများပင်လျှင် မဂ်ဆိုက်၊ ဖိုလ်ဝင် ပုဂ္ဂိုလ်ဖြစ်မြောက်ကြပါလျက် ဆရာဖြစ်သူ "သရဒရသေ့" ကြွင်းကျန်နေခဲ့ရခြင်းမှာကား သမာဓိမရနိုင်သောကြောင့် ဖြစ်ပေသတည်း။

## မဟာသေနာပတိ သာရိပုတ္တရာ

သရဒရသေ့သည် မြတ်စွာဘုရား၏ အလိုတော်အရ နိသဘထေရ် အနုမောဒနာပြုနေစဉ်ကပင် (နိသဘထေရ်၏ အနုမောဒနာတရားကို ကြားနာနေရစဉ်ကတည်းကပင်) "ငါသည်လည်း နောင်ဘုရားရှင် သာသနာတော်ဝယ် ဤလက်ယာတော်ရံ နိသဘမထေရ်မြတ်ကဲ့သို့ပင် ဖြစ်မြောက်ရပါလိုသော" ဟူ၍ တောင့်တကြံစည်နေမိခြင်းကြောင့် တရားသဘော၌ အလေးအနက်

Royal Snow
Publications

အာရုံမပြုနိုင်ခဲ့ပေ။ ထို့ကြောင့်လည်း တရား၏ အနှစ်သာရကို လက်ခံရယူခြင်း မရှိနိုင်ဖြစ်ရပေသတည်း။

သို့ဖြင့်ပင် တရားနာပြီးသည်၏ နောက်၌ အနောမဒဿီမြတ်စွာဘုရား ရှင်ကို ဤသို့ လျှောက်ထားပြီး ဆုပန်အပ်ပေ၏။

"အရှင်မြတ်စွာဘုရား၊ အကျွန်ုပ်သည် အရှင်မြတ်စွာ ဘုရားအား ဤကဲ့သို့ ပန်းထီးကို လှူဒါန်းပူဇော်ရသော ကောင်းမှု၊ သဗ္ဗညုတဉာဏ်တော်တည်းဟူသော အရှင်မြတ်စွာ ဘုရား၏ ဂုဏ်ကျေးဇူးကို ချီးကျူးပူဇော်ရခြင်း ကောင်းမှု၊ အရှင်မြတ်စွာ ဘုရားအမှူးရှိသော သံဃာတော်တို့အား ရိုသေမြတ်လေး လုပ်ကျွေး ရသော ကောင်းမှု အစုစုတို့ကြောင့် ယခုမျက်မှောက်ကာလမှ အရှင် မြတ်စွာဘုရား၏ လက်ယာတော်ရံ နိသဘထေရ်မြတ် ကဲ့သို့ နောင်ပွင့်တော်မူအပ်သော ဘုရားရှင်တို့၏ သာသနာ တော်ဝယ် လက်ယာရံ အဂ္ဂသာဝက ဖြစ်ရပါစေသော် . . ."

ထိုအခါ၌ မြတ်စွာဘုရားရှင်ကလည်း အနာဂတံသဉာဏ်ဖြင့် ရှုကြည့် ဆင်ခြင်တော်မူပြီး သရဒရသေ့၏ အလိုဆန္ဒလည်း ပြည့်စုံနိုင်အံ့သည်ကို သိမြင်တော်မူအပ်သဖြင့် ဤကဲ့သို့ ပြန်လည်မိန့်ကြားတော်မူ၏။

"အချင်းသာရဒ၊ ဤကမ္ဘာမှစ၍ရေသော် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း လွန်သောကာလ၌ 'ဘဒ္ဒကမ္ဘာ' ဟူ၍ ဖြစ်လိမ့်မည်။ ထိုကမ္ဘာ၌ ကကုသံ၊ ကောဏာဂုံ၊ ကဿပ ဟူသော ဘုရားသုံးဆူတို့၏ နောက်၌ 'ဂေါတမ' အမည် ရှိသော ဘုရားပွင့်ထွန်းတော်မူလိမ့်မည်။

"ထိုအခါ သင်သည် သာဝကပါရမီတို့၏ အထွတ်အထိပ်သို့ရောက်သည် ဖြစ်၍ 'ဓမ္မသေနာပတိ–သာရိပုတ္တရာ' ဟူသော အမည်ဖြင့် ကြေညာလျက် 'လက်ယာရံ အဂ္ဂသာဝကကြီး'ဖြစ်လတ္တံ့၊ သင်၏ ဉာဏ်သည် ပံသုပဏ္ဍိ မဟီမြူဏုနှင့် မတုနိုင်သည်သာဖြစ်ပေလတ္တံ့. . . ."ဟု ဗျာဒိတ်စကား ကြားတော် မူ၏။

မြတ်စွာဘုရား ကျောင်းတော်သို့ ပြန်လည် ကြွမြန်းတော်မူမည့်အခါ သရဒရသေ့၏ တပည့်တို့သည် မြတ်စွာဘုရားနောက်သို့ လိုက်ပါရန် ပြင်ဆင် ကြကုန်၏။

Royal Snow
Publications

ရဟန္တာ (ပုဂ္ဂိုလ်)များဖြစ်ပြီး၍ ထိုကဲ့သို့ ဘုရားရှင်နောက် လိုက်ပါကြမည့် မိမိ၏ တပည့်ဖြစ်သူများအား သရဒရသေ့က–

"အရှင်ဘုရားတို့...အရှင်တို့သည် အကျွန်ုပ်၏ အဆွေခင်ပွန်းဖြစ်သူ သိရိဝမုနသူကြွယ်နှင့် အကြောင်းအားလျော်စွာ တွေ့ဆုံကြုံကြိုက်မိပါလျှင် မြတ်စွာဘုရားရှင်က အကျွန်ုပ်အား (အရှင်တို့ ကြားသိပြီးဖြစ်သည့်) ဗျာဒိတ်စကား ကြားအပ်ခြင်းအကြောင်းကို သတင်းစကားအဖြစ်ဖြင့် တစ်ဆင့်ပြန်လည် ပြောပြပေးတော်မူကြပါကုန်"ဟု တောင်းပန်မှာကြားလိုက်၏။

ထို့နောက် သူကိုယ်တိုင်လည်း သိရိဝမုနသူကြွယ်အထံသို့ သွားရောက်ခြင်းပြု၏။

သိရိဝမုနသူကြွယ်သည် သူ့အား ကြိုတင် မျှော်လင့်ထင်မှတ်ထားခြင်း မရှိဘဲ ရုတ်တရက် တွေ့မြင်လိုက်ရသဖြင့် ဝမ်းမြောက်အံ့သြသွားမိကာ–

"အရှင်ဘုရား...အရှင့်အား မဖူးမြင်ရသည်မှာ ကြာမြင့်လှချေပြီ၊ ဤနေရာသို့ ကြွတော်မူပါ၊ ဤနေရာ၌ နေတော်မူပါ၊ ဤပူဇော်သက္ကာရကို ခံယူတော်မူပါ..."စသည်ဖြင့် နှစ်လိုမြတ်နိုးစွာ ခရီးဦးကြိုဆိုခြင်းပြု၏။ နောက်ခရီးဖော်အဖြစ် တပည့်တစ်ဦးတစ်ယောက်မျှ မပါလာခြင်းအကြောင်းကိုလည်း မေးမြန်း၏။

သရဒရသေ့က မိမိတို့နေရာသို့ မြတ်စွာဘုရား ကြွရောက်လာတော်မူသည်မှ အစပြု၍ မိမိအား ဗျာဒိတ်စကား ကြားအပ်တော်မူသည်အထိ အကြောင်းစုံ ပြန်လည်ပြောကြားပြီးနောက်– "အဆွေသိရိဝမုန...၊ ငါကား လက်ယာရံ အဂ္ဂသာဝကဆုကို ရအပ်ပြီ။ အသင်သည်လည်း ငါနှင့်အတူမကွာ လက်ဝဲရံ အဂ္ဂသာဝကဖြစ်ပါရမည့်အကြောင်းကို ဆုတောင်း၍ ပါရမီဖြည့်ဆည်းလေလော့..."ဟု အားပေးတိုက်တွန်း၏။

သိရိဝမုနသူကြွယ်က "အရှင်ဘုရား...အကျွန်ုပ်ကား ဘုရားသခင်နှင့် အကျွမ်းမဝင်ပါ၊ အရှင်ဘုရားက အကျွန်ုပ်အိမ်သို့ မြတ်စွာဘုရား ကြွရောက်တော်မူလေအောင် စွမ်းဆောင်ကူညီပေးနိုင်ပါလျှင် အကျွန်ုပ်စွမ်းနိုင်ပါသမျှ ကုသိုလ်ကောင်းမှုပြုလုပ်ကာ အရှင် ညွှန်ကြားတိုက်တွန်းအပ်သော 'လက်ဝဲရံ အဂ္ဂသာဝက' ဆုကို လျှောက်ထားပန်ကြားပါမည်" ပြန်ပြော၏။

သရဒရသေ့က "ဘုရားရှင်ကို ဖူးမြော်ပူဇော်ရန်မှာ ငါ့တာဝန်ရှိစေ၊ မြတ်စွာဘုရားရှင်ကို ပူဇော်သက္ကာရပြုခြင်းအတွက်သာ စီစဉ်လော့"ဆို၏။

သို့ဖြင့်ပင် သီရိဝမုနသူကြွယ်သည် သံဃာတော် နှစ်သိန်းခန့်မျှတို့ နေလောက်သည့် ကြီးစွာသော မဏ္ဍပ် (အခင်းအကျင်း)ကို စီရင်ဆောက်လုပ်၍ မွန်မြတ်စွာသော ဆွမ်း၊ လျော်ကန်လျောက်ပတ်စွာသော ဟင်းလျာ၊ မွှေးကြိုင် ချိုမြိန်စွာသော ယာဂုအဖျော်စသည်တို့ကို ပြည့်စုံလုံလောက်အောင်ပင် ဖန်တီး ထားအပ်၏။ အခြားသော လှူဒါန်းပူဇော်ဖွယ်ဝတ္ထုပစ္စည်းများကိုလည်း ခုနစ်ရက် တာမျှ ပြည့်စုံလုံလောက်အောင်ပင် အရန်သင့် စီစဉ်စုဆောင်းထားအပ်ပေ၏။

သရဒရသေ့၏ ပင့်ဖိတ်လျှောက်ထားမှုအရ 'အနောမဒဿီ'မြတ်စွာ ဘုရားရှင်သည် နောက်ပါ သံဃာတော်ပေါင်း တစ်သိန်းနှင့်အတူ သီရိဝမုန သူကြွယ်၏ အလှူမဏ္ဍပ်သို့ ကြွရောက်တော်မူလာအပ်သောအခါ သရဒရသေ့က မြတ်စွာဘုရားရှင်အား–

"အရှင်မြတ်စွာဘုရား ...ဤသူကြွယ်အား သနားတော်မူသောအားဖြင့် ခုနစ်ရက်ပတ်လုံးပင် အလှူကို ခံယူတော်မူပါ။ တရားရေအေး တိုက်ကျွေး တော်မူပါ"ဟု လျှောက်ထားသည်။ မြတ်စွာဘုရားကလည်း သရဒရသေ့၏ တောင်းပန်မှုကို လိုက်လျောလက်ခံတော်မူသောအားဖြင့် နေ့စဉ်နံနက်တိုင်းပင် သီရိဝမုနသူကြွယ်၏ အလှူမဏ္ဍပ်သို့ ကြွရောက်၍ ဆွမ်းဘုဉ်းပေးတော်မူပေ၏။

## လက်ဝဲရံ အရှင်မဟာမောဂ္ဂလာန်

ခုနစ်ရက်စေ့သောနေ့၌ သီရိဝမုနသူကြွယ်သည် ဘုရားရှင်အမှူးရှိသော သံဃာတော်တို့အား တိစီဝရိက်သင်္ကန်း ဆွမ်း အဖျော်တို့ဖြင့် လှူဒါန်းပူဇော်ကာ တရားတော်နာကြားပြီးနောက်၌ မြတ်စွာဘုရားကို ဤသို့လျှောက်ထား၏။

"အရှင်မြတ်စွာဘုရား ...အကျွန်ုပ်၏အဆွေခင်ပွန်းဖြစ်သော သရဒရသေ့ သည် နောင်–ပွင့်တော်မူလတ္တံ့သော ဂေါတမဘုရားသခင်၏ သာသနာတော်ဝယ် လက်ယာရံ အဂ္ဂသာဝကဖြစ်ရပါစေကြောင်း ဆုတောင်းပန်ကြားအပ်ပေသည်။ အကျွန်ုပ်သည်လည်း ယခုပြုလုပ်ရသော ကုသိုလ်ကောင်းမှု၏ အကျိုးအားကြောင့် ထိုဂေါတမမြတ်စွာဘုရားရှင်၏ သာသနာတော်ဝယ် လက်ဝဲရံ အဂ္ဂသာဝက ဖြစ်ရပါလို၏ ဘုရား..."

'Royal Snow'
'Publications

ထိုအခါ၌ မြတ်စွာဘုရားက အနာဂတံသဉာဏ်ဖြင့် ရှုကြည့်ဆင်ခြင်တော်မူပြီးနောက် ပြည့်စုံဖြစ်မြောက်နိုင်အံ့သည်ကို သိမြင်တော်မူသဖြင့်–

"ချစ်သားသိရိဝမုန၊ ထို–ဂေါတမမြတ်စွာဘုရားပွင့်ထွန်းတော်မူသောအခါ၌ သင်သည်လည်း 'ရှင်မဟာမောဂ္ဂလာန်' အမည်ရှိသော လက်ဝဲရံအဂ္ဂသာဝကကြီး ဖြစ်ရပေလတ္တံ့" ဟူ၍ ဗျာဒိတ်စကား ပြန်လည်မိန့်ကြားတော်မူအပ်ပေ၏။

(ဤသည်ပင်လျှင်၊ ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ "အရှင်သာရိပုတ္တရာ"ဟူသော အမည်ဖြင့် မြတ်စွာဘုရားရှင်၏ လက်ယာတော်ရံ– အဂ္ဂသာဝက ဓမ္မသေနာပတိပုဂ္ဂိုလ်ကြီးဖြစ်မြောက်လာရပေသော–

အနောမဒဿီမြတ်စွာဘုရားလက်ထက်တော်မှ သရဒရသေ့၏ အတိတ်ဘဝ ပါရမီဖြည့်ဆည်းခဲ့ရပုံနှင့် လက်ဝဲတော်ရံအဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန်၏ အလောင်းအလျာသိရိဝမုနသူကြွယ်တို့၏ ပါရမီဆုတောင်းနောက်ကြောင်း ဖြစ်ရပ်ပေတည်း။)

## ရှေးရှေးဆုတောင်းအတိုင်းသာလျှင်

ဗုဒ္ဓဂေါတမမြတ်စွာဘုရားသည် မိမိလက်ထက်တော်မှ အဂ္ဂသာဝကကြီးနှစ်ပါးတို့၏ နောက်ကြောင်း (ပါရမီခံ)ကို ယင်းကဲ့သို့ ပြန်ပြောင်း ဟောကြားတော်မူပြီးနောက်–

"ချစ်သား ရဟန်းတို့ . . .၊ ယခု ငါဘုရားလက်ထက် အဂ္ဂသာဝကကြီးနှစ်ပါးတို့၏ နောက်ကြောင်းပါရမီခံသည် ဤသို့လျှင် ဖြစ်ခဲ့ချေရကား ငါဘုရားသည် သူတို့၏ ရှေးရှေးဆုတောင်းနောက်ကြောင်း ပါရမီခံအရသာလျှင် (ပါရမီဖြည့်ဆည်းခဲ့မှုအားလျော်စွာသာလျှင်) ထိုက်သင့်ရာကို ပြုအပ်ခြင်းဖြစ်သည်။ အများသံဃာတို့ ထင်မြင်ယူဆနေကြသကဲ့သို့ မျက်နှာကြည့်၍ ဆွမ်းပေးခြင်း (နေရာပေးခြင်း) မဟုတ်ဟု ဖြည့်စွက်ရှင်းပြတော်မူ၏။

ထိုအခါ၌ အဂ္ဂသာဝကကြီးနှစ်ပါး၏ ရှေးကုသိုလ်ဟောင်း ဆုတောင်းပါရမီခံကို သိရခြင်းအတွက် သံဃာတော်အများပင် ဝမ်းမြောက်ကြကုန်၏။

သာဝကကြီးနှစ်ပါးတို့၏ ထူးခြားမြင့်မြတ်ခြင်းအဖြစ်ကိုလည်း နှစ်လိုလိုက်လှဲစွာပင် ကြည်ညိုလေးစားကြကုန်၏။

ထိုသို့ သံဃာတော်များ၏ အခြေအနေအရပင် အဂ္ဂသာဝကကြီးနှစ်ပါး (အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်) တို့က မြတ်စွာဘုရားအား (မိမိတို့အဖြစ်နှင့် စပ်လျဉ်း၍) ဤသို့လျှင် ရိုးသားပွင့်လင်းစွာ ထုတ်ဖော်လျှောက်ထားကြ၏။

"ဘုန်းတော်ကြီးသော အရှင်မြတ်စွာဘုရား . . . အကျွန်ုပ်တို့သည် အရှင် အသဃဇိထေရ်ဟောပြသော ဓမ္မဒေသနာကို မှီ၍ သောတာပန်အဖြစ်သို့ ရောက်သောအခါ ဘုရားရှင်သာသနာတော်၌ အနှစ်သာရရှိသည်ကို သိ၍ သိဉ္စည်းဆရာ၏ အထံသို့ ကပ်ပြီးလျှင်–

"ဆရာတို့၏ အယူဝါဒ၊ ဆရာတို့၏ အကျင့်စာရိတ္တသည် အနှစ်သာရမရှိချေ။ ဤမျှနှင့်သာနေသဖြင့် (ဤသို့ချည်းနေသဖြင့်ကား) သေခြင်းကင်းသော နိဗ္ဗာန်ချမ်းသာကို ရရာမည်မဟုတ်၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားအထံတော်သို့ သွား၍ မြတ်စွာသောတရားကို နာကြားပြီး ဖြောင့်မှန်စွာသော နည်းလမ်း (ကျင့်စဉ်) အတိုင်း ကျင့်ကြံအားထုတ်ကြကုန်အံ့" ဆိုကာ အရှင်မြတ်စွာဘုရားအထံတော်သို့ ခေါ်ပါသည်။

"ထိုအခါ၌ သိဉ္စည်းဆရာက ငါကား–အိုးစရည့် (အိုးကြီး) နှင့် တူချေသည်။ သူကစ်ပါး လက်အောက်ဝယ် လက်ငင်အိုးငယ်ကဲ့သို့ ပြုခြင်း (ဖြစ်ရခြင်း) ငှာ မတတ်နိုင်၊ ပညာရှိသောသူတို့သာ မြတ်စွာဘုရားအထံသို့ သွား၍ ဆည်းကပ်ကြလိမ့်မည်။ ပညာနည်းပါးသော သူတို့သည်ကား ငါတို့ထံသို့ ဝင်ရောက်လာကြကုန်လတ္တံ့၊ အသင်တို့ သွားလိုမူလည်း သွားကြကုန်လော့ ဆိုကာ နေရစ်ခဲ့ပါသည် ဘုရား . . ."

ထိုအခါ၌ မြတ်စွာဘုရားက အခွင့်အားလျော်စွာ တရားသဘောကို သိမြင်တော်မူစေခြင်းငှာ -

**အသာရေ သာရမတိနော၊ သာရေစာသာရ ဒဿိနော**
**တေသာရံနာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပဂေါစရာ။ ။**

(၁) မိန့်တော်မူ၏။

*Royal Snow*
*Publications*

"ချစ်သား သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့၊ အကျိုးမပေး လတ္တံ့သည်ဖြစ်၍ အနှစ်မရှိသော အယူဝါဒ၌ အနှစ်ရှိသည်ဟု ထင်မှတ်လေ့ရှိကုန်သော၊ အကျိုးပေးတတ်-မြတ်သောစာရိတ္တ၌ လည်း မမြတ်ဟူ၍ ယူလေ့ရှိကုန်သော၊ ထို-ပညာရှိယောင် ဆောင်သော လူမိုက်တို့သည် ကာမဝိတက် စသော မှားသော အကြံလျှင် အာရုံရှိကုန်သည်ဖြစ်၍ အနှစ်ဆိုအပ် မြတ်သော သီလ သမာဓိပညာတရားကို မရနိုင်ကုန်"

ဤဒေသနာတော်၏ အဆုံး၌ များစွာသောသူတို့သည် မဂ် ဖိုလ်သို့ ဆိုက်ရောက်ကြကုန်သတည်း။ ထိုအခါ ရာဇဂြိုဟ်ပြည်၌ ထင်ရှားကုန်သော အမျိုးကောင်းသားတို့သည်လည်း ဘုရားသခင်အထံတော်၌ များစွာပင် ရဟန်းပြု ကြကုန်၏။

ယင်းသို့ပြုကြကုန်သော် ပြည်သူပြည်သားတို့က-"အရှင်ဂေါတမသည် သူ့လင်၊ သူ့သားကို ဖျောင်းဖျချော့မော့၍ နောက်လိုက်ဖြစ်အောင် ဆောင်ယူ တတ်သည်။ ငါတို့အား သားမြေး မရှိစိမ့်သောငှာ ကျင့်သည်၊ မိန်းမအမျိုးကို မုဆိုးမ ဖြစ်စိမ့်သောငှာ ကျင့်သည်။

"လူမျိုး လူဆက် ပျက်စီးကင်းပြတ်စိမ့်သောငှာ ကျင့်သည်၊ ယခု- သိဥ္စည်းဆရာ၏ တပည့်နှစ်ရာငါးကျိပ်တို့ကိုလည်း မျက်နှာချိုသွေး၍ ဆောင်ယူ ပြန်လေပြီ။ မဂဓတိုင်းသား ထင်ရှားကြွယ်ဝသော အမျိုးကောင်းသားတို့ကိုလည်း ရဟန်းပြုစေပြီး သူ့နောက်လိုက်အဖြစ် ခေါ်ယူလေပြီ။ ငါတို့လင်၊ ငါတို့သား ကိုလည်း ထိုနည်းအတူ ဆောင်ယူခေါ်ငင် ပေဦးလတ္တံ့။"

ဤသို့စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချကုန်လျက် မိမိ၏လင်သားစသည်တို့ကို မည်သည့်နေရာသို့မျှလည်း မသွားလာစေရ၊ အိမ်တံခါးဝကို ပိတ်လျက် ရဟန်း တို့အား ဆွမ်းလောင်းရုံ ဖူးမြော်ရုံမျှလည်း မထွက်ကြရလေအောင် ချုပ်ချယ် ဟန့်တားထားကြကုန်၏။

ထို့နောက် မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့ကို တွေ့မြင်ရသည့် အခါများ၌လည်း-

**အာဂတော ခေါ မဟာသမဏော၊ မဂဓာနံဂိရိဗ္ဗဇံ**
**သဗ္ဗေသဥ္စယေ နေတွာန၊ ကံသုဒါနိနယိဿတိတိ။ ။**

"တောင်ငါးတန်သည် နွားခြံကဲ့သို့ ရံအပ်ထသော မဂဓတိုင်းသူ-အို-လူအပေါင်းတို့ . . . လူကို ဖျက်ဆီးတတ်သော ရဟန်းကြီးသည် လာလတ်ပြီ၊ ခပ်သိမ်းကုန်သော သိဥ္စည်းဆရာ၏ တပည့်တို့ကို နောက်လိုက်ဖြစ်အောင် ခေါ်ဆောင်ပြီး၍ ယခု အဘယ်သူကို ခေါ်ဆောင်လတ္တံ့ဦးမည်လည်း မသိ" ဟူ၍ ပြစ်တင် ရှုတ်ချလေ့ရှိကြကုန်၏။

ထိုအကြောင်းကို ရဟန်းတို့က မြတ်စွာဘုရားအား ပြန်လည်လျှောက်ထားကြသောအခါ မြတ်စွာဘုရားက "ချစ်သားရဟန်းတို့ . . . မဂဓပြည်သူတို့က ထိုသို့ကဲ့ရဲ့ ပြစ်တင်ရှုတ်ချအပ်သော စကားသည် ကြာရှည် တည်တံ့နိုင်မည် မဟုတ်၊ သင်တို့၌ အကျိုးယုတ်ရာသော အကြောင်းလည်း မရှိ၊ ထိုပြစ်တင်ရှုတ်ချသော စကားအတွက် သူတို့ကို သတိတရား ရစေလိုပါမူကား သူတို့က "အာဂတောခေါ" စသည့် ပြစ်တင်ရှုတ်ချစကား ဆိုသည့်အခါ အသင်တို့ကလည်း-

**နယန္တိ ဝေ မဟာဝီရာ၊ သဒ္ဓမ္မေန တထာဂတာ**
**ဓမ္မေန နယမာနာနံ၊ ကာဥသုယာ ဝိဇာနတံ၊**

ဟူသော စကားကို ပြန်၍ ပြောဆိုကြကုန်လော့" ဆိုတော်မူ၏။

"ကြီးမြတ်သောလုံ့လရှိကုန်သော မြတ်စွာဘုရားတို့သည် အနိုင်အထက် နိုပ်စက်တော်မမူ၊ သူတော်ကောင်းတရားဖြင့်သာ ဆောင်ကုန်သော ပညာရှိသူတော်ကောင်းတို့အား စောင်းမြောင်းငြူစုပြစ်ယွကျိုးမဲ့ ကဲ့ရဲ့ရှုတ်ချရခြင်းသည်ကား အဘယ်အကျိုးရှိအံ့နည်း၊ စက်ဆုပ်အပ်စွာ အပါယ်သို့ လားရာသလျှင်သတည်း"

ရဟန်းတို့လည်း မြတ်စွာဘုရား သွန်သင် ဆိုဆုံးမတော်မူအပ်သော အတိုင်းပင် ရာဇဂြိုဟ်ပြည်သူအပေါင်းတို့အား တုံ့ပြန်ပြောဆိုကြကုန်၏။ ချေပ ဖြေရှင်းကြကုန်၏။ သို့ဖြင့်ပင်လျှင် ထိုသူတို့၏ စွပ်စွဲပုတ်ခတ် ပြစ်တင် ရှုတ်ချခြင်းများသည်လည်း လုံးဝပင် ပပျောက်ချုပ်ငြိမ်းသွားရပေသတည်း။

Royal Snow
Publications

ရှင်ဒေဝဒတ် အဇာတသတ်မင်းသားကလေးအထံ ရောက်ရှိရခြင်းတွင် ကောသမ္ဗီပြည်သူတို့က သူ့အပေါ်တွင် ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၊ ရှင်အာနန္ဒာတို့ကဲ့သို့ သဒ္ဓါကြည်ညိုနှစ်လိုမြတ်နိုးမှု မရှိကြသဖြင့် ဖြစ်ရခြင်း ဟူသော အခြေခံအကြောင်းရင်းတစ်ရပ် ပါရှိသည်။

## အရှင်အာနန္ဒာ၏
## ဘဝနောက်ကြောင်း ဆုတောင်းပါရမီ

## ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်အခါ

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတစ်သိန်း၏ အထက်၌ ပဒုမုတ္တရ ဘုရား ထင်ရှားဖြစ်ပွင့်တော်မူ၏။ ထိုဘုရားသည် လူတို့၏ အသက်တစ်သိန်း တမ်း၌ ပွင့်တော်မူသည်။ ဖွားတော်မူရာ ပြည်ကား-ဟံသာဝတီပြည်၊ ခမည်း တော်ကား-အာနန္ဒာမင်း၊ မယ်တော်ကား-သုမေဓာမိဖုရား၊ ဘုရားလောင်းအမည် တော်ကား-'ဥတ္တရကုမာရ' မည်တွင်၏။

ဂေါတမမြတ်စွာဘုရား အလောင်းတော်ကဲ့သို့ပင် ရွှေထီးရွှေနန်းစည်းစိမ် ကို ခံစားစံစား၍ အနှစ်သုံးသောင်းရှိသောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို မြင်ပြီး သံဝေဂဖြစ်သဖြင့် မြောက်သားတော် ဝသုဒတ္တာဒေဝီတွင် သားတော်မင်းသားကို ဖွားသန့်စင်သော နေ့၌ တောထွက် တော်မူ၍ ခုနစ်ရက် ဒုက္ကရစရိယာ ကျင့်ပြီးသော် အင်ကြင်းပင် ဗောဓိ၌ ဘုရား အဖြစ်သို့ ဆိုက်ရောက်တော်မူ၏။

## ပဒုမုတ္တရ မြတ်စွာဘုရား

ဓမ္မစကြာတရား ဟောကြားခြင်းငှာ ဒေသစာရီကြွချီတော်မူအပ်သောအခါ ခြေတော်ချတိုင်း ချတိုင်းသောအရပ်၌ ရထားလှည်းဘီးပမာဏရှိသော ပဒုမာ ကြာပွင့်သည် မြေမှ ထွက်၍ထွက်၍ ခံလာ၏။ ထို့ကြောင့်ပင် "ပဒုမုတ္တရ" ဟူသော အမည်တော်ဖြစ်အပ်၏။

ထိုဘုရားရှင်၏ လက်ယာရံ အဂ္ဂသာဝကကား-ဒေဝလထေရ်၊ လက်ဝဲရံ ကား-သုဇာတထေရ်၊ အလုပ်အကျွေးကား- သုမနထေရ်မည်၏။ တစ်ရံသော

အခါ ထိုမြတ်စွာဘုရားသည် . ခမည်းတော်အားလည်းကောင်း၊ ဆွေတော် မျိုးတော်တို့အားလည်းကောင်း၊ တရားအမြိုက်ဆေးတိုက်ကျွေး ချီးမြှောက်ခြင်းငှာ သဃ်ာ တစ်သိန်းနှင့်အတူ ဟံသာဝတီပြည်သို့ ကြွရောက်လာ၏။

ထိုအခါ၌ မြတ်စွာဘုရား၏ ညီတော်အငယ်ဖြစ်သော သုမနမင်းသား သည် ဖခမည်းတော်ဖြစ်သူ အာနန္ဒာဘုရင်ကြီး၏ စေခိုင်းချက်အရ ဟံသာဝတီ ပြည်၏ အစွန်အဖျား ပစ္စန္တ ရစ်အရပ်တစ်ခုမှ ဆူပူသောင်းကျန်းသူတို့အား သွားရောက်နှိမ်နင်းရ၏။

ထိုသောင်းကျန်းသူတို့အား ကောင်းစွာ နှိမ်နင်းအောင်နိုင်ပြီး၍ နေပြည် တော်သို့ ပြန်လာသောအခါ စစ်အောင်နိုင်မှုအတွက် ဖခမည်းတော်ဘုရင်ကြီး ထံမှ မည်သည့်ဆုကို တောင်းရပါမည်နည်းဟု အမတ်များနှင့် စကားစပ်မိရင်း တိုင်ပင်ဆွေးနွေးဖြစ်၏။

အမတ်အားလုံးလိုလိုကပင် ဆင်ရတနာ၊ မြင်းရတနာ၊ ရွှေ ငွေ စိန် ကျောက် ပတ္တမြား စသည့် ရတနာများကို တောင်းခံရန် အကြံပေးတိုက်တွန်း ကြ၏။

“အကောင်းဆုံး အမွန်မြတ်ဆုံးဆုမှာ နောင်တော်ကြီးဖြစ်သော “ပဒုမုတ္တရ” မြတ်စွာဘုရားအား လိုအပ်သမျှ အမှုကိစ္စများ ပြုလုပ်ဆောင်ရွက်ပေးရခြင်းတည်း ဟူသော လောကုတ္တရာ ရတနာ‘ဆု’ကိုသာ အလိုရှိအပ်ပါသည်။ အရှင့်သားအဖို့ ထို–လောကုတ္တရာ ရတနာဆုသည်သာလျှင် အမှန်စင်စစ် ရရှိအပ် ရရှိထိုက်သော ‘ဆု’ဖြစ်ပါသည်။

“ထို့ကြောင့် ပစ္စန္တ ရစ်စစ်ပွဲ (ဆူပူသောင်းကျန်းမှု) အောင်နိုင်ခြင်းအတွက် ဖခမည်းတော်ဘုရင်ကြီးက ဆုတောင်းရန် အခွင့်ပေးခဲ့လျှင် ယခု အကျွန်ုပ် သတိပေးအပ်သော ‘ဆု’ကိုသာ တောင်းခံပန်ကြားအပ်ပါသည်” ဆိုပေ၏။

သုမနမင်းသားကလည်း ထိုအမတ်၏ စကားကို နှစ်လိုဝမ်းမြောက်စွာဖြင့် ကျေနပ်လက်ခံ၏။

“အချင်းအမတ်၊ သင် သတိပေးတိုက်တွန်းအပ်သော ဆုသည် အမှန် စင်စစ် ကောင်းမြတ်လှပေ၏။ မည်သည့်ရတနာဥစ္စာပစ္စည်းနှင့်မျှလည်း နှိုင်းယှဉ် ဖက်ပြိုင်ခြင်းငှာ မထိုက်၊ ထို့ကြောင့် ငါသည် ထိုလောကုတ္တရာအကျိုးပြု ဆုမြတ်မွန်ကိုပင် ဖခမည်းတော်အထံ တောင်းခံပန်ကြားတော့မည်” ဆို၏။

သို့ဖြင့် သုမနမင်းသား ဖခမည်းတော်ဘုရင်ကြီးအထံ ဝင်ရောက်ခစားသောအခါ ဖခမည်းတော်ဘုရင်ကြီးက သားတော်အား ဝမ်းမြောက်ဝမ်းသာ ဖက်လဲတကင်း နှုတ်ဆက်လျက် "သားတော်၏ အောင်ပွဲအတွက် ဖခမည်းတော် 'ဆု'ပေးမည်၊ သားတော် အလိုရှိရာ ဆုကိုသာ တောင်းလေတော့" မိန့်တော်မူ၏။

"မှန်လှပါ ...ဖခမည်းတော်၏ ချီးမြှောက်မှုကို များစွာပင် ကျေးဇူးတင် ဝမ်းမြောက်လှပါသည်။ သားတော် ရယူလိုသောဆုမှာ ရွှေ၊ ငွေ၊ ပတ္တမြား၊ ဆင်ရတနာ၊ မြင်းရတနာ စသည်တို့ မဟုတ်မူဘဲ နောင်တော်ကြီးဖြစ်ပေသော မြတ်စွာဘုရားရှင်အား ဆွမ်းအာဟာရ အစရှိသည့် လိုအပ်သမျှသော ဝတ္ထုပစ္စည်းတို့နှင့်တကွ သားတော်ကိုယ်တိုင်ပင်လျှင် နောင်တော်မြတ်စွာဘုရားအား အသက်ထက်ဆုံး အနီးကပ်လုပ်ကျွေးပြုစုခွင့်ကို သား လက်ခံရယူလိုပါသည် ဘုရား"

"အို သားတော်...၊ ထိုဆုကိုကား ဖခမည်းတော် မပေးနိုင်ဖြစ်နေသည်၊ အခြားဆုကိုသာ တောင်းခံလေလော့"

"မှန်ပါ ...ဘုရင်မင်းမြတ်တို့မည်သည် စကားနှစ်ခွ ဆိုရိုးထုံးစံမရှိပါ၊ သားတော်သည် ယခုဆိုခဲ့ပြီး ဆုကိုသာ ရယူလိုပါသည် ဘုရား"

"သို့ဆိုလျှင်လည်း ဝါတွင်းသုံးလမျှ ကိုးကွယ်ဆည်းကပ်လေလော့ သားတော်"

"မှန်လှပါ ...၊ နောင်တော်ဘုရား အလိုတော်ရှိမှလည်း ဖြစ်ပါမည်၊ အလိုတော်ရှိမရှိကို စုံစမ်းပါရစေဦး ဘုရား"

သုမနမင်းသား မြတ်စွာဘုရားအထံ လာရောက်သောအခါ မြတ်စွာဘုရားသည် ဆွမ်းစားပြီးသဖြင့် ဂန္ဓကုဋိတိုက်တွင်း၌ပင် သိတင်းသုံးနေတော်မူ၏။ မင်းသားက အပြင်၌ ရှိနေသော ရဟန်းများအား "မြတ်စွာဘုရားနှင့် ယခုလောလောဆယ် တွေ့မြင်ရလိုပါသည်" ဆိုသောအခါ ထိုရဟန်းများက "အသင်မင်းသား...ထိုသည့်အကြောင်းကို မြတ်စွာဘုရားသခင်အား ငါတို့ မလျှောက်ထားဝံ့ချေ၊ ခေတ္တမျှ စောင့်လင့်နေဦးလော့..." ဆိုကြကုန်၏။

"မှန်လှပါ၊ အရှင်ဘုရားတို့ မလျှောက်ထားဝံ့လျှင် မည်သူ့စွမ်းဆောင်နိုင်ပါသနည်း ဘုရား"

Royal Snow
Publications

"အသင်မင်းသား . . . ထိုသည်ကိုကား အရှင်မြတ်စွာဘုရား၏ အလုပ်အကျွေး ရဟန်းဖြစ်ပေသော 'သုမနထေရ်'မှသာလျှင် စွမ်းဆောင်ဖြစ်မြောက်နိုင်သည်"

"ကောင်းပါပြီ၊ ထို-သုမနထေရ်ကို မည်သို့ တွေ့ရပါမည်နည်း ဘုရား"

ထိုအခါ၌ သင်္ဃာတော်များ၏ အသိပေးညွှန်ကြားမှုအရ မင်းသားသည် သုမနထေရ်နှင့် တွေ့ဆုံခွင့်ရပြီး မိမိ၏အလိုဆန္ဒအတိုင်း ကူညီစောင်မပေးပါရန် ပန်ကြား၏။ သုမနထေရ်က "ကောင်းပြီ"ဟု ဝန်ခံ၍ မင်းသားမျက်စိအောက်တွင်ပင် မြေအပြင်၌ ငုပ်လျှိုးပြီး မြတ်စွာဘုရားအထံ ရောက်သွားကာ "အရှင်ဘုရား၏ညီတော် သုမနမင်းသားက အရှင်ဘုရားအား ယခုပင် ဖူးမြော်လိုပါသည်၊ ဖူးမြင်ခွင့်ရအောင် ကူညီမစပေးပါရန် လျှောက်ထားလာပါသည်" ဟု အသိပေး၏။

မြတ်စွာဘုရားကလည်း "ကောင်းပြီ၊ ငါ့ကို ဖူးမြင်လိုသော် နေရာတော်ကို ခင်းထားဘိလော့" ဆိုတော်မူ၏။ သုမနထေရ်သည် နေရာတော်အခင်းကို ဆောင်ယူကာ မြေ၌ ငုပ်လျှိုး၍ ပင့်လာခဲ့ပြီးနောက် သင်္ဃာတော်အများတို့ စုဝေးနေထိုင်ရာ ပြင်ပ ခန်းမဆောင်၌ မြတ်စွာဘုရား၏နေရာကို ခင်းထား၏။ မင်းသားကိုလည်း မြတ်စွာဘုရား ကြွလာတော်မူမည့်အကြောင်းကို သိစေ၏။

## ဤအရှင်ကား
## တန်ခိုးအာနုဘော် ကြီးမားပေစွ

ထိုအခါ၌ မင်းသားသည် မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော ထို-သုမနထေရ်နှင့် စပ်လျဉ်း၍ "ဤအရှင်ကား တန်ခိုးအာနုဘော်ကြီးမားပေစွ၊ ဤအရှင်ကဲ့သို့ နောင်-မြတ်စွာဘုရားတို့၏အထံ၌ပင် ဖြစ်ရမှုကား ကောင်းလှစွာ၏" ဟု တွေးကြံတောင့်တမိ၏။

သို့ဖြင့်ပင်-

မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋိတိုက်တွင်းမှ ထွက်ပြီး သင်္ဃာများတို့ စုဝေးနေရာ ခန်းမဆောင်မှ ဘုရား၏နေရာတော်၌ သိတင်းသုံးတော်မူအပ်သောအခါ မြတ်စွာဘုရားအား ဤသို့လျှောက်ထား၏ ။

'Royal Snow'
Publications

"နောင်တော် အရှင်မြတ်စွာဘုရား . . .၊ နောင်တော် ဂန္ဓကုဋိတိုက်တွင်း၌ ရှိနေစဉ် ဖူးမြင်ရပါမည့်အရေးကို မည်သည့်သံဃာတော်ကမှ စွမ်းဆောင်မပေးနိုင်ကြပါ၊ ယခု–နောင်တော်ဘုရားကို အကျွန်ုပ် ဖူးမြင်တွေ့ဆုံခွင့်ရခြင်းမှာ အရှင်သုမနထေရ်၏ စွမ်းဆောင်ကူညီပေးမှုကြောင့်သာ ဖြစ်ရပါသည်။ အရှင်မြတ်စွာဘုရား သာသနာတော်၌ ဤ–အရှင်သုမနသည် အလွန်ပင် အကျွမ်းဝင်လှပေသည်တကား"

မြတ်စွာဘုရားက "မှန်ပေသည် ညီတော်၊ ဤအရှင်သုမနထေရ်သည်ကား ငါဘုရားအား လိုအပ်သမျှ ပြုစုလုပ်ကျွေးသူဖြစ်၍ လေးပါးသော ဆုကို ရရှိခံယူရသည်နှင့်လျော်စွာ သာသနာတော်၌ အကျွမ်းဝင်ရခြင်းဖြစ်ပေသည်"ဟု တုံ့ပြန်မိန့်တော်မူ၏။

"မှန်လှပါ . . .အဘယ်ကောင်းမှုကိုပြုလျှင် နောင်တော် မြတ်စွာဘုရားတို့၏ အထံ၌ ဤအရှင်ကဲ့သို့ အကျွမ်းတဝင်ဖြစ်ရပါအံ့နည်း ဘုရား"

"ညီတော်သုမန၊ ထိုအရှင်ကဲ့သို့ ဖြစ်နိုင်ရန်မှာကား ဘုရားရှင်အမှူးရှိသော သံဃာတော်တို့၏ ကံအမှုကိစ္စ (လိုအပ်သမျှသော ပြုစုဆောင်ရွက်ဖွယ်)များကို ကြိုးပမ်းအားထုတ်အပ်ခြင်းဖြင့်လည်းကောင်း၊ အလှူပေးခြင်း၊ သီတင်းသီလ ဆောက်တည်ကျင့်သုံးခြင်းများအားဖြင့်လည်းကောင်း ဖြစ်မြောက် ရရှိနိုင်ပေသည်"

"နောင်တော် အရှင်မြတ်စွာဘုရား၊ ဤသို့ဆိုလျှင် အကျွန်ုပ်အား အရှင်ဘုရားတို့၏ သာသနာတော်၌ ထိုအရှင်ကဲ့သို့ ဖြစ်မြောက်ပါရလေအောင် ချီးမြှောက် မ,စ သောအားဖြင့် နက်ဖြန်နံနက်ခင်း၌ အကျွန်ုပ်၏အလှူကို ခံယူတော်မူပါ"

သုမနမင်းသားသည် နောင်တော် မြတ်စွာဘုရားရှင်အား ထိုကဲ့သို့ ပင့်ဖိတ် လျှောက်ထားခြင်းပြုပြီးနောက် ခုနစ်ရက်တိုင်တိုင်ပင် မြတ်စွာဘုရားနှင့် တကွသော သံဃာတော်များအား ဆွမ်းအစရှိသည့် အာဟာရဒါန ခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာ များကို ပူဇော်ဒါန်းသက်ကပ်အပ်ပေ၏။ မြတ်စွာဘုရားရှင်ကလည်း နေ့စဉ်တိုင်းပင် နောက်ပါ သံဃာတော်ပေါင်း တစ်သိန်းတို့နှင့်အတူ ညီတော် သုမနမင်းသား၏ အလှူကို ခံယူ ချီးမြှောက်သောအားဖြင့် ဆွမ်းဘုဉ်းပေးတော်မူအပ်ပေ၏။

## ဝါတွင်းသုံးလ အလှူခံတော်မူပါ

ယင်းသို့လျှင် ခုနစ်ရက်မြောက် လှူဒါန်းပူဇော်ပြီးသောအခါ သုမန မင်းသားသည် မြတ်စွာဘုရား ခြေတော်ရင်း၌ အလွန်ရိုကျိုး လေးမြတ်စွာ ရှိခိုးဦးခိုက်လျက်–

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . .၊ အကျွန်ုပ်သည် ခမည်းတော်အထံ တောင်းပန်ခယ၍ ဝါတွင်းသုံးလမျှ အရှင်မြတ်ကို ကိုးကွယ်ခွင့်ရပါသည်၊ ဤသုံးလတွင် အကျွန်ုပ်၏ အလှူကို ကြွရောက် ခံယူတော်မူပါ" လျှောက်၏။

ဘုရားသခင်လည်း ရှေးရှေးသော နောင်တော်ဘုရားတို့၏ ကျင့်စဉ်ကို မျှော်၍ သည်းခံတော်မူ၏။ ထိုသို့ဆိတ်ဆိတ်နေသဖြင့် အခွင့်ပေးကြောင်းကို သိရလျှင် –

"အရှင်မြတ်စွာဘုရား . . .အကျွန်ုပ်ကား အကျွန်ုပ် အပိုင်စားရအပ်သော မြို့ကျေးရွာသို့ ပြန်၍ 'ကျောင်း'ဆောက်ပါဦးမည်၊ ပြီးစီး၍ ပင့်လျှောက်အပ် သော ကာလ၊ သင်္ဃာတော်အများတို့နှင့်တကွ ကြွလာတော်မူပါ"ဟု လျှောက် ထားအပ်၏။

ထို့နောက် သုမနမင်းသားသည် မိမိမြို့ကျေးရွာသို့ ပြန်လာသည့် ခရီး တစ်လျှောက်၌ တစ်ယူဇနာလျှင် ကျောင်းတစ်ဆောင်ကျစီ ဆောက်လုပ်စေ၏။ ထို–ကျောင်းများတည်ရှိရာ လမ်းတစ်လျှောက်လုံးကိုလည်း မည်သည့်ဆူးငြောင့် ခလုတ်မျိုး (အန္တရာယ်အနှောင့်အယှက်) မျှ မရှိစေရဘဲ ပကတိချောမောပြေပြစ် လေအောင် ပျံ့ပျူးညီညာခြင်းရှိလေအောင် စီစဉ်ဆောင်ရွက်စေ၏။

မိမိနေထိုင်ရာ မြို့၌ "သောဘာ"အမည်ရှိသော သူဌေး၏ဥယျာဉ် (မြေကွက်)ကို အသပြာငွေတစ်သိန်းပေးပြီး ဝယ်ယူ၏။ ကျောင်းတော်ဆောက် လုပ်ရန်ကိုလည်း လိုအပ်သမျှ ပစ္စည်းများ ဝယ်စေ၏။ ကျောင်းတော်ဆောက် လုပ်ခမှာလည်း ငွေအသပြာတစ်သိန်းပင် ပေးရ၏။

မြတ်စွာဘုရား သီတင်းသုံးတော်မူရန် "ကျောင်း"နှင့်တကွသော အစစ ပြုလုပ်ဆောင်ရွက်စရာများ ပြီးပြည့်စုံအပ်သည့်အခါ ဖခမည်းတော်ဘုရင်ကြီးအထံ

တမန် စေလွှတ်ပြီး မြတ်စွာဘုရားနှင့် သင်္ဃာတော်များ ကြွလာတော်မူကြပါရန် အနူးအညွတ် ဖိတ်မန်ပန်ကြားအပ်ပေ၏။

မြတ်စွာဘုရား သင်္ဃာတစ်သိန်းတို့နှင့်အတူ ကြွမြန်းတော်မူလာပြီ ဖြစ်ကြောင်း သိရသည့်အခါ သုမနမင်းသားသည် တစ်ယူဇနာခရီးအကွာမှနေ၍ ခရီးဦးကြိုဆိုကြသည်။ လှူဒါန်းပူဇော်ဖွယ်များ ဆက်ကပ်သည်။

## ဒသသီလဆောက်တည်ပြီးလျှင်

မြတ်စွာဘုရား ကျောင်းတော်သို့ရောက်၍ ကျောင်းတော်ကို ရေစက်ချ လှူဒါန်းဆက်ကပ်သည့်အခါ သုမနမင်းသားသည် သားမယားများနှင့်တကွ ကျောင်းတော်သို့ လာလတ်၍ သင်္ဃာတော်တို့အား ရှစ်ပါးသော ပရိက္ခရာများကိုပါ ဆက်ကပ်လှူဒါန်းသည်။

ထိုအခါ သုမနမင်းသားသည် မိမိ၏အမတ်များကို ခေါ်၍ ဤသို့ဆို၏။

"အချင်းတို့ . . .မြတ်စွာဘုရားသည် ငါတို့ဌာနသို့ ဝေးလံလှစွာလျက်ပင် ကြွလာတော်မူအပ်ပေသည်။ ဘုရားတို့မည်သည်လည်း တရား (သဘော) ၌သာ အလေးအရုပြုမူတတ်သည်။ "အာမိသ"ဟူသော ပစ္စည်းဝတ္ထု၌ကား တရား သဘောနှင့် ထပ်တူညီမျှဟု မဆိုနိုင်ပေ။

"ထို့ကြောင့် ငါသည် ဝါတွင်းသုံးလပတ်လုံး ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်ကာ "ဒသသီလ"ကို ဆောက်တည်ပြီးလျှင် ကျောင်းတော်တွင်နေ၍ မြတ်စွာဘုရားကို လုပ်ကျွေးပြုစုဆည်းကပ်၍ နေတော့အံ့။ အချင်းတို့သည် စည်ကျိုတိုက်ကျဥ်၌ရှိသမျှသော ပစ္စည်းတို့ဖြင့် တစ်သိန်းသော သင်္ဃာတို့အား ပြည့်စုံလုံလောက်စွာ ပြုစုလုပ်ကျွေးကြကုန်လော့"

အမတ်တို့လည်း ထိုသည့်နေ့မှစ၍ သုမနမင်းသား စီစဉ်ညွှန်ကြားအပ်သည့်အတိုင်းပင် တစ်သိန်းမျှသော သင်္ဃာတော်တို့အား ပြည့်စုံလုံလောက်စွာ ပြုစုလုပ်ကျွေး လှူဒါန်းပူဇော်ကြကုန်၏။ ဝါကျွတ်သောအခါ၌လည်း သင်္ဃာတော်တစ်ပါးလျှင် အသပြာတစ်ထောင်စီ တစ်ထောင်စီ ထိုက်တန်သော တိစီဝရိတ်သင်္ကန်း ရဟန်းပရိက္ခရာ ရှစ်ပါးတို့ကို လှူဒါန်းပူဇော်အပ်ကြကုန်၏။

## ဘုရားသခင်၏ အလုပ်အကျွေးဖြစ်ရပါစေသော

သုမနမင်းသားသည် နောင်တော်မြတ်စွာဘုရား၏ ခြေတော်ရင်း၀ယ် ၀ပ်စင်းရိုကျိုး လေးမြတ်စွာ ရှိခိုးလျက် ဤသို့လျှင် လျှောက်ထားပန်ကြားအပ်၏။

## မြတ်စွာဘုရား၏ အလုပ်အကျွေး

"အရှင်မြတ်စွာဘုရား...၊ အကျွန်ုပ်သည် ဤမျှလောက် (ဤရွေ့ ဤမျှ) ပြုရသော ကုသိုလ်ကံ၏ အကျိုးအားဖြင့် သိကြား၊ စတုလောကပါလာ၊ စကြာမင်း စသည်တို့၏ အဖြစ်ကို အလိုမရှိပါ၊ မလိုလားပါ။

"အမှန်စင်စစ် အကျွန်ုပ်အလိုလားအပ်ဆုံး၊ နှစ်သက်မြတ်နိုးအပ်ဆုံး အဖြစ်မှာကား အရှင်မြတ်၏ သာသနာတော်၌ လွန်စွာအကျွမ်း၀င်အပ်သော သုမနထေရ်အရှင်ကဲ့သို့ နောင်ဘုရားရှင်တို့၏ သာသနာ၌ လွန်စွာ အကျွမ်း၀င်အပ်သော မြတ်စွာဘုရားသခင်၏ အလုပ်အကျွေး ပုဂ္ဂိုလ်သာလျှင် ဖြစ်မြောက်ရပါလို၏ ဘုရား..."

ထိုအခါ၌ ပဒုမုတ္တရမြတ်စွာဘုရားရှင်သည် အနာဂတံသဉာဏ်တော်ဖြင့် ရှုမျှော်ဆင်ခြင်တော်မူပြီးနောက် သုမနမင်းသား၏ အလိုဆန္ဒသည် အကြောင်းအားလျော်စွာ ပြည့်စုံနိုင်အံ့သည်ကို သိမြင်တော်မူသဖြင့်-

"ညီတော် သုမန၊ ငါဘုရားနောက် ကပ်တစ်သိန်းမြောက်၌ "ဘဒ္ဒကမ္ဘာ"ပေါ်ထွန်းလာသောအခါ သာကီ၀င်မင်းမျိုးမှ "ဂေါတမ" အမည်ရှိသော မြတ်စွာဘုရား ပွင့်ထွန်းတော်မူလိမ့်မည်။

"ထိုအခါ၌ အသင်သည် ထိုသာကီ၀င်မင်းမျိုးထဲမှ "အမိတောဒန" မင်း၏ သားဖြစ်၍ ယခု ငါဘုရားလက်ထက်တော်မှ "ရှင်သုမနထေရ်" ကဲ့သို့ပင် "အရှင်အာနန္ဒာ"ဟုသော အမည်ဖြင့် ကျော်စောထင်ရှားလှစွာလျှင် ဂေါတမမြတ်စွာဘုရားရှင်၏ အလုပ်အကျွေး စင်စစ် ဗုဒ္ဓဝေနေယျ ပုဂ္ဂိုလ်ဖြစ်ရပေလတ္တံ့" ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူအပ်ပေ၏။

## လူ့ပြည်၊ နတ်ရွာ လှည့်လည်ကာလျှင်

ထိုအခါ၌ သုမနမင်းသားသည် ဘုရားရှင်တို့၏ စကားမည်သည် ‘ချွတ်ယွင်းတိမ်းယိမ်းရိုး’ မရှိပြီ၊ အမှန်စင်စစ် ငါသည် နောင်ပွင့်တော်မူလတ္တံ့သော ဂေါတမဘုရားရှင်၏ သာသနာတော်၌ မြတ်စွာဘုရား၏ အလုပ်အကျွေး ‘ဗုဒ္ဓဝလ္လဘာ’ ပုဂ္ဂိုလ်ဖြစ်ရချေတော့မည်ဟူ၍ ယနေ့နက်ဖြန်ပင် ကြုံကြိုက်ရအံ့နီးကဲ့သို့ ကြည်နူးဝမ်းမြောက်ခြင်းကြီးစွာ ဖြစ်နေအပ်ပေ၏။

သုမနမင်းသား ထိုကဲ့သို့ နိယတ ဗျာဒိတ်ခံယူရသည်တွင် ဂေါတမမြတ်စွာဘုရားအလောင်းပေ ာ်သည် ‘ဇဋိလ’ ဟူသော အမည်ရှိသည့် ‘ရသေ့’ ဖြစ်နေ၏။ ပဒုမုတ္တရမြတ်စွာဘုရားသည် ထိုဇဋိလရသေ့ကိုလည်း ဂေါတမ မြတ်စွာဘုရားအလောင်းအလျာဖြစ်ကြောင်း ဗျာဒိတ်စကား မိန့်ကြားတော်မူအပ်၏။

သို့ဖြင့်ပင် သုမနမင်းသားသည် ဇဋိလရသေ့ကိုလည်း များစွာပင်ချီးမြှောက်လှူဒါန်း (ဆည်းကပ်ပူဇော်) လျက် ထိုဘဝမှ စုတေသည့်အခါ တုသိတာနတ်ပြည်သို့ ရောက်ရ၏။ ထိုမှသည် လူ့ပြည်သို့လာ၍ စကြာမင်းအဖြစ်အကြိမ်တစ်ထောင်၊ နတ်မင်းအဖြစ် အကြိမ်တစ်ထောင်၊ ဗြဟ္မာမင်းအဖြစ်အကြိမ်သုံးဆယ်၊ ပဒေသရာဇ်-ကေရာဇ်မင်းအဖြစ် မရေတွက်နိုင်ဖြစ်၏။

ဤသို့လူ့ပြည်နတ်ရွာလှည့်လည်ကာလျှင် ကမ္ဘာတစ်သိန်းပတ်လုံးလာခဲ့၍ ငါးရာငါးဆယ်သော ဇာတ်တို့၌လည်း ဘုရားအလောင်းနှင့် တပေါင်းတည်းသာ ဖြစ်ရသည်များလျက် ကဿပမြတ်စွာဘုရားပွင့်တော်မူသောအခါ ပုဏ္ဏားမျိုး၌ ဖြစ်အပ်၏။

ထိုအခါ၌ ဆွမ်းအလှူခံ ရဟန်းတစ်ပါးအား သူ၏သပိတ်ကို ဖွဲ့ချည် (ထည့်သို) ရန် မိမိ၏ အပေါ်ရုံကိုယ်ရုံပုဆိုးကို သဒ္ဓါကြည်ဖြူ ဆက်ကပ်လှူဒါန်း ရသောကောင်းမှု (ကုသိုလ်) ကြောင့် ခုနစ်ရက်မြောက်နေ့၌ပင် ရွှေအိုးပဒေသာတို့၏ အရှင်ဖြစ်အပ်၏။

## ငါးဆယ့်ရှစ်ဆောင်သော ကျောင်းအလှူ

ထိုကဿပဘုရားလက်ထက်၌လည်း အသက်ထက်ဆုံးပင် များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြု၍ ကွယ်လွန်သောအခါ နတ်မင်းခုနစ်ကြိမ် ဖြစ်ရ၏။ နောက်- လူ့ပြည်၌ ဗာရာဏသီပြည့်ရှင်မင်းကြီး ဖြစ်ပြန်၏။

Royal Snow
Publications

ထိုအခါ၌ ဂန္ဓမာဒနတောင်မှ ကြွလာအပ်သော ပစ္စေကဗုဒ္ဓါ ငါးဆယ့်ရှစ်ပါးတို့အား ငါးဆယ့်ရှစ်ဆောင်သော ကျောင်းကန်များကို ဆောက်လုပ်စီစဉ်ပြီး သဒ္ဓါတရားထက်သန်စွာ လှူဒါန်းပူဇော်အပ်ပြန်၏။

ထိုမှသည်၊ တုသိတာနတ်ပြည်၌ ဘုရားလောင်းနှင့်အတူတကွ ဖြစ်ခဲ့ကြ၍ ဘုရားလောင်း ပဋိသန္ဓေနေလာသောအခါ မိမိလည်း အမိတ္တောဒန သာကီဝင်မင်းအိမ်တွင် တစ်ပါးတည်း၊ တစ်ချိန်တည်း ဖြစ်လာ၏။ ဖွားမြောက်၍ အရွယ်ရောက်သောကာလ၊ ဦးစွာဆိုညွှန်းခဲ့ပြီးအတိုင်း သာကီဝင်မင်းသား ခြောက်ယောက်တို့နှင့် အတူတကွ ရဟန်းပြုကြသတည်း။

## အမြဲတမ်းအလုပ်အကျွေး

ဘုရားသခင်လည်း ဝါတော်နှစ်ဆယ်တိုင်အောင်ပင် အရှင်အာနန္ဒာအား ဥပဋ္ဌာက(အလုပ်အကျွေး)အရာ၌ မထားဘဲ၊ မမြဲသောလုပ်ကျွေးခြင်းဖြင့်သာလျှင် လုပ်ကျွေးရ၏။ တစ်ခါတစ်ရံလည်း နာဂသမာလထေရ် လုပ်ကျွေးသည်။ ရံဖန်ရံခါလည်း ဥပါလထေရ် လုပ်ကျွေးသည်။ ရံဖန်လည်း စုန္ဒသာမဏေ လုပ်ကျွေးသည်။ ရံဖန်လည်း သာကေတထေရ် စသည်ဖြင့် မထေရ်တို့ လစ်လပ်သောအခါ၌သာ အရှင်အာနန္ဒာ လုပ်ကျွေးရပေသတည်း။

ယင်းကဲ့သို့ ဥပဋ္ဌာက အလုပ်အကျွေးပြုအပ်သော ထေရ်တို့ ရံဖန်ရံခါ ပျက်ကွက်လစ်လပ်ရခြင်းမှာကား ဤသို့ဤသို့သော အကြောင်းခြင်းရာများကြောင့် ဖြစ်ပေသည်။

## နာဂသမာလထေရ်

တစ်ရံသောအခါ၌ မြတ်စွာဘုရားသည် နာဂသမာလထေရ် အလုပ်အကျွေးပါလျက် ဒေသစာရီကြွချီတော်မူလတ်သော် ထိုခရီးလမ်းကြောင်း၌ လမ်းနှစ်ခွရှိနေသည်ကို တွေ့ရ၏။

မြတ်စွာဘုရားသခင်က လက်ယာလမ်းကြောင်းဖြင့် ကြွလို၏။ နာဂသမာလထေရ်က လက်ဝဲလမ်းကြောင်းဖြင့် သွားလို၏။ မြတ်စွာဘုရားက "အချင်းနာဂသမာလ ထိုလမ်းကြောင်းဖြင့်မသွားလင့်"ဟု တားမြစ်တော်မူ၏။ သို့ပါလျက်ဖြင့်ပင် နာဂသမာလထေရ်သည် မြတ်စွာဘုရားစကားတော်ကို

လက်ခံလိုက်နာခြင်းမရှိမူဘဲ ထိုလမ်းကြောင်းအတိုင်း ဆက်လက်သွားမည့်ဟန် ပြု၏။ မြတ်စွာဘုရား၏ ပရိက္ခရာများကို မြေပြင်ပေါ်၌ ချထားခဲ့မည်ပြု၏။

မြတ်စွာဘုရားက "ငါ့ထံသို့ ဆောင်ယူခဲ့" ဆိုကာ ကိုယ်တော်တိုင်ပင် ထိုပရိက္ခရာထုပ်ကို ယူငင်ပြီး ကြွမြန်းတော်မူရ၏။ နာဂသမာလထေရ်သည် သူသွားလိုသော လမ်းဖြင့်ပင် ဆက်ပြီး သွားအပ်သောအခါ လူဆိုးဓားပြများနှင့် ပက်ပင်းကြုံဆုံမိပြီး သူ့ထံမှ သက်န်း သပိတ် (ပရိက္ခရာ) များကို လုယူခြင်း ခံရ၏။ လူဆိုးများ၏ ရိုက်နှက်ပုတ်ခတ်ခြင်းကြောင့်လည်း သွေးထွက်သံယို နာကျင်ပင်ပန်းဖြစ်၏။

"ငါသည် ဘုရားရှင်ကို မကောက်ညှာ၍ ယခုအခါ ကိုးကွယ်မဲ့ဖြစ် ချေပြီ" တွေးမိပြီး ဘုရားရှင်နောက်တော်သို့ လိုက်လေလျှင် ဘုရားရှင်က- "သင် အဘယ်သို့ဖြစ်ဘိသနည်း" ဆိုတော်မူ၏။

လူဆိုးဓားပြများနှင့် တွေ့ကြုံမိသဖြင့် ဖြစ်ရကြောင်း ဖြေကြားသည့်အခါ "အရှင်နာဂသမာလ ရှေးကပြုခဲ့ဖူးသော ဝဋ်ကြွေးရှိမှု မရှောင်သာ မလွှဲသာ ခံရမြဲ မမွတာဖြစ်ချေသည်။ ဝေနေယျတို့အား- မေတ္တာစိတ်ကိုသာ ရှေးရှု ပွားများဘိလော့" ဆိုတော်မူ၏။

## မေဃိယထေရ်

တစ်ရံသောကာလ- မေဃိယထေရ် လုပ်ကျွေးပြုန်သောအခါတွင်လည်း ပါစိနဝံသ မိဂဒါဝုန်တော၊ ဇန္တုမည်သော ကျေးရွာသို့ ကြွချီတော်မူရာ၌ ဂင်္ဂါမြစ်ကမ်းနံဘေးရှိ စိတ်နှလုံးချမ်းမြေ့ကြည်နူးဖွယ် သရက်တောကို တွေ့မြင် ရ၏။

မေဃိယထေရ်က "အရှင်မြတ်စွာဘုရား...အကျွန်ုပ်သည် ဤသရက် တော၌ နေပြီး ရဟန်းတရားကို အားထုတ်လိုပါသည်။ အရှင်ဘုရား၏ သက်န်း သပိတ် ပရိက္ခရာကို ယူတော်မူပါ" ဆိုချေ၏။ မြတ်စွာဘုရားက သုံးကြိမ်တိုင် အောင်ပင် တားမြစ်၏။ မေဃိကထေရ်က မည်သို့မျှ မလိုက်နာ၊ သရက်တော အတွင်း၌သာ နေဖြစ်အောင်ပင် ချန်နေရစ်ခဲ့၏။

သို့ဖြင့်ပင် မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ ရောက်တော်မူသောအခါ သဃ်ာအပေါင်းတို့အား ဤသို့ မိန့်တော်မူ၏။

"ချစ်သားရဟန်းတို့ . . . ယခုအခါ ငါဘုရားသည် အသက်အရွယ်ကြီးရင့်ပြီ၊ အမြတ်တမ်း အလုပ်အကျွေးရှိမှသင့်တော့မည်။ ငါ၏ သာသနာဝယ် သဒ္ဓါပဗ္ဗဇိတဟု ဝန်ခံပါလျက်ပင် မကျိုးနွံသော ရဟန်းမျိုးလည်း ရှိချေသေးသည်။ အချို့သင်္ဃာကလည်း ငါနှင့်အတူ သွားအံ့ဟုလျက် အယူပြား၍ ခရီးတစ်ပါး သွားလိုသောအခါဝယ် ငါဘုရား၏ ပရိက္ခရာကို မြေမှာချထားခဲ့၍ သွားကြဘိသည်။

အချို့လည်း ဂရုမမူ မယူငင်ဘဲ သွေလွှဲကုန်သည်။ အချို့မှာလည်း ငါဘုရားကို ထောက်ထားမညှာ မိမိတို့ဝင်လိုရာ၌ ဝင်၍ နေခဲ့ကြကုန်သည်။ အသိန်းအသန်းမျှသော တပည့်သံဃာများရှိပါလျက် ငါ၏ သက်န်း သပိတ် ပရိက္ခရာကို ငါကိုယ်တိုင် လွယ်ပိုးသယ်ယူရချေလျှင်လည်း သင်ချစ်သား အပေါင်းတို့အား သူတော်ကောင်းများ ကဲ့ရဲ့ရှုတ်ချဖွယ်ဖြစ်ချေသည်။ ထို့ကြောင့် အမြတ်တမ်း လုပ်ကျွေးအပ်သော ရဟန်းကို ငါအလိုရှိတော်မူသည်"

ထိုအခါ၌ မြတ်စွာဘုရားအပေါ်၌ သဒ္ဓါရိုကျိုးလွန်ကဲစွာ ကြည်ညိုမြတ်နိုးကြသည့် သင်္ဃာများသည် ခမ္ဘသံဝေဂ သဘောဖြင့် စိတ်မချမ်းမြေ့ဖြစ်ကြရကုန်၏။

## အရှင်သာရိပုတ္တရာ

အရှင်သာရိပုတ္တရာက ပဉ္စပတိဋ္ဌိတ,မြောက်- အင်္ဂါငါးပါးသော ရှိခိုးခြင်းအမှုဖြင့် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးလျက်-

"ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား၊ အကျွန်ုပ်သည် အရှင်ဘုရားတို့ကဲ့သို့သော ပုရိသုတ္တမ အနုတ္တရပုဂ္ဂိုလ်ကို လုပ်ကျွေးပြုစုလိုသောကြောင့်သာ ကမ္ဘာတစ်သိန်း အလွန်ရှိသော တစ်သင်္ချေကာလပတ်လုံး ပါရမီဖြည့်ဆည်းခဲ့ပါသည်။ ကိုယ်တော်မြတ်၏ ကျေးဇူးတော်ကို ခံရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရခြင်း ဖြစ်ပါသည်။

"အရှင်မြတ်၏ သာသနာဝယ် အကျွန်ုပ်ကဲ့သို့သော ပညာကြီးသောသူ၊ အရာကြီးသောသူ မရှိပါ၊ အကျွန်ုပ်ကဲ့သို့သော တပည့်သည်သာလျှင် အရှင်မြတ်စွာဘုရားအား လုပ်ကျွေးထိုက်ပါသည်၊ ထို့ကြောင့် အရှင်မြတ်စွာဘုရားအား အကျွန်ုပ်ပင် လုပ်ကျွေးပါအံ့" ဟု လျှောက်ထား၏။

မြတ်စွာဘုရားက–"ချစ်သားသာရိပုတ္တရာ...အသင်သည် အကြင်အလုပ် အကြင်နေရာ၌ နေ၏။ ထိုအရပ် ထိုနေရာသည် လေးဖြာသော ပရိသတ်ဖြင့် မဆိတ်ညံ၊ သင်၏ ဆုံးမဩဝါဒသည် ငါဘုရား ဆုံးမသည်နှင့်တူ၏၊ သင် ဟောကြားသောတရားသည် ငါဘုရား ဟောကြားသည်နှင့် တူ၏။ ထို့ကြောင့် သင်သို့သော အဂ္ဂသာဝကသည် ငါဘုရားအား လုပ်ကျွေးဖွယ် မရှိ" ဆိုတော်မူ၏။

အရှင်မဟာမောဂ္ဂလာန် တောင်းပန်အပ်သောအခါတွင်လည်း ထိုနည်း အတူပင် ပယ်တော်မူ၏။

ထို့နောက် အနုရုဒ္ဓါ၊ ဥပါလိ၊ ဘဒ္ဒိယ စသော အသီတိမဟာသာဝက တို့သည်လည်း လုပ်ကျွေးရပါမည့်အကြောင်း အသီးသီးလျှောက်ထားကြကုန် သည်၊ မည်သူ့ကိုမျှ အခွင့်မပြု ရှေးနည်းအတူပင် ပယ်အပ်တော်မူသည်သာ တည်း။

## အရှင်အာနန္ဒာ

ထိုအခါ၌ အရှင်အာနန္ဒာမူကား- မည်သို့မျှ ခွင့်မတောင်းဘဲ ပကတိ ဆိတ်ဆိတ်သာလျှင် နေဘိ၏။ သံဃာတော်အများတို့က အရှင်အာနန္ဒာအား မြတ်စွာဘုရားအထံ၌ ထိုဆုကို တောင်းခံပန်ကြားရန် တညီတညာတည်းပင် နှိုးဆော်တိုက်တွန်းကြကုန်၏။

အရှင်အာနန္ဒာက–

"ငါ့ရှင်တို့...တောင်းခံ၍ရအပ်သောအရာမည်သည်ကား သူရင်းငှား ကဲ့သို့သာဖြစ်ချေသည်။ မြတ်စွာဘုရားသည် အကျွန်ုပ်အား မမြင်မတွေ့ဘဲ ရှိအံ့လော၊ အကယ်တည့် မြတ်စွာဘုရားရှင် နှစ်သက်တော်မူသည်ဖြစ်အံ့၊ ချစ်သားအာနန္ဒာ...ငါဘုရားကို လုပ်ကျွေးလော့ဟု မိန့်တော်မူလတ္တံ့." ဆိုကာ ဆိတ်ဆိတ်သာနေချေ၏။

ထိုအခါ၌ မြတ်စွာဘုရားက–

"ချစ်သားရဟန်းတို့...အာနန္ဒာသည် ငါဘုရားကိုလည်း အလွန်ချစ်ခင် ၏။ သူတစ်ပါးတို့ထက်လည်း အားထုတ်ခြင်း လုံ့လနှင့် ပြည့်စုံ၏။ ဤ အာနန္ဒာပင်လျှင် ကောင်းစွာ အခွင့်သိ၍ ငါဘုရားအား လုပ်ကျွေးလတ္တံ့." ဆိုတော်မူ၏။

သဃ်ာတော်အများတို့က–

"အချင်း အာနန္ဒာ . . . မြန်စွာထလော့၊ ဘုရားရှင်အထံ၌ အလုပ်အကျွေး အရာကို တောင်းခံပန်ကြားပါလော့" ဆိုကြကုန်၏။

အရှင်အာနန္ဒာသည် ထိုစဉ်၌ မိမိနေရာမှ ထ၍ မြတ်စွာဘုရားအား ပဉ္စပတိဋ္ဌိတမြောက် အင်္ဂါငါးပါးတို့ဖြင့် ရိုသေညွတ်နူးစွာ ရှိခိုးဦးချပြီး ဤသို့ လျှောက်ထား၏။

"ရွှေဘုန်းတော်သခင် အရှင်ဘုရား . . . အကျွန်ုပ်အား လေးပါးသောဆုကို ပယ်၍ လေးသွယ်သောဆုကို ပေးသနားတော်မူပါမှ အရှင်မြတ်စွာဘုရားကို လုပ်ကျွေးပါအံ့"

"ပယ်လိုသောဆုလေးပါးက မည်သို့ဖြစ်၍ ရယူလိုသော ဆုလေးပါးက မည်သို့ဖြစ်ပေသနည်း ချစ်သားအာနန္ဒာ . . ."

## ပယ်ဆု လေးပါး

"အရှင်မြတ်စွာဘုရား . . . အကျွန်ုပ် ပယ်လိုသောဆုလေးပါးမှာ ကိုယ်တော်မြတ် ခံယူရရှိအပ်သည့် ဆွမ်း ကွမ်း အမွန်အမြတ်များကို အကျွန်ုပ်အား တစ်ဆင့်တစ်ဖန် ပြန်လည်၍ ခွဲဝေမပေးခြင်းဖြင့် မချီးမြှောက်သည်လည်းတစ်ပါး၊ နူးညံ့ပျော့ပျောင်း ကောင်းမြတ်စွာသော သင်္ကန်းဖြင့် မချီးမြှောက်ခြင်း သည်လည်း တစ်ပါး၊ ကိုယ်တော်မြတ် ကျိန်းစက်ရာ ဂန္ဓကုဋီအတွင်းသို့ဝင်၍ မအိပ်ရခြင်း သည်လည်းတစ်ပါး၊ ဆွမ်းကျွေးပင့်ဖိတ်သော ဒါယကာတို့အိမ်များသို့ အမြဲတစေ မလိုက်ပါရခြင်းသည်လည်းတစ်ပါး ဤဆုလေးပါးတို့ ဖြစ်ပါသည်"

"အဘယ်အပြစ်ကို မြင်၍ ထိုဆုလေးပါးကို ပယ်လိုပေသနည်း ချစ်သားအာနန္ဒာ"

"အရှင်မြတ်စွာဘုရား . . . များစွာသော ရဟန်းရှင် လူတို့သည် ငြူစူခြင်း များ၍ သူတစ်ပါး၏ ကျေးဇူးမဲ့ကို ဆိုတတ်ကြပါသည်။ အရှင်အာနန္ဒာကား မြတ်စွာဘုရား ချီးမြှောက်တော်မူအပ်သော ဆွမ်း သင်္ကန်းများကို ရသောကြောင့်သာလည်းကောင်း၊ မြတ်စွာဘုရားနှင့် တစ်ခန်းတစ်နေတည်း အတူ အိပ်ရသောကြောင့်လည်းကောင်း၊ ဒါယကာတို့ပင့်ဖိတ်ရာသို့ အတူမကွာလိုက်ပါရသောကြောင့်လည်းကောင်း လုပ်ကျွေးပြုစုခြင်းသာဖြစ်သည်။

"ငါတို့မှာမူကား ထိုကဲ့သို့ မချီးမြှောက်၍ လုပ်ကျွေးပြုစုဖွယ်မရှိဟု ယူဆမှတ်ထင်ပြောဆိုချင်စရာဖြစ်နေပါသည်။ ထို့ကြောင့်ပင် ယင်းဆုလေးပါးကို စွန့်ပယ်လိုရခြင်း ဖြစ်ကြောင်းပါ ဘုရား"

"သို့ဆိုလျှင် ရယူလိုသော ဆုလေးပါးမှာကား- အဘယ်သို့ ဖြစ်ပေသနည်း ချစ်သားအာနန္ဒာ"

"မှန်လှပါ၊ ရယူလိုသော ဆုလေးပါးတို့မှာ-

"အရှင်မြတ်စွာဘုရားသည်၊အကျွန်ုပ်တာဝန်ယူ၍ လက်ခံထားအပ်သော ဒါယကာတို့၏ ဆွမ်းအလှူကို (လိုက်လျောလွယ်ကူ) ခံယူတော်မူအပ်ပါသော်လည်းကောင်း၊ ရပ်ဝေးရပ်နီးနေရာ အသီးသီးမှ ဒါယကာများတို့က အရှင်မြတ်စွာဘုရားအား ဖူးမြင်လိုသည့်အတိုင်း အကျွန်ုပ်၏ လျှောက်ထားမှုကို လက်ခံလိုက်လျော်နိုင်တော်မူပါသော်လည်းကောင်း။

"အကျွန်ုပ်သည် အရှင်မြတ်စွာဘုရားအား အကြောင်းအားလျော်စွာ ဆည်းကပ်ဖူးမြင်လိုသည့်အခါ ဆည်းကပ်ခွင့်ရနိုင်ပါသော်လည်းကောင်း၊ အကျွန်ုပ်ကွယ်ရာ အရပ်တစ်ပါးတို့၌ ဟောကြားအပ်သည်တို့ကို အကျွန်ုပ်အား ပြန်လည်သိကြားစေခြင်း ပြုနိုင်ပါသော်လည်းကောင်း ဖြစ်ပါသည် ဘုရား"

"ထိုဆုလေးပါးတို့ကိုကား-အဘယ်ကြောင့် ရယူလိုပေသနည်း ချစ်သား အာနန္ဒာ"

"မှန်လှပါ၊ သဒ္ဓါပသန္နရှိသော သူတို့သည် အရှင်မြတ်စွာဘုရားကို ပင့်ဖိတ်၍မရသောအခါ ထိုအကြောင်းကို အကျွန်ုပ်အား အသိပေးပြောကြားကြပါကုန်လတ္တံ့၊ ထို့အတူပင်လျှင် ရပ်နီးရပ်ဝေးမှ ပရိသတ်များကလည်း အရှင်မြတ်စွာဘုရားအား ဖူးမြင်ခွင့်မရနိုင်သည့်အခါ အကျွန်ုပ်ကိုပင် လာရောက်ချဉ်းကပ်ကြပါကုန်လတ္တံ့။

"ထိုအခါမျိုး၌ အရှင်မြတ်စွာဘုရားအထံမှ ထိုအခွင့်အရေးကို မရနိုင်ခဲ့ပါသော် ပရိသတ်အများတို့ကပင် "အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား အလွန်ရိုသေစွာ လုပ်ကျွေးပြုစုနေသူဖြစ်ပါလျက် မြတ်စွာဘုရားက သူ၏ ဆန္ဒကို မထောက်ညှာ၊ ဤရွေ့ဤမျှသော အခွင့်အလမ်းကိုပင် မလိုက်လျောနိုင်ရှိဘိသည်" ဟူ၍ ပြောဆိုကြဖွယ်ဖြစ်ပါသည်။

"ထို့နောက် အကျွန်ုပ်သည် တစ်စုံတစ်ခုသော ပြဿနာ၌ တိကျသေချာ မသိတတ်ဖြစ်နေ၍ အရှင်မြတ်စွာဘုရားအထံ ချဉ်းကပ်မေးမြန်းလိုသည့်အခါ ချဉ်းကပ်ခွင့်မရနိုင်ခဲ့ပါသော် ထိုအခက်အခဲကို မည်သို့မျှ မဖြေရှင်းနိုင်ဖြစ်နေပါမည်။ ထို့နောက် အရှင်မြတ်စွာဘုရား အခြားနေရာ၌ ဟောကြားခဲ့သော တရားကို အကျွန်ုပ်အား ပြန်လည်သိကြားစေခွင့် မရှိပါကလည်း သူတစ်ပါးတို့က–အရှင်အာနန္ဒာ၊ ဤဒေသနာကား သုတ်လော–ဝိနည်းလော–အဘိဓမ္မာလော စသည် မေးမြန်းလာလျှင် ဟုတ်တိုင်းမှန်ရာကို မည်သို့မျှ မဖြေကြားနိုင်ဖြစ်နေပါမည်။

"ထိုအခါမျိုး၌ ဆိုပါမူလည်း အရှင်အာနန္ဒာသည် မြတ်စွာဘုရားနောက်ပါးမှ အရိပ်ပမာ အစဉ်ပါရှိနေသူ မှန်ပါလျက် ဘုရားရှင့် ဒေသနာကိုရှိသေစွာမမှတ်မိ၊ သိသင့်လျက်နှင့်အမျှ မသိရာပလေ" ဟု ကဲ့ရဲ့ ရှုတ်ချဖွယ်ဖြစ်နေပါသည်။

"ထို့ကြောင့်ပင် ထိုဆုလေးပါးကို ရယူလက်ခံလိုခြင်း ဖြစ်ပါသည် ဘုရား"

ထိုအခါ၌ မြတ်စွာဘုရားက အရှင်အာနန္ဒာအား နှစ်လိုကြည်ဖြူစွာ ပြန်လည်မိန့်မြွက်တော်မူ၏။

"ကောင်းလှပြီ– ချစ်သားအာနန္ဒာ. . .သင်အလိုရှိအပ်သော ဆုလေးပါးကို ငါဘုရားပေးတော်မူမည်၊ သင်သည်လည်း ယနေ့မှအစပြု၍ ငါဘုရား၏ 'ဥပဋ္ဌာက' (အလုပ်အကျွေး) အဖြစ် ဆောင်ရွက်လေလော့. . ."

## တောင်းဆုပါရမီ ပြည့်အပ်ပြီ

ဘဒ္ဒကမ္ဘာမပေါ်ပေါက်သေးမီအခါကာလ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်ကတည်းကပင် လိုအင်ဆန္ဒ တောင့်တရည်သန်ခြင်းကြီးစွာ သဒ္ဓါရှိကျိုး နှစ်လိုမြတ်လိုခြင်း ကြီးစွာ မျှော်လင့်စောင့်စားလာခဲ့ရပေသော မြတ်စွာဘုရား၏ အလုပ်အကျွေး (ဥပဋ္ဌာက) ဆုသည် ထိုနေ့ထိုအချိန်တွင်ကား၊ အရှင်အာနန္ဒာအဖို့၌ လုံးဝဥဿုံပင် ပြည့်စုံဖြစ်ထွန်းခဲ့ရပေပြီ။

မြတ်စွာဘုရားရှင်ကို ဖူးမြော်ပူဇော်လိုသူများအား အခွင့်ရနိုင်စေကြောင်း အကူအညီကောင်းပေးနိုင်တော့မည်။

Royal Snow
Publications

မိမိမသိနားလည်သည့် ပြဿနာရပ် တရားသဘောများကို အနီးကပ် မေးမြန်းလျှောက်ထားခွင့်ရနိုင်တော့မည်။

မိမိကွယ်ရာ အခြားတစ်ပါးသောနေရာ၌ ဟောကြား (ဆိုဩွန်း) တော်မူခဲ့သော အကြောင်းခြင်းရာများကို သုတ် (သုတ္တန်–ဝတ္ထုဇာတ်ကြောင်း) လော၊ ဝိနည်းလော၊ အဘိဓမ္မာလော စသည်ဖြင့်လည်းကောင်း၊ အဘယ်အရပ် အဘယ်ဒေသ၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်အခြင်းအရာကို အကြောင်းပြု၍ ဟောကြားခဲ့ပါသနည်း စသည်ဖြင့်လည်းကောင်း၊ မေးမြန်းလျှောက်ထားခွင့် ရနိုင်ပေတော့မည်။

## အလုပ်အကျွေးတာဝန် ကျေပွန်ပြည့်စုံ

အရှင်အာနန္ဒာသည် ယင်းသို့လျှင် ဥပဋ္ဌာက အရာ (မြတ်စွာဘုရားရှင်၏ အလုပ်အကျွေးအဖြစ်) ကို နောက်နှောင်းပါရမီအားလျော်စွာခံယူရရှိသည်မှစ၍ လိုအပ်သမျှ တာဝန်များကို ဝမ်းမြောက်ကြည်နူးခြင်းကြီးစွာသော သဒ္ဓါတရားဖြင့် ကြိုးစားပြီး ဖြည့်ဆည်းဆောင်ရွက်အပ်ပေ၏။

## နံနက်ခင်းမှာ လျော်ကန်ရာ

နံနက်သောကာလ၌ မိမိက မြတ်စွာဘုရား၏အလျင် ကြိုတင်ပြီး နိုးထ၍ ဘုရားနေရာကို စင်ကြယ်စွာ တံမြက်လှည်းလျက် အထု အလတ် အပါးအားဖြင့် သုံးမျိုးသုံးစားသော ဒန်ပူကိုလည်းကောင်း၊ ရေပူရေအေးအားဖြင့် နှစ်ပါးသော မျက်နှာသစ် ရေကိုလည်းကောင်း အရန်သင့်တည်ထားကာ မျက်နှာသုတ်ပဝါဖြင့် စောင့်နေလင့်၏။

## မျက်နှာတော်သန့်စင် ဆွမ်းခံလျှင်

မျက်နှာတော်သစ်ပြီး ဘုရားနေရာ၌ စံပယ်တော်မူလတ်သော် ခြေတော်ကို ကောင်းစွာ သုတ်ပေးအပ်၏။ ထို့နောက် မိမိနေရာ၌ ယာဂုကို စီစဉ်ပြီး ဘုရားရှင်အထံ ကပ်လှူ၏။ မြတ်စွာဘုရား ဆွမ်းခံကြွတော်မူမည့်အခါ ရွာဝတ်သင်းပိုင်ကို

ပေးခြင်း၊ ကျောင်းဝတ်သင်းပိုင်ကို ခေါက်ထားခြင်း၊ မြတ်စွာဘုရားနေရာတော်ကို သိမ်းဆည်းခြင်းပြုပြီးမှ သပိတ်တော်ကို လွယ်လျက်လိုက်၏။

ဆွမ်းခံရာမှ ပြန်လာသောအခါ ဘုရား၏ နေရာတော်ကို ခင်းကျင်းပြီး သပိတ်သက်န်းများကို လှမ်းယူခြင်း၊ ယပ်လေခတ်ခြင်း၊ ဆွမ်းအဖျော်ဆက်ကပ်ခြင်း စသည်များ ပြုအပ်၏။

## ညချမ်းချိန်ခါ ကျိန်းစက်ရာ

ပစ္ဆာသတ္တ (ညဦးအချိန်) တိုင်လျှင် အစဦး ကျိန်းတော်မူမြဲဖြစ်သော ညောင်စောင်း အင်းပျဉ်ကို (သန့်ရှင်း) သပ်ရပ်စွာရှိစေရန် စီစဉ်ပြုလုပ်ထား၏။

မြတ်စွာဘုရား လှဲလျောင်းနားနေအပ်သောအခါ ယပ်လေခတ်ခြင်း၊ ခြေသုတ်ခြင်းစသည်များကို ပြုအပ်၏။ ဂန္ဓကုဋီမှ ထတော်မူသည့်အခါ သုံးတော်ရေ သောက်တော်ရေ တည်ခြင်း၊ နေရာခင်းခြင်း၊ တရားဟောပလ္လင်တည်ခြင်း သံဃာတို့ စည်းဝေးသည့်နေရာကို ရှင်းလင်းသုတ်သင်ခြင်းများ ပြုအပ်၏။

## လိုအပ်ရာရာ ဖြည့်စွမ်းကာ

ညချမ်းကာလ ဒေသစာရီမှ ပြန်လည်ကြွမြန်းတော်မူလာအပ်သည့်အခါ ခြေဆေးရေ၊ သုံးဆောင်ရေ၊ ချိုးရေ စသည့်ရေအေး၊ ရေနွေးများကို အရန်သင့်ဖြစ်စေခြင်း ခြေသုတ်ပုဆိုးလဲလှယ်ရန် သက်န်းစသည်များ ပြင်ဆင်ထားနှင့်ခြင်း မြတ်စွာဘုရား ရေချိုးသော်မူသည့်အခါ ချေးတွန်းပေးခြင်း မြတ်စွာဘုရားလျောင်းစက်သည့်အခါ အဝတ်ထူ အဝတ်ပါး ဟူသော လျော်ကန်ရာ အရုံဖြင့် ခြုံလွှမ်းပေးခြင်း ခြေနှင့်ဆုပ်လက်နယ်ပြုခြင်း စသည့် ဝတ်ကြီးဝတ်ငယ်များကို မြတ်စွာဘုရားအပေါ်၌ သဒ္ဓါရှိကျိုး နှစ်လိုမြတ်နိုးခြင်းကြီးစွာဖြင့်သာလျှင် တစ်နေ့မပြတ်ပြုစုလုပ်ကျွေးဆပ်ပေးသတည်း။

Royal Snow
Publications

သို့ဖြင့်ပင်လျှင် မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်သို့ ရောက်၍ သာဝကသန္နိပါတ (သံဃအစည်းအဝေးကြီး) ကို ပြုအပ်သောအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို များစွာသော အတ္ထုပ္ပတ္တိတို့ဖြင့် ချီးမွမ်းတော်မူ၍ ဓမ္မဘဏ္ဍာဂါရိက အရာ၌ ထားပြီးသော်–

**"ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဗဟုဿုတာနံ ဘိက္ခူနံ၊ သတိမန္တာနံ ဘိက္ခူနံ၊ ဂတိမန္တာနံ ဘိက္ခူနံ၊ ဓိတိမန္တာနံ ဘိက္ခူနံ၊ ဥပဋ္ဌာကာနံ ဘိက္ခူနံ၊ ယဒိဒံ အာနန္ဒော"** ဟူ၍ ဧတဒဂ်ထားတော်မူသည်။

"ငါ၏ချစ်သား ရဟန်းများကို့၊ ဤငါဘုရား၏ သာသနာတော်၌ များသောအကြားအမြင်ရှိကုန်သော ငါဘုရား၏ တပည့်ဖြစ်ကုန်သော ရဟန်းတို့တွင်၊ သတိရှိကုန်သော ရဟန်းတို့တွင်၊ ပညာရှိကုန်သော ရဟန်းတို့တွင်၊ တည်ကြည်သော သမာဓိရှိကုန်သော ရဟန်းတို့တွင်၊ အလုပ်အကျွေးဖြစ်ကုန်သော ရဟန်းတို့တွင်၊ အကြင်အာနန္ဒာသည် ရှိ၏။ ဤအာနန္ဒာမည်ခေါ် ငါ့ညီတော်သည် ကဲလွန်၏။ (အခြားသော ရဟန်းတို့ထက် သာလွန်၏။)

## အကြောင်းကြောင့် အကျိုးဖြစ်

ဤကား– အရှင်အာနန္ဒာ၏ ဘဝနောက်ကြောင်း ဆုတောင်းပါရမီခံရင်းမြစ်မူလသဘောဖြစ်သည်။ ပြုလုပ်အားထုတ်မှုဟူသော အကြောင်းတရားအရ (အကြောင်းတရားကြောင့်) ဖြစ်ထွန်းပေါ်ပေါက်လာအပ်သော (ပေါ်ပေါက်လာရသော) အကျိုးတရားစင်စစ် သဘောပေတည်း။

ကြောင်းကျိုးဆက်စပ်မှုဟူသော အပြန်အလှန်နည်းအားဖြင့်သော်–

အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်အာနန္ဒာတို့၏ ထူးမြတ်ခြင်းအဖြစ်မှာ စင်စစ် ထူးမြတ်ထိုက်၍သာ– "ထူးမခြားနား" ဆိုသည်မျိုး၊ အခြားသူတို့ထက် သီးသန့်ခြားနား ကွဲပြားထင်ရှားလာရခြင်း ဖြစ်ပေသည်။

## လောကသဘာဝ လူ့သဘာဝ

လူသည် ပင်ကို သဘောအားဖြင့်မူ "ဓမ္မဓိဋ္ဌာန်" ဟူသော အသိမှန် အမြင်မှန် ဖြစ်မြောက်နိုင်ခဲ့သည်။ သတိလက်လွတ် အမှတ်မထင် နေတတ်ခြင်းကြောင့်လည်းကောင်း၊ အတွေ့အကြုံနည်းပါးမှုကြောင့်လည်းကောင်း စာပေအသိပညာနှင့် ရင်းနှီးမှုနည်းပါးသောကြောင့်လည်းကောင်း ဖြစ်ပေသည်။

ထိုထိုချွတ်ယွင်းမှုများထဲတွင် အဆိုးဆုံး ချွတ်ယွင်းမှုမှာကား လူသည် "မိမိအမှားကို မိမိ" အမှန်အတိုင်း မသိနားမလည်တတ်ခြင်း၊ သိနားလည်သည့်တိုင်အောင်လည်း ရှိသားစွာ ဖွင့်ဟဝန်မခံလိုခြင်းပင် ဖြစ်သည်။

ထိုသဘာဝကြောင့်ပင် "မရိုးသား မဖြောင့်မှန်ခြင်း" ဟူသော နည်းပရိယာယ်အားဖြင့် မိမိ၏အကျင့်စာရိတ္တပျက်ပြားမှုကို ဖုံးကွယ်တတ်သည်။ ကျေးဇူးရှိသူများအပေါ် အမှန်အတိုင်း ထုတ်ဖော်ပြောကြားခဲ့လျှင် မိမိဘဝ သိမ်ငယ်နိမ့်ပါးသွားမည်စိုး၍ ထိုအကြောင်း ထိုအဖြစ်ကို ထိမ်ချန်ဖုံးကွယ်ထားတတ်သည်။

ထိုအခါ စာရိတ္တပျက်ပြားမှု (သို့မဟုတ်) မကောင်းမှုနှစ်ခု ထပ်မံပြီး ဆက်စပ်ပေါ်ပေါက်လာရပြန်သည်။

တကယ်တမ်း တော်မှန်းတတ်မှန်း သိနေရသော ဆရာ (ပညာရှင်) ကို အမှန်အတိုင်း ဖွင့်ဟပြောခဲ့လျှင် မိမိက လူညံ့ဖြစ်သွားရမှာစိုး၍ ထိမ်ချန်ဖုံးကွယ်ထားအပ်သောကြောင့် မိမိမှာ လောလောဆယ် ကောက်ကျစ်စဉ်းလဲသူ (လူလိမ် လူညာ) ဖြစ်မြောက်သွားရသောအဖြစ် သူတစ်ပါး၏ ကျေးဇူးတရားကို ချေဖျက်အပ်မှုကြောင့် မပြုကောင်းသည်ကို ပြုမှားမိခြင်း (ကျေးဇူးရှင်ကို ပြစ်မှားခြင်း) ဟူသော အမှားနှစ်မျိုးဖြစ်သည်။

ထိုအပြစ် (မကောင်းမှုနှစ်မျိုး) ကြောင့်ပင် ထပ်ဆင့်ပြီး အကျုံးဝင်သက်ရောက်လာတတ်သည့် စာရိတ္တပျက်ပြားမှုမှာကား "အတ္တုက္ကံသန - မိမိကိုယ် မိမိ မာန်မာန ခက်ထန်စွာဖြင့် ချီးမွမ်းပလွှားတတ်ခြင်း၊ ပရဝမ္ဘန သူတစ်ပါး၏ ဂုဏ်သိက္ခာကို ထိပါးပုတ်ခတ် ဖျက်ဆီးတတ်ခြင်း" များပင် ဖြစ်သည်။

## အပွစော်ခံ ဆရာငါးမျိုး

"ချစ်သား-မောဂ္ဂလာန်၊ ဤလောကၠိ အပွစော်ခံကြသော ဆရာကား- ငါးမျိုးပြားသတည်း၊ ထို ငါးမျိုးဟူသော်ကား မိမိ၌ စင်ကြယ်သော သီလမရှိဘဲလျက် သီလစင်ကြယ်လေယောင် ဆောင်လျက် သူတစ်ထူးအား လွန်ကြူးစွာကဲ့ရဲ့ရှုတ်ချကာ မြတ်သောအသက်မွေးမှုသည် ငါ့၌သာရှိ၏ ဟူ၍ အပွစော်ခံအပ်သော ဆရာလည်း တစ်မျိုး-

"မိမိ၌ မစင်ကြယ်သော အယူဝါဒ ဓမ္မဒေသနာသဘောရှိလျက် စင်ကြယ်ခြင်းရှိလေယောင် ဟန်ဆောင်ရုံမျှသာ မဟုတ်သေး၊ သူတစ်ထူးအား လွန်ကြူးစွာရှုတ်ချကဲ့ရဲ့ကာ မြတ်သော အယူဝါဒ ဓမ္မဒေသနာသည် ငါ့၌သာရှိ၏ ဟူ၍ အပွစော်ခံအပ်သော ဆရာလည်း တစ်မျိုး၊ မိမိ၌ မစင်ကြယ်သော ဉာဏ်အမြင်ရှိလျက် စင်ကြယ်၏ ဟု ဝန်ခံကာ ပရိသတ်အခြံအရံကို သွေးဆောင်သိမ်းသွင်းပြီး ဆရာတစ်ဆူ ပြုလုပ်နေအပ်သူလည်း တစ်မျိုး-

"မိမိ၌ မစင်ကြယ်သော ဗျာကရိဏ်းသင်ခြင်းရှိလျက် စင်ကြယ်သော ဗျာကရိဏ်းသင်ခြင်းရှိ၏ ဟူ၍ ပရိသတ်အခြံအရံကို သွေးဆောင်သိမ်းသွင်းပြီး ဆရာပြုနေသော ပုဂ္ဂိုလ်လည်း တစ်မျိုးဟူ၍ ဆရာမျိုး ငါးပါးကွဲပြားနေအပ်သတည်း။

"ထိုဆရာတို့အား မိမိ၏ တပည့်ရင်းဖြစ်သူများသည်ပင်လျှင် ကြောင်းကျိုးဆိုးကောင်းသဘောကို အမှန်အတိုင်း ဝေဖန်ဆင်ခြင် (သိမြင်) မိအပ်သောအခါ၌ ဂရဟိတအနာဒရ ဖြစ်တတ်လေကုန်သတည်း။

## မြင့်မြတ်ဖြောင့်မှန်ခြင်းကို အကြောင်းပြု၍

"ချစ်သား မောဂ္ဂလာန်၊ ငါဘုရားမှုကား- စင်ကြယ်သောအကျင့်ဟု ဆိုအပ်သော ပါတိမောက္ခရသံဂရသီလ၊ စင်ကြယ်သော အသက်မွေးခြင်းဟု ဆိုအပ်သော အာဇီဝပါရိသုဒ္ဓိသီလ၊ စင်ကြယ်သော အယူစကား၊ တရားဒေသနာ ဗျာကရိဏ်းသင်ခြင်း၊ စင်ကြယ်သော ဉာဏ်အမြင်ရှိသည်ဖြစ်၍ ငါသည် စင်ကြယ်သန့်ရှင်းအပြစ်ကင်းသော သီလအာဇီဝ၊ ဓမ္မဒေသနာ၊ ဝေယျာကရဏ၊ ဉာဏဒဿနရှိ၏ ဟု ဝန်ခံသတည်း။

Royal Snow
Publications

"ထို့ကြောင့်ပင်လည်း တပည့်သာဝကတို့သည် ငါဘုရားအား အဘိဂါရဝ-ပသံသတို့ဖြင့် ဆည်းကပ်ကြကုန်သတည်း" ဟု မိန့်တော်မူ၏။

ဤကား ဆန်းစစ်ဝေဖန်တတ်သူတို့၏ လှသသော လှသဘာဝ အကျဉ်းချုပ်ဖြစ်သည်။

လူသားများ ရာစုတို့ကို ပေါင်းရုံးလွှမ်းခြုံပြီး တင်စားခေါ်ဆိုအပ်သော လောက သဘာဝအားဖြင့်သော် လောကဟူသည် "လောကစရိုက်၊ အစဉ်လိုက်သည်၊ အမိုက်တုစ္ဆာ၊ လူတကာတို့ . . ." (မဟာဇနကပျို့) ဆိုသည်မျိုး၊ များရာစု လူသားတို့၏ အယူအဆ အကျင့်အကြံကို ဦးစားပေး အလေးထားတတ်ကြသည်။ အများအား လက်ခံရာကို အမှန်တရားအဖြစ် ယူဆယုံကြည်တတ်ကြသည်။ ထိုအယူအဆမျိုးကို ပိုမိုပြီး ကြီးမားခိုင်ကျည်သွားလေအောင် ထပ်ဆင့်ထောက်ကူ ပေးပြန်သည်မှာကား "ဂုဏဝဏ္ဏေ ပသန္တိ ဇနာ" ဆိုသည်ပင် ဖြစ်သည်။

"ဂုဏဝဏ္ဏေ ပသန္တိ ဇနာ" ဂုဏ်ရှိသောသူ၊ ဂုဏ်အရှိန်အဝါကြီးမြင့် ထင်ရှားသူများကို လူအများတို့သည် ရှုမြင်ဖူးမြော်လိုကြကုန်၏။ (ဂုဏ်သတင်း ကျော်စောထင်ရှားသူများ ပြုမူပြောဆိုသမျှကို ကောင်းမွန်မှန်ကန်သည် ထင်မြင်တတ်ကြ၏) ဆိုသောအခါ အတွင်းပိုင်း အနှစ်သာရသဘောကို အပေါ်ယံ ဟန်ဆောင်မှု ပကာသန (အကြံအဖန်) က ဖုံးလွှမ်းသွားသည်။

အမှန်အားဖြင့်ကား၊ ဂုဏ်အရှိန်အဝါ ရှိတိုင်းလည်း အမွန်အမြတ်မဟုတ်၊

ကျော်စောထင်ရှားတိုင်းလည်း ပညာရှိ-ပညာတတ် စင်စစ်မဟုတ်။

ပကတိသော ရိုးသားဖြောင့်မတ်မှုနှင့် စိတ်စေတနာမြင့်မြတ်သန့်စင်မှု သည်သာ အရင်းခံပဓာန အမှန်တရားဖြစ်သည်။

"ဂုဏဝဏ္ဏေ ပသန္တိ ဇနာ" ကြောင့် အမှန်တရား တိမ်မြုပ်သွားရသည်။

သို့လျှင် အမှန်တရား တိမ်မြုပ်သွားရသောကြောင့်ပင် ဂုဏဝဏ္ဏေပသန္တိဇနာ ဆိုသည်ကို အကြွင်းမဲ့လက်မခံဘဲ ကောင်းဆိုးမှားမှန် ဝေဖန်ပိုင်းခြားထိုက်သည်။

ဤသဘော-ဤရှုစမ်းဆင်ခြင်မှုနှင့် ပတ်သက်၍ နားခံတော်-ဦးရွှေနီ၏ "ပဉ္စပါပိရကန်" မှ အဆိုအညွှန်းတစ်ရပ်ကို ဖော်ပြပါရစေ။

Royal Snow
Publications

## စာကောင်းပေတဲ့ လူနေပွဲက ကဲ့ရဲ့တတ်ကြ

"ယခုအခါ၊ စာဆိုလုပ်ကြ၊ ဟုတ်သမျှကို ထုတ်ပြသဘော၊ ဝေကန်ပြောလိုက်မည်၊ လောကအဖြစ်လား၊ မနောသာထားကြတော့၊ တို့နည်းနယ၊ တို့ကာလကား၊ သဒ္ဒါကျမ်းပြု၊ အနက်ကိုရှုကြတော့၊ 'ဂုဏာဝဏ္ဏေ ပဿန္တိ ဇနာ'၊ ထိုသဒ္ဒါကဲ့သို့၊ စာကောင်းပေတဲ့၊ လူနေပွဲက၊ ကဲ့ရဲ့တတ်ကြ၊ စာမလှသော်လည်း၊ လူက ဂုဏ်ရောက်၊ မျက်နှာကို ထောက်၍၊ ချီးမြှောက်ညွတ်ညောင်း၊ စာသွပ်ဖောင်းကို၊ ကောင်းပေ့... ကောင်းပေ့...ထောမနာလေ့ကြသည်...။

"သိသရွေ့ ကြားသရွေ့၊ စကားကုန်တော့ပြီဘူး၊ နားအရှေ့-ဉာဏ်အနောက်၊ လူနေမြောက်-တောင်မှာစိတ်၊ ရိပ်မိသမျှ ဖော်မပြပြီဘူး၊ မိန်းမ ယောကျ်ား၊ သည်ပုံသာ-များကြသည်။

"များစေ-မြောင်စေ၊ လောကပေကို...၊ရေခွက်နှင့် ရေမှုတ်၊ ဂုဏ်နေယုတ်အောင်၊ ရေမှုတ်နှင့်ပေး၊ စိတ်မလေးပါဘူး၊ ရေအေးသည်သာ၊ ပဓာနမှန်၊ မယ်ပဉ္စရကန်ကို၊ ဝေဖန်ကုံးစီ၊ ကျူးရင့်သိသည်မှာ၊ ဘာဂီဝါသနာ၊ ပါခဲ့ရကား...၊

"ရကန်များကို၊ မာန်ကြွားသောကြောင့်၊ စိတ်မထောင့်ဘူး၊ ဖြောင့်ဖြောင့်ရိုးရိုး၊ ရှေးနည်းခို၍၊ အဖိုးထိုက်ထိုက်၊ ဆိုစလိုက်သည်၊ မကြိုက်သူရှောင်၊ ကြိုက်သူဆောင်လိမ့်၊ ရှောင်ရှောင်ဆောင်ဆောင်၊ ရကန်စာသွား၊ ကဗျာများကို၊ နားလည်ပုံပြု၊ အဆိုမှုမှာလည်း၊ တုတုပပ၊ ဆိုရွတ်ကြပေတဲ့၊ ခိပ္ပါယ အပျက်ပျက်နှင့်၊ နှုတ်တက်ရဆောင်။

"သည်လောက လူ့ဘောင်မှာ၊ အယောင်ဆောင်ကောင်းကြလျှင်၊ ဈေးကြောင်းပေါက်၊ တော်သူတော်၊ ဖတ်မှုနှင့် ရွတ်မှု၊ ရတုနှင့် ရကန်၊ အဲအန်နှင့် သာချင်း၊ မင်းသုံးစိုးသုံး၊ ထုံးနိဿယ၊ နည်းမရဘဲနှင့်၊ အာဂလူစိတ်စွဲ၍၊ ပွဲလမ်းဝင်အော်၊ နားရှိသူ ပုံမတော်၊ နားမဲ့သူ ဂုဏ်ပေါ်၍၊ စာသာ ချော်-ကံမချော်က၊ ကျော်ထင်ပွင့်လင်းလေး...။"

ယခုဖတ်ရှုပြီးခဲ့ရသည်များအရ နားခံတော် ဦးရွှေနီ၏ ဆိုလိုရင်းမှာ "ဂုဏာဝဏ္ဏေ ပဿန္တိ ဇနာ" ဟူသော အများအား စွဲလမ်းသတ်မှတ်ချက်ကြီးက

အင်အားကြီးမားစွာ လွှမ်းမိုးထားလေသောအခါ ဤလောကကြီး၌ 'မှန်'တိုင်းလည်း နေရာမရ၊ 'မှား'တိုင်းလည်း မသိမ်ငယ်၊ နေတတ် ထိုင်တတ် လိမ္မာပါးနပ်မှု (အခြေအနေ) အရသာ ဖြစ်နေရခြင်းသည် "လောက သဘော-လောကဖြစ်ရပ်" လားဟူ၍ပင် တွေးခေါ်ဆင်ခြင်ဖွယ်ဖြစ်နေသည်။

အထူးသဖြင့် ရတု၊ ရကန်၊ အဲ၊ အန်၊ သာချင်း စသည့် အနုပညာအလင်္ကာမှုပညာသည်တို့မှာ သူတို့သူတို့၏ "စာ"က အမှန်စင်စစ် ကောင်းနေသော်ငြား လူအတန်းအစားက အသည်ကပ်ပါး (အမှတ်မထားလောက်သူ) ဖြစ်နေခဲ့လျှင် ထင်ပေါ်ကျော်စောခွင့်မရနိုင်၊ မောဟာဂတိ (အမှန်အတိုင်းမသိတတ်သဖြင့်၊ လွဲမှားစွာ ဆုံးဖြတ်ခြင်း) အောက်တွင်သာ ပြားပြားဝပ်ပိနေတတ်သည်။ အဖိအနှိပ်ခံနေရသည်ကို ရည်ရွယ်ဆိုညွှန်းထားခြင်းဟု ဆိုနိုင်သည်။

## မောဟာဂတိ

မှန်ပါ၏။ "ဆန္ဒ၊ ဒေါသာ၊ ဘယာ၊ မောဟ" ဟူသော အဂတိတရားလေးပါးထဲတွင် "မောဟာဂတိ"သည် အဆိုးဝါးဆုံး၊ ကြောက်စရာအကောင်းဆုံးဟုပင် ဆိုနိုင်သည်။ ဆိုထိုက်နေသည်။

အဘယ့်ကြောင့်ဆိုသော် မောဟာဂတိဟူသည်-

> သုတမယ-စိန္တာမယဟူသော (သက်ကြီးစကား-သက်ငယ်ကြားဆိုသည့် အတွေ့အကြုံ-စာပေနည်းအားဖြင့် ရအပ်သော၊ စူးစမ်းဆင်ခြင်ပြီး ရရှိအပ်သော) အသိပညာများနှင့် ကင်းကွာနေအပ်သောကြောင့်လည်းကောင်း၊ မိမိကိုယ်တိုင်ကပင် ပကတိသော ရိုးသားဖြောင့်မတ်မှု မရှိခြင်းကြောင့်လည်းကောင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ ကြောက်ခြင်းဟူသော အကြောင်းများကြောင့်လည်းကောင်း၊ အမှန်စင်စစ် ဖြစ်သင့်ဖြစ်ထိုက်ရာ၊ လျော်ကန်လိုအပ်ရာအတိုင်း မဟုတ်မူဘဲ လွဲချော်တိမ်းပါး အမှားကို အမှန်၊ အမှန်ကို- အမှားဟု ဆုံးဖြတ်သတ်မှတ်နိုင်ခြင်းကြောင့် ဖြစ်သည်။ ယူဆထင်မြင်ဟတ်ခြင်းကြောင့် ဖြစ်သည်။

## မဟာပဒုမဇာတ် အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ မြတ်စွာဘုရားအလောင်းတော်သည် ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီး၏ သားတော်ဖြစ်၏။ မွေးဖွားဦးစအခါ၌ ပဒုမာကြာပွင့်နှင့် တူစွာသော မျက်နှာသွင်ပြင်ရှိအပ်သောကြောင့် "မဟာပဒုမသား"ဟု မည်တွင်၏။

ဗြဟ္မဒတ်မင်းကြီးသည် ထိုမင်းသား၏ မယ်တော်ဖြစ်သူ မိဖုရားခေါင်ကြီး နတ်ရွာစံသွားသည့်အခါ အခြားမင်းသမီးတစ်ဦးကို မိဖုရားပြု၍ သားတော် မဟာပဒုမမင်းသားအား အိမ်ရှေ့မင်းသားအဖြစ် ချီးမြှောက်အပ်နှင်း၏။

တစ်ရံခါသော် ဗြဟ္မဒတ်မင်းကြီး၏ တိုင်းနိုင်ငံ အစွန်အဖျား (ပစ္စန္တ ရစ်အရပ်)၌ ဆိုးခိုးလုယက် ဆူပူသောင်းကျန်းနေသည်များကို မင်းကြီးကိုယ်တိုင် ထွက်၍ နှိမ်နင်းတိုက်ခိုက်မည့်အခါ မိဖုရားဖြစ်သူက "မင်းကြီး...စစ်ထွက်နေစဉ်၌ သူ မနေရစ်ခဲ့ချင်၊ မင်းကြီးနှင့်အတူပင် စစ်မြေပြင်သို့ လိုက်ပါမည်" ဆိုလာ၏။

မင်းကြီးက "စစ်မြေဆိုသည်ကား အန္တရာယ်များလှသည်၊ နန်းတော်တွင်ပင် စံနေရစ်ခဲ့၊ အစစကိစ္စ လိုအပ်သမျှကို မဟာပဒုမမင်းသားအား မှာထားခဲ့မည်" ဆိုကာ ဆူပူသောင်းကျန်းနေသူများအထံ သွားရောက်နှိမ်နင်း၏။

သောင်းကျန်းနေသူများကို နှိမ်နင်းအောင်နိုင်ပြီး၍ နေပြည်တော်သို့ ပြန်လာသောအခါ မဟာပဒုမမင်းသားသည် ဖခမည်းတော်ကြီး၏ နန်းပြာသာဒ်နှင့်တကွ မြို့အလုံးကိုပင် ရှင်းလင်းသန့်စင် တန်ဆာဆင်ပြီးနောက် ဘုရင်ကြီး မြို့ရိုးပြင်ပ၌ စစ်သည်များနှင့်တကွ ရှိနေသေးစဉ်အချိန်မှာပင် မိထွေးတော်–မိဖုရားအထံသို့ သူတစ်ယောက်တည်းပင်လျှင် သွားရောက်ပြီး သတင်းပို့၏။

## ပျို့မျစ်နုနယ် တင့်တယ်သန့်စင်

ထိုအခါ၌ (ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော်) မဟာပဒုမမင်းသားသည် အသက်အရွယ်ငယ်သေးသည်နှင့်အမျှ ပျို့မျစ်နုနယ် တင့်တယ်သန့်စင်စွာသော အဆင်းအသွင်ရှိချေရကား...မိထွေးတော်ဖြစ်သော မိဖုရားသည် မဟာပဒုမမင်းသားအား မြင်လျှင်မြင်ချင်းမှာပင် နှစ်လိုတပ်မက်ခြင်းကြီးစွာဖြင့် ကြိတ်ပြီး ဦးညွှတ် (ရှိခိုး) နှင့်၏။

မဟာပဒုမမင်းသားက ထူးဆန်းအံ့ဩစွာဖြင့် "မယ်တော်–အသို့ပြုဘိ သနည်း" ဆို၏။ မိဖုရားက မင်းသား၏လက်ကို ရုတ်ခြည်း ဆွဲကိုင်လျက် "အဘယ့်ကြောင့် ငါ့ကို မယ်တော်ခေါ်ရသနည်း၊ လာ–ငါ့စက်ခန်းဆောင်သို့ လိုက်ခဲ့လော" ဆို၏။

"အို...မယ်တော်၊ အဘယ့်ကြောင့် စက်ခန်းဆောင်သို့ ခေါ်ပြန်ဘိသနည်း"

"သင့်–ဖခမည်းတော်မရောက်သေးမီအကြား သင်နှင့်ငါ မွေ့လျော်ကြ ကုန်အံ့"

"အို...မယ်တော်၊ အကျွန်ုပ်ကား အိမ်ထောင့်ရှင် (အမျိုးသမီး) ကို ဣန္ဒြေပျက်အောင်မျှပင် မကြည့်စဖူး။ သို့စင်လျက် ယခုကဲ့သို့ ဆိုးရွားညစ်ညမ်းစွာ သောအမှုကို အဘယ့်ကြောင့် ပြုတုံပါအံ့နည်း"

မိထွေးတော်–မိဖုရားက သုံးကြိမ်တိုင်အောင်ပင် ထပ်မံပြီး ဖြားယောင်း သွေးဆောင်၏။ မဟာပဒုမမင်းသားကလည်း မိဖုရား အလိုဆန္ဒကို မည်သို့မျှ မလိုက်ပါ၊ ငြင်းမြဲတိုင်းပင် ငြင်းဆန်၏။

မိဖုရားက နောက်ဆုံးအကြိမ်သဘောမျိုး မေးမြန်း၏။

"သင်မင်းသား...ငါ့စကားကို နားမထောင်ပြီလော"

"နားမထောင်နိုင်ပါ မယ်တော်"

"ကောင်းပြီ၊ သို့ဆိုလျှင် မင်းကြီး ပြန်ရောက်လာသည့်အခါ ငါ့စကား အရ သင့်ဦးခေါင်းကို ဖြတ်စေအံ့"

"မယ်တော်–ပြုချင်သလို ပြုလေတော့..."

ထိုအခါ၌ မိဖုရားသည် စိတ်နှလုံးတုန်လှုပ်ချောက်ချားစွာဖြင့် "ဤ မင်းသားသည် ယခုအဖြစ်ကို မင်းကြီးအား အမှန်အတိုင်း ပြန်လည်လျှောက်ထား ချေက ငါ့အသက် မရှင်နိုင်ရာပြီ၊ ထို့ကြောင့် သူ့ထက်အလျင် ငါက ဦးနှင့် အောင် လုပ်ကြံလီဆယ်ပြီး လျှောက်ထားမှ ဖြစ်ချေတော့မည်" တွေးမိ၏။

သို့ဖြင့်ပင် သူ့ကိုယ်သူ လက်သည်းဖြင့် (ဒဏ်ရာအညိုအမည်းဖြစ်လေ အောင်) ကုတ်ခြစ်ဆိတ်ဆွပြီး ညစ်နွမ်းသော အဝတ်နွမ်းများကို ဝတ်ဆင်၏။ ဘုရင်ကြီး ပြန်ရောက်လာ၍ သူ့ကိုမေးလျှင် နာမကျန်းဖြစ်၍ အိပ်ရာထဲ၌ လဲလျောင်းနေသည်ဟု ပြောဆိုရန် အခြွေအရံ အစေအပါးများကို ပြောဆို မှာထား၏။

*Royal Snow*
*Publications*

ဘုရင်ကြီး သူ့ထံ ရောက်လာပြီး "အဘယ့်ကြောင့် နာမကျန်းဖြစ်ရသနည်း၊ ယခု အဘယ်သို့ ခံစားနေရသနည်း" မေး၏။

သုံးကြိမ်တိုင်အောင် မေးပြီးသောအခါမှ "အရှင်မင်းကြီး...အိမ်ထောင်ရှိသော မိန်းမ (လင်ယောကျ်ား-ရှိနေသောမိန်းမ) သည် အကျွန်ုပ်ကဲ့သို့ တစ်ကြိမ်တစ်ခါမျှ မဖြစ်စဖူး" ဟု ပြန်ပြော၏။

"ယခု-အဘယ်သို့ ဖြစ်ဘိသနည်း မိဖုရား"

"အရှင်မင်းကြီး...စစ်ထွက်သောအခါ အဘယ်သူကို အစောင့်ထားခဲ့သနည်း"

"ငါ့သားတော် မဟာပဒုမမင်းသားကို ထားခဲ့သည်"

"အရှင်မင်းကြီး...ထိုမင်းသားသည် အကျွန်ုပ်ထံသို့ လာရောက်၍ ဤသို့ဤပုံပြုလေသည်၊ အကျွန်ုပ်က အသင်၏အမိတော်ပါ၊ ဤသို့မပြုကောင်းပါဆိုသည်ကိုမျှ နားမထောင်၊ ငါ့အပြင် မည်သည့်'မင်း'ရှိသေးသနည်းဆိုကာ အကျွန်ုပ်အား သူ့အလိုသို့ လိုက်ပါရန် ပြုသည်ကို အကျွန်ုပ်က ငြင်းဆန်သည့်အတွက် ဤရွေ့ဤမျှသော ဒဏ်ရာများ ရပေသည်အထိ ရိုက်နှက်ပုတ်ခတ်သွားချေသည်" ဟု လျှောက်ထား၏။

ထိုအခါ၌ ဗြဟ္မဒတ်မင်းကြီးသည် ယမ်းပုံမီးကျပမာ ခက်ထန်ပြင်းပြစွာသော ဒေါသမျက်မာန်ဖြင့် "မဟာပဒုမမင်းသားကို ယခုချက်ချင်းပင် သွားရောက်ဖမ်းဆီးကြကုန်" ဟူ၍ မင်းလုလင်တို့အား စေလွှတ်၏။

မင်းလုလင်တို့သည် မင်းမိန့်အာဏာစက်အရ သွားပင်သွားလင့်ကစား မင်းသားအထံသို့ အချိန်ကြာမြင့်မှ ရောက်ကြပြီး ရာဇဝတ်သားတို့ ထုံးစံအတိုင်း နှောင်ကြိုးတည်းကာ ဘုရင့်ရှေ့တော်မှောက်သို့ ခေါ်လာကြ၏။

မဟာပဒုမမင်းသားက ဤသို့ဖြစ်ရခြင်းသည် မိထွေးတော်၏ မဟုတ်မတရား လိဆယ်လျှောက်တင်မှုကြောင့်သာ ဖြစ်ရကြောင်း တွေးကြံဆင်ခြင်မိ၏။ ထို့ကြောင့်ပင် "အမောင်တို့...ငါသည် ဖခမည်းတော်အား တစ်စုံတစ်ရာမျှ ပြစ်မှားခြင်း မပြု၊ ငါ့တွင် မည်သို့မျှ အပြစ်မရှိ" ဟု ပြောဆိုပြီး လိုက်ပါလာ၏။

ထိုအခါ၌ မဟာပဒုမမင်းသား၏ အဖြစ်ကို တွေ့မြင်ကြရကုန်သော ပြည်သူအပေါင်းတို့သည် မင်းသား၏ ကောင်းမြတ်စွာသော စာရိတ္တကို အနည်း

နှင့်အများ သိကြားထား.ကြသောကြောင့်လည်းကောင်း၊ ရာဇဝတ်သားအဖြစ်ဖြင့် တွေ့မြင်ကြရသည်ကို သနားကြင်နာခြင်းကြောင့်လည်းကောင်း ဝမ်းနည်းကြေကွဲခြင်း ကြီးစွာ ငိုကြွေးကြကုန်လျက်-

"ငါတို့မင်းကြီးသည် မိန်းမစကားကို တစ်ဖက်သတ် ယုံစားပြီး မဟာပဒုမမင်းသားကို သတ်ဖြတ်ချေတော့မည်တကား. . ." ဆိုကာ မဟာပဒုမမင်းသား၏ခြေရင်း၌ ဝပ်စင်းငုံ့လျှိုးကြကုန်၏။

"အရှင့်သား. . .ဤသို့သော အပြစ်သည်ကား အရှင့်သားနှင့် မည်သို့မျှ မဆက်စပ် မလျော်ကန်ပါချေတကား. . ." ဟူ၍လည်း ပြောဆိုမြည်တမ်းကြကုန်၏။

မြင်မြင်သမျှသော ပြည်သူအပေါင်းတို့ ထိုရွေ့ထိုမျှပင် ကြေကွဲဝမ်းနည်းစိတ်ဆင်းရဲခြင်းကြီးစွာ ထိခိုက်ခံစားနေရသော်ငြား 'ရာဂုမ္ဘတ္တက'ဆိုရမည့် ဗြဟ္မဒတ်ဘုရင်ကြီးအဖို့မှာမူ မဟာပဒုမမင်းသားကို တွေ့ရသည့်တစ်ပြိုင်နက် သူ၏ဒေါသမာန်ကို မည်သို့မျှ သည်းမခံ မချုပ်တည်းနိုင်ဘဲ-

"ဤသူ 'မဟာပဒုမမင်းသား'သည် မင်းမဟုတ်ပါဘဲလျက် မင်းကျင့်ကို ကျင့်သည်၊ ငါ၏သားစင်စစ်ဖြစ်လျက်ပင် ငါ့မိဖုရားအား ပြစ်မှားကျူးလွန်ဘိသည်၊ ထို့ကြောင့် 'သင်း'အား ခိုးသူသတ် တောင်ချိုင့်တွင်း၌ ပစ်ချပြီး သတ်စေ. . ." ဟူ၍ မင်းမိန့်ထုတ်၏။ မဟာပဒုမမင်းသားက "ခမည်းတော်မင်းကြီး၊ အကျွန်ုပ်၌ ဤသို့သော အပြစ်မရှိ၊ မိန်းမစကားကို တစ်ဖက်သတ် ယုံစား၍ အကျွန်ုပ်အား မဖျက်ဆီးပါလင့်" ဟူ၍ တောင်းပန်၏။

တစ်သောင်းခြောက်ထောင်သော နန်းတွင်းသူအပေါင်းတို့ကည်း "ချစ်ရှင်မွေးဘ-ပဒုမ . . .၊ ဤသို့သောအပြစ်သည်ကား စင်စစ်-အရှင့်သားနှင့် မထိုက်တန်ချေပါတကား" ဆိုကာ ရှိုက်ကြီးတငင် ငိုကြွေးကြကုန်၏။

ထိုအခါ ခပ်သိမ်းသော မင်းဆွေစိုးမျိုး မှူးမတ်ဗိုလ်ပါ သူဌေးသူကြွယ် ပုဏ္ဏား စ,သူတို့သည် ဗြဟ္မဒတ်မင်းကြီးအား ဤသို့လျှင် တညီတညွတ်တည်း ဝိုင်းဝန်းပြီး ပြောဆိုကြကုန်၏။

"အရှင်မင်းကြီး . . .၊ အရှင်မင်းကြီး၏ သားတော်သည်ကား သီတင်းသီလ ကိုယ်ကျင့်တရား ဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ မိမိ၏အမျိုးအနွယ်ကို

စောင့်၏၊ ပြည့်စည်းစိမ်ဟူသော အမွေကို ခံယူထိုက်သူဖြစ်၏၊ မိန်းမစကားကို တစ်ဖက်သတ်ယုံစားကာ မစူးစမ်း မဆင်ခြင်ဘဲ အမှားအမှန်ကို မဝေဖန် မစိစစ်ဘဲ မျက်တော်မမူအပ်၊ မင်းတို့မည်သည်ကား မည်သည့်အမှု၌ပင်ဖြစ်စေ– ဝေဖန်ပိုင်းခြား စဉ်းစားချင့်ချိန်ခြင်းမရှိဘဲ မပြုသင့်ကောင်း” စသည်ဖြင့် ဤသို့သော သိအပ်မှတ်ထိုက် ကျင့်သုံးလိုက်နာဖွယ် ခုနစ်ပါး(ခုနစ်ရပ်) ကို ဆက်လက်ဆိုညွှန်းကြကုန်၏။

## သိအပ်မှတ်ဖွယ်၊ ခုနစ်သွယ်

“အရှင်မင်းကြီး . . .မြေကြီးအရှင် ‘မင်း’မည်သည်ကား သူ့အပြစ်ကို အတပ်အရင်း မမြင်ဦးဘဲကို ဒဏ်မထားအပ်၊ အပြစ်ကို မြင်ပြီးသော်လည်း ငယ်သောအပြစ်၊ ကြီးသောအပြစ်ကို ရှု၍ မဆင်ခြင်ဦးဘဲ ဒဏ်မထားအပ်၊ သူတစ်ဖက်သားဆိုသော စကားကို ကြားသော်လည်း ကိုယ်တိုင် သိလျှင်းအောင် မပြုဦးဘဲလျှင် ဒဏ်ကို မထားအပ်ဟူသတည်း။

“မဟာသမ္မတမင်းဖြစ်သောအခါကား ရိုက်ခတ်ခြင်း၊ ကဲ့ရဲ့ခြင်းနှင့် ဖြိုခြင်း (နှင်ထုတ်ခြင်း) မျှသာတည်း။ ထို့ထက်လွန်သော ဒဏ်မရှိ၊ လက်ဖြတ်ခြင်း–ခြေဖြတ်ခြင်း အစရှိသည်တို့သည်ကား နောက်ပြီးမှ ကြမ်းကြုတ်သော မင်းတို့၏ကာလ၌ ဖြစ်သတည်း။ ထိုဒဏ်ကို ရည်၍ ထိုအမတ်တို့သည် စင်စစ်လျှင် သူ၏အပြစ်ကို မမြင်ဘဲ မပြုအပ်ဟု ဆိုကုန်သတည်း။

“ထိုမှတစ်ပါးလည်း အရှင်မင်းကြီး . . .အမှန်အကန် မစူးမစမ်း မဆင်ခြင်ဦးဘဲ၊ အနေကျ မသိဦးဘဲကို ဒဏ်ထားသော မင်းသည်ကား အဂတိလေးပါး၌ တည်သည်ဖြစ်၍ မိမိ၏ဆင်းရဲအံ့သောအကြောင်းကို ပြုသောကြောင့် ဆူးနှင့်တကွကို မျိုသည် မည်၏။ အမိဝမ်းတွင်းမှပင် ကန်းလာခဲ့သော ဝမ်းတွင်းကန်းသည် တစ်စုံတစ်ရာကို မမြင်သည်ဖြစ်၍ (ဝမ်းတွင်းမှပင် ကန်းလာသူကဲ့သို့) ယင်နှင့်တကွသော ထမင်းကို စားသည်မည်၏။

## ဝမ်းတွင်းမှပင် ကန်းလာသူကဲ့သို့

"ထိုမှတစ်ပါး–အရှင်မင်းကြီး . . . မစူးစမ်းဘဲ ပြုမှုကား ဒဏ်မထိုက်သောသူကိုမူလည်း ဒဏ်ပေးမိ၏။ ဒဏ်ထိုက်သောသူကိုသော်လည်း ဒဏ်မပေးဘဲ ပြုတတ်၏။ ထိုသို့ပြုသော မင်းသည်ကား ဝမ်းတွင်းကပင် ကန်းလာခဲ့သော သူသည် ညီသည် မညီသည်ကို မသိသည်ဖြစ်၍ မညီသော ခရီးကို ညီသော ခရီးမှတ်၍ သွားမှားလေသော်ကား ဤပြင်းစွာသော ဆင်းရဲသို့ ရောက်သကဲ့သို့ မသင့်သည်ကိုလည်း မသိ၊ သင့်သည်ကိုလည်း မသိမူ၍ မသင့်သည်ကို အသင့်မှတ်၍ပြုသော် ပစ္စုပ္ပန်သံသရာနှစ်ပါးလုံး၌ ကြီးစွာသော ဆုံးရှုံးခြင်း၊ ပျက်စီးခြင်းသို့ ရောက်ရာ၏။

"ထိုမှတစ်ပါး၊ အရှင်မင်းကြီး . . . အကြင်မင်းသည် ဒဏ်ထိုက်သောအမှု၊ ဒဏ်မထိုက်သောအမှုကိုလည်းကောင်း၊ ကြီးသောအပြစ်–ငယ်သောအပြစ်ကိုလည်းကောင်း၊ အမှန်အကန် စူးစမ်း၍ ကောင်းစွာ မြင်ပြီးမှလျှင် ဆုံးမ၏။ ထိုသို့သော မင်းသည်လျှင် သဘောအားဖြင့် ပြည့်စည်းစိမ်ကို ဆုံးမထိုက်သည် မည်၏။

"ထိုမှတစ်ပါး–အရှင်မင်းကြီး . . . ခပ်သိမ်းသော သတ္တဝါတို့သည်ကား အချင်းခပ်သိမ်း အနူးအညွတ်ကိုသာပြု၍လည်း ထိုသို့မရသေးသော စည်းစိမ်ကို ရစေ၍၊ ရပြီးသော စည်းစိမ်ကို မြဲစေ၍၊ မိမိကိုယ်ကို ကြီးစွာသော မင်းစည်းစိမ်၌ တည်စိမ့်သောငှာ မတတ်နိုင်၊ အချင်းခပ်သိမ်း အကြမ်းအခက်အထန်ကိုသာ ပြု၍လည်း တည်စိမ့်သောငှာ မတတ်နိုင်၊ ထို့ကြောင့် နူးညံ့ကောင်းသော အရာ၌လည်း နူးညံ့အောင်ပြု၍၊ ထက်ကောင်းသော အရာ၌လည်း ထက်အောင်ပြု၍ ကျင့်မှလျှင် မိမိကိုယ်ကို မြတ်သော ကြီးစွာသော စည်းစိမ်၌ တည်စေနိုင်၏။

## မနုံ့မထက်–မညံ့မဖျင်းသာလျှင်

"ထိုမှတစ်ပါး– အရှင်မင်းကြီး . . . ပြည်ကြီးအရှင်မင်းဟူသည်ကား နူးညံ့လွန်းသည်လည်း မကောင်း၊ ထက်လွန်းသည်လည်း မကောင်း၊ နူးညံ့လွန်းမှုကား တိုင်းကား နိုင်ငံသားတို့၏ နိုပ်စက်ရာဖြစ်၏။ မင်း

မပြုနှင့်ဟူ၍ ပြည်မှ နှင်ထုတ်လိုသော်လည်း နှင်ထုတ်နိုင်လေ၏။ အလွန် ထက်လွန်း ပချေလျှင်လည်း ရန်များ၏။ ခပ်သိမ်းသော တိုင်းကား နိုင်ငံသား အလုံးပင် ရန်သူဖြစ်၍ အကျိုးစီးပွားမှ ယုတ်ရာ၏။ ထို့ ကြောင့် မနဲ့မထက် မညံ့မဖျင်းလျှင် 'မင်း'ပြုရာ၏။ ထိုသို့သော မင်းတို့ သည်ကား စည်းစိမ်ရှင်သည် ဖြစ်ရာ၏။

"ထိုမှတစ်ပါး၊ အရှင်မင်းကြီး...လောဘရမ္မက်အားဖြင့် တပ် သောသူတို့သည်လည်း ဟုတ်သည့်စကား၊ မဟုတ်သည့်စကာများကို များစွာဆိုတတ်၏။ အမျက်ထွက်တတ်သော သူတို့သည်လည်း ထိုသို့ လည်းကောင်း များစွာဆိုတတ်၏။ ထို့ကြောင့်ရကား...အရှင်မင်းကြီး... မိန်းမစကားကို ယူ၍ အမျိုးအနွယ်အစဉ်အဆက်ကို စောင့်ပေတတ် သော၊ ထီးဖြူအမွေကို ခံထိုက်သော သားကောင်းကို သတ်တော်မမူ ကောင်း" ဟု ဆိုကုန်သည်။

ဤသို့လျှင် အထူးထူးသော အခြင်းအရာတို့ဖြင့် ပြည်သူတို့သည်(က) ဆိုကုန်သော်လည်း စကားကို ယူစိမ့်သောငှာ (ပြည်သူတို့၏ ထိုစကားကို ဗြဟ္မဒတ်မင်းကြီး လက်ခံလိုက်နာစိမ့်သောငှာ) မတတ်စွမ်းနိုင်ကုန်။ သို့ဖြင့်ပင် ဗြဟ္မဒတ်မင်းကြီးသည် ထိုမင်းသား "မဟာပဒုမ"ကို ခိုးသူသတ် တောင်ချိုင့် တွင်းသို့ ပစ်ချစေရန်အတွက် ဤသို့ဆို၏။

"မင်းသားဘက်ကချည်း တစ်ဖက်သတ် ဖြစ်နေသည်။ ထို့ကြောင့် ယခု အများပြောကြသည့် စကားမှာ မင်းသားဘက်ကချည်း ဖြစ်နေသည်။ မိဖုရားဘက်မှကား တစ်ဦးတစ်ယောက်မျှမရှိ။ ထို့ကြောင့် ဤတစ်ဖက် သတ် စကားကို ငါ လက်မခံနိုင်၊ မင်းသားကို ယခုပင်လျှင် ခိုးသူသတ် တောင်ချိုင့်တွင်းသို့ ပစ်ချစေ..."

ထိုအခါ၌ တစ်သောင်းခြောက်ထောင်သော နန်းတွင်းသူအပေါင်းတို့တွင် တစ်ဦးတစ်ယောက်မျှသည်လည်း မိမိကိုယ်မိမိ မထိန်းချုပ်နိုင်၊ မျက်ရည်ဖြိုင်ဖြိုင် ကျမျှ မဟုတ်သေး။ မင်းလုလင်များ ဖမ်းဆီးခေါ်ဆောင်သွားသော "မဟာပဒုမ မင်းသား" နောက်သို့ ဦးဆံဖားလျား ကိုယ်ဝတ်ဖရိုဖရဲဖြင့် ထက်ကြပ်မကွာ ပြေးလွှားလိုက်ပါကြကုန်၏။

သူတို့ (နန်းတွင်းသူများ)သာ မဟုတ်၊ များစွာသော ပြည်သူအပေါင်းတို့သည်လည်း မျက်ရည်အသွယ်သွယ် တုန်လှုပ်ချောက်ချားခြင်းကြီးစွာဖြင့် အလောင်းတော်မင်းသားနောက်သို့ သူ့ထက်ငါဦး ပြေးလွှားလိုက်ပါကြသည်ချည်း ဖြစ်ချေ၏။

ထိုဖြစ်ရပ်– ထိုအခြေအနေအတွက်ပင်လျှင် ဗြဟ္မဒတ်မင်းကြီးသည် ရုတ်ခြည်းသဘောမျိုး . . . ဤသို့ သတိရတွေးကြံလိုက်မိ၏။

"ငါ့သားအတွက် ပြည်သူများ ဤရွေ့ဤမျှလောက်အထိ စိတ်ချောက်ချားနေကြချေသော် သူ့အား ခိုးသူသတ် တောင်ချိုင့်တွင်းသို့ပင် ပစ်ချဖြစ်မည် မဟုတ်၊ ပြေးလွှားလိုက်ပါကြသည်ချည်း ဖြစ်ချေ၏။ ငါကိုယ်တိုင်ပင်လျှင် လိုက်ပါပြီး ကြပ်မတ်စေခိုင်းမှ ဖြစ်ချေမည်"

သို့ဖြင့်ပင်လျှင် ဗြဟ္မဒတ်မင်းကြီးသည် ပြည်သူအပေါင်းတို့သည်း လှိုက်အူပါ ငိုကြွေးမြည်တမ်းနေသည့်ကြားမှ အလောင်းတော်မင်းသားအား ခိုးသူသတ် တောင်ချိုင့်တွင်းသို့ ဦးစောက်ကျွမ်းပြန်ပြုကာ ပစ်ချစေ၏။

## အရှင်သာရိပုတ္တရာအလောင်းတော်

ထိုအခါ၌ မင်းသား၏ မေတ္တာအာနုဘော်ကြောင့် တောင်စောင့်နတ်သည် "အသင်–မဟာပဒုမမင်းသား၊ မကြောက်လင့်" ဟု အားပေးနှစ်သိမ့်ကာ မင်းသား၏ ကိုယ်ကို ပိုက်ဖက်ပွေ့ချီပြီး တောင်အောက်ခြေမှ နဂါးမင်း၏ ပါးပျဉ်းထက်၌ တင်ထားအပ်၏။

နဂါးမင်းလည်း မဟာပဒုမမင်းသားကို မိမိစံရာ နဂါးပြည်သို့ ခေါ်ဆောင်သွားပြီးနောက် ပြည့်စည်းစိမ်ကို ထက်ဝက်ခွဲပြီး ပေးပေ၏။

ဘုရားလောင်း (မဟာပဒုမမင်းသား)သည် နဂါးပြည်၌ တစ်နှစ်ခန့်ကြာမြင့်သွားသောအခါ နဂါးမင်းအား မိမိ လူ့ပြည်သို့ သွားလိုကြောင်း ပြောဆို၏။

"လူ့ပြည် အဘယ်အရပ်သို့ သွားမည်နည်း"

"ဟိမဝန္တာတောသို့သွား၍ ရဟန်းပြုပါအံ့"

"ကောင်းပြီ၊ လူ့ပြည်သို့ရောက်အောင် အကျွန်ုပ်လိုက်ပို့ပေးပါအံ့"

နဂါးမင်းသည် အလောင်းတော်မင်းသားအား လူ့ပြည် လူ့ဘေသ ဟိမဝန္တာတောသို့ ကောင်းစွာပင် ပို့ဆောင်ပေး၏။ ရဟန်း ပရိက္ခရာများကိုလည်း

တစ်ပါတည်းပင်လျှင် အားလုံးပြီးပြည့်စုံအောင် စီစဉ်ဖန်တီးပေးပြီးနောက် မိမိနေရာသို့ ပြန်လာခဲ့၏။

ဘုရားအလောင်းတော်သည် ထိုဟိမဝန္တာတော၌ ရသေ့ ရဟန်းပြုပြီးသောအခါ အကျင့်အားလျော်စွာလျှင် ဈာန်အဘိညာဏ်တို့ကို 'ရ'ပြီးနောက် သစ်သီးဆွမ်းအာဟာရဖြင့် မိမိ၏ကိုယ်ခန္ဓာကို လျော်ကန်သလို ထိန်းကျောင်းစောင့်စည်းနေအပ်ပေ၏။

တစ်နေ့သောအခါတွင်ကား တောလည်မုဆိုးတစ်ဦးသည် အလောင်းတော် ရသေ့၏ ကျောင်းသင်္ခမ်းသို့ ကြိုတင်ကြံစည်ခြင်း မရှိပါဘဲလျက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ၏။

ထိုမုဆိုးသည် ဗာရာဏသီပြည်သားဖြစ်ခြင်းကြောင့် မဟာပဒုမမင်းသားကို မှတ်မိကာ "အရှင်ရသေ့သည် မဟာပဒုမမင်းသား မဟုတ်ပါလော" မေး၏။

အလောင်းတော်–ရသေ့က "ပဒုမမင်းသား" ဟုတ်မှန်ကြောင်း ပြန်ပြောသည့်အခါ ဝမ်းမြောက်ခြင်းကြီးစွာဖြင့် ထိုကျောင်းသင်္ခမ်း၌ လေးငါးရက်မျှနေပြီးနောက် ဗာရာဏသီပြည်သို့ ပြန်သွား၏။

ထို့နောက် ဗြဟ္မဒတ်မင်းကြီးအထံ ဝင်ရောက်ပြီး "အရှင်မင်းကြီး... အရှင်မင်းကြီး၏သားတော် (မဟာပဒုမမင်းသား) သည် ဟိမဝန္တာတော၌ ရသေ့ရဟန်းပြုနေဘိသည်၊ အကျွန်ုပ်သည် သူ၏ကျောင်းသင်္ခမ်း၌ လေးငါးရက်ကြာမျှနေခဲ့ပါသည်" လျှောက်ထား၏။

မင်းကြီးက ထူးဆန်းအံ့သြစွာဖြင့်...

"အသင်...မျက်မှောက်ထင်ထင် တွေ့မြင်ခဲ့ရပေသလော" မေး၏။ မုဆိုးက ရဲဝံ့တည်ငြိမ်စွာဖြင့် "မြင်ခဲ့ရပါကြောင်း" ပြန်ပြောသောအခါ ဗြဟ္မဒတ်မင်းကြီးသည် ထိုမုဆိုးအား လမ်းပြအဖော်ပြုလျက် စစ်သည်ရဲမက်များနှင့်အတူ မဟာပဒုမမင်းသား (ရသေ့) အထံသို့ အမြန်ဆုံး ရောက်သွား၏။

ထိုအခါ၌–

နဂိုကတည်းက မြင့်မြတ်စွာသော ကိုယ်ကျင့်တရားနှင့် စိတ်ထားစေတနာအရ မျက်နှာသွင်ပြင် ကြည်လင်ဝင်းပလှသည့် မဟာပဒုမမင်းသားသည် ရသေ့ရဟန်းတို့၏ အကျင့်သီလကြောင့်လည်း ပကတိသော ရွှေဆင်းတုနယ်ပင် ပို၍ကဲ၍သာ ကြည်လင်သန့်စင်နေလေရကား...

ဗြဟ္မဒတ်မင်းကြီးသည် ထို–သားရသေ့သူတော်စင်အား ကျောင်းသခ်မ်းဦး၌ တွေ့လျှင် တွေ့ချင်းပင် ဦးခေါင်းညွတ်လျက် ပျပ်ဝပ်ရိုသေစွာ ရှိခိုးအပ်ပေ၏။ ဖခမည်းတော် ဗြဟ္မဒတ်မင်းကြီး၏ ထိုအပြုအမူအတွက် မဟာပဒုမရသေ့ကလည်း မင်းကြီးအား နှစ်လိုလေးစားစွာပင် ပြန်လည် အသိအမှတ်ပြုအပ်ပေ၏။

ဗြဟ္မဒတ်မင်းကြီးက သားရသေ့၏ မျက်နှာကို စေ့စေ့ကြည့်လျက် "နောင်တ" ရမိလေဟန်ဖြင့်–

"ချစ်သား...အသင့်ကို နက်ရှိုင်းလှစွာသော တောင်ချောက်တွင်းသို့ ပစ်ချဘိသည် မဟုတ်လော၊ သို့စင်လျက် သင်ချစ်သားသည် အဘယ့်ကြောင့် အသက်မဆုံးရှုံးရလေသနည်း" မေး၏။

မဟာပဒုမ–ရသေ့က တောင်စောင့်နတ်မှတစ်ဆင့် နဂါးပြည်သို့ ရောက်ရပုံ၊ ယခု–ဟိမဝန္တာတောသို့ ရောက်ကာ ရသေ့ ရဟန်းပြုပုံများကို အစဉ်အား လျော်စွာ ပြန်လည်ပြောပြ၏။

ထိုအခါ၌ ဗြဟ္မဒတ်မင်းကြီးသည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ဘိ၍ "ချစ်သား...ငါသည် မိုက်မဲတွေဝေခြင်းအဖြစ်ကြောင့် ယခုကဲ့သို့လျှင် သီလအာစာရဂုဏ်ကျေးဇူးနှင့် ပြည့်စုံစွာသော ချစ်သားအပေါ်၌ ပြစ်မှားမိချေသည်၊ ငါ့အပြစ်ကို သည်းခံပါလော့..." ဆိုကာ သားရသေ့၏ ရှေ့မှောက်တွင် ငုံ့လျှိုးပျပ်ဝပ်ခြင်းပြု၏။

ဘုရားလောင်းက "ထ,တော်မူလော့ မင်းကြီး၊ မင်းကြီး၏ အပြစ်ကို 'ငါ' ကောင်းစွာ သည်းခံပါ၏၊ ယခုအခါမှ စ၍ တစ်ဖန်ကား ထိုသို့လျှင် မစူးစမ်း၊ မဆင်ခြင်မှုကို မည်သည့်အခါမှ မပြုလေနှင့်တော့..." ဆို၏။

"ကောင်းလှပေပြီ ချစ်သား...၊ ယင်းသို့တပြီးကား–ချစ်သားသည် ငါ့အထံသို့ တစ်ဖန်ပြန်၍ "ဗာရာဏသီပြည့်ရှင်မင်းအဖြစ်" ပြုပါလော့၊ ဤ–တောကောင်း၌ နေ၍ အဘယ်သို့ ဖြစ်နိုင်ပါအံ့နည်း"

"သြော်- ခမည်းတော်မင်းကြီး၊ သည်းခံပါလော့၊ ထိုသို့ကား မဖြစ်နိုင်ပြီ။ ပြည့်ရှင်မင်းတို့၏ စည်းစိမ်ချမ်းသာဟူသည် 'မြား'ကို မျိုမိသူကဲ့သို့သာ ဖြစ်ချေ၏။ 'မြား'ကို မျိုမိသူသည် ထို'မြား'နလုံးသည်းပွတ်သို့ မရောက်သေးမီ၌

လျှင် 'မြား'ကို သွေးနှင့်တကွ (သွေးလိမ်းကျံနေသော) ပြန်၍ ထုတ်ယူနိုင်မှသာ အသက်ချမ်းသာရာ ရအပ်သကဲ့သို့ ပြည့်ရှင်မင်းတို့၏ စည်းစိမ်ချမ်းသာဟူသည် ကိုလည်း ငါသည် ထိုအတိုင်းပင် ထင်မှတ်အပ်ပေ၏"

"အသင်-ချစ်သား...

(၁) အဘယ်ကို 'မြား' ဟူပါသနည်း။

(၂) အဘယ်ကို 'သွေးနှင့်တကွ' ဟူပါသနည်း။

(၃) အဘယ်ကို 'ထုတ်ယူခြင်း' ဟူပါသနည်း။

"ဤ-အကြောင်းခြင်းရာကို ငါ့အား ရှင်းလင်းသေချာစွာ ကွဲပြားခြားနားစွာ ပြောပြပါဦးလော့"

"ကောင်းပါပြီ-ဖခမည်းတော်မင်းကြီး၊ ငါးပါးသော ကာမဂုဏ်ချမ်းသာဟူသည် 'မြား'လက်နက်ဖြစ်ပါချေ၏။ ဆင်၊ မြင်း၊ ရထား အစရှိသော မင်းတို့၏ အသုံးအဆောင် ဝတ္ထုပစ္စည်းများသည် 'မြား'၌ လိမ်းကျံကပ်ငြိနေအပ်သော 'သွေး'ဖြစ်ပါချေ၏။

"ထို-ကာမဂုဏ်ချမ်းသာ ငါးပါး (ပြည့်ရှင်မင်းတို့၏ စည်းစိမ်ချမ်းသာ)တို့ကို အကင်းအပြတ် စွန့်ပစ်ရှောင်ကြဉ်အပ်ခြင်းသည်ကား သွေးနှင့်တကွသော 'မြားလက်နက်'ကို ထုတ်ယူခြင်း ဖြစ်ပါချေ၏။

"ထို့ကြောင့် ပြည့်ရှင်မင်းတို့၏ စည်းစိမ်ချမ်းသာကို အကျွန်ုပ် အလိုမရှိတော့ပြီ။ မင်းကြီးတစ်မှုကား 'မင်းကျင့်တရား ဆယ်ပါး'ကို မပျက်စေမူ၍ 'အဂတိတရား လေးပါး' ကို မလိုက်မူ၍ တရားသဖြင့် သာလျှင် 'မင်း'ပြုတော်မူပါလေလော့..."

ထိုအခါ၌ ဗြဟ္မဒတ်မင်းကြီးသည်-

မောဟာဂတိ၌ အခြေခံအပ်သော မိမိ၏အမှားအတွက် စိတ်ဆင်းရဲခြင်းကြီးစွာ ထိခိုက်ခံစားရမှုကြောင့်လည်းကောင်း၊ သားဖြစ်သူနှင့် 'ကွေကွင်း'ရခြင်းကြောင့်လည်းကောင်း ကြေကွဲဝမ်းနည်းစွာ ငိုကြွေးမြည်တမ်းပြီး ပြန်လာခဲ့ရချေ၏။

Royal Snow
Publications

## နေပြည်တော်သို့ အပြန်

ထိုဖြစ်ရပ်အတွက် နေပြည်တော်သို့အပြန် လမ်းခရီးစပ်ကြား၌ပင် "အချင်းအမတ်တို့ . . . ဤဆင်းရဲဒုက္ခသည် မည်သူ့ကို အမှီပြု၍ ဖြစ်ရပေသနည်း" မေးမြန်းမိ၏။ အမတ်တို့ကလည်း "အရှင်မင်းကြီး၏ မိဖုရားကို အမှီပြု၍ ဖြစ်ရပါသည်" ဟူ၍ပင် ပွင့်လင်းတိကျစွာ တုံ့တိုးပြန်၍ ဖြေကြားကြကုန်၏။ မင်းကြီးသည် မိဖုရားကို ခိုးသူသတ် တောင်ချိုင့်တွင်းသို့ ပစ်ချစေပြီးမှလျှင် ပြည်သူတို့အပေါ် တရားသဖြင့် "မင်း"ပြုအပ်ပေ၏။

မြတ်စွာဘုရားသည် ထိုဇာတ်တော်ကို ပြန်လည်ဟောကြားတော်မူရာ၌-

"ချစ်သားရဟန်းတို့ . . . ထိုရောအခါ၌ ငါ့မိထွေးဖြစ်သော မိဖုရားသည်ကား ယခုအခါ စိဉ္စမာဏဝိကာဖြစ်လာ၏။ ငါ့ဖခမည်းတော်ဖြစ်သော ဗြဟ္မဒတ်မင်းကြီးသည်ကား ယခုအခါ ဒေဝဒတ်ရဟန်းဖြစ်လာ၏။ နဂါးမင်းသည်ကား အာနန္ဒာဖြစ်လာ၏။ တောင်စောင့်နတ်သည်ကား သာရိပုတ္တရာဖြစ်လာ၏။ မဟာပဒုမမင်းသားသည်ကား ငါဘုရားဖြစ်လာ၏" ဟု ဇာတ်ကို ပေါင်းတော်မူအပ်ပေ၏။

## မကောင်းမှု-မကောင်းကျိုး

"ဤဇာတ်၌ မင်းကြီးသည်လည်း မစူးစမ်း မဆင်ခြင်ဘဲ ပြုမိတတ်ခြင်းဟူသော 'မောဟဂတိ' ကြောင့် ဤသို့သော သားတော်နှင့် ကွဲကွာခြင်းအဖြစ်သို့ ရောက်ရ၏။

"မင်းသားတုံ့သည်လည်း မစူးစမ်း မဆင်ခြင်ဘဲလျှင် မိဖုရားအထံသို့ မိမိတစ်ကိုယ်တည်း သွားမိချေသောကြောင့် ထိုသို့သော ဘေးဥပဒ်နှင့် တွေ့ဆုံကြုံကြိုက်ရ၏။

"မိဖုရားတုံ့သည်လည်း အပြစ်မရှိသူကို အပြစ်ပြု၍ ဖျက်ဆီးမိခြင်းကြောင့် မိမိကိုယ်တိုင်ပင် ထိုသို့သော ပျက်စီးခြင်းသို့ ရောက်ရ၏။ ဤသို့ဤသို့သော အကြောင်းများကို အမှီပြု၍ (တွေးကြံဆင်ခြင်စူးစမ်း၍) ပင်လျှင် "မောဟဂတိ" ဟူသော တွေဝေမိုက်မဲစွာ ပြုအပ်ခြင်းအမှုသည်ကား အမှန်စင်စစ်-မကောင်းမှု မကောင်းကျိုးကိုသာ သက်ရောက်ဖြစ်မြောက်စေတတ်ခြင်းအဖြစ်ကို ကောင်းစွာ သိနားလည်အပ်ပေ၏"

ဤကား "မောဟဂတိ"ဟူသော အယူမှား အစွဲမှား၏ မကောင်းကျိုး ဖြစ်မြောက်တတ်ပုံကို ရှေ့ပိုင်းတွင် ကြိုတင်ဆိုညွှန်းခဲ့ပြီး စကားအတိုင်း အပ်စပ် လျော်ကန်စွာသော ဇာတ်တော်နှင့်တကွ ယှဉ်တွဲပူးပေါင်းပြီး ဖော်ပြရခြင်း ဖြစ်သည်။

စင်စစ်အားဖြင့်ကား လောကသဘာဝ–လူ့သဘာဝခေါ်သည်ပင်ဖြစ်စေ၊ အခြေအနေအချိန်အခါ ကြုံဆုံမှုခေါ်သည်ပင်ဖြစ်စေ ထိုထိုအမှားမျိုး (အကြောင်း ခြင်းရာ–ဖြစ်ရပ်မျိုး)များသည် သာမန်လူသားများအနေဖြင့် လုံးဝဥသုံလွတ်ကင်း (သဲလဲစင်–ခြောက်ပြစ်ကင်း) နိုင်ဖို့ မလွယ်ပေ။

"သတိတမန်–ဉာဏ်မြေကုတ်၊ ပညာစွမ်း–ချွန်းကဲ့သို့–အုပ်" ဆိုသည်မျိုး၊ သတိတရားနှင့် မကင်းမကွာနေနိုင်မှ နေတတ်မှသော်လည်းကောင်း၊ သုတမယ– စိန္တာမယဟူသော အသိပညာများနှင့် ရင်းနှီးပြည့်စုံပါမှသော်လည်းကောင်း ထိုက်သည့်အားလျော်စွာ ဖြစ်မြောက်နိုင်ပေမည်။

အခြေခံလိုအပ်ရင်းမှာကား အရာရာတိုင်းမှာပင် သတိတရားကို အလေး အနက်ထားပြီး (မိမိဉာဏ်စွမ်းရှိသမျှ) ကောင်းဆိုးမှားမှန်–ဝေဖန်ပိုင်းခြားနိုင်မှု ဖြစ်သည်။ ရှုးစမ်းဆင်ခြင်မှုဟူသော အသိတရားကင်းမဲ့ကာ အမှတ်မထင် မေ့လျော့ပေါ့တန် မပြုလုပ် မဆုံးဖြတ်မိဖို့ ဖြစ်သည်။

## နောက်ဆုံး အကျိုးတရား

အထက်ဆိုညွှန်းခဲ့ပြီး ရှင်ဒေဝတ်၏ တွေးခေါ်ကြံစည်မှုအရ နောက်ဆုံး အခြေအနေအဖြစ် အဇာတသတ်မင်းသားကလေးတွင် အကျိုးသက်ရောက် ခံစားရခြင်းမှာကား ရှင်ဒေဝဒတ်က သူ၏အကိုးကွယ် အပူဇော်ခံ ဆရာဖြစ်ခဲ့ ရသော်ငြား သူက,မူ–ရှင်ဒေဝဒတ်ကို ဆရာအဖြစ် အကိုးကွယ်မှားမိခဲ့ခြင်းကြောင့် "သံသရာ့သစ်ငုတ်" ဆိုသည်မျိုး ဘဝနစ်မွန်းသွားခဲ့ရခြင်းပင် ဖြစ်ပေသည်။

ရှေးရှေးအစဉ်အလာ စကားပုံဆိုထုံးမှာ "ပျက်အစဉ်–ပြင်ခဏ" ဟူ၍ ဖြစ်သည်။ သို့သော် ထိုစကားပုံ၏ အမှန်စင်စစ် အဆိုအညွှန်း (အဓိပ္ပာယ်ရင်း) မှာ အိမ်ထောင်ပရိဘောဂ စသည့် သက်မဲ့ပစ္စည်း ပျက်စီးနေခြင်းမျိုးကိုသာ သာမန်သဘော ရည်ရွယ်တင်စားထားခြင်းဖြစ်သည်။ အာရုံငါးပါး ထိတွေ့ခံစားမှု

ဖြင့် ဆက်စပ်ရင်းနှီးနေသော သက်ရှိလူသားများ ပျက်စီးခြင်းနှင့်ကား အလေးအနက် စပ်လျဉ်းနေသည်၊ သက်ဆိုင်နေသည် မဆိုနိုင်ပေ။

သက်ရှိလူသားများမှာ "အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ သည်သုံးမျိုး ချက်မပိုင်လျှင်၊ နောင်-ပြင်နိုင် ခဲသည့်အမျိုး" ဆိုသည့်အတိုင်းပင် အိမ်ထောင်ရေးအမှားကိုလည်း ပြုပြင်ပြောင်းလဲနိုင်ဖို့ ခဲယဉ်းသည်။ အရက်သေစာ "စွဲ"နေလျှင်လည်း ဖြတ်တောက်နိုင်ဖို့ ခဲယဉ်းသည်။ လောင်းကစားမှု ဝါသနာပါနေလျှင်လည်း ဖြတ်တောက်နိုင်ဖို့ ခဲယဉ်းသည်။

နောက်ဆုံး-ကြီးပွားရာ ကြီးပွားကြောင်း အခွင့်အလမ်းမှာပင် အခြေအနေပေးခိုက် (ကြုံဆုံတိုက်ဆိုင်လာခိုက်) မှာ လက်မလွှတ်တမ်း ကြိုးပမ်းတကြီးအားထုတ်ဖြစ်ပါမှ ရရှိအောင်မြင်နိုင်သည်။ အခွင့်သာနေခိုက်မှာ အင်တိုက်အားပါ အလေးအနက်မရှိ၊ အကြောင်းအမျိုးမျိုး (ဆင်ခြေ)ဖြင့် အချိန်ရွှေ့နေခဲ့လျှင် ထိုအခြေအနေ အခွင့်အလမ်းမှာ ဧကန်မုချ လက်လွှတ်ဆုံးရှုံးသွားနိုင်သည်။

## ရှောင်ရန်နှင့် ဆောင်ရန်

ထိုထိုအမျိုးမျိုးသော အကြောင်းအရာ အခြေအနေများကြောင့်ပင်လျှင် လောကကို မျက်နှာမူစအရွယ် အတွေ့အကြုံ အသိဉာဏ်မကြွယ်သေးသည့် လူငယ်များဘဝမှာ ဒေဝဒတ်ကဲ့သို့သော ကိုယ်ကျိုးရှာ ဆရာသမားမျိုးကို အထူးသတိထားပြီး ရှောင်ရှားထိုက်လှသလို-

"ပစ္စုပ္ပန်သံသရာ၊ ချမ်းသာစီးပွား၊ နှစ်ပါးမြင်တတ်၊ သူတော်မြတ်ကို၊ မပြတ်ချစ်ခင်၊ ဟိတ်ကျွမ်းဝင်၍၊ မြဲပင်စဉ်လျှဉ်း-ပေါင်းယှဉ်မင်း" ဟူသော ပညာရှိ သူတော်ကောင်း ဆရာသမားမျိုးကို ကိုးကွယ်ဆည်းကပ်ထားနိုင်ရန်လည်း မရှိမဖြစ်-မပြုမဖြစ် လိုအပ်လှသည်။

## ဆရာနှင့် တပည့် ပေါင်းမိသွားခြင်း

အဇာတသတ်မင်းသားကလေးသည် ထိုနေ့မှစ၍ အစပြုပြီး ရှင်ဒေဝဒတ်အား အကြောင်းအားလျော်စွာ "ဆရာအဖြစ်ဖြင့်" မိခိုဆည်းကပ်ခဲ့သည်။ ယုံကြည်ကိုးကွယ်ခဲ့သည်။ ဆွမ်း၊ ကွမ်း အစရှိသော ခဲဖွယ်ဘောဇဉ်များနှင့်တကွ အခြားလိုအပ်သမျှတို့ကိုလည်း လှူဒါန်းပူဇော်သည်။

Royal Snow
Publications

ရှင်ဒေဝဒတ်က အကိုးကွယ်ခံ ဆရာသမားအဖြစ်၊ အဇာတသတ်မင်းသား ကလေးက ပစ္စည်းလေးပါး ဒကာအဖြစ်ဖြင့် "ဆရာလုပ်ချင်သူနှင့် တပည့်ခံသူ" နှစ်ဦးတို့ အခြေအနေ အချိန်အခါအားလျော်စွာ ဆက်စပ်ပေါင်းစည်းသွားမိကြခြင်းပေတည်း။

ထိုကဲ့သို့ အဇာတသတ်မင်းသားကလေးက ရှင်ဒေဝဒတ်ကို (ဆရာအဖြစ်ဖြင့်) ဆည်းကပ်ကိုးကွယ်အပ်သောအခါ၌ မင်းသားကလေး၏ မှူးမတ်စသည်များကလည်း အဇာတသတ်မင်းသားကလေးအလိုကျပင် ဖြစ်စေ၊ သူတို့ကိုယ်တိုင်ကလည်း ရှင်ဒေဝဒတ်ကို အထင်ကြီးအားကိုးယုံကြည်နေ၍ပင်ဖြစ်စေ ရှင်ဒေဝဒတ်အား ဝိုင်းဝန်းပြီး လှူဒါန်းပူဇော်ကြပြန်လေရကား-

ရှင်ဒေဝဒတ်သည် ထိုသို့လျှင် မိမိ၏ လာဘ်လာဘနှင့်တကွသော ခြွေရံသင်းပင်း ပေါများလာခြင်း အဖြစ်အတွက် များစွာပင် ဝမ်းမြောက်ကြည်နူးခဲ့သည်။

သို့နှင့်အမျှလည်း မိမိကိုယ်မိမိ တစ်နေ့ထက်တစ်နေ့ အထင်ကြီးကာမာန်မာန ပိုပြီး ခက်ထန်လာသည်။ မောက်မာထောင်လွှားလာသည်။

## သူတစ်ဦးတည်းပင်လျှင် ဦးစီးခေါင်းဆောင်

အကြောင်းအမျိုးမျိုး၊ နည်းအမျိုးမျိုးဖြင့် မိမိထက် တန်ခိုးဂုဏ်သိက္ခာ အသိပညာ၊ အတတ်ပညာ စသည်များ အဘက်ဘက်မှ သာလွန်မြင့်မြတ်နေအပ်သော လောကသုံးပါး၏ အထွတ်အထိပ်ဖြစ်သည့် ဗုဒ္ဓမြတ်စွာဘုရားရှင်ကို ပုန်ကန်ဖယ်ရှားပြီး အားလုံးသော ရဟန်းသံဃာအပေါင်းတို့အား သူတစ်ဦးတည်းပင်လျှင် ဦးစီးခေါင်းဆောင်အဖြစ်ဖြင့် ကွပ်ကဲအုပ်ချုပ်တော့မည်ဟု ကြံစည်ရည်သန်လိုက်သည်။

ထိုသို့ ကြံစည်ရည်သန်မိသည်နှင့် တစ်ပြိုင်နက်လည်း သူ့၌ ရရှိထားအပ်သော လောကီဈာန် အဘိညာဉ်တန်ခိုးသည် ရုတ်ခြည်းပင်လျှင် ပျက်စီးပျောက်ကွယ်သွားရချေ၏။

ထိုအခါ၌ "ကုက္ကုဋ" အမည်ရှိသော နတ်သားတစ်ဦး (လူ့ဘဝ၌ အရှင်မောဂ္ဂလာန်၏ အလုပ်အကျွေးဖြစ်ခဲ့ဖူးသည့် သူဌေးသား) သည် အရှင်မောဂ္ဂလာန်အထံသို့ လာလတ်၍-

"မြတ်စွာဘုရားရှင်၏ လက်ဝဲတော်ရံ ဖြစ်တော်မူပေထသော အရှင်မြတ်ဘုရား၊ ရှင်ဒေဝဒတ်ရဟန်းသည် လာဘ်လာဘ ပူဇော်သက္ကာရကိုသာလျှင် လွန်စွာတောင့်တပြီး ကောင်းမှုကုသိုလ်အရာ၌ကား အားထုတ်ဆည်းပူးလိုခြင်း ကင်းလျက် ရဟန်းသံဃာအပေါင်းတို့အား "ငါပင်လျှင် ဦးဆောင်အံ့" (ကြီးမှူးအုပ်ချုပ်အံ့) ဟု စိတ်အကြံဖြစ်ပါ၏။

"ထိုသို့ကြံမိသည်နှင့် တစ်ပြိုင်နက်လည်း ရှင်ဒေဝဒတ်၌ ယခင်ရရှိခဲ့ရင်းဈာန်အဘိညာဉ်တန်ခိုးသည် ရေတွင်ကျအပ်သော 'မီး'ကဲ့သို့ ပျက်စီးပျောက်ကွယ်သွားရပါချေပြီ" ဟု အသိပေးလျှောက်ထားအပ်၏။

ထိုအကြောင်းကို အရှင်မောဂ္ဂလန်က မြတ်စွာဘုရားရှင်အား တစ်ဆင့်ပြန်လည်လျှောက်ထားအပ်သောအခါ-

"ချစ်သား မောဂ္ဂလာန်၊ သင်၏အလုပ်အကျွေးဖြစ်သော ကုက္ကုဋနတ်သား၏စကားသည် သူ လျှောက်ထားသည့်အတိုင်းပင် မှန်သည်သာတည်း။ သို့သော် သင် ဆိတ်ဆိတ်သာ နေချေဦးလော့၊ ဤအခြင်းအရာသည် မကြာမြင်မီအတွင်း၌ပို၍ပင် ထင်ရှားစွာ ဖြစ်လာချေလတ္တံ့" ဆိုတော်မူ၏။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ထို့နောက်-ဤသို့လည်း ဆက်လက်မိန့်တော်မူ၏။

"ချစ်သား မောဂ္ဂလာန်၊ ဤလောက၌ အပူဇော်ခံကြသော ဆရာကား ငါးမျိုးပြားသတည်း၊ ထို-ငါးမျိုးဟူသော်ကား-

## အပူဇော်ခံ ဆရာငါးမျိုး

"(၁) မိမိ၌ စင်ကြယ်သော သီလမရှိပါဘဲလျက် သီလစင်ကြယ်လေယောင်ဆောင်လျက် သူတစ်ထူးအား လွန်ကြူးစွာ ကဲ့ရဲ့ရှုတ်ချကာ မြတ်သောသီလသည် ငါ့၌သာ ရှိ၏ဟူ၍ အပူဇော်ခံအပ်သော ဆရာလည်း တစ်မျိုး၊

"(၂) မိမိ၌ စင်ကြယ်သော အသက်မွေးခြင်းမရှိဘဲလျက် စင်ကြယ်သော အသက်မွေးခြင်းရှိယောင်ပြု၍ မြတ်သော အသက်မွေးမှု (အာဇီဝ) သည် ငါ့၌သာ ရှိ၏ဟု ဝန်ခံကာ အပူဇော်ခံအပ်သော ဆရာလည်း တစ်မျိုး၊

"(၃) မိမိ၌ မစင်ကြယ်သော အယူဝါဒဓမ္မဒေသနာ သဘောရှိလျက် စင်ကြယ်ခြင်းရှိလေယောင် ဟန်ဆောင်ရုံမျှသာ မဟုတ်သေး၊ သူတစ်ထူးအား လွန်ကြူးစွာ ရှုတ်ချကဲ့ရဲ့ကာ မြတ်သောအယူဝါဒ ဓမ္မဒေသနာသည် ငါ့၌သာ ရှိ၏ဟူ၍ အပူဇော်ခံအပ်သော ဆရာလည်း တစ်မျိုး၊

"(၄) မိမိ၌ မစင်ကြယ်သော ဉာဏ်အမြင်ရှိလျက် စင်ကြယ်၏ဝန်ခံကာ ပရိသတ်အခြံအရံကို သွေးဆောင်သိမ်းသွင်းပြီး ဆရာတစ်ဆူ ပြုလုပ်နေအပ်သူလည်း တစ်မျိုး။

"(၅) မိမိ၌ မစင်ကြယ်သော ဗျာကရိဏ်းသင်ခြင်းရှိလျက် စင်ကြယ်သော ဗျာကရိဏ်းသင်ခြင်းရှိ၏ဟု ဝန်ခံပြီး အခြံအရံကို သွေးဆောင်သိမ်းသွင်းကာ ဆရာပြုနေအပ်သော ပုဂ္ဂိုလ်လည်း တစ်မျိုး၊ ဤသို့လျှင် ငါးမျိုးငါးပါး ကွဲပြားနေအပ်သတည်း။

"ထိုဆရာတို့အား မိမိ၏တပည့်ရင်းဖြစ်သူများက,ပင်လျှင် ကြောင်းကျိုး--ဆိုးကောင်း အမှားအမှန် အယုတ်အမြတ်ကို ကျနသေချာ သိနားလည်တတ်ကြသောအခါ (သိနားလည်အပ်သည့်အခါ၌) "ဂရဟိတ–အနာဒရ" ဟူသော ကဲ့ရဲ့ရှုတ်ချခြင်း–မရိုသေခြင်းတို့ ဖြစ်တတ်ကြကုန်သတည်း။

"ချစ်သား မောဂ္ဂလာန်၊ ငါဘုရားမူကား စင်ကြယ်သော အကျင့်ဟု ဆိုအပ်သော ပါတိမောက္ခသံဝရသီလ စင်ကြယ်သော အသက်မွေးခြင်းဟု ဆိုအပ်သော အာဇီဝပါရိသုဒ္ဓိသီလ၊ စင်ကြယ်သော အယူစကား၊ တရားဒေသနာ ဗျာကရိဏ်းသင်ခြင်း၊ စင်ကြယ်သော ဉာဏ်အမြင်ရှိသည်ဖြစ်၍ ငါသည် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော သီလအာဇီဝ၊ ဓမ္မဒေသနာဝေယျာကရဏ ဉာဏဒဿနရှိ၏ဟု ဝန်ခံအပ်ပေသတည်း။

"ထို့ကြောင့်လည်း ငါ၏တပည့်သား သာဝကတို့သည် ငါ့အား အဘိဂါရဝပသံသ (အနူးအညွတ်လေးစားရိုသေမှု၊ ချီးမွမ်းကြည်ညိုမှု) တို့ဖြင့် ဆည်းကပ်ကြကုန်သတည်း" ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ထို–ကောသမ္ဗီပြည်မှသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်သို့ ကြွချီဆိုက်ရောက်တော်မူအပ်သောအခါ သဃာတော်များက ဤသို့ ဝိုင်းဝန်းလျှောက်ထားကြကုန်၏။

Royal Snow
Publications

"အရှင်မြတ်ဘုရား...၊ ယခုအခါ အဇာတသတ်မင်းသားကလေးသည် ရှင်ဒေဝဒတ်ကို ဆရာအဖြစ်ဖြင့် ဆည်းကပ်ကိုးကွယ်နေအပ်ပါသည်။ ထို့ကြောင့် ရှင်ဒေဝဒတ်နှင့်တကွသော သံဃာအများတို့၌ ဆွမ်း ကွမ်း အာဟာရ စသည်တို့ ပေါများနေကြောင်းပါ ဘုရား..."

ထိုအခါ၌ မြတ်စွာဘုရားက သံဃာတော်များအား ဤသို့ ပြန်လည် မိန့်မြွက်တော်မူအပ်၏။

"ချစ်သား ရဟန်းတို့...၊ ရှင်ဒေဝဒတ်၌ လာဘ်လာဘပူဇော်သက္ကာရ (ဆွမ်း ကွမ်း အာဟာရ-ဝတ္ထုပစ္စည်းစသည်) များ၊ ထိုကဲ့သို့ ပေါများပြန့်ပွား လာခြင်းသည် ကောင်းသောအခြေအနေမဟုတ်၊ စင်စစ်အားဖြင့်ကား ဉာဏ်ပညာ အမြော်အမြင်နည်းသူတို့၏အထံသို့ ရောက်လာအပ်သော လာဘ်လာဘ ပူဇော် သက္ကာ အခြံအရံ စသည်တို့သည်-

"ထိုသူ၏ အကျင့်သီလကို ပျက်စီးခြင်းငှာ၊ ဆုတ်ယုတ်ခြင်းငှာ အ,ကုသိုလ်တိုးပွားခြင်းအလို့ငှာသာ ဖြစ်၏။ လောကဥပမာ၌ ဝါးပင်၊ ပေပင်၊ ကျူပင်တို့သည် မိမိတို့ကိုယ်တိုင် ပျက်စီးပျောက်ကွယ်ရန် အသီးသီး၍ လာရဘိသကဲ့သို့၊ မိမိတို့ပင်စည်၊ အကိုင်းအခက်မှ "အသီး"သီး၍ လာအပ်ခြင်းကြောင့် မိမိတို့ကိုယ်တိုင်သည်ပင်လျှင် ပျက်စီးပျောက်ကွယ်ရလေဘိသကဲ့သို့၊ ထို့အတူပင်လျှင် အာဇာနီမြင်းမ သည်လည်း မိမိကိုယ်တိုင် သေစိမ့်သောငှာ "သား"ဖွား၍ လာရဘိ သကဲ့သို့ ယခုအခါ ဒေဝဒတ်၌ ပူဇော်သက္ကာ လာဘ်သပ်ပကာများ တိုးပွါးပြန့်ပြောလာခြင်းသည် မိမိကိုယ်မိမိ ညှဉ်းဆဲခြင်းငှာ၊ အပါယ် လေးပါးသို့ ကျရောက်ရစေခြင်းအကျိုးငှာ ဖန်တီးပေါ်ပေါက်လာအပ် ခြင်းသာ ဖြစ်ပေ၏"

ရဟန်းသံဃာများနှင့်တကွသော ပရိသတ်လေးပါးတို့အား မြတ်စွာဘုရားက ဤကဲ့သို့ အကြောင်းစပ်လျဉ်းရာကို မိန့်မြွက်တော်မူနေစဉ်မှာပင် ရှင်ဒေဝဒတ် သည် မိမိ၏ပရိသတ် (နောက်လိုက်နောက်ပါများ)နှင့်အတူ မြတ်စွာဘုရား ရှေ့တော်မှောက်သို့ ရောက်လာ၏။ မြတ်စွာဘုရားအား ရိုသေစွာ ရှိခိုးပြီးနောက် ဤသို့ လျှောက်ထား၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . .၊ ကိုယ်တော်ကား အသက်အရွယ်ကြီးပါပြီ၊ အိုမင်းခြင်းသို့ ရောက်ပါပြီ၊ မျက်မှောက်ချမ်းသာ ခံစားကာဖြင့် ကြောင့်ကြမဲ့ စံနေတော်မူပါ၊ ဘိက္ခု–ဘိက္ခုနီ၊ ဥပါသကာ–ဥပါသိကာဖြစ်သော တပည့်သာဝက အပေါင်းကို အကျွန်ုပ်အား လွှဲထားအပ်နှင်းတော်မူပါလော့၊ အကျွန်ုပ်သာလျှင် ထိုသံဃာအပေါင်းကို ကောင်းစွာဆောင်ပါအံ့"

ထိုအခါ၌ မြတ်စွာဘုရားက– "ချစ်သား ဒေဝဒတ်၊ ဤအခွင့်ကား– မသင့်ချေသေး၊ သင်၏ ကိုယ်ရေးကိုသာ အားထုတ်ဦးလော့၊ သံဃာတို့ကို ဆောင်ခြင်းငှာ–သင် အလိုမရှိလင့်" ဆိုတော်မူ၏။ သို့သော် ရှင်ဒေဝဒတ်က မြတ်စွာဘုရား၏ စကားကို မနာခံဘဲ ထိုအကြောင်းကိုပင် သုံးကြိမ်သုံးခါတိုင်တိုင် ထပ်မံလျှောက်ထား၏။

ထိုအခါ၌ကား မြတ်စွာဘုရားရှင်က– ကြောင်းကျိုးဆက်စပ်မှုနှင့်တကွ လျော်ကန်လျောက်ပတ်စွာသော စကားကို ဤသို့လျှင် တုံ့ပြန်ဆိုတော်မူ၏။

"ချစ်သားဒေဝဒတ်၊ အယုတ်အလတ် အမြတ်အားဖြင့် သုံးပါးရှိကုန်သော သတ္တဝါတို့သည် ငါဘုရားကို ရည်မှန်း၍ ရဟန်းပြုကြကုန်သည်သာ ဖြစ်ရကား သူတစ်ထူးအား လွှဲထားခြင်းငှာ မလျော်ကန်သည်ဖြစ်၍ စင်စစ် သာဝကတို့၏ အထွတ်အထိပ်သို့ ရောက်သော ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ကိုမျှ သာဝကသံဃာကို 'ငါ' မအပ်သေးတုံ၏။

"သူတစ်ထူး ပစ်ထွေးသော တံတွေးချွဲပေါက်ကို ကောက်၍ မျိုသေးသော သင့်အား အများသံဃာကို 'ငါ' အဘယ်သို့ အပ်နှင်းနိုင်ပါအံ့နည်း"

ထိုအခါ၌ ရှင်ဒေဝဒတ်သည် မြတ်စွာဘုရားအပေါ် နာကြည်းခြင်းကြီးစွာဖြင့် "မြတ်စွာဘုရားသည် ပရိသတ်အများတို့၏ အလယ်၌ ရက်ဖွယ်သော စကားဖြင့် ငါ့အား ရှုတ်ချတော်မူဘိသည်။ သူစိမ်းမျိုးခြား ဆင်းရဲသားဖြစ်သော သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ကိုသာ လွန်စွာချီးမြှောက်ချေသည်၊ ငါကား ယနေ့မှစ၍ ယောက်ဖတော် ဂေါတမ၏ ကောင်းကျိုးကို မကြံပြီ" ဟူသော ရန်ငြိုးကိုထားမိကာ ဘုရားရှင်အပါးမှ ပြန်လည်ထွက်ခွာလာခဲ့၏။ ဤကား– ဒေဝဒတ်သည် ဗုဒ္ဓမြတ်စွာဘုရားရှင်အပေါ်၌ ပထမဦးစွာသော ရန်ငြိုးထားဖြစ်ခြင်းပေတည်း။

## ပကာသနီယကံ

ဒေဝဒတ် ထိုကဲ့သို့ ပြန်လည်ထွက်ခွာသွားပြီးနောက်၌ မြတ်စွာဘုရားသည် ဒေဝဒတ်နှင့် ပတ်သက်၍ နောင်ဖြစ်လာလတ္တံ့သော အကြောင်းခြင်းရာများကို ကြိုတင်သိမြင်တော်မူအပ်သဖြင့် ရဟန်းသံဃာအပေါင်းတို့အား ဤသို့ မိန့်တော်မူအပ်၏။

"ချစ်သားတို့ ...သင်တို့သည် ရာဇဂြိုဟ်ပြည်တွင်းသို့သွား၍ ပရိသတ်အများတို့ ကြားသိစေခြင်းငှာ ပကာသနီယကမ္မဝါဖြင့် ထင်စွာပြုကြချေကုန်၊ ပြုရာသော ကမ္မဝါ၏ အဓိပ္ပာယ်သော်ကား-

"အများသံဃာတို့ ...ဆရာဒေဝဒတ်သည် ရှေးသောအခါ သဘောထားနှင့် ယခုသဘောထား မတူပြီ။ ထို့ကြောင့် ယနေ့ယခုမှစ၍ ထိုဒေဝဒတ် ပြုသမျှသော ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသည် မြတ်စွာဘုရားနှင့် အလိုတူ၏ ဟူ၍လည်းကောင်း- မမှတ်ယူကြကုန်လင့် ..." ဤသို့သော ပကာသနီယကံကို ပြုကြချေကုန်လော့ ..."

မြတ်စွာဘုရား မိန့်ကြားတော်မူအပ်သောအတိုင်းပင် သံဃာတော်အပေါင်းတို့က ရာဇဂြိုဟ်၌ ထိုကမ္မဝါစာကို အများပရိသတ်တို့အား ကြေညာ ကြားသိစေအပ်သောအခါ ကြောင်းကျိုးဆင်ခြင်ခြင်းဟူသော အသိပညာမရှိသူ၊ သဒ္ဓါတရားနှင့် မပြည့်စုံသူ အချို့တို့က "သာကီဝင်မင်းသား ဘုရားတပည့်ဖြစ်ကုန်သော ရဟန်းတို့သည် ရှင်ဒေဝဒတ်၏ လာဘသက္ကာရ၌ မနာလို ငြူစူကုန်စွာတကား ..." ဆိုကြကုန်၏။

မြတ်စွာဘုရား၏ သာသနာတော်၌ သဒ္ဓါပသန္နရှိကြကုန်သူ၊ အသိပညာရှိကြကုန်သူ အချို့တို့ကမူကား ဗုဒ္ဓမြတ်စွာဘုရားရှင်က ဒေဝဒတ်အား ယခုကဲ့သို့ ပကာသနီယကံကို ပြုအပ်ခြင်းသည် တစ်စုံတစ်ခုသော အကြောင်းခြင်းရာ (ပြဿနာရပ်) ကို ကြိုတင်သိမြင်တော်မူအပ်၍သာ ဖြစ်ပေလတ္တံ့ဟူ၍ ယူဆပြောဆိုကြကုန်၏။

ထိုကဲ့သို့ ပကာသနီယကံကို ပြုပြီး၍ များမကြာမီမှာပင် ရှင်ဒေဝဒတ်သည် အဇာတသတ်မင်းသား၏ စံအိမ်တော် လုံခြုံစွာသော အခန်းတွင်း၌ မင်းသားအား လျှို့ဝှက်အကြံပေးသဘောမျိုး ပြောကြားအပ်သည်မှာကား-

"အရှင့်သား . . . ရှေးသောအခါ လူများစွာတို့ပင် ရှည်ကြာသော အသက်ရှိကုန်၏။ ယခုသော်ကား ကမ်းစွန်းဖျားဌ် တည်နားသော သစ်ပင်ကဲ့သို့ အလွန်လျှင် အသက်တိုကုန်သည်၊ အရှင့်သား၏ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးသည်လည်း အသက်အရွယ် နုနယ်ပျိုပျစ်လှသေး၏။

"ဖခမည်းတော်လွန်ခါမှ အဖရိုက်ရာ ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးစံမည်ဆိုပါမူကား အရှင့်သားသည် အိုမင်းမစွမ်းဖြစ်ခါမှပင် ထီးနန်းစည်းစိမ်ကို ခံစားရချေတော့မည်။

"သို့လျှင် အိုမင်းခါမှ ခံစားစံစားရသော မင်းစည်းစိမ်မည်သည်မှာလည်း ခြောက်ကပ်ကြဲလိုစွာသော သတ္တဝါ၏ အသားကို စားရဘိသကဲ့သို့လည်းကောင်း၊ ဟောင်းနွမ်းယိုယွင်း ရသာကင်းသော ထမင်းမုန့် ငါး သစ်သီးများကို စားရဘိသကဲ့သို့လည်းကောင်း နှစ်မြို့စလောက်ဝမ်းမြောက်ဖွယ်မရှိပြီ။

"ထို့ကြောင့် . . .

"အဆင်းအရွယ်တင့်တယ်စွာလှ၊ ခုနှယ်ကလျှင် အဖရိုက်ရာ ရွှေနန်းစည်းစိမ်ကို ခံစားရလေအောင် အရှင့်သား၏ ဖခမည်းတော်ကို ဖယ်ရှား၍ အရှင့်သားလျှင် 'မင်း' ပြုဘိလော့၊ ငါသည်လည်း ယောက်ဖတော် ဂေါတမကို သတ်၍ 'ဘုရား' လုပ်ချေတော့အံ့" ဟု ဖြစ်ပေ၏။

ထိုအခါ၌ အဇာတသတ်မင်းသားကလေးသည် ပထမဦးစွာ ကြို့တင်ဆိုညွှန်းခဲ့ပြီး လူငယ်တို့၏ သဘာဝအားလျော်စွာပင် ဖြစ်စေ၊ ကြောင်းကျိုးဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် ဖခမည်းတော်ဘုရင်ကြီးကို လုပ်ကြံရန် သန်လျက် (ဓား) ကို မိမိ၏ ပေါင်ခြံတွင် စည်းနှောင်ပြီး နန်းအိမ်တော်တွင်းသို့ တိတ်တဆိတ်သဘောမျိုးဝင်ရောက်သည်။

နန်းတွင်းအမှုထမ်း သက်တော်စောင့်များနှင့် တွေ့ဆုံမိပြီး သန်လျက်နှင့်တကွ အဖမ်းခံရသည်၌ ခမည်းတော် ဗိမ္ဗိသာရဘုရင်မင်းမြတ်က "အဘယ်ကြောင့် ဤသို့ ကြံစည်ပြုမူရဘိသနည်း" မေးသည်။

အဇာတသတ်မင်းသား၏ အဖြေစကားအရ ရွှေထီးရွှေနန်းစည်းစိမ်ကို ရယူခံစားလို၍ ဖြစ်ကြောင်းကြားသိရသည့်အခါ–

"သားတော် . . . သင့်ကို ငါ မွေးမြူပြုစုခဲ့ခြင်းသည် မင်းစည်းစိမ်ကို ပေးလို၍သာ (လောကသမုတိနတ်၊ ကြီးမြတ်စွာသော မင်းတို့၏ စည်းစိမ်ချမ်းသာဖြင့် မွေ့လျော်ပျော်ပါးနေစေလို၍သာ) အဘက်ဘက်မှ နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းကြီးစွာ မွေးမြူလာခဲ့ရသည်မဟုတ်ပါလော၊ သားတော် အလိုရှိအပ်သော 'မင်း' အဖြစ်ကို မကြာမြင့်မီပင် ပေးအပ်ဆောင်နှင်းပေအံ့" ဆိုတော်မူ၏။

ထိုကတိအတိုင်းပင် အဇာတသတ်မင်းသား "လောကသမုတိနတ်" ဖြစ်မြောက်လာပြီးသောအခါ ရာဇဂြိုဟ်ပြည်သူအပေါင်းတို့သည် အကြောင်းအလုံးစုံကို သိနားလည်လာရခြင်းဖြင့် မြတ်စွာဘုရား၏ ပကာသနိယကံပြုရခြင်း၏ အဖြစ်ကိုလည်း ကောင်းစွာပင် သဘောပေါက်ဆင်ခြင်မိကြကုန်၏။

အဇာတသတ်မင်းသားသည် သို့လျှင် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်မင်းအဖြစ်သို့ ရောက်ရပြီးသည့်အခါ မိမိဆန္ဒပြည့်ဝပြီ မိမိ၏ပြုရမည့်ကိစ္စ ပြီးပြတ်ပြီ သဘောမျိုးဖြင့် တစ်နေ့သောအခါ၌ ရှင်ဒေဝဒတ်အထံသွားရောက်၍ "အရှင်ဘုရား . . . အကျွန်ုပ်၏ကိစ္စကား ပြီးမြောက်ပါပြီ၊ အရှင့်အရေးသာ လိုပါတော့သည်" ဟု လျှောက်ထား၏။

သို့သော် ရှင်ဒေဝဒတ်မှ တစ်နေ့သောအခါ အဇာတသတ်မင်းအထံလာရောက်၍ လုံခြုံဆိတ်ငြိမ်စွာသော နေရာတစ်ခု၌ အဇာတသတ်မင်းကို လျှို့ဝှက်တီးတိုးစကား ပြောကြားအပ်သည့်မှာကား-

"ဒကာတော်မင်းသား- အသို့ပြုဘိသနည်း၊ ယခုအနေသည် မြွေဟောက်ကို ခါးပိုက်ဖြင့် ဆောင်ယူသူကဲ့သို့လည်းကောင်း၊ မြေခွေးကို အတွင်း၌ ထည့်ပြီး 'ကြက်' အပ်သော စည်ငယ်ကို လွယ်ကာ တီးခတ်များသောသူကဲ့သို့လည်းကောင်း အမှုကောင်းစွာ မပြီးပြတ်သေးဘဲလျက် ပြီးပြတ်ပြည့်စုံပြီဟု ယူမှတ်တော်မူသလော။

"နောက်- သုံးလေးရက်ကြာလျှင် သင့်ဖခင်မင်းကြီးသည် သင့်အား ဖျက်ဆီးဖယ်ရှားပြီး မိမိ၏စည်းစိမ်ကို မိမိပင်လျှင် ပြန်၍ယူလတ္တံ့၊ လူတို့ ခမ္ဘတာပင် ကောင်းခိုက်ကို ကြင်နာ၍ ဆင်းရဲသောအခါ မုန်းတီးမြဲတကား . . ." ဖြစ်ပေ၏။

အဇာတသတ်မင်းက "အရှင်ဘုရား...ဤသို့ ဖြစ်ဘိသော်၊ အဘယ်နည်း မျိုး ပြုရပါအံ့နည်း" ဆို၏။

"ဒကာတော်–မင်း၊ သစ်ပင်တို့မည်သည် အမြစ်အရင်း အကြွင်းအကျန် မရှိ ပယ်ပျောက်မှသာလျှင် နောက်နောင်တစ်ဖန် ပြန်လည်ပြီး မပေါ်ပေါက်လာ နိုင်သကဲ့သို့ မိမိရန်သူကိုလည်း အဆုံးစွန်သော အခြေအနေသို့ ဆိုက်ရောက်မှသာ မိမိ၏ကိစ္စပြီးပြတ်မည် မဟုတ်လော..."

"အရှင်ဘုရား...အကျွန်ုပ်၏ ဖခင်မင်းကြီးအား ဓားဖြင့် မသတ်ထိုက် သည် မဟုတ်ပါလော"

"ဓားဖြင့် မသတ်ထိုက်သည် မှန်၏။ လူသူ ကင်းဝေးရာ နှောင်အိမ်၌ ထားပြီး ထမင်းအစာအာဟာရမမှိဝဲ မသုံးဆောင်စေရမှုကား ဒကာတော်၌ အပြစ်မရှိဘဲလျှင် သူ့အလိုအလျောက် ဘဝချုပ်ငြိမ်းသွားချေလတ္တံ့."

ယင်းသို့ဖြင့်ပင် ဗုဒ္ဓဘာသာများ သိနေကြပြီးအတိုင်း ဗိမ္ဗိသာရဘုရင်ကြီး သည် ပထမဦးစွာ နှောင်အိမ်တွင်း၌ အစာငတ်ခံနေရရာမှ နောက်ဆုံး၌ ခြေဖဝါးကို ဓားခွဲခံရပြန်ကာ ဆင်းရဲပင်ပန်းခြင်းကြီးစွာဖြင့် နတ်ရွာစံ ကံတော်ကုန် သွားရှာချေသည်။

## လောက သဘာဝ လူ့သဘာဝ

ရှင်ဒေဝဒတ် ရာဇဂြိုဟ်ပြည်တွင် အဇာတသတ်မင်းသားကလေးနှင့် ဆက်စပ်ပူးပေါင်းမိသည့်အခါ (ရှင်ဒေဝဒတ်၏ မာန်မာနခက်ထန်ထောင်လွှားမှု နှင့် ပတ်သက်ပြီး) မြတ်စွာဘုရားက နောင်ရေးကို ကြိုတင်သိမြင်တော်မူသော အားဖြင့် ရှင်ဒေဝဒတ်အား ပကာသနိယကံပြုတော်မူသည်။

ထိုအခါ၌ အချို့သူတို့က "ရှင်ဒေဝဒတ်၏ လာဘ်လာဘ၌ ငြူစူဝန်တို ခြင်းအဖြစ်" ထင်မြင်ယူဆမိကြခြင်းမှာ လောက သဘာဝ (လောကကြောင်း အခြေအနေအရဖြစ်မြောက်ခြင်း) ဖြစ်သည်။ အကြောင်းခြင်းရာတစ်ခု ပေါ်ပေါက် လာသည့်အခါ (များသောအားဖြင့်) ကြောင်းကျိုးလျော်ကန်စွာ ဝေဖန်ပိုင်းခြားမှု မပြုစွမ်းနိုင်ခြင်း (အမှားကို–အမှန်၊ အမှန်ကို–အမှားယူဆတတ်ခြင်း) မှာ လောက သဘာဝ ဖြစ်သည်။

Royal Snow
Publications

လူ့သဘာဝအားဖြင့်ကား လူသည် အမှန်တရားမှန်း သိနေသည့်တိုင် အောင်လည်း မိမိတစ်ဦးတည်းသဘောဖြင့် အလေးမထားရဲ၊ မိမိ၏ အသိပညာ စူးစမ်းဆင်ခြင်နိုင်စွမ်းအားဖြင့် အမှားကို–အမှား၊ အမှန်ကို–အမှန်အဖြစ် သိမြင် နားလည်နေစေကာမူ များရာစု–ပရိသတ်က မိမိနှင့် အယူအဆချင်း မတူညီ ဖြစ်နေခဲ့လျှင် ထိုထိုများရာစု ပရိသတ်ကို မဆန့်ကျင်ရဲ အမှန်အတိုင်းထုတ်ဖော် ပြောဆိုနိုင်ခဲသည်။ ဆန့်ကျင်ရင်ဆိုင်နိုင်ခဲသည်။

## ဘဝအတွေ့အကြုံ နှစ်မျိုး

လုလင်ပျိုအရွယ်မျှဖြင့် ပြည့်ရှင်မင်းဖြစ်ခဲ့ရသော အဇာတသတ်မင်းသား ကလေးအဖို့ ထိုလောကသဘာဝ လူ့သဘာဝနှင့် စပ်လျဉ်း၍ အကြောင်းအား လျော်စွာ အခြေနေအားလျော်စွာ ကောင်းကျိုးဖြစ်မြောက်စေမှုဆိုရမည့် အတွေ့ အကြုံတစ်ရပ်ရှိသည်။

မိမိ၏ အနန္တဂုဏ်အင်ကျေးဇူးရှင် ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံ ကံတော်ကုန်ရရှာသည့်နေ့မှာပင် သူ၏ ပထမဦးစွာသော သားတော် ကလေး "ဥဒယဘဒ္ဒ" မွေးဖွားပေါ်ပေါက်လာခြင်းဖြစ်သည်။

သားတော်ကလေး "ဥဒယဘဒ္ဒမင်းသား" ထွန်းကား ပေါ်ပေါက်လာရ ခြင်းက ရင်ဝယ်သိမ့်သိမ့် ကြောခြင်စိမ့်မျှ ပီတိသောမနဿဖြစ်ရလေဘိသော– သုမင်္ဂလာ၊ သူ၏ ဖခမည်းတော် "ဗိမ္ဗိသာရဘုရင်ကြီး" နတ်ရွာစံ ကံတော်ကုန် ရသည်က မည်သည့်နည်းနှင့်မျှ မည်သို့မျှ ပြန်လည်ပြုပြင်၍ ပြောင်းလဲ၍ မရ နိုင်တော့သော ဘဝတစ်ခုလုံး၏ အဆုံးစွန်သောကာလ– ဒုမင်္ဂလာ။

တစ်နည်းအားဖြင့် **"နေမင်းကွယ်ချိန် လသာချိန်"** ပင် ဖြစ်လေတော့ သည်။

လုလင်ပျိုအရွယ်မျှသာရှိသေးသော အဇာတသတ်မင်းသည် ဤဆန့်ကျင် ဘက် အတွေ့အကြုံနှစ်မျိုးကို တစ်နေ့တည်း တစ်ချိန်တည်းမှာပင် တိုက်တိုက် ဆိုင်ဆိုင် ကြုံဆုံခံစားလိုက်ရသည်။

ဖခမည်းတော်ဘုရင်ကြီး နတ်ရွာစံသွားရသည့် သတင်းကို အသိပေး တင်လျှောက်ရန်လာသူများက အလျင်၊ သားတော်ကလေး မွေးဖွားထွန်းကား လာသည့် သတင်းကို အသိပေးတင်လျှောက်ရန် လာသူများကနောက်၊ သို့သော်

သုမင်္ဂလာသတင်းကို ဦးစားပေးရသဖြင့် သားတော်ကလေး မွေးဖွားခြင်းအဖြစ်ကို ပထမဦးစွာ သိရသည်။ ဖခမည်းတော်ကြီး သတင်းကိုမူ ထို့နောက်မှ သိရသည်။

သားတော်ကလေး ဥဒယဘဒ္ဒအတွက် နှစ်သက်ကြည်နူးလွန်ကြူး လှိုက်လှဲစွာ ပီတိသောမနဿ ဖြစ်ရလေဘိသော မိမိ၏ချစ်ခြင်းမေတ္တာနှင့် နှိုင်းယှဉ်စာနာပြီး . . .

"ငါ၏ ဖခမည်းတော်ကြီးသည်လည်း ငါ့ကို မွေးဖွားစဉ်က–ငါကဲ့သို့ပင် မိမိ၏ သားဖြစ်သူအပေါ်တွင် ချစ်ခင်ကြင်နာခြင်းကြီးစွာ ရှိချိမ့်ပါမည်လော၊ အခု ငါ့သို့နှယ်ပင် ချစ်ကြင်ခြင်း ရှိ မရှိကို မယ်တော်ဘုရားအား မေးမြန်းကြည့်ရချေဦးမည်" အတွေးဖြင့်–

"မယ်တော်ဘုရား...အကျွန်ုပ်၏ သားတော်ကလေးအား အကျွန်ုပ် အလွန်ပင် ချစ်ကြင်လှပေသည်။ အကျွန်ုပ်ကို မွေးဖွားစဉ်ကလည်း ဖခမည်းတော်သည် အကျွန်ုပ်အား ထိုကဲ့သို့ပင် ချစ်ကြင်ခဲ့ပေသလော" ဟု မေးမြန်း၏။

ထိုအခါ၌ အဇာတသတ်မင်း၏ အမေးစကားသည် မယ်တော်ဖြစ်သူ "ဝေဒေဟီ" မိဖုရားခေါင်းကြီးအဖို့ "ငိုချင်လျက် လက်တို့" ဆိုသည့်နှယ် ဖြစ်သွားဘိလေရကား မယ်တော်မိဖုရားကြီးသည် ဒေါမနဿသဘောဖြင့် ဤသို့လျှင် ထက်မြက်လျင်မြန် ပြန်၍ ပြောလိုက်၏။

"ဟဲ့–မင်းယုတ် မင်းမိုက်၊ သင့်ကိုယ်၌ဖြစ်သော ချစ်ခြင်းမေတ္တာကား အတုအယောင်မျှသာတကား၊ သင့်အဖ၏ စေတနာမှ နှိုင်းယှဉ်စရာမရှိ အံ့ဩချီးမွမ်းဖွယ်ဖြစ်ဘိ၏။ သင် ငါ့ဝမ်းခေါင်း၌ သန္ဓေအောင်းလျှင်ပင် မင်းကောင်း ဗိမ္ဗိသာရ၏ ယာဘက်လက်မောင်းသွေးကို ကိုက်ဖောက်၍ သောက်လိုသော ချဉ်ခြင်းသည် ပြင်းစွာဖြစ်လေရကား၊ သို့စေငြား မကြားကောင်း မဆိုထိုက် စကားဖြစ်၍ ဖွင့်ဟ၍လည်း မလျှောက်တင်ဝံ့အားဘဲ မစားနိုင် မစက်နိုင်ရှိနေသည်ကို သင့်အဖ သိတော်မူလျှင် ရတ်ခြည်းပင် လက်မောင်းသွေးကို ဖောက်၍ သောက်စေသည်။

"ပညာရှိတို့အား ထိုအကြောင်းကို ကြားအပ်သော် ရှင်မိဖုရား ဝမ်း၌ ကိန်းဝပ်သော သူငယ်သည် ဖခင်မင်းကြီးအား မချွတ် သတ်လတ္တံ့ဟု နိမိတ်ဖတ်ကြလေသောကြောင့် အဖသတ်သားကို ငါ မမွေးလိုပြီဟု ကိုယ်ဝန်ကို ဖျက်ဆီးငြားသော်လည်း သားမျက်နှာကိုမျှ မြင်ပါရစေ၊ ငါ့ကို သတ်လိုကလည်း သတ်ပါစေ၊ ကိုယ်ဝန်ကို မဖျက်ပါချေလင့်ဟု အခါခါတောင်းပန်သောကြောင့် လူ့ဘဝသို့ သင် ရောက်ရသည်။

"သို့လျှင် သင် ဖွားမြောက်၍လာလျှင် သင့်ဖခင်သည် ဝါဂွမ်းကို ဆိထိသည့်အလား ပီတိပြန့်ပွားလျက် စားတော်မျှ မခေါ်နိုင်ဘဲ ဖက်လဲ ဖက်ယမ်း မီးနေနန်း၌ ပင်ပန်းကြီးစွာ စောင့်နေတော်မူသည်။ သင် ငယ်စဉ်က လက်မ၌ ခူနာပေါက်၍ ဆောက်တည်ရာ မရအောင်ပင် 'ပြည်'ကိုက်လှသည်ကို သင့် ဖခင်ကြီးသည် ခံတွင်းဖြင့်ငုံ၍ အကိုက်အနာ သက်သာစေသည်။

"သို့စင်မျှလောက် ချစ်ခင်မောက်၍ ချီးမြှောက်ပေသော မွေးသည့် ဖခင်ကျေးဇူးရှင်ကို နင် သတ်ရက်သည်။ နင့်ထက်ယုတ်သော သူသည် ဤလူ့ပြည်တွင် မရှိပြီ" ဟု ဆိုမြည် ကြိမ်းမောင်း၏။

အဇာတသတ်မင်းသည် သို့လျှင် ဆိုမြည် ကြိမ်းမောင်းဘိသော မိခင် (မယ်တော်) ဖြစ်သူ၏ စကားကြောင့် မိခင်အပါးမှ ရုတ်ခြည်းထပြီး မင်း၏ နေရာတော် (ရာဇပလ္လင်) မှ နေ၍ " ငါ၏ဖခမည်းတော်ကို နှောင်အိမ်တွင်းမှ အခုချက်ချင်းလွှတ်စေ . . ." ဟူ၍ မင်းမိန့်အာဏာသံ ထုတ်ပြန်၏။

သို့သော် ထိုစဉ်ခိုက်မှာပင် ယခင် အာဏာသားတို့ထံမှ သဝဏ်စာအရ ဖခမည်းတော်ကြီးအဖြစ်ကို သိလိုက်ရသည့်အခါ "ငါကား–မပြစ်မှားထိုက်သူကို ပြစ်မှားမိချေပြီ" ဟူသော သံဝေဂအတွေးဖြင့် ပင်ပန်းဆင်းရဲခြင်းကြီးစွာ ထိခိုက် ခံစားရရှာပေ၏။

မှူးမတ်အပေါင်းတို့က အဇာတသတ်မင်းအား "အရှင်မင်းမြတ် . . . အရှင် မည်သို့ပင် ငိုကြွေးနေသော်ငြား အကြောင်းမထူးချေပြီ၊ ဖခမည်းတော်၏ အလောင်းကို ကောင်းစွာ ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်းသည်သာလျှင် ဖခမည်းတော် အား ပူဇော်ကန်တော့ရာလည်း ရောက်သည်၊ လွန်ကြူးမိသောအပြစ် ကျေပ

ပျောက်ပျက်စေရာလည်း ဖြစ်ချေတော့သည်” ဟူ၍ ဝိုင်းဝန်းလျှောက်တင်ကြကုန်၏။

အဇာတသတ်မင်းလည်း မှူးမတ်များ တင်လျှောက်သည့်အတိုင်းပင် ဖခမည်းတော်၏ ရုပ်အလောင်းကို ကောင်းစွာ ဖုတ်ကြည်းသဂြိုဟ်အပ်ပေ၏။

## ဘုရားရှင်ကို သတ်ရန် ဒေဝဒတ်အကြံ

ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးအတွက် အဇာတသတ်မင်း ယင်းသို့လျှင် စိတ်မချမ်းမြေ့ဖြစ်နေရကြောင်း ကြားသိရသည့်အခါ ရှင်ဒေဝဒတ်သည် အဇာတသတ်မင်းအထံလာရောက်၍ အမျိုးမျိုးသော ပရိယာယ်စကားတို့ဖြင့် အဇာတသတ်မင်း စိတ်ပြောင်းသွားစေရန် ကြိုးစားပြီး ဖျောင်းဖျနှစ်သိမ့်၏။

အဇာတသတ်မင်းက “အရှင်ဘုရား...အကျွန်ုပ်၏ ကိစ္စကား ပြီးပါပြီ၊ အရှင့်အရေးသာလိုပါတော့သည်” ဆို၏။ ထိုအခါ၌ ရှင်ဒေဝဒတ်က–“မင်းကြီး ငါ၏ယောက်ဖတော် ဂေါတမကို သတ်ရန် သန်စွမ်းရဲရင့်သော ယောကျ်ားကောင်း သုံးဆယ့်နှစ်ယောက်ခန့် အလိုရှိသည်” ဟု ပြော၏။

အဇာတသတ်မင်းက– ထိုယောကျ်ားကောင်း သုံးဆယ့်နှစ်ယောက်ကို ပေးအပ်လိုက်သောအခါ ရှင်ဒေဝဒတ်သည် ထိုသူတို့အား မိမိကျောင်းသို့ ခေါ်သွားပြီးနောက် ဤသို့ စီစဉ်စေခိုင်း၏။

ပထမဦးဆုံး ယောကျ်ားတစ်ယောက်ကို “သင်သည် ဤလမ်းမှနေ၍ မြတ်စွာဘုရားကျောင်းတော်သို့ သွားကာ မြတ်စွာဘုရားအား လေးမြားဖြင့် ပစ်ခတ်သတ်ဖြတ်ပြီးနောက် ထိုလမ်းမှ (ထိုလမ်းဖြင့်) ပြန်လာခဲ့လော့” ဆို၏။

နောက်–နှစ်ဦးသော ယောကျ်ားတို့အား “အသင်တို့သည် မြတ်စွာဘုရားကျောင်းတော်မှ ပြန်လာသူအား ဤခရီး၊ ဤလမ်းမှနေ၍ (ဆီးကြို၍) လေးမြားဖြင့် ပစ်ခတ်သတ်ဖြတ်ဘိလော” ဆို၏။ အခြား ကျန်သောယောကျ်ားတို့အားလည်း ထို့အတူပင် တစ်ဦးက တစ်ဦးကို စောင့်၍ ဆီးကြို သတ်ဖြတ်ရန် စီစဉ်ညွှန်ကြား၏။ ထိုသို့ စီစဉ်စေခိုင်းအပ်သည်ကား မြတ်စွာဘုရားအား လုပ်ကြံ သတ်ဖြတ်မှု၌ လက်သည်တရားခံ မပေါ်ပေါက်ရလေအောင် လက်စ ဖျောက်သည့် သဘောပေတည်း။

## ပစ်သမျှ မြား ပျောက်ပျက်သွား

ပထမဦးစွာ သွားအပ်သူသည် သန်လျက်နှင့် လေးမြားတို့ကို ဆောင်ယူပြီး ရှင်ဒေဝဒတ် ညွှန်ကြားအပ်သော လမ်းဖြင့်ပင် မြတ်စွာဘုရားကျောင်းတော်သို့ သွား၏။ မြတ်စွာဘုရားရှိနေရာ (သိတင်းသုံးနေရာ) ကို အနီးကပ်ဆုံးသွားပြီး လေးမြားဖြင့် ပစ်ခတ်၏။ ဦးစွာပစ်လိုက်သော မြား၏နောက်၌ ဒုတိယမြား တစ်စင်း၊ ဒုတိယမြား၏ နောက်၌ တတိယမြားတစ်စင်းစသည်ဖြင့် မြားအစင်း ပေါင်းလည်းများစွာ ပစ်ခတ်အပ်သည်မှာလည်း အကြိမ်ပေါင်းများစွာဖြစ်၏။

သို့သော်–

သူပစ်လွှတ်လိုက်သမျှသော မြားအစင်းတို့သည် ဗုဒ္ဓမြတ်စွာဘုရားကို ထိပါး၍ အသက်တော်ပျက်စီးဆုံးရှုံးရမည်ဝေးစွာ၊ မြတ်စွာဘုရားသခင်၏ အနီးအပါးသို့မျှပင် မဆိုက်ရောက်နိုင် သူ့မျက်စိအောက်၌သာ ပျောက်၍ပျောက်၍ သွားရ၏။

ထိုအခါ၌ ၎င်းလေးသမားသည် . . .

"ဩော် . . . ငါကား– မှားခြင်းကြီး မှားချေပြီ၊ အဝိ–ညာဏက (သက်မဲ့) ဖြစ်သော 'မြား' က သော်မှလည်း (မြားကပင်လျှင်) မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို သိတတ်ချေသေး၏။ ငါတစ်မူကား–လူသားစင်စစ်ဖြစ်ပါလျက် မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးကို မည်သို့မျှ မသိတတ်ပါချေတကား . . ."

ဟူ၍ တွေးကြံဆင်ခြင်မိပြီး တုန်လှုပ်ချောက်ချားခြင်းကြီးစွာ ဖြစ်ဘိလေရကား . . . ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်းဦးခိုက်လျက်–

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား . . . အကျွန်ုပ် မိုက်မှားမိသောအပြစ်ကို သည်းခံတော်မူပါ" ဟု ရှိသေညွတ်နူးစွာ တောင်းပန်အပ်ပေ၏။ မြတ်စွာဘုရားကလည်း သည်းခံခွင့်လွှတ်ခြင်းသာမက ထိုသူနှင့် လျော်စွာသော တရားဒေသနာကို ဟောကြားတော်မူ၍ ထိုသူ၏ စိတ်ပင်ပန်းမှုကို သက်သာ အေးချမ်းခွင့်ရစေအပ်ပေ၏။

ထိုအခါ၌ ရှေးဦးဆုံးသွားအပ်လေသော မြားသမား ပြန်အလာကို (ရှင်ဒေဝဒတ် စီစဉ်မှာထားအပ်သည့်အတိုင်း) လမ်းခုလတ်မှ စောင့်ကြိုနေကြ

သော နောက်ထပ် လေးမြားသမားတို့သည် ထိုသူနှင့် ဆုံမိစေရန် ရှေ့သို့ တစ်ဆင့်တစ်ဆင့်တိုး၍ သွားကြကုန်၏။

ထိုကဲ့သို့ ပထမဆုံး လေးမြားသမားနှင့် တွေ့ဆုံမိစေရန် တရွေ့ရွေ့ သွားကြရင်းမှပင် နောက်ဆုံး၌ မြတ်စွာဘုရားရှင် ရှေ့တော်မှောက်သို့အထိ ဆိုက်ရောက်သွားမိကြကုန်၏။ မြတ်စွာဘုရားက ထိုသူတို့နှင့် လျော်ကန်အပ်စပ်ရာ တရားဒေသနာတော်ဖြင့် ဆုံးမဟောကြားတော်မူအပ်သောအခါ ၎င်းတို့အားလုံးသည်ပင်လျှင် သရဏဂုံတည်ကြပြီး ဥပါသကာပုဂ္ဂိုလ်ချည်း ဖြစ်ကြလေကုန်၏။

သို့ဖြင့်ပင် မြတ်စွာဘုရားအထံမှ ပြန်လာခဲ့ကြပြီးနောက် ရှင်ဒေဝဒတ်အား ဤကဲ့သို့ ပြန်လည်အသိပေး၏။

"အရှင်ဒေဝဒတ်၊ အကျွန်ုပ်တို့သည် ဘုရားသခင်အား သတ်ခြင်းငှာ မစွမ်းနိုင်ပါ။ မြတ်စွာဘုရားသည် ဘုန်းတန်ခိုးအာနုဘော်ကြီးမားလှပါ၏။ အကျွန်ုပ်တို့ ပစ်လွှတ်သမျှသော မြားလက်နက်သည် အကျွန်ုပ်တို့ ရှေ့မှောက်၌သာ ပျောက်ပျက်သွားရသည်ချည်းသာဖြစ်ပါချေ၏"

## နောက်ထပ်တစ်ဖန် ကြံစည်ပြန်

ထိုအခါ၌ ရှင်ဒေဝဒတ်သည် "ယောက်ဖတော် ဂေါတမကို ကိုယ်တိုင် သတ်မှပင် ဖြစ်ချေတော့မည်" ကြံစည်လျက် အရံလူများကိုခေါ်ကာ ဂိဇ္ဈကုဋ် တောင်ပေါ်သို့ တက်၏။ တောင်၏အောက်ခြေ အရှေ့ဘက်၌ စင်္ကြံကြွနေတော်မူသော မြတ်စွာဘုရားအထံသို့ ကြီးစွာသော ကျောက်တုံးတစ်ခုကို ယန္တရားစက်၏ စွမ်းအားဖြင့် လှိမ့်ချလိုက်၏။

ထိုကျောက်တုံးကြီး မြတ်စွာဘုရားအနီးသို့ ရောက်လာသောအခါ အခြား ကျောက်တောင်ထွတ်နှစ်ခုတို့သည် ကျောက်တုံးကြီးရှေ့ဘက်မှ ရုတ်တရက် ပေါ်ထွက်လာကာ ကျောက်တုံးကြီးအား တားဆီး ပိတ်ဆို့ထားသကဲ့သို့ ဖြစ်နေ၏။ သို့ဖြင့်ပင် ထိုကျောက်တုံးကြီးက မြတ်စွာဘုရားအပေါ်သို့ မကျရောက်နိုင်တော့လင့်ကစား ထိုကျောက်တောင်ထွက်နှစ်ခုမှ ကွဲထွက်လွင့်စဉ်လာသော ကျောက်ချပ်က မြတ်စွာဘုရား၏ ခြေပေါ်သို့ လာရောက်ထိခိုက်မိခြင်းအတွက် ခြေမတော်၌ ဒဏ်ရာရသွားခဲ့၏။

Royal Snow
Publications

မြတ်စွာဘုရားက ဒေဝဒတ်ကို မြင်တော်မူသည့်အခါ–

"ငါ့ရှင်ဒေဝဒတ်– သင်သည် သူမြတ်တို့၏ အရောင်အဝါ (ဆင်းသွင်သဏ္ဌာန်ဖြင့် အသက်မွေးအပ်သူဖြစ်ပါလျက်) အဘယ်ကြောင့် ဤသို့သော အဘိဇ္ဈာဗျာပါဒဖြင့် အဓမ္မအမှုတို့ပြုကျင့်ရဘိသနည်း။ ငါသို့စင်သော ဘုရားကို သတ်ချေက သင့်ကို သူမြတ်သူကောင်းဟု အဘယ်သူဆိုအံ့နည်း။ အဝိစိမည်သော ငရဲရွာကို "ကြာတော" ဟု ထင်မှတ်သလော" ဆိုတော်မူ၏။

ထိုစဉ်၌ မြတ်စွာဘုရား၏ တပည့်သာဝကများဖြစ်ကြကုန်သော ရဟန်းသံဃာတော်တို့သည် မြတ်စွာဘုရားနှင့် ရှင်ဒေဝဒတ်အဖြစ်ကို သိလျှင်သိချင်းပင် မြတ်စွာဘုရားအထံသို့ ဆောလျင်စွာ ရောက်လာကြကာ တုတ် တောင်ဝှေးစသည်များကိုင်စွဲကြပြီး မြတ်စွာဘုရားကို ဝန်းဝိုင်းခြံရံ ကာကွယ်ထားကြကုန်၏။

မြတ်စွာဘုရားက–

"ချစ်သားရဟန်းတို့ . . . ငါ့အတွက် မည်သို့မျှ မစိုးရိမ် မကြောင့်ကြကုန်လင့်၊ ပါရမီတော်ကြောင့် ရရှိဖြစ်မြောက်လာအပ်သော မြတ်စွာဘုရားရှင်တို့၏ ခန္ဓာကိုယ်သည် ဖျက်ဆီးလိုသူတို့၏ လုံ့လပယောဂ အစွမ်းကြောင့် ပျက်စီးရခြင်းမည်သည် မရှိချေ" ဆိုတော်မူ၏။

ထို့နောက်မှ သမားတော်ဇီဝကကို ခေါ်၍ ဒဏ်ရာရသွားသည့် ခြေမတော်ကို ဆေးကုသပေးစေ၏။ သုံးရက်မျှကြာမြင့်ချိန်တွင် မြတ်စွာဘုရား၏ ခြေမတော်မှ ဒဏ်ရာသည် လုံးဝပျောက်ကင်းသွားသဖြင့် မြတ်စွာဘုရားသည် ရေးယခင်ကကဲ့သို့ပင် များစွာသော သံဃာတော်အပေါင်းတို့ ဝန်းဝိုင်းခြံရံလျက်–

ယုဂန္ဓိုလ်တောင်ညွန့်မှ ထွက်ကွန့်ထွန်းပအပ်သော လဝန်းစကြာ၏အလား ဘုရားသခင်တို့၏ တင့်တယ်ခြင်း အသရေကို ဆောင်လျက် မြို့လယ်ကောင် မင်းလမ်းဖြင့် ခမ်းနားသိုက်မြိုက်ခြင်းကြီးစွာ ဆွမ်းအလှူခံကြွမြန်းတော်မူအပ်ပေ၏။

ထိုအခါ၌ ရှင်ဒေဝဒတ်သည် မတည်ရပ်နိုင်သော အာဃာတမာန်ဖြင့် တစ်ဖန်ကြံစည်ပြန်သည်ကား–

"ဘုရားရှင်ဂေါတမသည် တင့်တယ်လှစွာသော အသရေဂုဏ်ကြောင့် ဤလူ့ဘုံ၌ တစ်စုံတစ်ယောက်သောသူမျှပင် သူ၏ ဓိဝိတိန္ဒြေ–အသက်၏ အန္တရာယ်ကို ချဝံ့သော (ဖျက်ဆီးဝံ့သော) သူ မရှိပြီ။

"ဤရာဇာဂြိုဟ်ပြည်၌ နာဠာဂီရိအမည်ရှိသော မင်းကြီး၏ဆင်တော်သည်ကား ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုလည်း မသိ၊ ကြမ်းလည်းကြမ်းကြုတ်၏။ လူကို သတ်တတ်၏။ ထိုဆင်ဖြင့် ရှင်ဂေါတမကို တိုက်သတ်မှပင်လျှင် အရှင်ဂေါတမသည် လတ်တလောချင်း ခန္ဓာကိုယ်ပျက်ပြုန်း၍ အသက်သေဆုံးခြင်းဖြစ်နိုင်ချေတော့မည်" ဟု တွေးကြံမိကာ အဇာတသတ်မင်းအထံသို့ ဝင်ရောက်၍ "အရှင်ဂေါတမကို နာဠာဂီရိဆင်ဖြင့် တိုက်သတ်ပါ" ဆို၏။

အဇာတသတ်မင်းကလည်း ရှင်ဒေဝဒတ်ဆိုအပ်သောအတိုင်းပင် ဆင်ထိန်းဖြစ်သူတို့ကို ခေါ်၍ "နက်ဖြန်နံနက်ပိုင်း၌ ဆင်တော်ကို အရက်ပြင်းစွာတိုက်ပြီး မြတ်စွာဘုရားအထံသို့ ရေးရှုလွှတ်လေ" ဟု စေခိုင်း၏။

ရှင်ဒေဝဒတ်ကလည်း ညဘက်အချိန်တွင် ဆင်တင်းကုပ်သို့လာပြီး–

"အချင်းဆင်ရဲသားတို့...ငါကား မင်း၏ ဆရာဖြစ်၍ ငါဆိုသမျှပင် မင်းကြီးလိုက်နာသည်။ အရာငယ်သူကိုလည်း အရာကြီးအောင်၊ စည်းစိမ်ငယ်သူကိုလည်း စည်းစိမ်ကြီးလေအောင် ငါချီးမြှောက်နိုင်သည်။

"ငါ့အလိုပြည့်အောင်သာ သင်တို့ လုံ့လပြုကြကုန်လော့၊ အသင်တို့ အခါတိုင်းနေ့များ၌ ဆင်တော်ကို အရက် အဘယ်မျှ တိုက်ကြသနည်း" မေး၏။ "တစ်နေ့လျှင် ရှစ်လုံးကျစီ တိုက်ပါသည်"ဆိုလျှင် "နက်ဖြန်နံနက်၌ အပြင်းဆုံး အထက်ဆုံး အရက်ကို တစ်ဆယ့်ခြောက်လုံးအထိ တိုက်၍ ဆင်ကိုလည်း ရိက်ပုတ်ညှဉ်းဆဲပြီး ရှင်ဂေါတမ ဆွမ်းခံကြွလာသည့်လမ်းသို့ ရေးရှုလွှတ်လေ" ဟု ပြောဆိုမှာထား၏။

ထိုအခါ၌ အဇာတသတ်မင်းက– မင်းချင်းတို့အား "အသင်တို့သည် ဤနေပြည်တော်၌ ရှိနေကြကုန်သူအပေါင်းတို့အား နက်ဖြန်နံနက်ပိုင်းအချိန်၌ မိမိတို့နေအိမ်မှတစ်ပါး အခြားပြင်ပ မင်းလမ်းမ အစရှိသော နေရာများသို့ လုံးဝ

ကူးသန်းသွားလာခြင်းမပြုလုပ်ကြရန် မောင်းကြေးနင်းတီးခတ်၍ ကြွေးကြော် ကြေညာကြကုန်လော့" ဟု ဆင့်ဆိုမိန့်ကြား၏။

ရာဇဂြိုဟ်ပြည်သူအပေါင်းတို့သည် ထိုအကြောင်းကို တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားသိကြရလေသောအခါ မြတ်စွာဘုရားအထံသို့ သွားရောက်၍ "ဘုန်းတော်ကြီးသော အရှင်မြတ်စွာဘုရား. . .ဆရာဒေဝဒတ်သည် အဇာတသတ်မင်းနှင့် တိုင်ပင်၍ အရှင်မြတ် ဆွမ်းခံကြွတော်မူသောအခါ နာဠာဂိရိဆင်ကို အရှင်မြတ်အထံ စေလွှတ်ပါလိမ့်မည်။

"ထို့ကြောင့် နက်ဖြန်နံနက်ပိုင်းအချိန်၌ အရှင်မြတ်စွာဘုရား ဆွမ်းခံထွက်တော်မမူပါလင့်၊ တပည့်တော်တို့သာလျှင် အရှင်မြတ်အထံ လာရောက်ပြီး ဆွမ်းကပ်လှူပါမည်" ဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားက ကြောင်းကျိုးအခြေအနေအရပ်ရပ်ကို ဆက်စပ်ဆင်ခြင်တော်မူပြီးနောက်-

> "ဥပါသကာတို့. . .နက်ဖြန်နံနက်သောအခါ၌ ငါသည်-နာဠာဂိရိဆင်ကို ယဉ်ကျေးအောင် ဆုံးမတော်မူရလတ္တံ့၊ ရာဇဂြိုဟ်ပြည်သူအပေါင်းတို့သည် ငါဘုရားအထံ (ကျောင်းတော်) သို့ လာရောက်၍ ဆွမ်းကပ်လှူကြရလတ္တံ့၊ ငါ (ဘုရား) သည် ထိုအခါမှပင် 'ဆွမ်း' ဘုဉ်းပေးတော်မူမည်"

ဟု ပြန်လည် မိန့်ကြားတော်မူလိုက်၏။

## တရားသဘောကို သိမြင်ရအံ့သောအခါ

မြတ်စွာဘုရားသည် ထို့နောက်သောအခါ ညဉ့်ဦး ပထမယံ၌ များစွာသော ပရိသတ်တို့အား တရားဟောခြင်း၊ မဇ္ဈိမယံ၌ အမေးပုစ္ဆာ ပြဿနာအရပ်ရပ်ကို ဖြေကြားရှင်းပြတော်မူခြင်း၊ ပစ္ဆိမယံတွင် ဖလသမာပတ် ကရုဏာသမာပတ်တို့ ဝင်စားတော်မူခြင်းပြုပြီးသော် နေမျှော်သော ကြာမုံရင်ကဲ့သို့ ချွတ်သင့်သော သတ္တဝါတို့ကို ရှုကြည့်တော်မူလျှင် နာဠာဂိရိဆင်ကို ဆုံးမတော်မူရာ၌ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့ ဓမ္မာဘိသမယ" ဖြစ်ကြအံ့သည်ကို သိမြင်တော်မူ အပ်ရေကား . . .

နောက်တစ်နေ့နံနက်၌ အရှင်အာနန္ဒာကို ခေါ်တော်မူပြီးသော်–

"ချစ်သား အာနန္ဒာ. . .ဤရာဇဂြိုဟ်ပြည်၏အနီး ကျောင်းကြီး တစ်ဆယ့်ရှစ်ရပ်၌ ရှိနေကြကုန်သော သင်္ဃာတော်အပေါင်းတို့အား ယခုနံနက်ပိုင်းအချိန်၌ ငါဘုရား၏ နောက်တော်မှ ခြံရံလိုက်ပါနိုင်ကြစိမ့်သောငှာ ဝေဠုဝန်ကျောင်းတော်ရှေ့၌ အရုံသင့်ခေါ်ယူစုစည်းထားနှင့်လော့"ဟု မိန့်ကြားတော်မူ၏။

အရှင်အာနန္ဒာလည်း မြတ်စွာဘုရား မိန့်ကြားတော်မူအပ်သောအတိုင်းပင် သင်္ဃာတော်အများတို့အား ဝေဠုဝန်ကျောင်းတော်၏ မုခ်ဦး၌ အရုံသင့်စုစည်းထားအပ်ပြီးရှိနေပေ၏။

ထိုအခါ၌ မြတ်စွာဘုရားသခင်သည်–

ဆေးဒန်းမြင်းသီလာဂူတွင်းမှ ထိန်လွှင်တောက်ပစွာ
ထွက်ပြူကွန့်မြူးအပ်သော ကေသရရာဇာခြင်္သေ့မင်းကဲ့သို့လည်း
ကောင်း၊ ကိုးသောင်းသော ဟင်္သာတို့၏ အလယ်၌ တင့်တယ်စွာ
စံပယ်အပ်လေသော ဓတရဋ္ဌဟင်္သာမင်းကဲ့သို့လည်းကောင်း
အထောင်အသိန်းမကသော ဘုရားရှင်တို့၏ အသရေကို
ဆောင်လျက် ရောင်ခြည်တော် ခြောက်စိုင်ကို တစ်ပြိုင်တည်း
ကွန့်မြူးစေကာ ဝေဠုဝန်ကျောင်းတော်မှသည် ရာဇဂြိုဟ်၏
အချက်အချာဖြစ်ဘိသော မင်းလမ်းမကြီးဖြင့် မြို့တွင်းသို့
ဆွမ်းအလှူခံကြွမြန်းတော်မူအပ်ပေရကား . . .

နာဠာဂီရိဆင်ကို ထိန်းကျောင်းရသူတို့သည် ဆရာဒေဝဒတ် ကြိုတင်မှာထားသည့်အတိုင်းပင် ၎င်းဆင်ကြီးအား–ပထမဦးစွာ အရက်ပြင်း တစ်ဆယ့်ခြောက်အိုးတိုက်ခြင်း၊ ဒုတိယ–ဒေါသမျက်မာန် ပြင်းထန်စွာဖြစ်လောက်အောင် ရိုက်နှက်ပုတ်ခတ်ခြင်း ပြုပြီးနောက် မြတ်စွာဘုရားအထံသို့ ရှေးရှုဦးတည်ပြီး လွှတ်လိုက်ကြကုန်၏။

ထိုအချိန်၌ ရာဇဂြိုဟ်ပြည်သား လူအများတို့တွင် သဒ္ဓါတရားရှိသောသူတို့သည် "ယနေ့ကား– ဘုရားတည်းဟူသော ဆင်ပြောင်ကြီး၏တိရစ္ဆာန်ဆင်ပြောင်အပေါ် အောင်နိုင်တော်မူခြင်းအဖြစ်ကို လက်တွေ့ဒိဋ္ဌရှုမြင်ရပေတော့အံ့" ဟူသော ယုံကြည်မျှော်လင့်မှုဖြင့် ပစ္စင် ပြအိုး မြို့ရိုး တံတိုင်း စသည့်နေရာအသီးသီးတို့မှ စောင့်စားကြည့်ရှုနေကြကုန်၏။

ဘုရားရတနာတည်းဟူသော မြတ်စွာဘုရားရှင်အပေါ်၌ သဒ္ဓါချွတ်ယွင်း ပညာကင်းသော တိတ္ထိယသာဝကတို့က,မူကား ငါတို့၏ဂုဏ်ကျေးဇူး အသရေကို နှစ်ကာလရှည်မြင့်စွာ နှိပ်စက်ဖျက်ဆီးလာခဲ့သော ရှင်ပျက်ဂေါတမ၏ မရှုမလှ ပျက်စီးဆုံးရှုံးရမှုကို ငါတို့သည် ယနေ့အဖို့တွင် တပ်အပ်ထင်ထင် တွေ့မြင် ကြုံကြိုက်ရပေတော့မည်ဟူသော အတွေးဖြင့် ပြာသာဒ်-အိမ်မိုး စသည့် မြင့်သော နေရာတို့မှ စောင့်စားငုံ့မျှော်နေကြကုန်၏။

## အရှင်အာနန္ဒာ

နာဠာဂိရိဆင်သည် ထိုအခိုက်၌ပင်လျှင် ကောင်းကင်မိုးလုံး ထစ်ချုန်းရိုက်ဟည်း ပဲ့တင်လည်းမျှ သည်းစွာသော ကြိုးကြာသံကို ဟစ်လျက် ကြမ်းကြုတ် ခက်ထန်စွာသော ဒေါသမာန်ဖြင့် မြတ်စွာဘုရားအထံသို့ ရှေးရှုပြေးလာ၏။

သံဃာတော်အချို့က "အရှင်မြတ်စွာဘုရား...ဤနာဠာဂိရိဆင်သည် အလွန်လျှင် ကြမ်းကြုတ်လှပါ၏။ ဘုရား၏ဂုဏ်ကျေးဇူးကိုလည်း မည်သို့မျှ မသိနားမလည်တတ်ပါ၊ အရှင်မြတ်စွာဘုရားသည် ခရီးလွှဲ၍ ကြွတော်မူစေချင်ပါသည်" ဆိုကြကုန်၏။

ဘုရားရှင်က "ချစ်သားရဟန်းတို့...မည်သို့မျှ မကြောက်ကြကုန်လင့်၊ နာဠာဂိရိဆင်ကို 'ငါ' ယဉ်ကျေးအောင် ဆုံးမ,တော်မူမည်" မိန့်ကြား၏။

အရှင်သာရိပုတ္တရာက "ဘုန်းတော်ကြီးသော မြတ်စွာဘုရား...၊ ဤလောက၌ အမိအဖကွင် ကိစ္စဖြစ်ကြားက သားအကြီးသာ ဆောင်ထိုက်ပါသကဲ့သို့ ဤနာဠာဂိရိဆင်ကိုလည်း အရှင့်ကိုယ်တော်စား လုပ်၍ အကျွန်ုပ် ဆုံးမ,ပါရစေ" လျှောက်ထား၏။

မြတ်စွာဘုရားက "ချစ်သားသာရိပုတ္တရာ...၊ သာဝကတို့၏အစွမ်းလည်း တစ်ပုံ၊ ဘုရားရှင်တို့၏အစွမ်းလည်း တစ်ပုံသာကည်း" ဆိုတော်မူ၏။ အရှင်မောဂ္ဂလာန် စသော သာဝကကြီးတို့ကလည်း အသီးသီးခွင့်တောင်းကြ၏။ မြတ်စွာဘုရားက မည်သူ့ကိုမျှ ခွင့်ပြုတော်မမူလေ။

## အရှင်အာနန္ဒာ

ထိုအခိုက်၌ ဘုရားရှင်ထံသို့ ရှေးရှု၍ပြေးလာသော နာဠာဂိရိဆင်ကို မြင်လျှင် အရှင်အာနန္ဒာသည် မြတ်စွာဘုရား၌ အားကြီးသော ချစ်ခြင်းဖြင့်-

"သင် ညှဉ်းဆဲလိုလျှင် ငါ့ကိုသာ ရှေးဦးစွာ ညှဉ်းဆဲစေ၊ သတ်လိုလျှင် ငါ့ကိုသာ သတ်စေ၊ အသက်ဖြင့် ဘုရားကျေးဇူးတော်ကို ဆပ်အံ့"ဟု ကြံ၍ ဘုရား၏ရှေ့တော်သို့တက်၏။ ကိုယ်တော်မြတ်ဘုရားလည်း "ချစ်သား အာနန်-ရှားလော့...ရှားလော့၊ ငါဘုရားသာ ရှေးဦးစွာ ခံအံ့"ဟု မိန့်တော်မူလျှင်-

"အရှင်ဘုရား...ဆင်ကား အလွန်ကြမ်းကြုတ်၏၊ ဗုဒ္ဓ ဓမ္မ သံဃဂုဏ်ကိုလည်း မသိ၊ မူးယစ်ဘိလျက်လာပါ၏။ အကျွန်ုပ်ကိုသာ ဦးစွာ တက်ပါစေဦး၊ နောက်မှ အရှင့်ထံသို့ရောက်ပါစေ" ဟု ဆို၍ မဆုတ်နစ်ဘဲ နေလေသော် (နောက်သို့မဆုတ်ဘဲ နေလေသော်) ရှင်တော်ဘုရားသည် တန်ခိုးတော်အားဖြင့် အာနန္ဒာကို ပယ်ရှား၍ ဆင့်အပါးသို့ ကပ်တော်မူ၏။

ထိုခဏ၌ သားငယ်မိခင် မိန်းမသည် အလွန်ကြောက်လန့်ရကား ဘုရားရှေ့တော်ဝယ် သားငယ်ကို ချ၍ပြေးလျှင် ဆင်လည်း ထိုမိန်းမသို့ ရှေးရှု လိုက်၏။

ဘုရားရှင်ကိုယ်တော်မြတ်လည်း ရပ်တန့်တော်မူကာ ဩဓိသမေတ္တာဖြင့် နာဠာဂိရိကို ဖြန်းတော်မူလျက် ချိုအေးသာယာ ဗြဟ္မာမင်း၏အသံနှင့်တူသော အသံဖြင့် ကျူးရင့်မိန့်ဆိုတော်မူအပ်သည်ကား-

## ငါဘုရားထံသို့သာ

"ချစ်သားနာဠာဂိရိ၊ သင့်အား တစ်ဆယ့်ခြောက်လုံးသော သေအရက်ကို တိုက်၍လွှတ်လိုက်သော အရေးသည် အိမ်ဈေးသဘင်၊ လူရှင်အများ၊ သူတစ်ပါးတို့ကို ပျက်ပြားသတ်ဖြတ်စိမ့်သောငှာ လွှတ်ပေးသည်မဟုတ်။

"သမ္မာသမ္ဗုဒ္ဓမည်တော်ရပေသော ငါဘုရားကို မျက်ဝါးလတ်လတ် သတ်စိမ့်သောငှာသာ လွှတ်ပေသည်တကား။ သင့်အရှင်၏စကားကို လိုက်လို ပြေးက ငါဘုရားထံသို့သာ လျင်စွာလာခဲ့လော့"ဟု ခေါ်တော်မူ၏။

Royal Snow
Publications

နာဠာဂီရိဆင်လည်း ထိုအသံကိုကြားလျှင် မှိတ်ထားသောမျက်စိကို ဖွင့်၍ ကြည့်ရှုသဖြင့် ဘုရားရှင်အသရေတော်ကိုမြင်လျှင် ကြည်လင်သောစိတ်စေတနာ ဖြစ်ရကား သေယစ်ခြင်းပျောက်ဘိပြီး သတိရသဖြင့် အမြီး နားရွက်တို့ကို ချလျက် ခံတွင်းဝသို့ နှာမောင်းကို သွင်း၍ ဘုရားခြေတော်ရင်း၌ ဝပ်စင်း တုပ်ပျပ်လေ၏။

## မေတ္တာစိတ်ကသာ

ထိုအခါ မြတ်စွာဘုရားသည် နာဠာဂီရိဆင်၏ဦးကင်းကို လက်တော်ဖြင့် သုံးသပ်လျက်–

"ဆင်မြတ် နာဠာဂီရိ၊ သင်သည် ယနေ့မှစ၍ ကြမ်းတမ်းရန့်ရင်းခြင်းကို မပြုလင့်၊ လူတို့အား သတ်ဖြတ်ညှဉ်းဆဲခြင်းကို မပြုမူ၍ မေတ္တာစိတ်ကိုသာ လွှန်စွာပွားစေလော့။ မေတ္တာမပွား သူ့အား နိပ်စက်တတ်သောသတ္တဝါတို့သည် လူ့ရွာဘဝပစ္စက္ခ၌ များလှသော ရန်တို့ကိုလည်း အတန်တန် တွေ့ကြုံတတ်၏။ ဘဝဂတိ ပြောင်းလဲဘိသော်လည်း ပြောင်းလဲသောအခါ၌လည်း ဒုဂ္ဂတိဘဝ–ပါယ်လေးဝ၌သာ ကာလရှည်စွာ ခံရရှာချေ၏။

"မေတ္တာမပွား သူ့အား နိပ်စက်ဖျက်ဆီးတတ်သောသတ္တဝါတို့သည် လူ့ရွာဘဝပစ္စက္ခ၌ များလှသော ဘေးရန်တို့ကိုလည်း အတန်တန် တွေ့ကြုံ တတ်၏။ ဘဝဂတိ ပြောင်းလဲဘိသော်လည်း (ပြောင်းလဲသောအခါ၌လည်း) ဒုဂ္ဂတိဘဝ၊ ပါယ်လေးဝ၌သာ ကာလရှည်စွာ ခံရရှာချေ၏"

ဤသို့စသည်ဖြင့် ဓမ္မဒေသနာကို ထင်ရှားစွာ ဟောပြတော်မူအပ်သော် ဆင်တော်နာဠာဂီရိလည်း ပီတိဖုံးလွှမ်းအပ်သောကိုယ် ရှိသည်ဖြစ်၍ အမြိုက် ရေဖြင့် သွန်းသကဲ့သို့ ချမ်းမြေ့ကြည်သာ သဒ္ဓါတက်ပွားလျက် ဘုရားရှင်ခြေတော် ကို ဦးတိုက်၍ နှာမောင်းဖြင့် ပိုက်လျက် ခြေတော်ရင်း၌ရှိသော မြေကို ယူ၍ မိမိဦးခေါင်း၌ ကြဲဖြန့်ကာ သရဏဂုံပဥ္စသီကို ယူ၏။ လူဖြစ်မှုကား ထိုခဏ၌ပင် သောတာပန် တည်ပေရာ၏။

ထို ဆင်မင်းအား တရားဟောရာ၌ ရှစ်သောင်းလေးထောင်သော ပရိသတ်တိုက်တို့သည် အမြိုက်တရားကို ရကြလေကုန်သတည်း။

## ဒေဝဒတ်နှင့် ပြည်သူ

ယင်းသို့ ဘုရားသခင်ကို ဆင်ဖြင့် တိုက်သည်မှစ၍ ဒေဝဒတ်အား ပြည်သူပြည်သားတို့သည် များစွာကဲ့ရဲ့ကြကုန်၏။

"ဤဒေဝဒတ်သည် ငါတို့အရှင်ဖြစ်သော ဗိမ္ဗိသာရမင်းမြတ်ကိုလည်း သတ်စေပြီ၊ ဘုရားသခင်ကိုလည်း မိမိပင် သတ်အံ့ဟု လုံ့လပြုလေပြီ။ ယခု တစ်ဖန် နာဠာဂီရိဆင်ဖြင့်လည်း ဘုရားသခင်အား တိုက်သတ်ပြန်ပြီ။

"ဘုန်းတန်ခိုးကြီးမြတ်လှသော အရှင်ဖြစ်၍သာ ချမ်းသာတော့သည်။ ယင်းသို့ယုတ်မာသော အကျင့်အကြံရှိသောဒေဝဒတ်အား မြတ်သော သူတော်ကောင်းတရားသည် အဘယ်မှာရှိအံ့နည်း၊ တရားမရှိသောသူကို ပေးလှူရခြင်းသည် အဘယ်အကျိုးရှိအံ့နည်း"

ဤသို့လျှင် ပြည်သူတို့က ရှုံ့ချကဲ့ရဲ့ကာ ဒါနမှုကို ဖြတ်ရလေရကား ဒေဝဒတ်သည် စားသောက်လောက်ရုံကိုမျှ ရှာမရ၍ ဒါယကာတို့အထံ၌ လှည့်လည်တောင်းခံစားရ၏။ ဘုရားသခင်၌သာ များစွာသော လာဘ်ပူဇော်သက္ကာယသည် ဖြစ်၏။

## ပညတ်ချက်

ဒေဝဒတ်သည် ယင်းသို့ ဒါယကာတို့အထံ၌ တောင်းခံစားသောကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူလျှင် သံဃာအပေါင်းတို့ကို စည်းဝေးစေ၍ "အဆွေမတော်သော ဒါယကာ၊ မဖိတ်သော ဒါယကာတို့အထံ၌ မတောင်းခံအပ်၊ တောင်းခံသော် အာပတ်သင့်စေ" ဟု ပညတ်တော်မူ၏။

## မလျော်သောအကျင့်

ထိုအခါ ဆရာဒေဝဒတ်လည်း မြတ်စွာဘုရားနှင့် ခွဲခြားလိုသော အကြံရှိသည်ဖြစ်၍ မိမိ၏အဆွေဖြစ်သော ကောကာလိက၊ ကဋမောရက တိဿ၊ ခဏ္ဍာဒေဝိယ၊ သမုဒ္ဒဒတ္တ ဤလေးဦးသော ရဟန်းတို့ထံကပ်ပြီးလျှင် "ငါ့ရှင်တို့၊ ငါသည် ယောက်ဖတော် ဂေါတမနှင့် သင်းခွဲတော့မည်၊ သင်တို့ ညီညာကြကုန်လော" ဟု ဆို၏။

ထိုကောကာလိကတို့ကလည်း "အရှင်ဒေဝဒတ်၊ မြတ်စွာဘုရား ဂေါတမ ကား ဘုန်းတန်ခိုးကြီး၏။ အဘယ်ကြောင့်ဖြင့် သံဃာကွဲပြားစေခြင်းကို ပြုနိုင်ပါအံ့နည်း" ဟု မေးကြလျှင်–

"ငါ့ရှင်တို့၊ ဤအကြောင်းကား ခဲယဉ်းသည်မဟုတ်၊ ဘုရားလုပ်၍ သူကျင့်သောသိက္ခာကိုလည်း ငါတို့ သိရပြီ၊ သဃ်ာတို့အား ဟောကြားဆုံးမ အပ်သော နည်းနာကိုလည်း ငါတို့ကြားရပြီ။

"ဤထက်သာ၍ ခြိုးခြံစွာသော သိက္ခာပုဒ်ငါးရပ်ကို ငါ ခွင့်တောင်းအံ့၊ ထိုအကျင့်ကို အခွင့်မပေးဘဲ နေလိမ့်မည်။ ထိုအခါ ငါတို့သည် ထိုအကျင့်ကို မှီတင်း၍ ပြင်းစွာအားထုတ်ကုန်အံ့။

"လူတို့မှာလည်း သူတကာထက်ထူး၍ ပြောဆိုကျင့်ကြံသောသူကိုသာ လွန်စွာနှစ်သက်ကြကုန်၏။ ထို့ကြောင့် ဤကျင့်ဝတ်ငါးပါးဖြင့် ခွဲခြားရမှု ကွဲပြားနိုင်သည်သာတည်း" ဟု ဆို၏။

ထိုစကားကိုကြားလျှင် ကောကာလိက တို့ကလည်း "ကောင်းပြီ" ဟု ဝန်ခံကြကုန်၏။

တစ်နေ့သောအခါ ဆရာဒေဝဒတ်သည် မြတ်စွာဘုရားအထံတော်သို့ ကပ်ပြီးလျှင် "အရှင်ဘုရား၊ တပည့်သံဃာတော်တို့အား ဤငါးပါးသော အကြောင်းတို့ကို ပညတ်တော်မူပါ" ဟု လျှောက်ထားကြ၏။

### ထို ငါးပါးသော အကြောင်းတို့မှာကား

၁။ သာသနာသို့ သက်ဝင်၍ ရဟန်းဖြစ်ကြသော သူတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး အရညကင်ရှတင်ကိုသာ ဆောင်ပါစေ၊ အကြင်ရဟန်းသည် ရွာနီးကျောင်း၌ နေအံ့၊ ထိုရဟန်းသည် ဂရုက အာပတ်သို့ ရောက်စေရာ၏။

၂။ ရဟန်းတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး ဆွမ်းခံ၍သာ သုံးဆောင်ပါစေ၊ အကြင်ရဟန်းသည် ဒါယကာတို့ ပို့လာသော ဆွမ်း၊ ဖိတ်မန်သောဆွမ်းကို စားငြားအံ့၊ ထိုရဟန်းအား ဂရုက အာပတ်သို့ ရောက်စေရာ၏။

၃။ ရဟန်းတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး သုသာန်တစ သင်္ချိုင်းဝ၌ ရအပ်သော ပံသကူ သင်္ကန်းကိုသာ ဝတ်ဆင်ပါစေ' အကြင်ရဟန်းတို့သည် ဒါယကာတို့ လှူဒါန်းအပ်သော သင်္ကန်းကို ဝတ်ငြားအံ့၊ ထိုရဟန်းအား ဂရုက အာပတ်သို့ ရောက်စေရာ၏။

၄။ ရဟန်းတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး သစ်တစ်ပင် အောက် ဝါးတစ်ပင်ရင်းကပ်ချဉ်း၍ ရက္ခမူသာ နေပါစေ၊ အကြင် ရဟန်းသည် ဒါယကာတို့ ဆောက်လှူအပ်သော ကျောင်း၌ နေငြားအံ့၊ ထိုရဟန်းအား ဂရုက အာပတ်သို့ ရောက်စေရာ၏။

၅။ ရဟန်းတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး ငါး အမဲ စသည်ကို မဆုံးဆောင်ဘဲ မြေမှပေါက်သော ဝတ္ထုကိုသာ သုံးဆောင်ပါစေ၊ အကြင်ရဟန်းသည် ငါး အမဲကို စားငြားအံ့၊ ထိုရဟန်းအား ဂရုက အာပတ်သို့ ရောက်စေရာ၏။

ဒေဝဒတ်သည် ပညတ်ချက်ငါးမျိုးကို ဤသို့လျှင် ဖော်ပြပြီးနောက် "အရှင်ဘုရား. . .ဤငါးပါးသောအကြောင်းတို့သည် အလိုနည်းခြင်းငှာ၊ ရောင့်ရဲခြင်းငှာ၊ ခေါင်းပါးခြင်းငှာ၊ ကိလေသာကို ခါထွက်ခြင်းငှာ၊ ကြည်ညိုဖွယ် ရှိခြင်းငှာ သင့်လှပါသည်။ ထို့ကြောင့် သံဃာတို့အား ပညတ်တော်မူပါ" ဟု ဆက်လက်လျှောက်ထား၏။

## ပညတ်၍မသင့်

ထိုအခါ မြတ်စွာဘုရားသခင်က–

"ချစ်သား ဒေဝဒတ်၊ သင်တောင်းပန်သောအကြောင်းကား သာသနာ ရှည်မြင့်စွာတည်ရာသော အကြောင်းမဟုတ်၊ မုဒိန္ဒြိယဒုါကာရ ပုဂ္ဂိုလ်တို့အား တိက္ခိန္ဒြိယ သုဗ္ဗာကာရ ဖြစ်ရအောင် ဆောင်အံ့သောအကြောင်းလည်း မဟုတ် ရကား ဤငါးပါးကို ငါဘုရားပညတ်၍မသင့်။

"ဆင်းရဲမှလွတ်ရာလွတ်ကြောင်းဖြစ်သော မဇ္ဈိမပဋိပတ်တရားကို ငါ ဘုရားပညတ်တော်မူပြီ။ (ပညတ်ပြီးပြီ) တပည့်သံဃာတော်သည် အရညကင် ဓုတင်ယူဆောင်၍ တော၌ နေလိုသူလည်း နေစေ၊ ပိဏ္ဍပါတ ဓုတင်ဆောင်

လိုသူလည်း ဆောင်စေ၊ ဒါယကာတို့ ဖိတ်မန်သောဆွမ်း (ပင့်ဖိတ်၍ ကျွေးအပ်သောဆွမ်း) ကို သာယာလိုသူလည်း သာယာစေ။

ပံ့သုကူဆောင်လိုလည်း ဆောင်စေ၊ ဒါယကာတို့ လှူသောသင်္ကန်းကို ဝတ်လိုသူလည်း ဝတ်စေ။

## တောရ ဆောက်တည်မှု

တန်ဆောင်မုန်းလပြည့်မှစ၍ နယုန်လပြည့်တိုင်အောင် ရှစ်လအတွင်း၌ သစ်တစ်ပင်ရင်း နေခြင်းတည်းဟူသော ရုက္ခမူ ခုတင်ကိုလည်း ငါ ပညတ်တော်မူပြီ။

## အစွန်းသုံးပါးမှ လွတ်သော

"လူတို့တန္တိ၊ သတ်လေဘိသည်ကို၊ မိမိကိုယ်ထင်၊ မမြင်ထ,သော၊ ရည်၍သတ်ခြင်း (ရည်စူး၍ သတ်ခြင်း) သတင်းကိုလည်း မကြားထ,သော၊ ငါ့ကို ရည်ကာ သတ်သည်သာဟု၊ (ငါ့အတွက် သတ်ခြင်းသာဖြစ်သည်ဟု) ရွံ့ရှာခြင်းလည်း မရှိထ,သော ဤသို့အားဖြင့် အစွန်းသုံးပါးမှ စင်ကြယ်သော အသားကိုသာ စားစိမ့်ငှာကိုလည်း ငါ ပညတ်တော်မူပြီ၊ အလိုရှိရာ ကျင့်ကြပါစေ" ဟု မိန့်တော်မူ၏။

## အားရဝမ်းသာ

ထိုအခါ ဒေဝဒတ်ကလည်း မြတ်စွာဘုရားသည် ငါ တောင့်တအပ်သော စကားကိုပင် ဆိုပေသည်ဟု အားရဝမ်းသာနေရာမှ ထခဲ့ပြီးသော် အကျွမ်းဝင်သော သံဃာပရိသတ်တို့ကို ခေါ်၍-

## အကျင့်ကောင်းကို မလိုက်နာ

"ငါ့ရှင်တို့၊ သင်တို့၏ ဆရာဂေါတမသည် ဒုက္ခ၏ကင်းကုန်ကြောင်း ဖြစ်သော အကျင့်ကောင်းငါးတန်ကို တောင်းပန်ပါသော်လည်း မလိုက်မနာ၊ သက်သာရာကို လိုက်စား၍ တပည့်ပွားစိမ့်သောငှာသာ ကျင့်သည်။ လာဘ်များစိမ့်သောငှာသာ ကျင့်သည်။ နိဗ္ဗာန်ရောက်ကြောင်းကို မကျင့်။ ထို့ကြောင့်

ငါသည် ယောက်ဖတော် ဂေါတမနှင့် သင်းခွဲတော့အံ့၊ ဝင်ဆင်းရဲမှ လွတ်လိုသော သူတို့သည် ငါ့ထံသို့ လိုက်လှည့်ကုန်၊ ငါကျင့်တိုင်း ကျင့်လှည့်ကုန်" ဟု ဆို၍ သံဃာငယ်တို့ကို သွေးဆောင်၏။

## မပြုလင့်

ထိုအကြောင်းကို ဘုရားသခင်ကြားတော်မူလျှင် ဒေဝဒတ်ကိုခေါ်ပြီး-

"သင်သည် ငါ၏အာဏာစက်ကို ဖျက်ခြင်းငှာ၊ သံဃာကိုသင်းခွဲခြင်းငှာ အားထုတ်၏ဟု ငါ ကြားတော်မူသည်၊ မှန်သလော" ဟု မေးတော်မူ၏။

ဒေဝဒတ်လည်း မှန်ပေကြောင်းကို လျှောက်လျှင် "သင်သည် ဤကဲ့သို့သောအမှုကို မပြုလင့်၊ ဤအမှုကား ဂရုက်ခြံသော တည်သတည်း" (လွန်စွာအပြစ်ကြီးလေးလှ၏) ဟု အစချီပြီးနောက် ဤသို့လည်း ဆက်လက်ဆုံးမတော်မူ၏။

## အလိုမရှိလင့်

"ဒေဝဒတ်-မသင့်၊ သင့်အား (သင်သည်) သံဃာကွဲပြားခြင်းကို အလိုမရှိလင့်။ ဒေဝဒတ်၊ သံဃာကို သင်းခွဲသောသူသည် ဝန်လေးလှချေ၏။ (အပြစ်ကြီးလေးလှချေ၏။) အကြင်သူသည် ညီညွတ်သောသံဃာကို သင်းခွဲ၏။ ထိုသူသည် သည်းထန်ပြင်းပြစွားရစေတတ်သော တစ်ကမ္ဘာပတ်လုံးတည်သော မကောင်းမှု ပွားစီး၏။ တစ်ကမ္ဘာပတ်လုံး အဝီစိငရဲ၌ကျရတတ်၏။

"ဒေဝဒတ်၊ အကြင်သူကား ကွဲလေပြီးသော သံဃာကို ညီညွတ်အောင် ပြုဘိ၏။ ထိုသူအား မြတ်သောကောင်းမှုသည် ပွားစီး၏။ တစ်ကမ္ဘာပတ်လုံး အာယုကပ်ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏"

## ဆုံးမလျက်ပင် နားမဝင်နိုင်

ဗုဒ္ဓမြတ်စွာဘုရားသည် ဒေဝဒတ်အား ဤသို့သာမက အခြားသော အကြောင်းအရာတို့ဖြင့်လည်း သတိပေးဆုံးမတော်မူသေး၏။ သို့သော် ဒေဝဒတ်သည် ထိုစဉ်အခါ၌ မြတ်စွာဘုရားအပေါ်ဝယ် ဒေါသမျက်မာန်ကြီးမားပြင်းထန်လှချေရကား မြတ်စွာဘုရား၏ မဟာကရုဏာတော်နှင့်စပ်လျဉ်းသော သတိပေး

ဆုံးမမှုကိုပင် နှလုံးသည်းပွတ်အား တားသွားဖြင့် အမွှေ့ခံရသည်မျိုး ထင်မှတ် လျက် မြတ်စွာဘုရားအထံမှ လျင်မြန်စွာ ထွက်ခွာလာခဲ့၏။

နောက်တစ်နေ့၌ အရှင်အာနန္ဒာ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်လာလေ သောအခါ အရှင်အာနန္ဒာ၏အနီးသို့ ကပ်၍-

"အချင်းအာနန္ဒာ၊ ယနေ့မှစ၍ ဘုရားသခင်နှင့်လည်းကောင်း၊ ဘုရား တပည့်ဖြစ်သော သံဃာတို့နှင့်လည်းကောင်း ဥပုသ် ပဝါရဏာမှစ၍ ကံကြီး ကံငယ်တို့၌ အတူတကွ မပြုပြီ။ ဤနေ့မှစ၍ သင်းခွဲတော့အံ့" ဟု ဆိုလိုက်၏။

ထိုအကြောင်းကို အရှင်အာနန္ဒာက မြတ်စွာဘုရားအား ပြန်လည်လျှောက် ထားသည့်အခါ မြတ်စွာဘုရားက ဖြစ်လာလတ္တံ့သောအရေးကို မျှော်ရှုတော် မူလျက် ဤသို့မိန့်တော်မူ၏။

## သူတော်ကောင်းနှင့် သူယုတ်မာ

"ရဟန်းတို့ . . . သူတော်ကောင်းဖြစ်သောသူသည် ကောင်းသောအမှုကို ပြုလွယ်၏။ သူယုတ်သည် ကောင်းသောအမှုကို ပြုနိုင်ခဲ၏။ သူယုတ်သည် မကောင်းသောအမှုကို ပြုလွယ်၏။ သူတော်သူမြတ်တို့သည် မကောင်းသော အမှုကို ပြုနိုင်ခဲ၏"

ဤဒေသနာ၏အဆုံး၌ များစွာသောသူတို့သည် တရားရသ (တရား၏ အရသာ) ကို သောက်ရကုန်သတည်း။

## မကောင်းကျိုးဖြစ်စေမှု

ဒေဝဒတ်လည်း ထို ဥပုသ်နေ့၌ ဝေသာလီပြည်သား ရဟန်းငါးရာ တို့အား နားပါးချသွင်း၍ (သွေးဆောင်သိမ်းသွင်း၍) သင်းခွဲစာရေးတံကို ယူစေ ပြီးလျှင် ဂယာသီသသို့သွား၍ ငါးပါးသောကျင့်ဝတ်ကို ဆောက်တည်လျက် နေကြကုန်၏။

တစ်လနှစ်လခန့် ရှည်လတ်သော် အဖော်သဃာငယ်တို့သည် အစား အသောက် ရှားပါးချို့တဲ့ခြင်း၊ အဝတ်သင်္ကန်း၏မပြည့်စုံခြင်း၊ အရိပ်အာဝါသ မရှိ၊ အနေအထိုင်ဆင်းရဲခြင်း စသည်တို့ဖြင့် နိပ်စက်လေရကား လျော့ပါးကြုံလှီ သော ကိုယ်စိတ်ရှိကုန်လျက် လူထွက်ခြင်းငှာ အားထုတ်ကြကုန်၏။

## တရားလမ်းမကို ညွှန်ပြပါချေ

မြတ်စွာဘုရားသည် ထိုအကြောင်းကို သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူသည့်အခါ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကို ခေါ်တော်မူ၍-

"ချစ်သားတို့...ဝဠ်ဆင်းရဲမှ လွတ်စေခြင်းငှာ သာသနာတွင်းသို့ ဝင်ပါလျက် မလိမ္မာသောအဖော်သဟဲကိုရ၍ ပျက်စီးကြရလတ္တံ့သော ဒေဝဒတ်၏အသင်းသို့ပါသော သဃာငယ်တို့အား သင်တို့ မသနားကြပြီလော၊ ထိုသဃာငယ်တို့အား တရားလမ်းမကို ညွှန်ပြပါချေကုန်" ဟု မိန့်တော်မူ၏။

အဂ္ဂသာဝကနှစ်ပါးလည်း ဘုရားရှင်၏အမိန့်တော်အတိုင်းပင် ဂယာသီသသို့ သွားလေသော် ဒေဝဒတ်သည် အဝေးမှလာသော ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ကို မြင်သဖြင့် မိမိအပါးတွင် ရှိနေသော ကောကာလိကအား ဤသို့ ပြောကြား၏။

"ချစ်သား...ကောကာလိက၊ ရဟန်းဂေါတမ၏ သာဝကကြီးများဖြစ်သော ပုဂ္ဂိုလ်တို့သည် ငါ၏ထံသို့ လာကြကုန်ပြီ၊ ဤသူတို့သည် ငါ၏တရားကို နှစ်သက်ကုန်၏"

ကောကာလိက "ဆရာ...သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ကို လက်ခံ၍ အကျွမ်းမဝင်လင့်၊ ဤသူတို့သည် ယုတ်မာသောအကြံအစည်ရှိကုန်၏" ဆိုသော် ဒေဝဒတ်က "ငါ့ရှင် ကောကာလိက၊ ရှေးအခါကဖြစ်လျှင် သင်ဆိုသော စကားအတိုင်း မှန်၏။ ယခုကား ကောင်းသောလာခြင်းပင်တည်း" ဆို၏။

ဤသို့ပြောနေကြစဉ်၌ပင် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့သည် အနီးသို့ရောက်လာသော် ဒေဝဒတ်က သင့်လျော်သောနေရာကို မိမိအပါး၌ခင်း၍ "ဤသို့လာလှည့်" ဟု နေရာဖြင့် ဖိတ်ကြား၏။ အရှင်သာရိပုတ္တရာလည်း ခင်းအပ်သောနေရာသို့ မတက်ဘဲ တစ်ခုသောနေရာသို့ တက်ပြီးလျှင် ဒေဝဒတ်ဟောသောတရားကို နာ၍ ဆိတ်ဆိတ်သာနေ၏။

ဒေဝဒတ်သည် တပည့်ပရိသတ်တို့အား တရားဟောပြ၍ ညဉ့်ဦးယံလွန်လျှင် "ငါ့ရှင် သာရိပုတ္တရာ...ငါကား ညောင်းလာပြီ၊ သင်သာလျှင် သဃာတို့အား တရားဟောဦးလော့" ဆို၍ အိပ်လေ၏။

## သစ္စာလေးပါးနှင့် စပ်သော တရား

ရှင်သာရိပုတ္တရာလည်း မြတ်စွာဘုရား သင်သောနည်းအားဖြင့် သစ္စာလေးပါးနှင့်စပ်သော မဇ္ဈိမပဋိပတ်၏ အာဒေသနာပါဋိဟာရိယာ နုသာသနိပါဋိဟာရိယ အားဖြင့် ဩဝါဒပေးတော်မူ၏။ အရှင်မဟာမောဂ္ဂလာန်ကလည်း ဣဒ္ဓိပါဋိဟာရိယ အာဒေသနာပါဋိဟာရိယ တို့ဖြင့် တရားဟောတော်မူ၏။ ထိုဒေသနာကို ကြားရလျှင် ငါးရာသော ရဟန်းငယ်တို့သည် လေးသွယ်သော သစ္စာကို မြင်၍ အစဉ်သော ဝိပဿနာဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။

## အရှင်သာရိပုတ္တရာတို့၏ နောက်သို့

နံနက်သောအခါ အရှင်သာရိပုတ္တရာသည် "ငါ့ရှင်ဒေဝဒတ်၊ ငါတို့ သွားတော့အံ့၊ ဘုရား၏တရားကို နှစ်သက်သောသူတို့လည်း ဘုရားထံသို့ လိုက်ပါစေ၊ သင့်တရားကို နှစ်သက်သောသူတို့လည်း သင့်ထံ၌ နေရစ်ပါစေ" ဆို၍ ပြန်ခဲ့လေလျှင် ထိုသယ်ာငါးရာတို့သည် မိမိတို့၏ ပရိက္ခရာကို ပစ်၍ အရှင်သာရိပုတ္တရာတို့၏ နောက်သို့ လိုက်လာကြကုန်၏။

## ဒေဝဒတ်၏ ဝေဒနာ

ထိုအကြောင်းကို ဒေဝဒတ်မြင်လျှင် ပြည့်ရှင်မင်း၏ စည်းစိမ်မှ လျှောကျသော ယောက်ျားကဲ့သို့ ကြီးစွာသော စိတ်ဒုက္ခဖြစ်သဖြင့် ခံတွင်းမှ သွေးအန်သော ဝေဒနာသည် ဖြစ်၏။ အရှင်သာရိပုတ္တရာလည်း ထိုရဟန်းငါးပါးတို့ကို မြတ်စွာဘုရားအထံတော်သို့ ဆောင်ခဲ့ပြီးလျှင်—

"အရှင်ဘုရား၊ ဤဘေဒါနုဝတ္တက ရဟန်းတို့အား ပဥ္စင်းအသစ်ခံရအံ့လော" ဟု မေးလျှောက်၏။ ဘုရားသခင်ကလည်း "ချစ်သား ရှင်သာရိပုတ္တရာ၊ ဝိနည်း၌ မလိမ္မာခြင်းကြောင့် ငါဘုရား၏ တရားမှတ်၍သာ ဒေဝဒတ်၏ သင်းခွဲရာသို့ ပါရှာလေသော ဤရဟန်းတို့အား ကံမထားပါလင့်၊ ထုလ္လစ္စည်းအာပတ်ကိုသာ ဒေသနာကြားစေလော့" ဟု မိန့်တော်မူ၏။

## မြတ်စွာဘုရား အထံတော်သို့

ဒေဝဒတ်လည်း မိမိပရိသတ်တို့ ပျက်စီးသောနေ့မှစ၍ ရင်မှ သွေးအန်သော ဝေဒနာသည် တစ်နေ့ထက်တစ်နေ့ စည်ကားလျက် ကိုးလလွန်သောအခါ

"ငါသည် မြတ်စွာဘုရားအား ပြစ်မှားခြင်းကြီးသောကြောင့် ဤမျှလောက်သော ဒုက္ခကို ခံရချေသည်။ ကန်တော့မှသာလျှင် ထိုပြစ်ကင်းချေတော့မည်" ဟု ကြံ၍ မိမိထံ၌ရှိရစ်သော ကောကာလိက အစရှိသော ရဟန်းရှစ်ဦးတို့အား "ဘုရားထံသို့ရောက်အောင် ငါ့ကိုဆောင်ပါ" ဆိုလျှင် ထိုရဟန်းတို့လည်း အိပ်ရာညောင်စောင်းကိုပင် ထမ်းစင်ပြု၍ ဘုရား ရှိရာ သာဝတ္ထိပြည်သို့ ဒေဝဒတ်ကို ပို့ဆောင်လာကြကုန်၏။

ဇေတဝန်ကျောင်းတော်၏အနီး ရေကန်ကြီးအပါးသို့ရောက်လျှင် ကိုယ်ကို ရေသန့်စင်ဦးမည်ဟု ထမ်းစင်ကိုချစေ၍ ရေသို့သက်ခြင်းငှာ အားထုတ်လတ်သော် မဟာပထဝီမြေကြီးသည်-

## မဟာအဝီစိငရဲသို့

သတ္တရတနာသိတာ၊ လေးဖြာအဏ္ဏဝ၊ ဒီပလေးသွယ်၊ ကျွန်းငယ်အရံနှင့် တကွ ဆတ်ဆတ်ခါမြည်ဟည်းလျက် (မြေလျှောင် သွက်သွက်ခါမျှ လှုပ်လျက်) "အသီးသီးသော ရေမြေတောတောင်ကို ရွက်ဆောင်ခြင်းငှာ ငါ စွမ်းနိုင်၏။ သင်ကဲ့သို့သော သူယုတ်သူပျက်သည် ငါ့အထက်၌နေသည်ကို(ကား) ငါ မခံလိုပြီ" ဟု ဆိုဘိသကဲ့သို့ ကြောက်မက်ဖွယ်သောအသံကို ကြော်ငြာလျက် နင်းရာအရပ်မှ ကွဲ၍ တသွန်တည်း အဝီစိငရဲသို့ရောက်လေ၏။

ထိုအကြောင်းနှင့် စပ်လျဉ်းသည့် မိလိန္ဒမင်းကြီး၏ အမေး (ပြဿနာ)၌ အရှင်နာဂသေန၏ အဖြေစကားကို ဤစာရေးသူ၏ "မိလိန္ဒ အမေး-အဖြေ" တွင် ဖော်ပြခဲ့သည်။

ယခု ဤနေရာ၌ ထပ်မံဖော်ပြပါဦးမည်။

## ဒေဝဒတ်နှင့် ရဟန်းအဖြစ်

မိလိန္ဒမင်းကြီး။ ။"တပည့်တော်သိပါရစေဦး ဘုရား၊ အရှင်ဘုရားတို့က လာခြင်းကောင်းတော်မူသော ဘုရားရှင်သည် မဟာကရုဏာရှိတော်မူ၏၊ သတ္တဝါတို့၏အကျိုးစီးပွားကို ဆောင်တော်မူလေ့ရှိ၏၊ အစဉ်သဖြင့် ကရုဏာရှိတော်မူ၏ဟူ၍ ဆိုကြကုန်သည် မဟုတ်ပါလား ဘုရား"

အရှင်နာဂသေန။ ။"မှန်ပေတယ် မင်းကြီး၊ လာခြင်းကောင်းတော်မူသော ဘုရားရှင်သည် မဟာကရုဏာလဲ ရှိတယ်၊ အကျိုးစီးပွားကိုလဲ ဆောင်တယ်၊ အစဉ်သဖြင့်လဲ သနားတော်မူလေ့ရှိပေတယ်"

မိလိန္ဒမင်းကြီး။ ။"အရှင်ဘုရား...ဒေဝဒတ်ကို အဘယ်သူ ရဟန်းပြုပေးပါသလဲ"

အရှင်နာဂသေန။ ။"မင်းကြီး... ၁၊ ဘဒ္ဒိယ၊ ၂၊ အနုရုဒ္ဓါ၊ ၃၊ အာနန္ဒာ၊ ၄၊ ဘဂု၊ ၅၊ ကိမိလ၊ ၆၊ ဒေဝဒတ်၊ ၇၊ ဒုပါလိဆတ္တာသည်၊ ပေါင်း-ခုနစ်ယောက်တို့ကို ဘုရားရှင် ရဟန်းပြုပေးခြင်းဖြစ်တယ်"

မိလိန္ဒမင်းကြီး။ ။"အရှင်ဘုရား...ဒေဝဒတ်ရဟန်းပြုပြီး နောက် သံဃာကို သင်းခွဲခဲ့သည် မဟုတ်ပါလား"

အရှင်နာဂသေန။ ။"မှန်ပေတယ် မင်းကြီး၊ ဒေဝဒတ်ဟာ သံဃာကို သင်းခွဲခဲ့ပေတယ်"

မိလိန္ဒမင်းကြီး။ ။အရှင်ဘုရား...သံဃာကို သင်းခွဲတဲ့ အပြစ်ဟာ ဘယ်လောက်များ ကြီးလေးပါသလဲ"

အရှင်နာဂသေန။ ။"မင်းကြီး...သံဃဘေဒက ကံထိုက်သူဟာ တစ်ကမ္ဘာပတ်လုံး ငရဲခံရပေတယ်"

မိလိန္ဒမင်းကြီး။ ။"အရှင်ဘုရား...ဘုရားရှင်ဟာ ဒေဝဒတ်ကို ရဟန်းပြုပေးခဲ့ရင် သံဃာကို သင်းခွဲလိမ့်မယ်ဆိုတာကိုရော၊ ထိုမကောင်းမှုကံကြောင့်ပင် အဝီစိငရဲမှာ တစ်ကမ္ဘာပတ်လုံး ကျခံရမယ်ဆိုတာကိုရော ကြိုတင်သိထားအပ်ပါသလား"

အရှင်နာဂသေန။ ။"သိပေတယ် မင်းကြီး"

## အစွန်းနှစ်ဖက်

မိလိန္ဒမင်းကြီး။ ။"အရှင်ဘုရား...ဤသို့ဆိုလျှင် အရှင်ဘုရား ဦးစွာဆိုခဲ့တဲ့ ဘုရားရှင်တို့၏ မဟာကရုဏာတော်ဆိုတာ ဘာမျှ အဓိပ္ပာယ် မရှိနိုင်တော့ပါ၊ ကြောင်းကျိုးမတန်ရာ ယုတ္တိမတန်ရာရောက်နေပါတယ်၊

"သို့မဟုတ်–သင်းခွဲမှာ မသိလို့၊ ငရဲခံရမှာ မသိလို့ ရဟန်းပြုပေးခဲ့တယ် ဆိုပြန်ရင်လဲ ဘုရားရှင်ဟာ သဗ္ဗညုတဉာဏ်တော်ရှင် မဟုတ်တန်ရာရောက်နေပါတယ်၊ ဒီပြဿနာဟာ အစွန်းနှစ်ဖက် ထွက်နေပါတယ်။

"ဒေဝဒတ်ကို ရဟန်းပြုပေးခဲ့ရင် သံဃာကို သင်းခွဲမှု သံဃဘေဒကံကြောင့် မဟာအဝီစိငရဲမှာ တစ်ကမ္ဘာတိုင်တိုင် ကျခံရမည်ဆိုတာကို သဗ္ဗညုတဉာဏ်တော်အရ သိထားတာ မှန်ရင်လဲ ဒီလို သိရက်နဲ့ ဘာ့ကြောင့် ရဟန်းပြုပေးခဲ့ရသလဲ၊ သတ္တဝါတို့ကို အစဉ်သနားတော်မူအပ်သည်ဆိုတဲ့ မဟာကရုဏာတော်မရှိလို့လား၊ ဒီအစွန်းက တစ်ဖက်–

"မဟာကရုဏာတော်ရှိတာ မှန်ရင်လဲ ဒေဝဒတ်ကို ရဟန်းပြုပေးရင်ဖြင့် သံဃာကို သင်းခွဲလိမ့်မယ်၊ ထိုအဖြစ်ကြောင့်လဲ မဟာဝီစိငရဲမှာ ကျခံရလိမ့်မယ် ဆိုတာကို ကြိုတင်သိထားလို့လား၊ သည်လို မသိခဲ့ဘူးဆိုရင်လဲ ဘုရားရှင်မှာ သဗ္ဗညုတဉာဏ်တော်စင်စစ် မရှိလို့သာ ဖြစ်တယ်။ ဒီအစွန်းက တစ်ဖက်–

"အရှင်ဘုရား... ဒီအစွန်းနှစ်ဖက်ဟာ ပရဝါဒီ ပုဂ္ဂိုလ်များအတွက် အလွန်တရာ အရေးကြီးလှပါတယ်၊ တပည့်တော်တို့အပေါ်မှာ ပရဝါဒီပုဂ္ဂိုလ် (အခြားတစ်ပါးသော အယူဝါဒရှိသူ) များက ထိုအစွန်းနှစ်ဖက်နှင့် ထိုးနှက်တိုက်ခိုက်စရာ ဖြစ်နေပါတယ်။

"နောင်...လာလတ္တံ့သောအခါမှာ အရှင်ဘုရားလို ပုဂ္ဂိုလ်မျိုးကို တွေ့ရနိုင်ဖို့ပဲ၊ မမျှော်လင့်ရဲလောက်အောင်ပင် ရှိရပါတော့တယ်၊ အကြောင်းတိုက်ဆိုင်သောအခိုက်တွင် တပည့်တော်အား ယုံမှားပျောက်သောအားဖြင့်ပင် ဖြစ်စေ၊ ပရဝါဒီပုဂ္ဂိုလ်တို့အား ဟုတ်တိုင်းမှန်ရာ သိစေသောအားဖြင့်ပင်ဖြစ်စေ ထိုအစွန်း' နှစ်ဖက်ကို ပယ်ဖျက်သုတ်သင်ကာ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်ကျေးဇူး ဆိမ်းတန်ဆောင်ကို ထွန်းပြောင်တော်မူပါစေဦး ဘုရား"

အရှင်နာဂသေန။ ။"ကောင်းလှပြီ မင်းကြီး...ဗုဒ္ဓမြတ်စွာဘုရားဟာ သတ္တဝါတို့အပေါ် အစဉ်သနားတော်မူအပ်တယ်ဆိုတာလဲ မှန်တယ်၊ ခပ်သိမ်းသော တရားအပေါင်းတို့ကို ကောင်းစွာ သိတော်မူအပ်တယ်ဆိုတာလဲ မှန်ပေတယ်။

## မဟာကရုဏာနှင့် သဗ္ဗညုတဉာဏ်တော်ကြောင့်သာ

"မင်းကြီး၊ စင်စစ်တော့ မြတ်စွာဘုရားက ဒေဝဒတ်ကို ရဟန်းပြုပေးလိုက်တာဟာ မဟာကရုဏာတော်ကြောင့်ပင် ဖြစ်ပေတယ်၊ သဗ္ဗညုတဉာဏ်တော်အားလျော်စွာ နောက်နောင်မှာ ဖြစ်လာလတ္တံ့သည်ကို ကြိုတင်ပြီး သိနေအပ်သောကြောင့်လည်း ဖြစ်ပေတယ်။

"ထပ်ပြီး ရှင်းပြပါဦးမယ် မင်းကြီး။

"ဘုရားရှင်ဟာ ဒေဝဒတ်နဲ့ စပ်လျဉ်းလို့ ဒေဝဒတ် ရဟန်းမဖြစ်ခဲ့လျှင် ကမ္ဘာတစ်သိန်းမက ကျခံရအံ့သော မကောင်းမှုတွေကို လုပ်လိမ့်မယ်လို့ နောင်ဖြစ်လာလတ္တံ့သည်များကို အကြွင်းမဲ့ပင် ကြိုတင်ပြီး မြင်တော်မူအပ်ပေတယ်။

"ဒေဝဒတ်ဟာ ကြီးစွာသော မကောင်းမှုများကြောင့်ပင် ကမ္ဘာအပိုင်းအခြားမရှိ ငရဲတစ်ခုမှသည် တစ်ခုသို့ တောက်လျှောက်စဉ်တိုက်ကြီး ပြောင်းရွှေ့ခံစားရမှာကို သဗ္ဗညုတဉာဏ်နဲ့ သိမြင်တော်မူအပ်ပေတယ်။

"သည်လို ငရဲအမျိုးမျိုးမှာ ကာလအပိုင်းအခြားမရှိ စဉ်တိုက်ကြီး ခံရမှာကို သိမြင်တော်မူလို့ သာသနာ့ဝန်ထမ်း ရဟန်းပုဂ္ဂိုလ်အဖြစ် ပြုပြင်ပေးပြန်ရင်လဲ သံဃာကို သင်းခွဲလိမ့်မယ်၊ သင်းခွဲတဲ့အတွက်လဲ မဟာအဝီစိငရဲမှာ တစ်ကမ္ဘာတိုင်တိုင် ကျခံရလိမ့်မယ်ဆိုတာကို သိမြင်တော်မူအပ်ပြန်ပေတယ်။

## သက်သာခွင့်ရစေခြင်း

"မင်းကြီး . . . နှောင်အိမ်တစ်ခုမှသည် တစ်ခုသို့ပြောင်းရွှေ့ကာ အသက်ဆုံးသည့်တိုင် မင်းပြစ်မင်းဒဏ်ခံရသော အကျဉ်းသားနှင့် နှောင်အိမ်တစ်ခုတည်းမှာသာ ရက်ကာလအပိုင်းအခြားနဲ့ သတ်မှတ်ပြီး အပြစ်ဒဏ်ခံရသော အကျဉ်းသားနှစ်ဦးအနက် ဘယ်သူက သက်သာခွင့်ရအပ်သလဲ"

မိလိန္ဒမင်းကြီး။ ။"မှန်ပါ၊ ရက်ကာလ အပိုင်းအခြားနှင့် ခံရသူက သက်သာခွင့်ရအပ်ပါတယ် ဘုရား"

အရှင်နာဂသေန။ ။"ဒေဝဒတ်ကို ဘုရားရှင် ရဟန်းပြုပေးတော်မူတာဟာ ထိုသဘောအတိုင်းဖြစ်ပေတယ် မင်းမြတ်။ ငရဲအသီးသီးမှာ ရက်ကာလအပိုင်းအခြားမရှိ တောက်လျှောက်စဉ်တိုက်ပြီး ခံနေရမှာနှင့်စာရင်

သံဃာကို သင်းခွဲမှုကြောင့် တစ်ကမ္ဘာသာ အပြစ်ဒဏ်ခံရမှာက သက်သာခွင့်ရအပ်ပေတယ်ဆိုတဲ့ မဟာကရုဏာတော်နှင့် ရဟန်းပြုပေးခဲ့ခြင်း ဖြစ်တယ်"

မိလိန္ဒမင်းကြီး။ ။"အရှင်ဘုရား၊ ဤသို့ဆိုလျှင် ဘုရားရှင်သည် ရိုက်ပြီးမှ ဆီလိမ်း၊ တွန်းလိုက်ပြီးမှ ပြန်ဆွဲ၊ သေအောင်ပြုစေပြီးမှ ပြန်ရှင်သကဲ့သို့ပင် ရှိတော့သည် မဟုတ်ပါလော"

အရှင်နာဂသေန။ ။"မှန်ပေတယ် မင်းကြီး...လာခြင်းကောင်းတော်မူသော ဘုရားရှင်သည် သတ္တဝါတို့၏ အကျိုးစီးပွားနှင့် စပ်လျဉ်းတဲ့အခါ ရိုက်တန်တာ ရိုက်၊ တွန်းတန်တာ တွန်း ပြုအပ်ပေတယ်။

"မြတ်သော မင်းကြီး၊ ပစ္စည်းဥစ္စာ ခြွေရံသင်းပင်များစွာနှင့် အင်မတန်ဂုဏ်အရှိန်အဝါကြီးတဲ့ သူဌေးကြီးတစ်ဦးရှိတယ်။ သူဟာ မင်းနှင့်လဲ အင်မတန်အကျွမ်းဝင်တယ်၊ မင်းဖြစ်သူကို ပြောနိုင်ဆိုနိုင် ပြောရဲဆိုရဲ ရှိသူလဲ ဖြစ်ဟယ်။

"တစ်နေ့မှာ သူ့ရဲ့သွေးသားတစ်ဦးဟာ ကြီးလေးသော မင်းပြစ်မင်းဒဏ်ကို ခံရတယ်။ သည်အခါမှာ သူဌေးကြီးဟာ မင်းဖြစ်သူနဲ့ တွေ့ဆုံပြီး သူ့ရဲ့သွေးသားအပေါ် ချမှတ်စီရင်ထားတဲ့အပြစ်ဒဏ်ကို သက်သာလျော့နည်းခွင့်ရလေအောင် ဆောင်ရွက်တယ်။ အပြစ်ကြီးလေးစွာ ခံနေရသူဟာ သူ့ရဲ့ဆောင်ရွက်ချက်ကြောင့် အပြစ်ဒဏ်သက်သာ လျော့နည်းသွားခဲ့ရတယ်။

"ဘုရားရှင်ဟာလဲ ဒီအတိုင်းပင်ဖြစ်ပေတယ် မင်းကြီး၊ ဒေဝဒတ်အပေါ်မှာ အသက်သာဆုံးဖြစ်နိုင်တဲ့ နည်းတွေကို ရွေးချယ်ပြီး ကယ်မ,တော်မူလိုက်ပေတာပဲ။

"မင်းကြီး၊ မြတ်စွာဘုရားသခင်ဟာ ဒေဝဒတ်အပေါ်မှာ သည်လိုဆင်းရဲသက်သာသွားစေအောင် စွမ်းဆောင်ကယ်မ,တော်မူလိုက်တဲ့အတွက် တစ်စုံတစ်ခုသော မကောင်းမှုကိုပြုလုပ်တယ်လို့ ဆိုအပ်သလား"

မိလိန္ဒမင်းကြီး။ ။"မှန်ပါ...နွားနို့တစ်ညှစ်ကာလ၊ လက်ဖျစ်တစ်တွက်မျှလောက်ပင် မကောင်းမှုဖြစ်ပေတယ်လို့ မဆိုနိုင်ကြောင်းပါ ဘုရား"

အရှင်နာဂသေန။ ။"ကောင်းပြီ မင်းကြီး၊ သို့ဆိုလျှင် သင်မင်းကြီးသည် ဘုရားရှင်မဟာကရုဏာတော်နှင့်တကွ သဗ္ဗညုတဉာဏ်တော်၏ အချင်းအရာကိုပါ ထင်ရှားစွာသိမြင်အပ်ပြီ။ သို့သော် ပိုပြီး သိသာစေသော ဥပမာတစ်ခု ထပ်မံဆိုပါဦးမည် မင်းကြီး"

## ပြုအပ်သောအမှု

"ခိုးသူတစ်ဦးကို လက်ရဖမ်းဆီးမိတဲ့အခါ မင်းဖြစ်သူက ထိုခိုးသူကို ဦးခေါင်းဖြတ် သတ်စေလို့ အမိန့်ချမှတ်လိုက်တယ်။ ထိုအမိန့်အတိုင်း မင်းမှုထမ်းတွေက ခိုးသူအား သူသတ်ကုန်းသို့ ခေါ်သွားကြတယ်။

"သည်အခါမှာ ပစ္စည်းဥစ္စာလဲ အင်မတန် ကြွယ်ဝချမ်းသာ၊ မင်းနှင့်လဲ အကျွမ်းဝင်သူတစ်ဦးက ခိုးသူကို သနားတာနဲ့ မင်းမှုထမ်းတွေကို သည်လို ပြောတယ်။ ခိုးသူကို မင်းမိန့်အတိုင်း ဦးခေါင်းဖြတ် မသတ်လိုက်ကြပါနဲ့ကွာ၊ လက် ခြေ နားရွက်လောက်ပဲ ဖြတ်လိုက်ကြပါ၊ မင်းတို့မှာ ဘယ်လိုမှ အပြစ် မရှိစေရပါဘူး။ မင်းကြီးကို ငါ သင့်သလိုကြည့်ပြီး လျှောက်တင်ပါ့မယ်။

"သည်တော့...မင်းမှုထမ်းဖြစ်သူတွေကလဲ ထိုသူဟာ မင်းနှင့် အကျွမ်းဝင်တာ၊ ပြောရဲဆိုရဲရှိတာကို အစင်းသိဖြစ်နေလေတော့ သူပြောတဲ့အတိုင်းပဲ ခိုးသူကို လက် ခြေလောက်သာ ဖြတ်လိုက်ကြတယ်၊ သတ်မပစ်ဘူး။

"မင်းကြီး...ခိုးသူရဲ့အသက်ကို ကယ်သူဟာ သည်လိုလုပ်လိုက်တဲ့ အတွက် တစ်စုံတစ်ရာ မကောင်းမှုကိုပြုတယ်လို့ ဆိုထိုက်သလား"

မိလိန္ဒမင်းကြီး။ ။"မှန်ပါ...မဆိုထိုက်ပါ ဘုရား၊ သူတစ်ပါး၏ အသက်ကို ကယ်တင်ခြင်းအတွက် ပြုအပ်သောအမှုကိုပြုသည်ဟုပင် ဆိုရဦးမည် ဖြစ်ပါတယ်"

အရှင်နာဂသေန။ ။"ကောင်းပြီ မင်းကြီး၊ လက် ခြေအဖြတ်ခံရတဲ့ အတွက်ကော ထိုသူမှာ အပြစ်တစ်စုံတစ်ရာ ပြုထိုက်သလား"

မိလိန္ဒမင်းကြီး။ ။"မှန်ပါ...လက်ခြေအဖြတ်ခံရတာက ကယ်တင် သူနှင့် လုံးဝမသက်ဆိုင်ပါ၊ ခိုးသူ၏အပြစ်အတွက်ခံရခြင်းသာ ဖြစ်ပါတယ် ဘုရား"

အရှင်နာဂသေန။ ။"ဗုဒ္ဓမြတ်စွာဘုရား၏ အပြုအမူတို့လဲ ထိုအတိုင်း ပင် သိမှတ်နားလည်အပ်ပေတယ် မင်းကြီး၊ ဒေဝဒတ်ဟာ သူ့သဘောအလျောက် ဆိုရင် ပထမဦးစွာပြောခဲ့ပြီးအတိုင်း မကောင်းမှုတွေကို များစွာပြုလုပ်မိလို့ ကမ္ဘာတစ်သိန်းမျှ တောက်လျှောက်စဉ်တိုက်ကြီး ငရဲခံရမယ့်အစား ရဟန်းပြုပေး လိုက်တဲ့အတွက် တစ်ကမ္ဘာမျှသာ ငရဲခံရမယ့်အခြေအနေကို ရောက်သွားရတယ်။ ဒါကြောင့်လဲ ဒေဝဒတ်ကိုယ်တိုင်က သေရအံ့ဆဲဆဲ နောက်ဆုံးအချိန်မှာ-

"လောကသုံးပါးထက် မြတ်တော်မူပေထသော မြတ်စွာဘုရား၊ နတ်ထက်နတ်ဖြစ်တော်မူပေသော မြတ်စွာဘုရား၊ ဆုံးမထိုက်သူအပေါင်းကို ထက်ဝန်းကျင် အပိတ်အပင်မရှိ သိမြင်နိုင်စွမ်းတော်မူသော သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၊ ဘုန်းတော်အပေါင်း ယောကျ်ားမြတ်တို့၏ လက္ခဏာတော်အပေါင်းနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား"

"ထို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို တပည့်တော်–ဒေဝဒတ်သည် ရုပ်နာမ်နှစ်ပါးတို့ဖြင့် ပျပ်ဝပ်ရိုကျိုး ရှိခိုးကန်တော့ပါ၏။ အသက်ထက်ဆုံး ဆည်းကပ်ကိုးကွယ်ပါ၏ ဘုရား"လို့–

ဘုရားရှင်ရဲ့ မဟာကရုဏာတော်ကို ထုတ်ဖော်တမ်းတရင်း အနူးအညွတ် ကန်တော့သွားအပ်ပေတယ်။

"မြတ်သောမင်းကြီး၊ ဒေဝဒတ်ဟာ သံဃာကို သင်းခွဲတဲ့ကံကြောင့် ဒီကမ္ဘာကြီးရဲ့ ငါးပုံတစ်ပုံကာလပတ်လုံး မဟာအဝီစိငရဲမှာ ကျခံရသော်လဲ ထိုငရဲမှလွတ်တဲ့အခါ "အဋ္ဌိသရ"ဆိုတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်လာရဦးမယ်။

"ဒေဝဒတ်နှင့် စပ်လျဉ်းလို့ ဘုရားရှင်က ခုလို ကယ်တင်ခဲ့တာဟာ မဟာကရုဏာတော်နှင့် သဗ္ဗညုတဉာဏ်တော်အားလျော်စွာ ပြုတော်မူခဲ့တာပဲ မဟုတ်ဘူးလား"

မိလိန္ဒမင်းကြီး။ ။"မှန်ပါ ...တပည့်တော် သိအပ်ပါပြီ ဘုရား"

## ချမ်းသာစေမှု ဆေးဝါးကု

အရှင်နာဂသေန။ ။"မင်းမြတ်...ဥပမာတစ်ခုကို ထပ်ပြီး ဆင်ခြင်ကြည့်ပါဦး၊ လူတစ်ယောက်ဟာ အင်မတန်ဆိုးဝါးတဲ့ အနာကြီးတစ်ခုပေါက်နေတယ်၊ သွေးတွေ ပြည်တွေကလဲ တရွှဲရွှဲ၊ ကိုယ်လိုက်နာလိုက်တာကလဲ မခံရပ်နိုင်လောက်အောင် ဖြစ်နေတယ်။ သည်အခါမှာ ဆေးသမားဖြစ်သူက အနာရဲ့အခြေအနေအရ ကြမ်းတမ်းပူလောင်တဲ့ စားဆေးကို ကင်သင့်တင်မယ်၊ ဓားနဲ့ခွဲတန် ခွဲမယ်၊ သည်လို လုပ်တာဟာ လူနာ့အပေါ်မှာ သနားကြင်နာခြင်း မရှိ၍ လုပ်တာလား၊ အနာပျောက်စေလို၍ ချမ်းသာစေလို၍ လုပ်တာလား"

မိလိန္ဒမင်းကြီး။ ။"မှန်ပါ ...ချမ်းသာစေလို၍ လုပ်ခြင်းသာဖြစ်ပါတယ် ဘုရား"

အရှင်နာဂသေန။ ။"မင်းမြတ် . . . ဘုရားရှင်ကိုလဲ ဤသို့ပင် သိအပ်ပေတယ်၊ ဆိုးဝါးလှစွာသော အနာကြီးနှင့်တူတဲ့ အကုသိုလ်ကံများအတွက် ဆေးဝါးကုသခြင်းတည်းဟူသော မဟာကရုဏာတော်ဖြင့် သက်သာခွင့်ရစေနိုင်အောင် ရဟန်းပြုပေးခဲ့ခြင်းသာ ဖြစ်ပေတယ်။

"နောက်တစ်နည်းကတော့ လူတစ်ယောက်ဟာ ဆူးစူးတဲ့အခါ ဆူးကိုသံချွန်နဲ့ ကော်တန်ကော်၊ ဆွဲထုတ်တန်ထုတ် လုပ်ရတာပဲ မဟုတ်လား"

မိလိန္ဒမင်းကြီး။ ။"မှန်ပါ . . . လုပ်ရပါတယ် ဘုရား"

အရှင်နာဂသေန။ ။"ကောင်းပြီမင်းမြတ်၊ ဒေဝဒတ်ကို ဆူးစူးခံရသူကဲ့သို့မှတ်ပါ၊ ဘုရားရှင်ကို ဆူးနုတ်ပေးသူကဲ့သို့မှတ်ပါ၊ မနုတ်ဘဲ မပယ်ရှားဘဲထားရင် အသက်သေတဲ့အထိ ဖြစ်သွားစေနိုင်တဲ့ဆူးကို လျော်ကန်သလို ထုတ်နုတ်ပယ်ရှားပစ်လိုက်ခြင်းအားဖြင့် လူနာအား အသက်ချမ်းသာစေသကဲ့သို့ မဟာကရုဏာတော်ရှင် သဗ္ဗညုတမြတ်စွာဘုရားသည်လည်း ကမ္ဘာတစ်သိန်းမက ငရဲခံရမယ့် ဒေဝဒတ်ကို ရဟန်းပြုပေးလိုက်ခြင်းအားဖြင့် သက်သာခွင့်ရစေခဲ့ပေတယ်။

"မင်းကြီး . . . ဤမျှဆိုလျှင်-

၁။ ဘုရားရှင်ဟာ သဗ္ဗညုတဉာဏ်တော်မရှိ၍သာ ဒေဝဒတ်ကို ရဟန်းပြုပေးခဲ့ခြင်းဖြစ်သည်ဟူသော အစွန်းက တစ်ဖက်။

၂။ သဗ္ဗညုတဉာဏ်ရှိလျှင်လည်း မဟာကရုဏာတော်မရှိ၍သာ ဒေဝဒတ်အား သံဃဘေဒကံဖြင့် မဟာအဝီစိငရဲ၌ကျခံရစေသည်ဟူသော အစွန်းက တစ်ဖက်၊ မင်းကြီး မေးမြန်းလျှောက်ထားရင်းဖြစ်တဲ့ သည် အစွန်းနှစ်ဖက်ဟာ ကြေပျက်လောက်ကရောပေါ့"

မိလိန္ဒမင်းကြီး။ ။"မှန်ပါ၊ ကြေပျက်အပ်ပါပြီ ဘုရား၊ ကြေပျက်ရုံသာမက ဘုရားရှင်၏ မဟာကရုဏာတော်ကိုလည်းကောင်း၊ သဗ္ဗညုတဉာဏ်တော်ကိုလည်းကောင်း ကောင်းစွာသိအပ်ပါသည် ဘုရား"

## နှလုံးသားမှ သဒ္ဒါတရား

အစွန်းနှစ်ဖက်နှင့်စပ်လျဉ်း၍ အရှင်နာဂသေနမထေရ်မြတ်၏ ဆုံးဖြတ်ပိုင်းခြားမှုကို ကြားသိရသည့်အခါ မိလိန္ဒမင်းကြီးသည် ထိုကဲ့သို့ပင် ဆောလျင်

စွာဝန်ခံအပ်လေသည်။ ထို့ပြင် မထေရ်မြတ်၏ ထုတ်ဖော်ဆိုညွှန်းမှုများအား လျော်စွာပင် နှလုံးသားမှဖြစ်အပ်သော သဒ္ဓါတရားဖြင့် ဗုဒ္ဓမြတ်စွာဘုရားအား လိုက်လှဲခြင်းပြင်းစွာ ကြည်ညိုမြတ်နိုးခြင်း ဖြစ်ရပြန်သည်။

သို့ဖြင့် မထေရ်မြတ်အား ဤသို့လျှင် ဆက်လက်လျှောက်ထားပြန်လေ၏။

"တပည့်တော်အပေါ်၌ ဆရာကောင်းဖြစ်တော်မူပေသော အရှင်မြတ်ဘုရား၊ ဗုဒ္ဓမြတ်စွာဘုရားသည် ဝဋ်ဆင်းရဲ ရေအလျဉ်ကြောတွင် မျောပါနစ်မွန်းရတော့မည့် ဒေဝဒတ်အား အထိုက်အလျောက် တန့်ရပ်တည်ငြိမ်ရာဖြစ်သော ရေအလျဉ်၏ အထက်အရပ်သို့ ပို့ဆောင်တော်မူအပ်ပါပေတယ်။

"အဆုံးမရှိနက်ရှိုင်းလှစွာသော အကုသိုလ်ချောက်ကမ်းပါးကြီးအတွင်းသို့ သက်ဆင်းကျရောက်ရတော့အံ့ဆဲဆဲ ဒေဝဒတ်အား ထိုက်သည့်အားလျော်စွာဖြစ်သော ရပ်တန့်ခိုနားစရာကို စွမ်းဆောင်ဖန်တီးပေးတော်မူအပ်ပါပေတယ်။

"အယူအဆ လွဲမှားခြင်းဟူသော မညီညွတ်သည့် မြေပေါ်ဝယ် ဦးစောက်ကျွမ်းပြန် အဖန်ဖန်လိမ့်လဲနေအပ်သော ဒေဝဒတ်အား အမှန်တရားဟူသော ညီညွတ်ချောပြေလှသည့် မြေအပြင်သို့ ကယ်တင်ပို့ဆောင်ပေးတော်မူအပ်ပါပေတယ်။

"အရှင်မြတ်ဘုရား...ဤသို့လျှင် ဇနက ကံဟု ဆိုအပ်သော အခြေခံအကြောင်းရင်းတို့၏ အခြင်းအရာကိုလည်းကောင်း၊ ဥပထမ္ဘက ကံဟု ဆိုအပ်သော စပ်လျဉ်းဆက်သွယ်ရာတို့၏ အခြင်းအရာကိုလည်းကောင်း၊ အရှင်မြတ်မှလွဲ၍ အခြားမည်သို့သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ ကြောင်းကျိုးလျော်ကန်ယုတ္တိတန်စွာ ဖြေရှင်းနိုင်စွမ်းမည်မဟုတ်ပါ ဘုရား"

ဤကား ဒေဝဒတ်နှင့်ပတ်သက်၍ သိအပ်သောအရာကို ကြောင်းစပ်လျဉ်းမှုအားလျော်စွာ ကောက်နုတ်ဆိုညွှန်းရခြင်းဖြစ်လေသည်။ ထိုမှတစ်ပါး ဒေဝဒတ်၏ ကံတရားအကျိုးပေးအကြောင်းဆက်နှင့် ပတ်သက်၍ ဤစာအုပ်၏ ရှေ့ပိုင်းတစ်နေရာတွင် စကားလက်စရှိခဲ့သည့်အတိုင်း ထပ်မံညွှန်ဆိုရန် ရှိနေပေသေးသည်။

စာဖတ်သူများ တိကျပြည့်စုံ သိမြင်ခံစားနိုင်စေမှုအတွက် သို့ ဆိုညွှန်းခဲ့ရင်းအကြောင်းရပ်ကို ဆက်လက်ဖော်ပြပါဦးမည်။

## ကုသိုလ်နှင့်အကုသိုလ် အကျိုးပေးခြင်း တူမျှသလော

မိလိန္ဒမင်းကြီး။ ။"အရှင်ဘုရား... ကုသိုလ်နှင့် အကုသိုလ်ကဲ ဟာ အကျိုးပေးချင်း တူမျှပါသလား၊ သို့မဟုတ်–တစ်စုံတစ်ရာ ထူးခြားပါ သေးလား"

အရှင်နာဂသေန။ ။"မင်းမြတ်... ကုသိုလ်နှင့် အကုသိုလ်ကံဟာ ကခြားစီဖြစ်တယ်၊ ကုသိုလ်က ကောင်းကျိုးချမ်းသာဖြစ်စေ၍ အကုသိုလ်က ဆင်းရဲခြင်းအမျိုးမျိုးကို ဖြစ်မြောက်စေတယ်။ ကုသိုလ်ကြောင့် လူချမ်းသာ၊ နတ်ချမ်းသာ နိဗ္ဗာန်တိုင်အောင် ရရှိခံစားနိုင်သလို အကုသိုလ်ကြောင့် ငရဲသို့ ကျရောက်ရခြင်း၊ အမျိုးမျိုးဆင်းရဲခြင်းများကို တွေ့ကြုံခံစားရပေတယ်"

မိလိန္ဒမင်းကြီး။ ။"အရှင်ဘုရား...ဒေဝဒတ်ဟာ အလွန်ယုတ်မာ တယ်၊ ယုတ်မာတဲ့စိတ် အပြည့်ရှိတယ်၊ ဘုရားလောင်းဟာ မြင့်မြတ်တယ်၊ မြင့်မြတ်ကောင်းမွန်တဲ့စိတ် အမြဲတမ်းရှိတယ်။ သူတစ်ပါးအပေါ်မှာ အစဉ်သဖြင့် ကောင်းကျိုးပြုတယ်လို့ အရှင်ဘုရားတို့ ဆိုတော်မူကြပါတယ်။

"သို့သော် တပည့်တော် သိရတာကတော့ ဒေဝဒတ်ဟာ ဘဝတိုင်းလိုလို မှာပဲ စည်းစိမ်ချမ်းသာအားဖြင့်ဖြစ်စေ၊ ခြွေရံသင်းပင် အပေါင်းအသင်းအားဖြင့် ဖြစ်စေ ဘုရားလောင်းအောက် မနိမ့်ကျဘဲ တန်းတူရည်တူဖြစ်နေပါတယ်။ အမှန်တော့ ဘုရားလောင်းထက် သာလွန် အထက်တန်းကျသော ဘဝများပင် ရှိခဲ့ပါတယ်။

### ဒွန်းစဏ္ဍားမျိုး၊ ဝိဇ္ဇာဓိုရ်ယောကျ်ား

"ဒေဝဒတ်က ပုရောဟိတ်ရဲ့သားဖြစ်တဲ့အခါ ဘုရားလောင်းက မန္တာန် အတတ်ကို တတ်ကျွမ်းတဲ့ ဒွန်းစဏ္ဍားမျိုး၊ ဝိဇ္ဇာဓိုရ်ယောကျ်ားဖြစ်ခဲ့တယ်"

### စီးတော်ဆင်

"ဒေဝဒတ်က ပြည့်ရှင်မင်းဖြစ်တဲ့အခါ ဘုရားလောင်းက ထိုမင်းသား၏ စီးတော်ဆင်ဖြစ်ခဲ့ရပါတယ်။ ပြည့်ရှင်မင်းဖြစ်သူဒေဝဒတ်ရဲ့ အခြွေအရံမျှသာ မကသေးဘူး၊ ဇာတ်အားဖြင့်လဲ နိမ့်ကျခဲ့ရပါတယ်"

## မျောက်မင်း

"ဒေဝဒတ်က မိမိ၏နွားပျောက်ကို လိုက်လံရှာဖွေတဲ့အခါမှာ ဘုရားလောင်းက မျောက်တိရစ္ဆာန်ဘဝမှာ ဖြစ်နေခဲ့ရပါတယ်"

## ဆဒ္ဒန်ဆင်မင်း

"ဒေဝဒတ်က သောနုတ္တိုရ်မုဆိုးဖြစ်တဲ့အခါမှာ ဘုရားလောင်းက ဆဒ္ဒန်ဆင်မင်းဖြစ်ခဲ့ရပါတယ်။ ဆင်မင်းလို့ ဆိုနိုင်ပေမယ့် ဇာတ်အားဖြင့်တော့ ဒေဝဒတ်အောက် နိမ့်ကျနေခဲ့ရပါတယ်"

## ခါငှက်

"ဒေဝဒတ်က မုဆိုးဖြစ်တဲ့အခါ ဘုရားလောင်းက ပညာနှင့်ပြည့်စုံသော ခါငှက် ဖြစ်ခဲ့ရပါတယ်"

## ခန္တိဝါဒရသေ့

"ဒေဝဒတ်က ကာသိရာဇ်ပြည့်ရှင် ကလာဗုမင်းဖြစ်တဲ့အခါ ဘုရားလောင်းက ခန္တိဝါဒ ရသေ့ဖြစ်ခဲ့ပါတယ်"

## ကပိလ ပုဏ္ဏား

"ဒေဝဒတ်က ကောင်းကင်ထက်သို့ တစ်ယူဇနာတိုင်တိုင် ကက်ရောက်သွားလာနိုင်စွမ်းသော ဥပဝိစရမင်းဖြစ်တဲ့အခါ ဘုရားလောင်းက ကပိလ ပုဏ္ဏားဖြစ်ခဲ့ပါတယ်"

## ရုရုသမင်

"ဒေဝဒတ်က 'သောမ' အမည်ရှိသော လူယောကျ်ားဖြစ်တဲ့အခါ ဘုရားလောင်းက 'ရုရု' မည်သော သမင် ဖြစ်ခဲ့ပါတယ်"

## နန္ဒိယမျောက်မင်း

"ဒေဝဒတ်က မုဆိုးဖြစ်တဲ့အခါ ဘုရားလောင်းက နန္ဒိယမျောက်မင်း ဖြစ်ခဲ့ပါတယ်"

## ပဏ္ဍရက နဂါး

"ဒေဝဒတ်က 'ကာရမ္ဘိယ' ရသေ့စဥ်းလဲဖြစ်တဲ့အခါ ဘုရားလောင်းက ပဏ္ဍရက နဂါး စသည်တို့ ဖြစ်ခဲ့ပါတယ်"

"အရှင်မြတ်ဘုရား . . .ဤဖြစ်ရပ်များကို ပြန်လည်ဆင်ခြင်ကြည့်လိုက်ရင် ဘုရားလောင်းဟာ ဘဝပေါင်းများစွာမှာပင် ဒေဝဒတ်အောက် နိမ့်ကျသိမ်ငယ်ခြင်း ဖြစ်ခဲ့ရတယ်လို့ ဆိုနိုင်ပါတယ်။ ယခု နောက်ဆုံးဘဝမှာပင်လျှင် ဒေဝဒတ်ဟာ သာကီဝင်မင်းသားဖြစ်ခဲ့ပါသေးတယ်။ ဘုရားရှင်သာသနာတော်မှာ တန်ခိုးအဘိညာဥ်ရ ရဟန်းတစ်ပါးအဖြစ်ဖြင့် ဘုရားရှင်ကိုပင် အန်တုဖက်ပြိုင် ပြုခဲ့ပါတယ်"

"အရှင်ဘုရား၊ တပည့်တော် ယခုပြောခဲ့တာတွေမှာ မှားယွင်းတာတွေများ ပါပါသေးသလား ဘုရား"

အရှင်နာဂသေန။ ။"ဒကာတော်မင်းမြတ် . . .မင်းမြတ်ပြောခဲ့တာတွေ အားလုံးမှန်ပါတယ်၊ မှားယွင်းတာ မရှိပါဘူး"

မိလိန္ဒမင်းကြီး။ ။"အရှင်ဘုရား . . . ဤသို့ဆိုလျှင် ကုသိုလ် အကုသိုလ်၊ ဆိုးသွမ်းယုတ်မာခြင်းနှင့် ကောင်းမွန်မြင့်မြတ်ခြင်းတို့၏ အကျိုးပေးဖြစ်မြောက်စေမှုဟာ တစ်စုံတစ်ရာမထူးခြား၊ တူရာမျှရာ ရောက်နေပါတယ်။ အလုံးစုံတူမျှတယ်လို့ပင် ယုံကြည်လက်ခံရမလို ဖြစ်နေပါတယ်။ အမှန်ကို သိပါရစေဦး ဘုရား"

အရှင်နာဂသေန။ ။"ကောင်းလှပြီ မင်းမြတ်၊ မင်းမြတ်က မိမိသိတာတွေပေါ် မူတည်ပြီး ဒေဝဒတ်နှင့် ဘုရားလောင်းကို တစ်စုံတစ်ရာထူးခြားမှုမရှိသလို၊ အကုသိုလ်နှင့် ကုသိုလ်ကို အကျိုးပေးခြင်း တူမျှသလို ထင်မြင်ယူဆနေတယ်။

"သည်ထင်မြင်ယူဆမှုအတွက် ကြောင်းကျိုးလျော်ကန်ဖြောင့်မှန် တိကျရာကို မင်းမြတ် ကောင်းစွာကြေညက် လက်ခံနိုင်သည်အထိ ဝေဖန်ပိုင်းခြားပြပါဦးမယ်"

## ကောင်းကျိုးနှင့် အကုသိုလ် အကျိုးပေးပုံခြင်း မတူ

အရှင်နာဂသေန။ ။"မင်းမြတ်... အကုသိုလ်နှင့် ကုသိုလ်ဟာ အကျိုးပေးပုံခြင်း မတူမျှဘူး၊ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တယ်။ အဖြူနှင့် အမည်းပမာဖြစ်တယ်။ ကုသိုလ်က ကောင်းကျိုးချမ်းသာအမျိုးမျိုးဖြစ်ထွန်းစေသလို၊ အကုသိုလ်က ဆင်းရဲပင်ပန်းခြင်းအမျိုးမျိုးကို ဖြစ်မြောက်စေအပ်တယ်။

"မင်းမြတ်...ဒေဝဒတ်ဟာ အကုသိုလ်တွေချည်း လုပ်ခဲ့တယ်လို့ သိနေတယ်။ စင်စစ်တော့ ဒေဝဒတ်ဟာ အကုသိုလ်တွေချည်း လုပ်ခဲ့တာမဟုတ်ဘူး။ လူတွေအားလုံးနဲ့ အမြဲတမ်းဆန့်ကျင်နေတာလဲ မဟုတ်ဘူး။ ကုသိုလ်ကောင်းမှုတွေကို အကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့သူဖြစ်တယ်။

"မင်းမြတ်...ဒေဝဒတ် ပြည့်ရှင်မင်းဖြစ်စဉ်အခါက ကျေးရွာဇနပုဒ်တွေကို ကောင်းစွာကာကွယ်စောင့်ရှောက်ပေးခဲ့တယ်။ တံတားထိုးခြင်း၊ ဇရပ်ဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ လမ်းပြင်ခြင်းအမှုတွေကို များစွာပြုလုပ်ခဲ့တယ်။

"ရသေ့ ရဟန်း ပုဏ္ဏား ခရီးသွား အစရှိသူတွေကိုလဲ သူတို့လိုအပ်ရာ တောင်းခံရာ လှူဒါန်းပေးကမ်းခဲ့တယ်။ ကိုးကွယ်ရာမဲ့ အထီးကျန်ဖြစ်နေတဲ့ သူဆင်းရဲဒုက္ခသည်တွေကိုလဲ လှူဒါန်းပေးကမ်းခြင်း၊ စောင့်ရှောက် ကယ်မခြင်းတွေ များစွာပြုခဲ့ဖူးတယ်။

"သည်လို...မွန်မြတ်သောအမှု၊ ဒါနကုသိုလ်ကောင်းမှုအကျိုးဆက်များကြောင့်သာလျှင် ကြီးကဲမြင့်မြတ်သောဘဝတို့၌ ရောက်ရှိခံစားရခြင်းဖြစ်ပေတယ်။ စည်းစိမ်ချမ်းသာ ဂုဏ်အရှိန်အဝါနှင့် ပြည့်စုံခဲ့ရခြင်းဖြစ်တယ်"

## ကောင်းမှုနှင့် ကင်းပြီး မချမ်းသာနိုင်

"မင်းမြတ်...လှူဒါန်းပေးကမ်းခြင်း၊ အကျင့်သီလဆောက်တည်ခြင်းများနှင့် ကင်းပြီး ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံကြွယ်ဝခြင်းအဖြစ်သို့ ဘယ်လိုနည်းနှင့်မှ မရောက်ရှိနိုင်ဘူး၊ မဖြစ်မြောက်နိုင်ဘူး။

"မင်းမြတ်...တစ်စုံတစ်ရာ လှူဒါန်းပေးကမ်းခြင်းလဲမရှိ၊ အကျင့်သီလနှင့်လဲ မပြည့်စုံ၊ ကိုယ်၏စင်ကြယ်ခြင်း၊ စိတ်၏စင်ကြယ်ခြင်းလဲ မရှိ၊ ကိုယ်တိုင်

ကလဲ ဘယ်လိုကြိုးပမ်းအားထုတ်မှုမှမရှိဘဲနှင့် စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်းနှင့် နေရဖို့ ပြည့်စုံဖို့ဆိုတာကို ဘယ်တန်ခိုးတော်ရှင်ကမျှ ဖန်ဆင်းပေးနိုင်ပါ့မလဲ။

## အကြောင်းကြောင့် အကျိုးဖြစ်

"မင်းမြတ် . . . အထည်အဝတ်ကို ဆေးဆိုးတဲ့အခါ အနီဆေးဆိုးရင် အနီရောင်ထွက်ပေါ်လာမှာပဲ၊ အနက်ရောင်ဆိုးရင် အနက်ရောင် ထွက်ပေါ်လာတာပဲ။ အနီရောင်ဆေးဆိုးပြီး အနက်ရောင်လိုချင်လို့ ဘယ်လိုမှ မရနိုင်မဖြစ်နိုင်ဘူး။

"ကုသိုလ်–အကုသိုလ်ဆိုတာလဲ ထို့အတူပဲ မင်းမြတ်၊ ကုသိုလ်အလုပ်ကို လုပ်ပြီး မကောင်းတဲ့ အကျိုးကို မရနိုင်ဘူး၊ အကုသိုလ်လုပ်ပြီးတော့ ကောင်းတဲ့အကျိုးကို မရနိုင်ဘူး။ အချို့သူတွေက အကုသိုလ်တွေ လုပ်ပြီး ချမ်းသာကြွယ်ဝနေတာတွေကို လက်ညှိုးထိုးပြတတ်ကြတယ်။ ဒါက ဒီဘဝမှာသာ ပြုလုပ်အပ်တဲ့ အကုသိုလ်ကောင်းမှုကြောင့် ဖြစ်ရတာ မဟုတ်ဘူး။ နောက်နောက်က ပြုလာခဲ့တဲ့ ကုသိုလ်ကောင်းမှုရဲ့ အကျိုးပေးအကြောင်းကသာ ဖြစ်တယ်။

## ကြုံကြိုက်တိုက်ဆိုင်မှု

"မင်းမြတ် . . . ဒေဝဒတ်နဲ့ ဘုရားအလောင်းအဖြစ်ကို ထပ်မံနှိုင်းယှဉ်ပြပါဦးမယ်။ ဒေဝဒတ်နဲ့ ဘုရားလောင်းက မင်းမြတ်ပြောခဲ့သလို ဘဝတိုင်းမှာ အတူတူ ယှဉ်လျက်တွဲလျက်ချည်း ဖြစ်နေခဲ့တာချည်းမဟုတ်ဘူး။ အစ,မထင်တဲ့ သံသရာစက်ရဟတ်အတွင်းမှာ ဘဝပေါင်းများစွာ အချိန်ကာလပေါင်းများစွာ ကျင်လည်ဖြစ်ပျက်လာခဲ့ကြတဲ့အနက် အကြောင်းတိုက်ဆိုင်မှုမှာ တွေ့ကြုံဆက်စပ်မိခြင်းသာ ဖြစ်ပေတယ်"

## လိပ်ဦးခေါင်းနှင့် ထမ်းပိုးကျည်းအပေါက်

"သဘောကတော့ လိပ်ကန်းရဲ့ ဦးခေါင်းနှင့် ထမ်းပိုးကျည်းနှင့် စွပ်မိသလိုဖြစ်တယ် မင်းမြတ်။ နှစ်ကာလပေါင်းများစွာ ရှည်လျားကြာမြင့်ပြီးမှ တိုက်ဆိုင်ကြုံကြိုက်ရတာမျိုးဟာ ဒေဝဒတ်တစ်ဦးတည်းနှင့်သာ မဟုတ်ဘူး

မင်းမြတ်၊ ရှင်သာရိပုတ္တရာကိုယ်တော်ကြီးအလောင်းနှင့်လည်း ဘဝပေါင်းများစွာ ကြုံတွေ့ခဲ့ရတယ်။ ဘုရားလောင်းက ရှင်သာရိပုတ္တရာရဲ့ဖခင် ဦးရီး၊ ဘကြီးစသည်ဖြစ်ခဲ့ရတာတွေရှိသလို၊ ဘုရားလောင်းကလည်း ရှင်သာရိပုတ္တရာရဲ့သားအဖြစ်၊ တူအဖြစ်၊ ညီတွေ ဖြစ်ခဲ့ရပါတယ်"

## သံသရာခရီးသည်များ

"မင်းမြတ် . . . သံသရာစက်ရဟက်ကြီးအတွင်းမှာ တပြောင်းပြန်ပြန် ကျင်လည်ဖြစ်ပျက်နေရသူတွေမှန်သမျှဟာ ချစ်သည်မင်ဖြစ်စေ၊ မုန်းသည်ပင်ဖြစ်စေ အကြောင်းအားလျော်စွာ ကြုံဆုံရမှာချည်း ဖြစ်ပါတယ်။

"မင်းမြတ် . . . နှိုင်းယှဉ်စရာတစ်ခု ရှိပါသေးတယ်။

"မဟာသမုဒ္ဒရာထဲမှာ မျောပါရကဲ့အခါ ကောင်းသောအရာဝတ္ထုနှင့် မကောင်းသောအရာဝတ္ထုဟာ သဘာဝချင်း ဂုဏ်သတ္တိချင်း မတူပေမယ့်လဲ အကြောင်းအားလျော်စွာ ယှဉ်တွဲဆက်စပ်မိခြင်း ဖြစ်တတ်ပါတယ်။

"ခပ်သိမ်းသောသတ္တဝါ သံသရာခရီးသည်တွေဟာလဲ ထို့အတူပါပဲ။ ဆုံချင်လျက်နှင့် လွဲရသူတွေရှိသလို၊ လွဲချင်လျက်နှင့် ဆုံရသူတွေလည်း ရှိတတ်ကြပါတယ်"

## ကောင်းမှုနှင့် မကောင်းမှု

"မင်းမြတ် . . . ဒေဝဒတ် 'အမ္မဘိလူး' ဖြစ်စဉ်အခါက မိမိကိုယ်တိုင်လည်း မကောင်းမှုပြုတယ်၊ သူတစ်ပါးတို့ကိုလည်း မိမိကဲ့သို့ပင် မကောင်းမှုပြုစေသဖြင့် နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေခြောက်သန်းတိုင်တိုင် ငရဲမှာ ကျရောက်ခံစားခဲ့ရပါတယ်။

"ဘုရားလောင်း 'ဓမ္မ' မည်သော ဘီလူးဖြစ်စဉ်ကတော့ မိမိကိုယ်တိုင်လည်း တရားကျင့်တယ်၊ သူတစ်ပါးတို့ကိုလည်း မိမိကဲ့သို့ပင် ကျင့်စေသဖြင့် နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေခြောက်သန်းပတ်လုံး နတ်စည်းစိမ်ကို ခံစားမွေ့လျော်ခဲ့ရပါတယ်။

"စစ်စစ်တော့ ဒေဝဒတ်ဟာ မပြစ်မှားထိုက်သော ဘုရားရှင်ကို ပြစ်မှားခြင်း၊ သံဃာကို သင်းခွဲခြင်း အပြစ်များကြောင့် မြေမျိုခံရပါတယ်။ ဘုရားလောင်း

Royal Snow
Publications

ကတော့ လောကသုံးပါး အထွတ်အမြတ်ပုဂ္ဂိုလ်အဖြစ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူသွားပြီးဖြစ်ပေတယ်။

"ဤမျှဆိုလျှင် ကုသိုလ်နှင့် အကုသိုလ်ရဲ့အကျိုးပေးခြားနားပုံကို မင်းမြတ်ကျေနပ်လောက်ရောပေါ့"

မိလိန္ဒမင်းကြီး။ ။"မှန်ပါ . . . တပည့်တော်၏ သံသယနှောင်အိမ်ကို ယခုကဲ့သို့ ချိုးဖျက်ဖွင့်လှစ်ပေးတော်မူခြင်းအတွက် အရှင်မြတ်အား အနှိုင်းအဆမရှိ ကျေးဇူးတင်လှပါသည် ဘုရား"

**ရှေ့ပိုင်းမှ ဆိုခဲ့ရင်း။** ။ဒေဝဒတ်၏ နောက်ကြောင်းအဖြစ်အပျက်များနှင့်ပတ်သက်၍ မိလိန္ဒပဉှာကျမ်း (မိလိန္ဒ အမေး-အဖြေ) မှ ကောက်နုတ်ဖော်ပြအပ်သည်မှာ ဤနေရာတွင် ဆုံးခန်းတိုင်ခဲ့ပေပြီ။ လေးစားအပ်ပါသော ဓမ္မမိတ်ဆွေများတို့သည် ဤအခန်းမတိုင်မီက ဖတ်ရှုလာခဲ့ရသော အကြောင်းအရာများကို ယခုနေရာမှ စတင်ပြန်လည်ပြီး ဖတ်ရှုကြရန်ဖြစ်ပါကြောင်း။

## မြေမျိုဦးအံ့လော

ဒေဝဒတ်အား မြေမျိုလေသောကြောင်းသည် တစ်သောင်းသော ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထင်ရှားစွာဖြစ်၏။ ရာဇဂြိုဟ်ပြည်၌လည်း အဇာတသတ်မင်းသည် ခမည်းတော်အား ပြစ်မှားမိသောနေ့မှစ၍ ကြီးမြတ်လှစွာသော မင်း၏ စည်းစိမ်ချမ်းသာကိုပင် ကျဉ်းကြပ်စွာသော နှောင်အိမ်ပမာထင်မှတ်၍ စားမဖြောင့်၊ စက်မပျော်၊ ထက်လှစွာသော ဓားသွား၊ လှံဖျား၌တည်နေရသကဲ့သို့ ဆင်းရဲပင်ပန်းလှစွာ ခိုနားတန့်ရပ်ရာမရှိ ဖြစ်နေရဘိ၏။

ဤသို့ ရှိနေရရင်းအခြေတွင် ဒေဝဒတ်အား မြေမျိုလေသောအကြောင်းကို ထပ်မံကြားသိရပြန်သည့်အခါ "ငါသည်လည်း ဒေဝဒတ်စကားကြောင့် ဘုရားသခင်ကို ပြစ်မှားမိချေသည်။ ဒေဝဒတ်ကဲ့သို့ပင် ငါ့ကိုလည်း မြေကြီးမျိုချေဦးမည်လောမသိ"ဟု တွေးဆလျက် အတိုင်းထက်အလွန်ပင် ထိတ်လန့်တုန်လှုပ်နေခဲ့၏။

## ဗုဒ္ဓမြတ်စွာအထံသို့သာ

တစ်ရံသောအခါ ကြာခေါင်းလောင်းပန်းတို့ ပွင့်လန်းဝေဆာအပ်သော တန်ဆောင်မုန်းလပြည့်နေ့ညဦးကား အဇာတသတ်မင်းသည် ညအရေး၏ ကြည်အေးချမ်းမြေ့ဖွယ်သော အခြေအနေကို ရှုမြင်ကြုံကြိုက်နေရင်းမှ မှူးမတ်များစွာတို့အား ဤသို့ထုတ်ဖော်မိန့်ကြား၏။

"အသင် မှူးမတ်အပေါင်းတို့ . . . သည်ည သည်အခါဟာ အလွန်တရာပဲ သာယာချမ်းမြေ့ဖွယ်ကောင်းလှပေတယ်၊ သို့သော် ငါ့အဖို့မှာမူ ညအရေးနှင့် အတူ ကြည်အေးချမ်းမြေ့ခြင်းမရှိနိုင်၊ ငါ့ရင်တွင်းမှ ပြင်းထန်စွာသော ပူလောင်မှု အတွက် သာယာချမ်းမြေ့ခြင်း လုံးဝပင်ကင်းမဲ့နေရပေတယ်။

"သည်ဒုက္ခ သည်ဝေဒနာကို အဘယ်ပညာရှိကများ ခြေရာဖျောက်ပေး နိုင်ပါ့မလဲ၊ ငြိမ်းအေးချမ်းသာစေနိုင်စွမ်း ရှိပါ့မလဲ။ အသင် မှူးမတ်အပေါင်း တို့မှာ ငါ့ရင်တွင်းက အပူမီးကို ငြိမ်းအေးချမ်းသာစေနိုင်ကြောင်း နည်းလမ်း ကောင်းများ မရှိကြပေဘူးလား"

ထိုအခါ မှူးမတ်အပေါင်းတို့က အမျိုးမျိုးဖြေကြားလျှောက်ထားကြ၏။ ပူရဏကဿပဆရာကို ကိုးကွယ်သူကလည်း မိမိတို့ဆရာသည် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးရပ်လုံးကိုပင် အမှန်အတိုင်းသိမြင်နိုင်စွမ်းရှိပေ သည်။ ထိုဆရာ့အထံ ချဉ်းကပ်ကြားနာရပါမှ စိတ်နှလုံးအေးငြိမ်းချမ်းသာခွင့် ရနိုင်ပါလိမ့်မည်ဟု လျှောက်ထားကြ၏။

သို့သော် ထိုအမတ်များ၏ လျှောက်ထားမှုကို အဇာတသတ်မင်းသည် စိတ်ဝင်စားခြင်းမရှိ၊ ဗုဒ္ဓမြတ်စွာအထံ ချဉ်းကပ်ဖူးမြင်လိုသော စိတ်အာရုံသည် သာ ထက်သန်ပြင်းပြနေခဲ့၏။ သို့ဖြင့်လည်း ဆရာဇီဝက၏စကား (လျှောက် တင်မှု) ကို အထူးသဖြင့် မျှော်လင့်စောင့်စားနေမိ၏။ ဆရာဇီဝက သဘောထားကို သိချင်နေမိ၏။

## ဇီဝက၏ စေတနာ

ဆရာဇီဝက,ကမူ အခြေအနေအရ အချိန်ဆိုင်းနေခြင်းဖြစ်သည်။ တမင် နှုတ်ဆိတ်နေခြင်းဖြစ်သည်။ မိမိ၏ဆရာ ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်တင်ပြရန်မှာ အခြားသူများကဲ့သို့ မဟုတ်၊ စင်စစ် ဘုရားရှင်၏

Royal Snow
Publications

ထူးမြတ်လှစွာသော အခြင်းအရာ အနှစ်သာရဂုဏ်ကျေးဇူးကို အလေးအနက် အခိုင်အကျည် သိသာထင်ရှားစေလိုသောကြောင့်သာ ဖြစ်ပေသည်။

ထိုအခါ အဇာတသတ်မင်းကိုယ်တိုင်ကပင် ဆရာဇီဝက၏ နှုတ်ဆိတ်နေမှုကို သည်းခံစောင့်ဆိုင်းမနေတော့ဘဲ . . .

"အချင်းဇီဝက၊ သင် အဘယ့်ကြောင့် နှုတ်ဆိတ်နေသနည်း၊ အခြားသူများအဖို့ မိမိတို့ကိုးကွယ်ရာဆရာကို ညွှန်ကြား၍ ပြောဆိုကြသည်ကား နားမဆံ့တမျှပင် ရှိနေပြီ။ သင့်မှာမူကား စည်းစိမ်ကင်းသော သူဆင်းရဲဖြစ်နေ၍ တစ်စုံတစ်ယောက်သော ဆရာကိုမျှပင် မဆည်းကပ် မကိုးကွယ်နိုင်ဖြစ်နေရသလော၊ ခမည်းတော်ဘုရား ချီးမြှင့်မြှောက်စား၍ထားအပ်သောသူဖြစ်ပါလျက် သဒ္ဓါ ဝီရိယ သဒ္ဓနဂုဏ် မပြည့်စုံသောကြောင့် တစ်စုံတစ်ယောက်သော ဆရာကိုမျှပင်လျှင် ကိုးကွယ်ထားနိုင်ခွင့် မရဖြစ်နေပါသလော"ဟု သိးသန့်ထုတ်ဖော်ပြီး မေးမြန်း၏။

## အတုမရှိသော ဆရာမြတ်

ဆရာဇီဝကသည် ထိုခါတွင်မှ မိမိနေရာမှ ထပြီးသော် ဗုဒ္ဓမြတ်စွာဘုရားရှင်ရှိရာသို့ ရှေးရှုလက်အုပ်ချီလျက်–

"အရှင်မင်းကြီး၊ အကျွန်ုပ်ကား အဖမဲ့သားကဲ့သို့ ညွှန်ကြားအပ်သော ဆရာ ကင်းသူမဟုတ်ပါ။ အကျွန်ုပ်ဆည်းကပ်ကိုးကွယ်အပ်သော ဆရာဖြစ်သူမှာ အခြားသောပုဂ္ဂိုလ် သာမန်ကဲ့သို့ ယံဝါ တံဝါ ပြောပြခြင်းငှာ မသင့်၍သာ တမင်ဆိုင်းငံ့နေရခြင်းဖြစ်ပါသည်။ အကျွန်ုပ်၏ဆရာကား ဤသုံးလွှာသော လောကဓာ် သီလ သမာဓိ ပညာဂုဏ်တွင် တစ်စုံတစ်ယောက်သောသူမျှ ယှဉ်ပြိုင်ဘက်မရှိ၊ အသဒိသပုဂ္ဂိုလ်စင်စစ်ဖြစ်တော်မူသည်နှင့်အညီ အရှင့်ဖမည်းတော်ကိုယ်တိုင် ဆည်းကပ်ကိုးကွယ်တော်မူအပ်ခဲ့သော ဗုဒ္ဓမြတ်စွာဘုရားသည်ပင်လျှင် အကျွန်ုပ်၏ဆရာဖြစ်ပါသည်။

"အရှင်မင်းမြတ်လည်း ဆည်းကပ်ကိုးကွယ်တော်မူပါ။ လိုသမျှအရေးကို မေးလျှောက်တော်မူပါ။ ဖြစ်လတ်သော စိတ်ရောဂါဝေဒနာသည် လျှင်မြန်စွာ သက်သာရာ ရပါလတ္တံ့"ဟု လျှောက်တင်၏။

မင်းကြီးလည်း ဘုရားသခင်၏ ဂုဏ်ကျေးဇူးစကားကို ကြားရလျှင် ရွှင်လန်းဝမ်းမြောက်စွာ ငါးဖြာသောပီတိဖြစ်လျက် ထိုခဏ၌ပင် သွားချင်သော အာသာဆန္ဒဖြစ်ဘိရကား . . .

"ဆရာ ဓိဝက၊ ငါ့ကို ယခုပင် ဘုရားရှင်ထံသို့ ပို့ဆောင်ပါလော့၊ သွားခြင်း၌ လျှောက်ပတ်သော ဆင် မြင်း ရထား ဗိုလ်ပါများကိုလည်း လျင်လျင်မြန်စွာ(မြန်စွာ) စီရင်ပါလော့" ဟု စေခိုင်း၏။

## မှူးမတ်ပြည်သူများပါ

ဆရာဓိဝကလည်း တစ်သောင်းမျှလောက်သော မင်းချင်းပုဏ္ဏား၊ တစ်သောင်းမျှလောက်သော မှူးမတ်ယောက်ျားတို့ကို ဝတ်စားတန်ဆာ တင့်တယ်စွာဆင်စေလျက် ပြည်သူအပေါင်းတို့အား "ငါတို့ မင်းဖျားသည် ဘုရားထံတော်သို့ ဖူးမြော်ရန် ယခု ထွက်လတ္တံ့၊ နှစ်သက်သောသူတို့ လိုက်လှည့်ကုန်" ဟု စည်လည်စေ၏။

ပြည်သူအလုံးလည်း ရွှန်းရင်းဆန်းမှု ရွှင်လန်းကြလျက် "ဘုရားရှင် ခြေရင်းသို့ မင်းကြီးကြွလျှင် မြတ်လှသောတရားစကားကို ငါတို့ ကြားနာရလတ္တံ့"ဟုကြွေလျက် ခြံရံလိုက်ပါလာကြကုန်သည်ကား အလွန်ပင် များလှသတည်း။

အဇာတသတ်မင်းလည်း သင်းပင်းပရိသတ်နှင့်တကွ ထိုညပင် နန်းတော်မှ ထွက်လေ၍ ဆရာဓိဝက၏ သရက်ဥယျာဉ်သို့ ရောက်လျှင် မြတ်စွာဘုရားသခင် စံပယ်တော်မူရာသို့ ကပ်လျက် မိမိ၏အတ္တုပ္ပတ္တိကို ဖော်၍ နားတော်လျှောက်တင်၏။ ဘုရားသခင်လည်း အဇာတသတ်မင်းနှင့်တကွ များစွာသော ပရိသတ်တို့အား သာမညဖလ သုတ်တော်ဖြင့် တရားရေအေး တိုက်ကျွေးတော်မူ၏။

ထိုအခါ အဇာတသတ်မင်းကား ငွန်မင်းသော ပိတုဃာတက ကံကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်မရောက်ဘဲ၊ ဥပါသကာမြောက်ရုံသာ သရဏဂုံပဋ္ဌသိ၌ တည်အပ်၏။

## သာမညဖလသုတ်တော်

အဇာတသတ်မင်းသားကလေး ဒေဝဒတ်နှင့် စတင်တွေ့ဆုံမိသည်မှ ဗုဒ္ဓမြတ်စွာဘုရားအထံ အဖူးအမြော်ရောက်သည်အထိဖြစ်သော အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ စပ်လျဉ်း၍ ဓိနတ္ထပကာသနီ၏ အဆိုအညွှန်းမှာ ဤရွေ့ဤမျှသာဖြစ်သည်။

## ဗုဒ္ဓမြတ်စွာအထံတော်သို့

အဇာတသတ်မင်းသည် ဗုဒ္ဓမြတ်စွာဘုရား သီတင်းသုံးစံနေတော်မူရာ ဆရာဇီဝက၏ သရက်ဥယျာဉ်သို့ မှူးမတ်ဗိုလ်ပါ ခြွေရံသင်းပင်းများနှင့်အတူ ညတွင်းချင်းပင် ရွေးရှုထွက်ခွာခဲ့လေသည်။

တန်ဆောင်မုန်းလပြည့်နေ့ည နေလုံးပျောက်၍ လရောင် ရွှန်းမြစွာ တောက်ပသော အချိန်အခါ ဖြစ်သည့်ပြင် များစွာသော မီးရှူးတိုင်တို့၏ အလင်းရောင်၊ စီးတော်ဆင်များမှ အဆင်တန်းဆာရောင်၊ မှူးမတ်စစ်သည်၊ မိဖုရား မောင်းမမိဿံတို့၏ အဆင်းတန်ဆာရောင်တို့ကြောင့် ထွန်းပြောင်ဝင်းပစွာသော ကေရာဇ်မင်းတို့၏ အသရေသည် အဇာတသတ်မင်း ကြွချီလေရာ လမ်းတစ်လျှောက်လုံး၌ပင် အထူးသဖြင့် ပြိုးပြက်တောက်ပလျက် ရှိသည်။

သို့သော် ဆရာဇီဝက၏ သရက်ဥယျာဉ်အနီးသို့ ရောက်သောအခါတွင်ကား အဇာတသတ်မင်းသည် များစွာသော မှူးမတ်စစ်သည်များ အကြားမှာပင် အသိအသာစိုးရိမ်ကြောက်ရွံ့လာမိသည်။ ထိုကြောက်ရွံ့မိရခြင်းအကြောင်းမှာကား ဤသို့ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ရဟန်းပေါင်း တစ်ထောင့်နှစ်ရာငါးဆယ်နှင့်တကွ ဆရာဇီဝက၏ သရက်ဥယျာဉ်ကွင်းဝယ် သီတင်းသုံးစံနေတော်မူသည်ဆိုပါလျက် တစ်စုံတစ်ရာသော လှုပ်ရှားပြောဆိုသံကိုမျှ မကြားရ။ ယုတ်စွာအဆုံး ချောင်းဆိုးသံ၊ ခြေဆတ်သံကိုမျှပင် မကြားရ၊ ပကတိ တိတ်ဆိတ်ငြိမ်သက်နေသည်။

နောက်–ဆရာဇီဝက ဆိုသည်မှာလည်း မိမိနောင်တော် အဘယမင်းသား၏ မွေးစားသားဖြစ်နေသည်။

မိမိကိုယ်တိုင်ကပင် ကျေးဇူးရှင် ဖမည်းတော်ကြီးကိုသတ်၍ မင်းစည်းစိမ်းကို လုယူခဲ့သူဖြစ်လေသောအခါ ဆရာဇီဝကအပေါ်တွင်လည်း သံသယရှိချင်

စရာ ဖြစ်လာရသည်။ မြတ်စွာဘုရား သီတင်းသုံးနေသည်ဆိုပါလျက် အရိပ်အယောင်လည်း မတွေ့ရ၊ အသံတစ်စုံတစ်ရာကိုမျှလည်း မကြားရလေသောအခါ ဇီဝကသည်ပင်လျှင် မိမိအပေါ် အကောက်ကြံလို၍ မြတ်စွာဘုရားကို အကြောင်းပြုပြီး လှည့်ဖြားခေါ်လာလေသလား တွေးမိသည်။

ထို့ကြောင့်ပင် မိမိ၏စိုးရိမ်ပူပန်မှုကို သည်းမခံနိုင်တော့သည့်အဆုံး၌ အဇာတသတ်မင်းသည် ဆရာဇီဝကအား မိမိစိတ်ထဲတွင် ရှိသည့်အတိုင်း တိုက်ရိုက်တဲ့တိုးပင် ဖွင့်၍ မေးဖြစ်သွားသည်။

## မလှည့်ဖြားအား မှန်ရဲ့လား

"အချင်းဇီဝက၊ သင် ငါ့ကိုလှည့်ဖြားပြီး ခေါ်မလာတာ မှန်ရဲ့လား၊ ရန်သူ့လက်ကို မအပ်ဖို့ကော မှန်ရဲ့လား။ မြတ်စွာဘုရားနှင့်တကွ ရဟန်းများ သီတင်းသုံးနေကြတယ်ဆိုပါလျက်နဲ့ တစ်စုံတစ်ရာအရိပ်အယောင်ကိုမျှလည်း မတွေ့ရ။ ချောင်းဆိုးသံ၊ ချေဆတ်သံကိုမျှ မကြားရတာကကော ဘယ်လိုဖြစ်ရတာလဲ၊ မြတ်စွာဘုရား တကယ်မရှိလို့သာ ဘာသံမျှ မကြားရတာ မဟုတ်ပေဘူးလား"

ထိုအခါ ဆရာဇီဝကသည် ရဟန်းများစွာတို့၏ အရိပ်အယောင်၊ လှုပ်ရှားသွားလာမှု၊ ချောင်းဟန့်သံ၊ ချေဆတ်သံကိုမျှ မကြားရခြင်းမှာ အဇာတသတ်မင်း ထင်မှတ်နေသလို မဟုတ်၊ တရားအားထုတ်မှုဖြင့် ပကတိငြိမ်သက်တိတ်ဆိတ်နေခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့်ပင် အဇာတသတ်မင်း သံသယကင်းကာ စိတ်အေးချမ်းသာမှုရှိစေရန် ပွင့်လင်းတိကျစွာ ပြန်လည်အဖြေပေးလိုက်ရသည်။

"အရှင်မင်းကြီး၊ အထင်လွဲတော်မမူပါလင့်၊ အကျွန်ုပ်သည် အရှင်မင်းကြီးအား မည်သို့မျှ မလှည့်ပတ် မဖြားယောင်ပါ၊ ဤနေရာ၌ မည်သည့်ရန်သူမျှလည်း မရှိပါ၊ ရှေ့သို့သာ ဆက်လက်ကြွချီတော်မူပါ၊ မြတ်စွာဘုရား သီတင်းသုံးစံနေတော်မူရာ တန်ဆောင်းဝန်းမှ ဆီမီးရောင်များကို တွေ့ရပါလိမ့်မည်"

အဇာတသတ်မင်းသည် ထိုအခါတွင်မှ စိတ်အေးချမ်းသွားရသည်။ ဆရာဇီဝက စကားအတိုင်းပင် ရှေ့သို့ ဆက်လက်ကြွချီသည်။ ဆင်ဖြင့် သွားရန်

မလိုအပ်တော့သည့်နေရာတွင် ဆင်ထက်မှ ဆင်းသက်ကာ အနီးဆောင်ဝန်း အပါးသို့တိုင် ချဉ်းကပ်သွားသည်။

"အချင်းဇီဝက၊ မြတ်စွာဘုရား အဘယ်မှာနည်း" မေးသည်။

ဇီဝက,က "အရှင်မင်းကြီး . . . အလယ်တိုင်ကို မှီ၍ ရဟန်းတို့ရှေ့တွင် ထိုင်နေအပ်သည်ကား မြတ်စွာဘုရားပင် ဖြစ်ပါတော့သည်" ဟု ဖြေသည်။

ထိုအခါ အဇာတသတ်မင်းသည် မြတ်စွာဘုရားထံပါးသို့ ဖြည်းညင်းစွာ ချဉ်းကပ်ပြီး ပထမဦးစွာ ရှိခိုးသည်။ နောက်-တရားသဘာဝဖြင့် ပကတိ ငြိမ်သက်နေကြကုန်သော ရဟန်းသံဃာများကို ကြည်ညိုမြတ်နိုးလှစွာ ရှုစိုက် ကြည့်နေရင်းမှ-

"ဤရဟန်းသံဃာတော်တို့သည်ကား အရေအတွက်များစွာဖြစ်ပါလျက် လည်း ချောင်းဟန့်သံ ခြေဆတ်သံကိုမျှ မကြားရ၊ ကန်ရေပြင်သဖွယ် ပကတိ ငြိမ်သက်အေးချမ်းလှပေသည်။ ငါ့သားတော်ကလေး ဥဒယဘဒ္ဒမင်းသားသည် ဤ ငြိမ်သက်တည်ကြည်ခြင်းမျိုးနှင့် ပြည့်စုံပါမူကား အလွန်ပင် ကောင်းပါ လေစွာ . . ." ဟူ၍ တွေးကြံတောင့်တမိသည်။

ထိုစဉ်၌ မြတ်စွာဘုရားသခင်က "မင်းကြီး . . . သင့်စိတ်သည် ရဟန်း အပေါင်းတို့၏ ငြိမ်သက်အေးချမ်းမှုကို ရှုမြင်ရင်းမှ သင့်ချစ်မြတ်နိုးအပ်သူထံသို့ ရောက်သွားလေပြီ" ဆိုတော်မူ၏။

အဇာတသတ်မင်းက အမှန်အတိုင်း ဝန်ခံသည်။

"မှန်လှပါသည် ဘုရား . . . အကျွန်ုပ်သည် အကျွန်ုပ်၏ သားတော် ဥဒယဘဒ္ဒမင်းသားကို ချစ်မြတ်နိုးလှပါသည်။ သို့-ချစ်မြတ်နိုးလှသောကြောင့် ပင် ယခု ကြုံတွေ့နေရသော ရဟန်းအပေါင်းတို့၏ ငြိမ်သက်တည်ကြည်ခြင်း မျိုးကို အကျွန်ုပ်၏သားတော်ကလေးနှင့် ဆက်စပ်ပြီး တောင့်တမိပါသည်"

အဇာတသတ်မင်းသည် မြတ်စွာဘုရားသခင်အား သို့လျှင် အမှန်အတိုင်း ပြန်လည်လျှောက်ထားပြီးနောက် ဒုတိယကြိမ် ထပ်မံရှိခိုးပြန်သည်။ ထို့နောက် ရဟန်းသံဃာများကို လက်အုပ်ချီ အရိုအသေပြုကာ သင့်လျော်ရာတွင် ထိုင်နေ ပြီးသော် မြတ်စွာဘုရားသခင်အား ဤကဲ့သို့ စတင်လျှောက်ထားသည်။

"အရှင်မြတ်ဘုရား . . . အကျွန်ုပ်သည် အရှင်မြတ်စွာဘုရား အခွင့်ပေး နိုင်ပါမူ တစ်စုံတစ်ခုသောပြဿနာကို မေးမြန်းလိုပါသည်"

ထိုအခါ မြတ်စွာဘုရားသခင်က "ကောင်းလှပြီ မင်းကြီး...ငါ ခွင့်ပြုပါ၏။ သင် မေးလိုရာ မေးလေတော့" ဆိုတော်မူ၏။

(ဤအကြောင်းခြင်းရာနှင့်ပတ်သက်၍ "ညွှတ်နူးသဒ္ဓါ-ကြည်ညိုစွာဖြင့်" ဟူသော ကဗျာတစ်ပုဒ်ကို စစ်ပြန်မဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့ဖူးသည်။)

## ညွှတ်နူးသဒ္ဓါ ကြည်ညိုစွာဖြင့်

– ပြည့်ဝန်းသာစွာ-တန်ဆောင်လ
ထွန်းပရှန်းမြ-သန့်စင်ချိန်...၊
ဘုရင်အဇာတသတ်-လောကနတ်သည်
ဗုဒ္ဓမြတ်စွာ-စိန္တေယျာအား
သိချင်ပါသမျှ-အမေးပြုခဲ့
"အရှင်မြတ်စွာဘုရား...ရဟန်းဘဝတွင်
စင်စစ်ချမ်းသာ-ရှိပါသလော..
ကိုယ့်ဝမ်းမျှပင်-ဝလင်ဖူလုံ မပြည့်စုံလျက်
မည်သည့်တွက်တာ-မျှော်ကိုးကာလျှင်
ရဟန်းပြုကြပါသနည်း ဘုရား..."
– ထိုအခါ
ဗုဒ္ဓမြတ်စွာ-စိန္တေယျာက-
"အသင်မင်းကြီး...ရဟန်းဘဝတွင်
ချမ်းသာစင်စစ်ရှိပေသည်၊
သင့်ကို ခ,ယမ်း-အမှုထမ်းဖြစ်စေ
ရဟန်းဘဝ-ရောက်လေက,လျှင်
သင်မစိုးပိုင်-မလွှမ်းမိုးနိုင်ခဲ့၊ ခိုင်ကျည်သီလ-စရဏနှင့်
သမထဝိပဿနာ-ကျင့်မြတ်စွာကြောင့်
မဂ်ဖိုလ်အကျိုးငှာ ဖြစ်တော့သည်..."
– သို့နယ်စ,ကာ-ဖြေကြားရာတည့်
ဤ-သာမညဖလ-သုတ်တော်က,လျှင်

ရဟန်းဘဝချမ်းသာ–ကြောင်းခြင်းရာကို
တိကျသေချာ–ညွှန်ပြပါခဲ့ ...
– သြော်...ဗုဒ္ဓမေ့ မြင့်မြတ်စွာနှင့်
ရဟန်းဘဝ သံဃာ့ကျေးဇူး–ဂုဏ်အထူးကို
ညွှတ်နူးသဒ္ဒါ–ကြည်ညိုစွာဖြင့်
သည်ခါသမယ–တန်ဆောင်လ၏
သာမညဖလ–မြတ်ဓမ္မ၌
ဦးခိုက် ပူဇော်အပ်ပါသတည်း...။

**(စစ်ပြန်မဂ္ဂဇင်း)**

## လက်တွေ့ခံစားရသောအကျိုး

"အရှင်မြတ်စွာဘုရား...ဤလောက၌ များစွာသော အတတ်ပညာသည်တို့ ရှိပါသည်။ အဘယ်သို့သော အတတ်ပညာသည်များ ဖြစ်သနည်းဆိုပါမူကား ဆင်စီး မြင်းစီး ရထားစီးသူရဲများ၊ လေးသည်တော်များ၊ စစ်ဆင်စစ်ထိုး ကျွမ်းကျင်သူများ၊ ကျွန်ယုံတော်၊ ထမင်းချက်၊ ဆတ္တာသည်၊ စဖိုသည်၊ ခဝါသည်၊ ရက်ကန်းသည်၊ ကျူထရံသည်၊ အိုးထိန်းသည်၊ ဂဏန်းတွက်ချက်ခြင်းပညာသည်၊ ပန်းများကို သိကုံးတတ်သောပညာသည် စသည့် အတတ်ပညာများပင် ဖြစ်ပါသည်။ ထိုမှတစ်ပါး အခြားအခြား များစွာသော အတတ်ပညာသည်များလည်း ကျန်ရှိပါသေးသည်။

"ထိုအတတ်ပညာတို့သည် မိမိတို့ တတ်ကျွမ်းသောပညာရပ်ဖြင့်ပင်လျှင် မိမိတို့အသက်ကို ကောင်းစွာမွေးမြူနိုင်ကြပါသည်။ အမိအဖ သားမယားအဆွေခင်ပွန်းစသည်တို့ကိုလည်း ထိုအတတ်ပညာဖြင့်ပင်လျှင် (အတတ်ပညာမှရအပ်သော ငွေကြေးအဖိုးအခဖြင့်ပင်လျှင်) ကျွေးမွေးပြုစုနိုင်ကြပါသည်။ ကိုယ်စိတ်နှစ်ပါးကို လက်ငင်းဒိဋ္ဌချမ်းသာစေပါသည်။ နတ်ပြည်နတ်ရွာ ကောင်းမြတ်စွာသော အကျိုးအတွက် မြတ်သောပုဂ္ဂိုလ်တို့ကိုလည်း လှူဒါန်းပေးကမ်းနိုင်ကြပါသည်။

"ဤသို့လျှင် ယခု ဆိုခဲ့ပြီးအတတ်ပညာတို့၌ မိမိတို့ အတတ်ပညာ၏ အကျိုးစီးပွားကို လက်တွေ့ဒိဋ္ဌ ခံစား စံစားကြရသကဲ့သို့ (ခံစား စံစားနိုင်ကြ

သကဲ့သို့) အရှင်မြတ်စွာဘုရားအထံ၌ ရဟန်းပြုကြသူ၊ ရဟန်းဖြစ်နေသူကို့တွင်လည်း ရဟန်းပြုရခြင်း၏ အကျိုးကို အသက်ထင်ရှားရှိနေဆဲ ယခုမျက်မှောက်ဘဝ၌ပင် လက်တွေ့ဒိဋ္ဌ တွေ့ကြုံခံစားနိုင်ကြပါသလား ဘုရား"

## ဗုဒ္ဓမြတ်စွာအဆို

ထိုမေးခွန်းအဆုံး၌ မြတ်စွာဘုရားက ဤသို့ဆိုတော်မူ၏။

"မင်းကြီး...သင်သည် တစ်ပါးသော ရဟန်းပုဏ္ဏားတို့အား ဤပြဿနာ မေးခဲ့ဖူးခြင်းကို မှတ်မိသေးပါ၏လော"

"မှန်ပါ...မှတ်မိပါသည် ဘုရား"

"သို့ဆိုလျှင် ဤပြဿနာကို ထိုတစ်ခါကသောသူများက အဘယ်သို့ ဖြေကြားကြကုန်သနည်း၊ သင်မင်းကြီးတွင် အခက်အခဲမရှိပါမူ ပြန်လည် ပြောကြားစမ်းပါလော့"

"မှန်ပါ...အရှင်မြတ်စွာဘုရားရှေ့မှောက်၌ ထိုအဖြေကို ပြန်လည် ပြောကြားရန် မည်သို့မျှ အခက်အခဲ (ဖုံးကွယ်ထားစရာအကြောင်း) မရှိပါ ဘုရား"

"ကောင်းလှပြီ မင်းကြီး၊ သို့ဖြစ်လျှင် ပြန်လည်ပြောကြားစမ်းပါလော့"

## ပူရဏကဿပ-အယူ

"အရှင်မြတ်စွာဘုရား၊ အကျွန်ုပ်သည် တစ်ချိန်သောအခါက ဤပြဿနာ (ရဟန်းပြုရခြင်းအကျိုး) ကိုပင် ပူရဏကဿပအား မေးမြန်းခဲ့ဖူးပါသည်။ ယခု အရှင်မြတ်ဘုရားကို လျှောက်ထားအပ်သည့်အတိုင်း မေးမြန်းလျှောက်ထား ခဲ့ခြင်းပင် ဖြစ်ပါသည်။

ထိုအခါ ပူရဏကဿပက ဤသို့ ဖြေကြားပါသည်။

"မင်းကြီး...ဤလောက၌ ပြုလုပ်သူ၊ ပြုလုပ်သောသူ၊ ညှဉ်းပန်းနှိပ်စက်သူ၊ နှိပ်စက်စေသူ၊ သူ့သားမယားကို ပြစ်မှားကျူးလွန်သူ၊ ကျူးလွန်စေသူ စသည့် မကောင်းမှုအမျိုးမျိုးတို့ကို ပြုလုပ်သူတို့သည် မကောင်းမှုကို ပြုလုပ်သည် မမည်ပေ။

"အကယ်၍ ဓားသွားတပ်ဆင်ထားအပ်သော စက်ယန္တရားဖြင့် များစွာသောသတ္တဝါတို့အား အရိုးစု အသားပုံကြီးဖြစ်သွားရလေအောင် ပြုလုပ်စေကာမူ

ထိုသို့ပြုလုပ်ခြင်းသည်လည်း မကောင်းမှုဟုမဆိုနိုင်၊ မကောင်းမှုဖြစ်မြောက်ခြင်း မရှိပေ။

"ထို့အတူပင် ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်း၌နေသူတို့သည် သူတစ်ပါး အသက်ကို သတ်ဖြတ်ညှဉ်းပန်းကြသော်ငြားလည်း မကောင်းမှုပြုသည်မဆိုနိုင်။ မကောင်းမှုဖြစ်မြောက်သည်မဟုတ်။ ထို့မှတစ်ပါး ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်း၌ နေသူတို့သည် လှူဒါန်းပေးကမ်းခြင်း၊ လှူဒါန်းပေးကမ်းစေခြင်း၊ ပူဇော်သက္ကာယ ပြုခြင်း၊ ပြုစေခြင်း၊ သီတင်းသီလဆောက်တည်ခြင်း၊ ဆောက်တည်စေခြင်း တို့သည်လည်း ကောင်းမှုဟုမဆိုနိုင်။ ကောင်းမှုဖြစ်မြောက်သည်မဟုတ်။

"ထို့အတူပင် ကောင်းစွာနေခြင်း (ဣန္ဒြေစောင့်စည်းခြင်း)၊ မှန်သော စကားကိုသာ ပြောဆိုခြင်းများကြောင့်လည်း ကောင်းမှုဖြစ်မြောက်သည်မဟုတ်၊ ကောင်းမှုဟု မဆိုနိုင်ဟူ၍ ဖြေကြားပြောဆိုအပ်ပါသည်။

"အရှင်မြတ်ဘုရား၊ ပူရဏ ကဿပ၏ ဖြေကြားပုံ (အယူဝါဒ) မှာ အကျွန်ုပ်၏ လိုအပ်ရင်းနှင့် မကိုက်ညီပါ။ ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ရ ကျိုးကို မေးသည် မှန်ပါလျက် ကံမဲ့ဝါဒ (ကြောင်းကျိုးမဲ့) ကိုသာ ဤသို့လျှင် ဖြေကြားခဲ့ပါသည်။ သရက်ပင်အကြောင်းကို မေးပါလျက် တောင်ပိန္နဲပင် အကြောင်းကို ဖြေသကဲ့သို့လည်းကောင်း၊ တောင်ပိန္နဲပင်အကြောင်းကို မေးပါ လျက် သရက်ပင်အကြောင်းကို ပြောသကဲ့သို့လည်းကောင်း အမေးတစ်မျိုး အဖြေတခြား ကံမဲ့ဝါဒကိုသာ လွဲမှားစွာ ဖြေကြားခဲ့ပါသည်။

"သို့လျှင် မလျော်ကန်ရာကိုသာ ဖြေဆိုပြောကြားခြင်းကြောင့်လည်း အကျွန်ုပ်သည် ပူရဏကဿပနှင့် ပတ်သက်၍ ဤသို့အောက်မေ့ တွေးကြံခဲ့ ပါသည်။

"ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ရှိနေသော ဤရဟန်းပုဏ္ဏားမျိုး ကို အဘယ့်ကြောင့် ပြစ်တင်ရှုတ်ချခြင်း မပြုထိုက်ပါသနည်း"ဟူ၍ ဖြစ်ပါသည်။

"အရှင်မြတ်စွာဘုရား...အကျွန်ုပ်သည် ပူရဏကဿပ၏အဖြေကို လုံးဝနှစ်သက်ခြင်းမရှိခဲ့ပါ၊ သို့သော် ပစ်ပယ်ဆန့်ကျင်ခြင်းလည်း မပြုခဲ့ပါ။ ထိုသို့နှစ်သက်ခြင်း၊ ပစ်ပယ်ခြင်းမပြုကဲလျက်ပင် မိမိစိတ်နှင့် မတိုက်ဆိုင် မညီညွတ်သည် (ကျေနပ်နှစ်သက်ခြင်းမရှိ) ကို ပြန်လည်ပြောဆိုခြင်း၊ နာယူ မှတ်သားခြင်းမရှိဘဲ နေရာမှ ထကာ ပြန်ခဲ့ပါသည်။

## မက္ခလိဂေါသာလ အယူ

"အရှင်မြတ်စွာဘုရား၊ အကျွန်ုပ်သည် ပူရဏကဿပထံမှ ပြန်လာပြီးနောက် မက္ခလိဂေါသာလနှင့် တွေ့ဆုံပြန်ပါသည်။ ပထမဦးစွာ ပူရဏကဿပအား မေးမြန်းသည့်အတိုင်း ရဟန်းပြုခြင်း၏ မျက်မှောက် သိမြင်ခံစားရသော အကျိုးတရားကိုပင် ထို–မက္ခလိဂေါသာလအား တစ်ဖန် မေးမြန်းခဲ့ပါသည်။

ထိုအခါ မက္ခလိဂေါသာလက ဤကဲ့သို့ဖြေကြားအပ်ပါသည်။

"မင်းကြီး . . .သတ္တဝါအားလုံးတို့၏ညစ်ညူးခြင်း၊ စင်ကြယ်ခြင်း (ကောင်းမြတ်ခြင်း၊ ယုတ်ညံ့ခြင်း) ဟူသည် မည်သို့သောအကြောင်း အထောက်အပံ့မျှမရှိ၊ အလိုအလျောက်ညစ်ညူးခြင်း၊ စင်ကြယ်ခြင်းသာ ဖြစ်ကုန်၏။ မိမိကိုယ်တိုင်၏ ပြုလုပ်မှုဟူ၍လည်းမရှိ၊ သူတစ်ပါးတို့၏ ပြုလုပ်မှုဟူ၍လည်းမရှိ။

"သတ္တဝါတို့၌ (ယောကျ်ားတို့၌) ပြုလုပ်မှုဟူ၍လည်းမရှိ၊ အားခွန်စွမ်းအားလည်း မရှိ၊ ကြိုးပမ်းအားထုတ်မှု (လုံ့လ) လည်း မရှိ၊ သက်ရှိသတ္တဝါအလုံးစုံ ထင်ရှားဖြစ်ကုန်သောသူတို့သည် သဘာဝအတိုင်းသာလျှင် အလိုအလျောက် အမျိုးမျိုးပြီးကုန်၏။ ဇာတ်အထူးခြောက်မျိုးတို့၌ ဆင်းရဲချမ်းသာခံစားရကုန်၏။ ခံစားကြရကုန်၏။

"ဤတစ်သန်းလေးသိန်းခြောက်ထောင့်ခြောက်ရာသော သတ္တဝါမျိုးများ၊ ငါးရာသောကံများ၊ ငါးပါးသောကံများ၊ သုံးပါးသောကံများ၊ ပြည့်သောကံများ၊ ထက်ဝက်သောကံများ၊ ခြောက်ဆယ့်နှစ်ပါးသောအကျင့်များ၊ ခြောက်ဆယ့်နှစ်ပါးသောအန္တရာယ်များ၊ ခြောက်မျိုးသော ဇာတ်ထူးများ၊ ရှစ်ပါးသောယောကျ်ားတို့၏အရွယ်များ၊ လေးထောင့်ကိုးရာသော နဂါးတို့နေရာများ၊ နှစ်ထောင်သော ဣန္ဒြေများ၊ သုံးထောင်သော ငရဲများ၊ သုံးဆယ့်ခြောက်မျိုးသော မြူဓာတ် (တည်ရာ) များ၊ ခုနစ်မျိုးသော သညာရှိ ပဋိသန္ဓေများ၊ ခုနစ်မျိုးသော ပညာမဲ့ ပဋိသန္ဓေများ၊ ခုနစ်မျိုးသောနတ်များ၊ ခုနစ်မျိုးသော လူများ၊ ခုနစ်မျိုးသော မြေဘုတ်ဘီလူးများ၊ ခုနစ်မျိုးသော အိုင်ကြီးများ၊ ခုနစ်ခုသော အဖုကြီးများ၊ ခုနစ်ခုသော အဖုငယ်များ၊ ခုနစ်မျိုးသော ချောက်ကြီးများ၊ ခုနစ်ရာသော ချောက်ငယ်များ၊ ခုနစ်ခုသော အိပ်မက်ကြီးများ၊ ခုနစ်ရာသော အိပ်မက်ငယ်များ၊ ရှစ်သန်းလေးသိန်းသော မဟာကပ်များ ရှိကုန်၏။

"ယင်း မဟာကပ်တို့ပတ်လုံး လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုကြလတ္တံ့။ ထိုအတွင်း၌ကား (မဟာကပ်မပြည့်မချင်း) ဆင်းရဲကျင်လည်၍ ကုန်ဆုံးခြင်း မရှိ။

"ငါသည် ဤသီလဖြင့်သော်လည်းကောင်း၊ မရင့်သေးသောကံကိုမူလည်း ရင့်စေရမည်။ ရင့်ပြီးသောကံကိုမူလည်း တွေ့၍တွေ့၍ (ကြုံကြိုက်ထိတွေ့စေ၍) ပျက်စီးစေမည်ဟု ပြုပြင်နိုင်ခြင်းမရှိ။

"ချမ်းသာဆင်းရဲသည် ခရွတ်တောင်းကို (ပုံစံခွက်) ဖြင့် 'ခြင်' ထားသကဲ့သို့ဖြစ်၏။ သံသရာသည် အပိုင်းအခြားပြုထားပြီးဖြစ်၏။ အတိုးအဆုတ် မရှိ၊ အလွန်အယုတ်မရှိ၊ ချည်လုံးကိုပစ်လွှတ်လိုက်သော (ချည်ရှိသရွေ့) ပြေးလျက် ပြေးသွားသကဲ့သို့၊ ဤအတူသာလျှင် လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ တစ်ဘဝမှတစ်ဘဝသို့ ပြေးသွားကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုကြလတ္တံ့ဟု ပြောဆိုပါသည်။

"အရှင်မြတ်ဘုရား...အကျွန်ုပ်မေးမြန်းသည်မှာ ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုး (ရဟန်းပြုရခြင်း၏ အကျိုးတရား) ဖြစ်ပါလျက် မက္ခလိဂေါသာလကမူ သံသရာမှစင်ကြယ်ခြင်းအဖြစ်ကို ဤအတိုင်းပင်လျှင် အကျွန်ုပ်အား ဖြေကြားရှင်းပြခဲ့ပါသည်။

"အရှင်မြတ်ဘုရား၊ မက္ခလိဂေါသာလ၏အဖြေမှာ သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့လည်းကောင်း၊ တောင်ပိန္နဲပင်ကို မေးပါလျက်နှင့် သရက်ပင်ကို ဖြေသကဲ့သို့လည်းကောင်း အမေးတစ်မျိုး အဖြေတခြား လွဲမှားချွတ်ချော်နေခဲ့ပါသည်။

"သို့လျှင် မလျော်ကန်ရာကို ကြားနာရခြင်းအတွက်လည်း အကျွန်ုပ်သည် ဤကဲ့သို့ အောက်မေ့တွေးကြံမိခဲ့ပါသည်။ ,

"ငါကဲ့သို့သောမင်း (ပြည့်ရှင်မင်း) သည် ငါ၏နိုင်ငံတော်၌ရှိနေသော (မှီတင်းနေထိုင်သော) ဤရဟန်းပုဏ္ဏားမျိုး (ဘာတစ်ခုမှ ကျောင်းကျိုးမမှန်၊ လျော်ကန်လျောက်ပတ်ခြင်းမရှိသော အယူဝါဒကို လက်ခံထားသူ) အား အဘယ့်ကြောင့် ပြစ်တင်ရှုတ်ချခြင်း မပြုထိုက်ပါသနည်း" ဟူ၍ ဖြစ်ပါသည်။

"အရှင်မြတ်ဘုရား...အကျွန်ုပ်သည် မက္ခလိဂေါသာလနှင့် ပတ်သက်၍ ဤသို့ အောက်မေ့တွေးကြံမိသည်အထိ သူ့အယူဝါဒ၊ သူ့အဖြေစကားကို လိုလားနှစ်သက်ခြင်းမရှိစေကာမူ ဆန့်ကျင်ပစ်ပယ်သည့် စကားမျိုးကိုကား တစ်ခွန်းတစ်ပါဒမျှ တုံ့ပြန်မပြောခဲ့ပါ။ သူ့စကားကို နာယူမှတ်သားခြင်းလည်း မပြုခဲ့ပါ။ သူ့အဖြေစကားအတွက် စိတ်နှလုံး မချမ်းမြေ့ဖြစ်လျက်ဖြင့်ပင် နေရာမှထကာ ပြန်ခဲ့ပါသည်။

## အဇိတ ကေသကမ္ဗလ အယူ

"အရှင်မြတ်ဘုရား...အကျွန်ုပ်သည် မက္ခလိဂေါသာလထံမှ ပြန်လာပြီးနောက် 'အဇိတကေသကမ္ဗလ' နှင့် တစ်ဖန် တွေ့ဆုံမိပြန်ပါသည်။ ရဟန်းဖြစ်ရခြင်းအကျိုးကိုပင် ရှေးနည်းအတူ မေးမြန်းခဲ့ပါသည်။

ထိုအခါ အဇိတကေသကမ္ဗလက ဤသို့ဖြေဆိုအပ်ပါသည်။

"မင်းကြီး...ပေးလှူခြင်းသည် မရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ၊ ဟုံးပူဇော်ခြင်းသည် မရှိ၊ ကောင်းမှုမကောင်းမှုတို့၏ အကျိုးသက်ရောက်မှုသည် မရှိ၊ ဤလောကသည် မရှိ၊ တစ်ပါးသော လောကသည် မရှိ၊ အမိလည်း မရှိ၊ အဖလည်း မရှိ၊ သေပြီးနောက်တစ်ဖန် ပြန်ဖြစ်သောသတ္တဝါလည်း မရှိ၊ ဤလောကကိုလည်းကောင်း၊ တစ်ပါးသောလောကကိုလည်းကောင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြု၍ ဟောကြားနိုင်ကုန်သော၊ မဖြောင့်မှန်သော အရိယမဂ်သို့ရောက်ကုန်သော၊ ကောင်းသောအကျင့်ရှိကုန်သော ရဟန်းပုဏ္ဏားတို့သည်လည်း လောက၌ မရှိကုန်သည်သာတည်း။

"မင်းကြီး...စင်စစ်သော်ကား သတ္တဝါမှန်သမျှသည် မဟာဘုတ်လေးပါးအစုအဝေးသာဖြစ်၏။ သေသောအခါ မြေဓာတ်သည် မြေဓာတ်အစုသို့ ဆိုက်ရောက်၏။ ရေဓာတ်သည် ရေဓာတ်အစုသို့ ဆိုက်ရောက်၏။ မီးဓာတ်သည် မီးဓာတ်အစုသို့ ဆိုက်ရောက်၏။ လေဓာတ်သည် လေဓာတ်အစုသို့ ဆိုက်ရောက်၏။ နာမ်က္ခန္ဓာတို့သည် ကောင်းကင်သို့ ပြောင်းရွှေ့ကုန်၏။

"အလှူပေးခြင်းဟူသည် ပြာအဆုံးသာရှိ၏။ (နောက်ဆုံး၌ ပြာဖြစ်သွားရခြင်းသာရှိ၏။) အလှူပေးခြင်းဆိုသည်မှာ လူမိုက်တို့က ပညတ်ထားခြင်းဖြစ်၏။ အချို့သူတို့သည် ပေးလှူခြင်း စသည်ရှိသည်ဟူသော ဝါဒကို ဟောပြော

ကြကုန်၏။ ထိုသူတို့၏ စကားသည် အချည်းအနှီးဖြစ်၏။ မှားယွင်း၏။ ယောင်ယမ်းပြောဆိုသောစကားသာဖြစ်၏။

"လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်စဲကုန်၏။ ပျက်စီးကုန်၏။ သေသည်မှနောက် ဘာမျှမရှိဟု ဖြေဆိုဟောကြားအပ်ပါသည်။

"အရှင်မြတ်စွာဘုရား . . . ဤကေသကမ္ဗလသည်လည်း ရှေးပုဂ္ဂိုလ်များ ဘဲ့သို့ပင်ဖြစ်ပါသည်။ ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် ယခု ဆိုခဲ့ပြီး ပြတ်စဲဝါဒ (ဥစ္ဆေဒအယူ) ကိုသာ ဖြေကြားဟောပြောခဲ့ပါသည်။

"အကျွန်ုပ်သည် ဤကေသကမ္ဗလ၏ အဖြေစကားနှင့်ပတ်သက်၍လည်း ရှေးပုဂ္ဂိုလ်များအတူပင် စိတ်မချမ်းမြေ့ခြင်းဖြစ်ရပြန်ပါသည်။

## ပကုဓကစ္စာယန-အယူ

"အရှင်မြတ်စွာဘုရား . . . အကျွန်ုပ်သည် ထို့နောက်တစ်ဖန် 'ပကုဓကစ္စာယန' နှင့်တွေ့ဆုံခဲ့ပြန်ပါသည်။ ရဟန်းဖြစ်ရကျိုးကိုပင် မေးမြန်းခဲ့ပါသည်။ ထိုအခါ ပကုဓကစ္စာယန ဖြေကြားပုံမှာ ဤသို့ဖြစ်ပါသည်။

"မင်းကြီး . . . ဤလောက၌ ခုနစ်ပါးသောအစုတို့ ရှိကုန်၏။ ထိုအစုတို့သည်ကား တစ်စုံတစ်ယောက်က ပြုလုပ်ထားသည်မဟုတ်၊ ပြုလုပ်ထားစေသည်လည်း မဟုတ်၊ ဖန်ဆင်းထားခြင်း၊ ဖန်ဆင်းထားစေခြင်းလည်း မဟုတ်၊ မြုံသောသဘောနှင့်တကွ တောင်ထွတ်ကဲ့သို့ တည်ကုန်၏။ တံခါးတိုင်ကဲ့သို့ ခိုင်မြဲကုန်၏။ တုန်လှုပ်ဖောက်ပြန်ခြင်း၊ ဆင်းရဲချမ်းသာဖြစ်စေခြင်းလည်း မပြုလုပ်နိုင်ကြကုန်။

ထိုခုနစ်ပါးသောအစုအတွင်း၌ သတ်သူ၊ သတ်စေသူ၊ ကြားသိသူ၊ သိစေသူဟူ၍လည်း မရှိကုန်။ အကယ်၍ ထက်စွာသောလက်နက်ဖြင့် ဦးခေါင်းကို ဖြတ်စေကာမူ တစ်ဦးတစ်ယောက်က တစ်ဦးတစ်ယောက်ကို သတ်သည် မမည်ပေ။ ထိုလက်နက်သည်လည်း ခုနစ်ပါးသောအစုတို့၏အကြား ဟင်းလင်းပြင်သို့သာ ကျရောက်သွားချေ၏ဟူ၍ ဖြစ်ပါသည်။

"အရှင်မြတ်ဘုရား . . . ပကုဓကစ္စာယန၏ ဖြေကြားပုံမှာလည်း ရှေးပုဂ္ဂိုလ်များနည်းတူပင်ဖြစ်ပါသည်။ အကျွန်ုပ်သည် စိတ်မချမ်းမြေ့ခြင်းဖြင့်ပင် ပြန်လာ

ခဲ့ပြီးနောက် 'နိဂဏ္ဍနာဋပုတ္တ' ထံ တစ်ဖန်ရောက်ပြန်ပါသည်။ ရှေးနည်းတူပင် ကိုယ်တိုင်သိမြင်ရသောရဟန်းဖြစ်ကျိုးကို မေးမြန်းပါသည်။

နိဂဏ္ဍနာဋပုတ္တက ဤသို့ ဖြေကြားပါသည်။

## နိဂဏ္ဍနာဋပုတ္တ–အယူ

"မင်းကြီး...ဤလောက၌ နိဂဏ္ဍသည် လေးမျိုးသော စောင့်စင်းခြင်းဖြင့် စောင့်စည်း၏။ မင်းကြီး... နိဂဏ္ဍသည် လေးမျိုးသော စောင့်စည်းခြင်းဖြင့် အဘယ်သို့ စောင့်စည်းသနည်းဟူမူ မင်းကြီး...လေးမျိုးသည် အလုံးစုံသော ရေအေးကို တားမြစ်၏။ မကောင်းမှုအလုံးစုံကို တားမြစ်၏။ မကောင်းမှုကို အလုံးကို တားမြစ်ခြင်းဖြင့် ဖယ်ခွာပြီးဖြစ်၏။ မကောင်းမှုကို အလုံးစုံ တားမြစ်ခြင်းဖြင့် လွတ်မြောက်ရာကို တွေ့ပြီးဖြစ်၏။

"မင်းကြီး...ဤလေးမျိုးသော စောင့်စည်းခြင်းဖြင့် စောင့်စည်းပြီးသော နိဂဏ္ဍနာဋပုတ္တသည် အထွတ်အထိပ်သို့ရောက်သောစိတ်ရှိသူ၊ စောင့်စည်းသော စိတ်ရှိသူ၊ တည်ကြည်သောစိတ်ရှိသူဟု ဆိုအပ်၏" ဟူ၍ ဖြစ်ပါသည်။

"အရှင်မြတ်ဘုရား...ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် နိဂဏ္ဍနာဋပုတ္တသည် ဤအဖြေကို ဖြေကြားခဲ့ပါသည်။ အကျွန်ုပ်သည် ရှေးပုဂ္ဂိုလ်များနည်းတူပင် စိတ်မချမ်းမြေ့ခြင်းဖြင့်သာ ပြန်လာခဲ့ရပါသည်။

ထို့နောက် သဉ္စယဗေလဋ္ဌပုတ္တထံ တစ်ဖန်ရောက်ပြန်ပါသည်။ ရှေးနည်း အတိုင်းပင် မေးမြန်းပါသည်။ ထိုအခါ သဉ္စယဗေလဋ္ဌပုတ္တက ဤသို့ဖြေပါသည်။

## သဉ္စယဗေလဋ္ဌပုတ္တ–အယူ

"မင်းကြီး...တစ်ပါးသော လောကရှိသလောဟု (သင်) ငါ့ကိုမေးသော် တစ်ပါးသော လောကရှိ၏ဟု ငါအယူရှိခဲ့လျှင် တစ်ပါးသော လောကရှိ၏ဟု သင့်အား ငါ ဖြေရာ၏။ သို့ရာတွင် ဤသို့ဟူလည်း ငါမယူ၊ ထိုသို့ဟူလည်း ငါမယူ၊ တခြားသို့ဟူလည်း ငါမယူ၊ (ဤသို့ ထိုသို့ အခြား) မဟုတ်ဟူလည်း ငါမယူ (ဤသို့ ထိုသို့အခြားသို့) မဟုတ်သည် မဟုတ်ဟူလည်း ငါမယူ။

"တစ်ပါးသောလောက မရှိသလောဟူ၍လည်း ငါမယူ။

"တစ်ပါးသောလောက ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်သလောဟူ၍လည်း ငါမယူ၊ သေပြီးနောက် တစ်ဖန်ဖြစ်ပေါ်သောသတ္တဝါတို့ မရှိကုန်သလောဟုလည်း ငါမယူ၊ သေပြီးနောက် တစ်ဖန်ဖြစ်ပေါ်လာသောသတ္တဝါတို့ ရှိလည်း မရှိ၊ မရှိလည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ကုန်သလောဟူ၍လည်း ငါမယူ၊ ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါတ် ရှိသလောဟူ၍လည်း ငါမယူ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါတ်မရှိသလောဟူ၍လည်း ငါမယူ၊ ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါတ်လည်း ရှိ၊ မရှိလည်း မရှိသလောဟူ၍လည်း ငါမယူ၊ ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါတ် ရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်သလောဟူ၍လည်း ငါမယူ၊ သတ္တဝါသည် သေပြီးသည့်နောက်၌ မရှိသလောဟုလည်း ငါမယူ၊ သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိလည်းရှိ၊ မရှိလည်း မရှိသလောဟူ၍လည်း ငါမယူ။

"အရှင်မြတ်စွာဘုရား၊ သဉ္စယဗေလဋ္ဌပုတ္တသည် အကျွန်ုပ်မေးမြန်းအပ်သော ရဟန်းဖြစ်ရကျိုးကို အပထား၍ ဤသို့လျှင် တခြားတစ်ပါးသော အဖြေစကားတို့ကို ဖြေကြားပြောဆိုခဲ့ပါသည်။ သို့ဖြင့်ပင် အကျွန်ုပ်သည် ထို သဉ္စယဗေလဋ္ဌပုတ္တထံမှလည်း စိတ်မချမ်းမြေ့ခြင်းဖြစ်ကာ ပြန်လာခဲ့ရပါသည်။

"အရှင်ဘုရား . . . အကျွန်ုပ်သည် ယခုမျက်မှောက်ဘဝ၌ပင်လျှင် တပ်အပ်ထင်ထင် သိမြင်ခံစားနိုင်စွမ်းသော ရဟန်းပြုခြင်း (ရဟန်းဖြစ်ရခြင်း၏) အကျိုးတရားကို အရှင်မြတ်စွာဘုရားအားလည်း မေးမြန်းအပ်ပါသည်။

"အရှင်မြတ်စွာဘုရား . . . အကျွန်ုပ် အစဦးစွာကပင် ကြိုတင်ဆိုညွှန်းခဲ့ပြီးဖြစ်သည့် အတတ်ပညာတို့၏ မျက်မှောက်ခံစားရသော အကျိုးတရားကဲ့သို့ ရဟန်းတို့၏ မျက်မှောက်ထင်ထင် သိမြင်ခံစားရသော အကျိုးတရားကို တပ်အပ်သေချာထုတ်ဖော်ပြစွမ်းနိုင်ပါသည် ဘုရား"

အဇာတသတ်မင်းက ထိုကဲ့သို့ မြတ်စွာဘုရားကိုပါ တစ်ဆက်တည်း မေးမြန်းလျှောက်ထားအပ်သောအခါ မြတ်စွာဘုရားက ဤသို့ဆိုတော်မူ၏။

## ဗုဒ္ဓမြတ်စွာ အဖြေ

"မင်းကြီး ...သင်မင်းကြီး သိလိုသည့်အတိုင်းပင် ရဟန်းဖြစ်ရခြင်း၏ အကျိုးကို ထင်ရှားပြစွမ်းနိုင်ပါသည်။ သို့ရာတွင် ဤအရာ၌ သင်မင်းကြီးကို ပင် ပြန်မေးရဦးတော့မည်။ သင်မင်းကြီး နှစ်သက်သလို ဖြေကြားလေလော့။

"မင်းကြီး ...သင်မင်းကြီး၌ အိပ်ရာမှစောစွာထ(ရ)လေ့ရှိသော၊ နောက်မှ အိပ်(ရ)လေ့ရှိသော၊ အဘယ်အမှုကိုပြုရပါအံ့နည်းဟု စောင့်လင့်နာခံနေ(ရ)အပ် သော၊ သင်မင်းကြီး၏ နှစ်ခြိုက်ဖွယ်ကိုသာ ပြုလုပ်(ရ)လေ့ရှိသော၊ ချစ်ဖွယ် သော စကားကို ဆို(ရ)လေ့ရှိသော၊ သင်မင်းကြီး၏ မျက်နှာရိပ်ကိုသာ အစဉ် အကဲခတ်ရှုးစမ်းနေ(ရ)လေ့ရှိသော ကျွန်အမှုလုပ်ယောကျ်ားသည် ရှိရာ၏။ ထိုယောကျ်ားသည် တစ်နေ့သောအခါ ဤသို့ တွေးကြံမိရာ၏။

"အချင်းတို့ ...ကောင်းမှုတို့၏ လားရာ၊ ကောင်းမှုတို့၏အကျိုးသည် အံ့ဖွယ်ရှိပါပေစွာ့တကား၊ မဖြစ်ဖူးမြဲဖြစ်ပါပေစွာ့တကား၊ ဝေဒေဟီမိဖုရား၏ သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် လူပင်တည်း။ ငါသည်လည်း လူပင်တည်း။

"သို့ရာတွင် ...ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ် မင်းကား ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်စုံကုံစွာ နတ်ကဲ့သို့ပျော်ရွှင်ခံစားရ၏။ ငါမူကား အိပ်ရာမှ ရှေးဦးစွာ ထ,ရလေ့ရှိသော၊ နောက်မှ အိပ်ရလေ့ရှိသော၊ အဘယ်အမှုကိုပြုရအံ့နည်းဟု နာခံရလေ့ရှိသော၊ နှစ်ခြိုက်ဖွယ်ကိုသာ ပြုရလေ ရှိသော၊ ချစ်ခင်ဖွယ်ကိုသာ ဆိုရလေ့ရှိသော၊ အရှင်သခင်၏မျက်နှာရိပ်ကိုသာ အစဉ်အမြဲရှုးစမ်းကြည့်ရှု (အကဲခတ်) နေရလေ့ရှိသော၊ ထိုမင်း၏အမှုလုပ်ကျွန် ယောကျ်ားပေတကား။

"ငါသည် ကောင်းမှုကိုပြုရသူ ထိုမင်းကဲ့သို့(ပင်) ဖြစ်ရာ၏။ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကိုဝတ်၍ လူ့ဘောင် မှသည်-ရဟန်းဘောင်ကို ဝင်ရောက်ရမူ ကောင်းလေစွာ့" ဟု အကြံဖြစ်ရာ၏။

"ထိုသူသည် နောင်အခါ၌ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှသည်-ရဟန်းဘောင်သို့ ဝင်ရောက်ရာ၏။ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ကိုယ်ဖြင့် စောင့်စည်းလျက်နေရာ၏။

နှုတ်ဖြင့် စောင့်စည်းလျက်နေရာ၏။ စိတ်ဖြင့် စောင့်စည်းလျက်နေရာ၏။ (ရတတ်သမျှသော) အစား, အဝတ်ဖြင့် ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌ မွေ့လျော်လျက်နေရာ၏။

"ထိုအကြောင်းခြင်းရာကို သင်မင်းကြီးအား မင်းချင်းယောကျ်ားတို့က ဤသို့ ပြန်လည်လျှောက်ထားကုန်ရာ၏။

"မင်းမြတ် . . . သိတော်မူပါလော့၊ အရှင်မင်းမြတ်၏ အကျွန်အမှုလုပ်ယောကျ်ားသည် ယခုအခါ ဆံမုတ်ဆိတ်တို့ကို ပယ်ပြီး ဖန်ရည်ဆိုးသော အဝတ်တို့ကိုဝတ်ရုံကာ လူ့ဘောင်မှသည် ရဟန်းဘောင်သို့ ဝင်ရောက်နေပါ၏။ ထိုသူသည် ရဟန်းဘောင်၌ ထိုသို့ဝင်ရောက်နေပြီးသော် ကိုယ်ဖြင့် စောင့်စည်းလျက်နေပါ၏။ နှုတ်ဖြင့် စောင့်စည်းလျက်နေပါ၏။ စိတ်ဖြင့် စောင့်စည်း၍နေရပါ၏။ ရတတ်သမျှသော အစားအဝတ်မျှဖြင့်ပင် တင်းတိမ်ရောင့်ရဲကာ (ထိုထို-ဆိုခဲ့ပြီး မကောင်းမှုကံသုံးပါးကို ထိန်းသိမ်းရှောင်ကြဉ်၍) ဆိတ်ငြိမ်ရာ၌ မွေ့လျော်လျက် နေပါ၏" ဟု လျှောက်ကြားကုန်ရာ၏။

ထိုသို့ လျှောက်ကြားသည့်အခါ သင်မင်းကြီးက-

"အချင်းတို့ . . . ထိုယောကျ်ားသည် ငါ့ထံပြန်လာစေလော့၊ ယခင်က အတိုင်းပင်လျှင် သူ-ပြုလုပ်နေကျတာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်စေဦးလော့"ဟု ဆိုသင့်ပါဦးမည်လော"

"မှန်ပါ . . . ထိုသို့ကား ဆိုသင့်ကောင်းတော့မည်မဟုတ်ပါ။ စင်စစ်အားဖြင့်မူကား အကျွန်ုပ်တို့ကပင် ထိုသူအား ခရီးဦးကြိုဆိုခြင်း၊ နေရာထိုင်ခင်းပေးခြင်း စသည်များကို ပြုလုပ်ရပါမည်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဝါးဟူသော ပစ္စည်းလေးပါးတို့ကိုလည်း လှူဒါန်းရပါဦးမည်။ အခြား အလိုရှိသမျှကိုလည်း တောင်းခံရယူနိုင်စေရန် ဖိတ်ကြားထားရပါဦးမည်။ ထိုမှတစ်ပါး ထိုသူ၏နေထိုင်ရေး၊ လုံခြုံအေးချမ်းမှုရှိစေရေးကိုပင် တရားနှင့်အညီ စောင့်ရှောက်စီမံပေးရပါဦးမည်ဘုရား"

"ကောင်းလှပြီ မင်းကြီး၊ သို့ဆိုလျှင် ရဟန်းပြုခြင်းဆိုသည်ကို သင်မင်းကြီး အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ရဟန်းပြုရခြင်း၏အကျိုးတရားသည် အကယ်စင်စစ် ရှိနေသလော၊ မရှိသလော"

"မှန်ပါ...အကျွန်ုပ်ဆိုခဲ့ပြီးသည့်အတိုင်းပင် တိုက်ဆိုင်သိမြင်ရသော ရဟန်းဖြစ်ရကျိုးသည် ကောန်ရှိနေပါသည်ဘုရား"

"မှန်ပေသည် မင်းကြီး... ဤသည်ပင်လျှင် သင့်အား ရှေးဦးစွာ ပြအပ်သော မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုး (ရဟန်းဖြစ်ရခြင်း၏ အကျိုးတရား) ပေတည်း။

ထိုအခါ အဇာတသတ်မင်းသည် မြတ်စွာဘုရားအား ဤသို့ ထပ်မံမေးလျှောက်ပြန်၏။

## အခွန်ထမ်းယောကျ်ား

"မှန်လှပါ အရှင်မြတ်ဘုရား...ယခုဆိုခဲ့ပြီးနည်းတူပင် အခြားတစ်ပါးသောနည်းအားဖြင့် မျက်မှောက်ဘဝ၌ ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ထပ်မံပြနိုင်ပါသေးသလား ဘုရား"

"ပြနိုင်ပေသေးသည်မင်းကြီး...ဤတွင်လည်း သင့်ကိုပင် ထပ်မံမေးရချေဦးမည်။ အဖြေကိုကား သင်မင်းကြီးနှစ်သက်သလို ဖြေကြားလေလော့၊ မင်းကြီး...သင့်တိုင်းပြည်၌ သင့်အား အခွန်ဘဏ္ဍာ အစဉ်ထမ်းဆောင်နေသော အခွန်ထမ်းယောကျ်ားတစ်ဦးရှိသည်ဆိုပါစို့။

"ထိုအခွန်ထမ်းယောကျ်ားသည် တစ်နေ့၌ ဤသို့တွေးကြံမိရာ၏။

"အချင်းတို့...ကောင်းမှုတို့၏လားရာ၊ ကောင်းမှုတို့၏အကျိုးတရားသည် အံ့ဖွယ်ရှိပေစွာတကား၊ မဖြစ်ဖူးမြဲဖြစ်ပါပေစွာတကား၊ ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် ရှင်အဇာတသတ်မင်းသည် လူပင်ကည်း။ ငါသည်လည်း လူပင်တည်း။

"သို့ရာတွင် အဇာတသတ်မင်းသည် ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်စုံကုံလုံသည်ဖြစ်၍ နတ်ကဲ့သို့ ပျော်ရွှင်ခံစားရ၏။ ငါမူကား ထိုမင်းသား၏ အခွန်ထမ်းဆောင်ရသော၊ ထိုမင်း၏ဥစ္စာစုကို တိုးပွားစေတတ်သော၊ လယ်သမားယောကျ်ားတစ်ဦးသာ ဖြစ်ပေသည်တကား၊ လူသားချင်းတူသည် မှန်ပါလျက် အခြေအနေ အဆင့်အတန်းချင်း ကွဲပြားခြားနားလှပေတကား။

"သို့ဖြင့်ပင် ထိုသူသည် နည်းသော ဥစ္စာကိုစွန့်၍ဖြစ်စေ၊ များသောဥစ္စာကို စွန့်၍ဖြစ်စေ၊ နည်းသောဆွေမျိုးစုကို စွန့်၍ဖြစ်စေ၊ များသော ဆွေမျိုးစုကို

စွန့်၍ဖြစ်စေ၊ ဆံမုတ်ဆိတ်တို့ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှသည် ရဟန်းဘောင်သို့ ဝင်ရောက်ရာ၏။ ထို့နောက် ထိုသူသည် ကိုယ်ဖြင့်လည်း မကောင်းမှုကိုမပြု၊ နှုတ်ဖြင့်လည်း မကောင်းမှုကို မပြု၊ စိတ်ဖြင့်လည်းမကောင်းမှုကိုမပြုဘဲ ကိုယ်နှုတ်နှလုံးသုံးပါးလုံး ကောင်းစွာ စောင့်စည်းထိန်းသိမ်းနေရာ၏။ စားရသမျှ ဝတ်ရသမျှဖြင့်ပင် တင်းတိမ်ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌သာ တရားသောသဘောဖြင့် မွေ့လျော်နေရာ၏။

ထိုအခါ၌ သင်၏မင်းချင်းတို့က သင်မင်းကြီးအား ဤသို့လျှောက်ကြားကြကုန်ရာ၏။

"မင်းမြတ် သိတော်မူပါလော့၊ အရှင်မင်းမြတ်အား အခွန်ဘဏ္ဍာ ထမ်းဆောင်နေကျဖြစ်သော၊ အရှင်မင်းမြတ်၏ ဥစ္စာကို တိုးပွားစေတတ်သော အခွန်ထမ်းယောကျ်ားလယ်သမားသည် ယခုအခါ ဆံမုတ်ဆိတ်တို့ကို ပယ်ပြီးသော် လူ့ဘောင်မှသည် ရဟန်းဘောင်သို့ ဝင်ရောက်နေပါ၏။

"မင်းကြီး . . . သင်မင်းကြီးအား မင်းချင်းလုလင်တို့က ဤသို့အသိပေးလျှောက်ထားလာကြသည့်အခါ သင်မင်းကြီးက–

"အချင်းတို့၊ ထိုယောကျ်ားသည် ငါ့ထံပြန်လာခဲ့စေလော့၊ ယခင်က အတိုင်းပင်လျှင် ငါ့အား အခွန်ဘဏ္ဍာ ထမ်းဆောင်နေကျဖြစ်သော၊ ငါ၏ ဥစ္စာကို တိုးပွားစေတတ်သော၊ လယ်သမားယောကျ်ားသာလျှင် ပြန်လည်ဖြစ်စေဘိလော" ဟု ဆိုသင့်ပါမည်လော"

"မှန်လှပါ . . . ထိုသို့ကား မဆိုသင့်တော့ပါ ဘုရား၊ စင်စစ်မူ အကျွန်ုပ်တို့ကပင် ထိုသူအား ရိုသေစွာဆည်းကပ်လုပ်ကျွေးရပါဦးမည်။ နေရေးစားမှုအစစတာဝန်ကို ကူညီစွမ်းဆောင်ပေးရဦးမည်သာ ဖြစ်ပါသည် ဘုရား"

"ကောင်းလှပြီမင်းကြီး . . . ဤသို့ဆိုလျှင်လည်း ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ရကျိုးဟူသည် ကေန်စင်စစ် ရှိနေချေသလော၊ မရှိသလော"

"မှန်ပါ . . . ကေန်စင်စစ်ရှိနေကြောင်းပါ ဘုရား"

"မှန်ပေသည် မင်းကြီး၊ ဤကား ရဟန်းဖြစ်ရကျိုးကို သင်မင်းကြီးအား နှစ်ကြိမ်မြောက်ဖြစ်သော ပြသခြင်းပေတည်း။

အဇာတသတ်မင်းသည် ထိုအခါ၌ မြတ်စွာဘုရားအား ဤသို့ တပ်မံမေးလျှောက်ပြန်၏။

## သာလွန် မွန်မြတ်သော

"အရှင်မြတ်စွာဘုရား...ကိုယ်တိုင်သိမြင်ရသော ဤရဟန်းဖြစ်ကျိုးတို့ထက် သာ၍နှစ်သက်ဖွယ်လည်းဖြစ်သော၊ သာ၍မွန်မြတ်သည်လည်းဖြစ်သော၊ အခြားတစ်ပါးလည်းဖြစ်သော၊ ဤမျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ထပ်မံ ပြနိုင်ပါသေးသလား ဘုရား"

"ကောင်းပြီမင်းကြီး...သို့ဆိုလျှင်လည်း သင်မင်းကြီး တောင့်တအပ်သည့်အတိုင်းပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ငါဘုရား ထပ်မံပြစေဦးအံ့၊ ကောင်းစွာ အာရုံစိုက်၍သာ နာကြားလေလော့၊ ငါ ဟောကြားပေအံ့"

"မှန်ပါ...ဟောတော်မူပါ ဘုရား"

"မင်းကြီး...ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော၊ အသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော၊ လောကကို သိတော်မူသော၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော၊ နတ်တို့၏ဆရာ ဖြစ်တော်မူသော၊ သစ္စာလေးပါးတရားတို့ကို သိစေတော်မူအပ်သော၊ ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည်၊ ဤလောက၌ ပွင့်တော်မူ၏။

"ထို မြတ်စွာဘုရားသည် နတ်နှင့်တကွသော၊ မာရ်နတ်နှင့်တကွသော၊ ဗြဟ္မာနှင့်တကွသော၊ ဤလောကကိုလည်းကောင်း၊ (သမဏဗြာဟ္မဏရဟန်းပုဏ္ဏား)တို့နှင့်တကွသော၊ မင်းများ၊ လူများနှင့်တကွသော သတ္တဝါအပေါင်းတို့ကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မြင်သိ၍ မျက်မှောက်ပြုလျက် တရားဟောကြားတော်မူ၏။

"ထို မြတ်စွာဘုရားသည် အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်းရှိသော၊ အနက်နှင့်ပြည့်စုံသော၊ သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏။ အလုံးစုံပြည့်စုံသော၊ စင်ကြယ်သော၊ မြတ်သော အကျင့်ကို ပြတော်မူ၏။

"ထိုတရားတော်ကို သူကြွယ်သည်လည်းကောင်း၊ သူကြွယ်သားသည်လည်းကောင်း၊ အခြားဇာတ်တစ်မျိုးမျိုး၌ ဖြစ်သော သူသည်လည်းကောင်း

ကြားနာရ၏။ ထိုသူသည် ထိုတရားတော်ကို ကြားနာရ၍ မြတ်စွာဘုရား၌ ယုံကြည်မှုကို ရ၏။ ထိုသူသည် ယုံကြည်မှုကိုရသည်ဖြစ်၍ ဤသို့ဆင်ခြင်၏။

"လူ့ဘောင်၌နေရခြင်းသည် ကျဉ်းမြောင်း၏။ ကိလေသာမြူ ထ,ရာ လမ်းကြောင်းဖြစ်၏။ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏။ လူ့ဘောင်၌ နေသူသည် ဤမြတ်သောအကျင့်ကို စင်စစ်ပြည့်စုံစွာ၊ စင်စစ် စင်ကြယ်စွာ၊ ခရုသင်းပွတ်သစ်နှင့်တူစွာ ကျင့်ခြင်းငှာ မလွယ်၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှသည်-ရဟန်းဘောင်သို့ ဝင်ရောက်ရမှု ကောင်းလေစွာ" ဟု ဆင်ခြင်မိ၏။

"ထိုသူသည် နောင်အခါ၌ နည်းသောဥစ္စာတို့ကို စွန့်၍ဖြစ်စေ၊ များသော ဥစ္စာစုကိုစွန့်၍ဖြစ်စေ၊ နည်းသော ဆွေမျိုးစုကိုစွန့်၍ဖြစ်စေ၊ များသောဆွေမျိုးစု ကို စွန့်၍ဖြစ်စေ၊ ဆံမုတ်ဆိတ်တို့ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှသည်-ရဟန်းဘောင်သို့ ဝင်ရောက်၏။ ထိုသူသည် ဤသို့ဝင်ရောက် ပြီးသော် ပါတိမောက္ခ သံဝရ သီလကို စောင့်ထိန်းလျက် နေ၏။ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့်ပြည့်စုံ၏။ အနည်းငယ်မျှသော အပြစ်တို့၌ သော်လည်း ဘေးဟု ရှုလေ့ရှိ၏။ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏။ ကောင်းသော ကာယကံ၊ ဝစီကံနှင့် ပြည့်စုံသည်ဖြစ်၍ စင်ကြယ်သော အသက်မွေးမှုရှိ၏။ သီလနှင့်ပြည့်စုံ၏။ ဣန္ဒြေတို့၌ ပိတ်ထားသောတံခါးကဲ့သို့ စောင့်စည်းခြင်း (မကောင်းသောအပြုအမူတို့မှ ရှောင်ကြဉ်ခြင်း) ရှိ၏။ စားဖွယ်၌ အတိုင်းအရှည်ကိုသိ၏။ အောက်မေ့ခြင်း (သတိ) ဆင်ခြင်ခြင်း (သမ္ပဇဉ်) နှင့် ပြည့်စုံ၏။ ရောင့်ရဲလွယ်၏။

## အနိမ့်ဆုံးအကျင့်

"မင်းကြီး...ရဟန်းသည် အဘယ်သို့လျှင် အကျင့်သီလနှင့် ပြည့်စုံ သနည်း။ မင်းကြီး ဤလောက၌ ရဟန်းသည် အသက်သတ်ခြင်းကို ပယ်၍ အသက် သတ်ခြင်းမှရှောင်ကြဉ်၏။။ တုတ်ကို ချထားပြီးဖြစ်၏။ လက်နက်ကို ချထားပြီး ဖြစ်၏။ ရှက်ခြင်းရှိ၏။ သနားတတ်၏။ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွားကို လိုလားလျက်နေ၏။ ဤသည်လည်း ထိုရဟန်း၏ သီလ ပေတည်း။

"မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ ပေးသည်ကိုသာ ယူ၏။ ပေးသည်ကိုသာ အလိုရှိ၏။ အခိုးမဝှက်စင်ကြယ်သော ကိုယ်ဖြင့်နေ၏။ ဤသည်လည်း ထိုရဟန်း၏သီလပေတည်း။ မမြတ်သောအကျင့်ပယ်၍ မြတ်သောအကျင့်ကို ကျင့်၏။ ယုတ်သောအကျင့်ကို ကျင့်လေ့မရှိ၊ ရွာသူတို့၏ အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

"မမှန်ပြောခြင်းကိုပယ်၍ မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏။ အမှန်ကိုသာ ဆိုလေ့ရှိ၏။ မှန်သောစကားချင်း ဆက်စပ်စေ၏။ တည်သောစကားရှိ၏။ ယုံကြည်ထိုက်သောစကားရှိ၏။ လောကကို လှည့်စားတတ်သူမဟုတ်၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

"ကုန်းစကားကို ရှောင်ကြဉ်၏။ ဤသူတို့ထံမှ နားထောင်၍ ထိုသူတို့နှင့် ဤသို့ကွဲပြားစေခြင်းငှာ ထိုသူတို့ထံ၌ မပြောတတ်၊ ထိုသူတို့ထံမှ နားထောင်၍ ဤသူတို့နှင့် ထိုသူတို့ကွဲပြားစေခြင်းငှာ ဤသူတို့ထံ၌ မပြောတတ်၊ ဤသို့ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏။ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏။ ညီညွတ်ခြင်း၌ မွေ့လျော်၏။ ညီညွတ်ခြင်း၌ ပျော်ပိုက်၏။ ညီညွတ်ခြင်းကို နှစ်သက်၏။ ညီညွတ်ခြင်းဖြစ်စေတတ်သောစကားကို ဆိုလေ့ရှိ၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## နှစ်လိုဖွယ်သောစကား

"ကြမ်းသောစကားကိုပယ်၍ ကြမ်းသောစကားမှ ရှောင်ကြဉ်၏။ အကြင်စကားသည် အပြစ်ကင်း၏။ နားချမ်းသာ၏။ နှစ်လိုဖွယ်ရှိ၏။ နှလုံးသို့နှစ်သက်၏။ ယဉ်ကျေး၏။ သူအများနှစ်သက်၏။ လူအများ နှစ်ခြိုက်၏။ ထိုသို့သဘောရှိသော စကားကိုသာဆို၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## ကောင်းမြတ်သော စကား

"ပြိန်ဖျင်းသော စကားကိုပယ်၍ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏။ သင့်သောအခါ၌သာ ဆိုလေ့ရှိ၏။ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏။ အကျိုးနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏။ တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏။ အဆုံးအမ

နှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏။ သင့်သောအခါ၌ အကြောင်းနှင့်တကွသော အပိုင်းအခြားရှိသော၊ အစီးအပွားနှင့် စပ်သော၊ မှတ်သားလောက်သောစကားကိုသာ ဆိုလေ့ရှိ၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## ရှောင်ကြဉ်မှုအမျိုးမျိုး

"မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏။

"ဆွမ်းတစ်နပ်သာစားလေ့ရှိ၏။ ညစာစားခြင်းမှ ရှောင်ကြဉ်၏။ နေလွဲစားခြင်းမှ ရှောင်ကြဉ်၏။ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း (သူတော်ကောင်းတရား၏ ဆူးငြောင့်ဖြစ်သော) ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်၏။ ပန်းပန်ခြင်း၊ နံ့သာခြယ်ခြင်း၊ နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်၏။ မြင့်သောနေရာ မြတ်သောနေရာ (စည်းစိမ်ခံစားမှု) မှ ရှောင်ကြဉ်၏။

"ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ ကောက်စိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ အသားစိမ်းကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ မိန်းမအို မိန်းမပျိုကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ ကြက် ဝက်ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ ဆင်နွား မြင်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

"လယ်နှင့်ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ တမန်အမှု၊ အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏။ ဝယ်မှုရောင်းမှုမှ ရှောင်ကြဉ်၏။ ချိန်စဉ်းလဲအသပြာစဉ်းလဲခြင်းတည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်၏။ သတ်ဖြတ်နှောင်ဖွဲ့ခြင်း၊ ခရီးသွားတို့ကို လုယက်ခြင်း၊ ရွာနိဂုံးတို့ကို ဖျက်ဆီးခြင်း၊ ဓားပြတိုက်ခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## အလယ်အလတ်အကျင့်

"မင်းကြီး . . . ရဟန်းတို့၏ သီလနှင့်ပတ်သက်၍ ထပ်မံသိသာစေရန်များသည် များစွာပင် ကျန်ရှိချေသေး၏။ စင်စစ်သော်-ရဟန်းဟူသည် ရှောင်ကြဉ်ရသော အကြောင်းခြင်းရာများ လွန်စွာများပြားလှသည်သာဖြစ်၏။ ထိုသည်တို့ကား အဘယ်နည်း။ အသင်မင်းကြီး ကောင်းစွာ နာကြားလော့၊ ငါပြောပြပေအံ့။

Royal Snow
Publications

"အသင်မင်းကြီး . . .ဤလောက၌ အချို့သော သမဏဗြာဟ္မဏ (ငါ့ဘုရားသာသနာတော်မှအပဖြစ်သော ရဟန်း ပုဏ္ဏားး) တို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ပြီးလျှင် ဤသို့သော မျိုးစေ့အပေါင်း၊ အပင်အပေါင်းဖျက်ဆီးခြင်းကို ပြုလျက်နေကြ၏။ ဤသည်တို့ကား အဘယ်နည်း၊ အမြစ်မျိုးစေ့၊ ပင်စည်မျိုးစေ့၊ အဆစ်မျိုးစေ့၊ အစေ့မျိုးစေ့တို့တည်း။ ရဟန်းသည် ဤသို့သော မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## သိုမှီးခြင်းမှ ရှောင်ကြဉ်မှု

"ထို့ပြင်လည်း အချို့သော သာမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော ဆုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော သိုမှီး သုံးဆောင်ခြင်းကို ပြုလျက်နေကြ၏။ ဤသည်တို့ကား အဘယ်နည်း။ ဆွမ်းကို သိုမှီးခြင်း၊ အဖျော်ကို သိုမှီးခြင်း၊ အဝတ်ကို သိုမှီးခြင်း၊ ယဉ်ကို သိုမှီးခြင်း၊ အိပ်ရာကို သိုမှီးခြင်း၊ နံ့သာကို သိုမှီးခြင်း၊ အခြားစားသုံးဖွယ်ကို သိုမှီးခြင်းတို့တည်း။ ရဟန်းသည် ဤသို့သော သိုမှီးသုံးဆောင်ခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## ပွဲသဘင်များမှ ရှောင်ကြဉ်မှု

"မင်းကြီး . . .ထိုမှတစ်ပါး အချို့သော သမဏဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို လက်ခံသုံးဆောင်ကြပြီးလျှင် ဤသို့သော (သူတော်ကောင်းတရား၏ ဆူးငြောင့်ဖြစ်သော) 'ပွဲ' ကြည့်ခြင်းကို ပြုလျက်နေကြ၏။ ဤသည်တို့ကား အဘယ်နည်း၊ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ သဘင်ပွဲ၊ စာဟောပွဲ၊ လက်ဝါးတီးပွဲ၊ ကြေးနင်း ခွက်ခွင်း စသည် တီးပွဲ၊ စည်တီးပွဲ၊ ဗန်းချီပြပွဲ၊ သံလုံးကစားပွဲ၊ ဝါးထောင်၍ ကစားပွဲ၊ အရိုးဆေးပွဲ၊ ဆင်ပွဲ၊ မြင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ငုံး တိုက်ပွဲ၊ တုတ်သိုင်းပွဲ၊ လက်ဝှေ့ထိုးပွဲ၊ နဘမ်းလုံးပွဲ၊ စစ်ထိုးပွဲ၊ စစ်သည်စစ်ဆေးပွဲ၊ စစ်ဆင်ပွဲ၊ စစ်အင်ကျင်းပွဲ (စစ်ရေးပြပွဲ) တို့တည်း။ ရဟန်းတို့သည် ဤသို့သော (သူတော်ကောင်း

တရား၏ ဆူးပြောင့်ဖြစ်သော) 'ပွဲ' ကြည့်ခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## လောင်းကစားခြင်းမှ ရှောင်ကြဉ်မှု

"ထို့ပြင်လည်း အချို့သော သမဏဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို လက်ခံသုံးဆောင်ကြပြီးလျှင် မေ့လျော့ကြောင်းဖြစ်သော လောင်းကစားခြင်းကို ပြုလုပ်လျက်နေကြ၏။ ဤသည်တို့ကား အဘယ်နည်း။ ရှစ်ကွက်ကျားကစားခြင်း၊ ဆယ်ကွက်ကျားကစားခြင်း၊ ကောင်းကင်ကျား ကစားခြင်း၊ ဖိုလမင်းကျားကစားခြင်း၊ ဇယ်တောက်ကစားခြင်း၊ ကျည်းသားရိုက် ကစားခြင်း၊ စုတ်ခတ်ရေးကစားခြင်း၊ ဂေါ်လီကစားခြင်း၊ ပိပိမှုတ်ကစားခြင်း စသည်တို့တည်း။ ရဟန်းသည် ဤသို့သောမေ့လျော့ခြင်းဖြစ်သော လောင်းကစား ခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## အနေကောင်းကို ရှောင်ကြဉ်မှု

"မင်းကြီး . . . ထိုမှတစ်ပါး အချို့သော သမဏဗြာဟ္မဏတို့ပြုမူတတ်သော အလေ့အကျင့်များလည်း ရှိသေး၏။ ထိုသူတို့သည် ယုံကြည်၍လှူအပ်သော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော မြင့်သောနေရာ မြတ်သောနေရာတို့ကို သုံးစွဲနေထိုင်ကြ၏။ ဤသည်တို့ကား အဘယ်နည်း။ မြင့်လွန်းသောနေရာ၊ ပလ္လင်၊ မွေးရှည်ကော်ဇောကြီး၊ ဆန်းကြယ်သော သားမွေး အခင်း၊ ဖြူသော သားမွေးအခင်း၊ ပန်းပြောက်ခြယ်သားမွေးအခင်း၊ လဲသွတ် အခင်း၊ ရုပ်ပုံခြယ် သားမွေးအခင်း၊ ရွှေချည်ထိုးအခင်း၊ ဆိုးချည်အခင်း စသည်တို့တည်း။ ရဟန်းသည် ဤသို့သော မြင့်သောနေရာ၊ မြတ်သောနေရာမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## တန်ဆာဆင်ခြင်းမှ ရှောင်ကြဉ်မှု

"ထို့ပြင်လည်း အချို့သော သမဏဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို လက်ခံသုံးဆောင်ကြပြီးလျှင် ဤသို့သော လိမ်းခြယ်ခြင်း၊ ဆင်ယင်ခြင်းကိုပြုလျက်နေကြ၏။ ဤသည်တို့ကားအဘယ်နည်း။ နံ့သာဖြင့်

ပွတ်သပ်ခြင်း၊ ဆီဖြင့် ဆုပ်နယ်ခြင်း၊ နံ့သာဖြင့် ရေချိုးခြင်း၊ လက်ရုံးကြီးထွားစေရန် ထုရိုက်ခြင်း၊ မှန်ကြည့်ခြင်း၊ မျက်စဉ်းဆေးခြယ်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာခြယ်ခြင်း၊ နံ့သာပျောင်းလိမ်းကျံခြင်း၊ မျက်နှာကိုခြယ်သခြင်း၊ လက်ကိုင်တုတ်ဆောင်ခြင်း၊ ကျည်တောက်လွယ်ခြင်း စသည်တို့တည်း။ ရဟန်းသည် ဤသို့လိမ်းခြယ်ခြင်း၊ ဆင်ယင်ခြင်းမှရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## မကောင်းသောစကားမှ ရှောင်ကြဉ်မှု

"ထိုမှတစ်ပါး...အချို့သော သမဏဗြာဟ္မဏတို့သည် ဤသို့သော ဖီလာစကားကိုပြောဆိုနေတတ်ကြကုန်သေး၏။ ဤသည်တို့ကား အဘယ်နည်း။ မင်းနှင့်စပ်သောစကား၊ ခိုးသူနှင့်စပ်သောစကား၊ အမတ်ကြီးနှင့်စပ်သောစကား၊ စစ်သည်နှင့်စပ်သောစကား၊ အဝတ်နှင့်စပ်သောစကား စသည်တို့တည်း။ ရဟန်းသည် ဤသို့လျှင် မဂ်ဖိုလ်နှင့်ဆန့်ကျင်သော စကားမျိုးတို့ကို ပြောဆိုခြင်းမှလည်း ရှောင်ကြဉ်၏။ သို့-ရှောင်ကြဉ်ခြင်းသည်ပင်လျှင် ထိုရဟန်းတို့၏ သီလပေတည်း။

## အငြင်းအခုံစကားမှ ရှောင်ကြဉ်မှု

"မင်းကြီး...ယခုဆိုခဲ့ပြီးသည်တို့နောက် အချို့သော သမဏဗြာဟ္မဏတို့သည် ယုံကြည်၍လှူအပ်သော သုံးဆောင်ဖွယ်တို့ကို ခံယူသုံးဆောင်ပြီးလျှင် ဤသို့သော အငြင်းအခုံစကားတို့ကို ပြောဆိုနေဝတတ်ကြကုန်သေး၏။

"ထို အငြင်းအခုံစကားတို့ဟူသည်ကား အဘယ်နည်း။

"သင်သည် ဤဓမ္မဝိနယကို မသိ၊ ငါသည် ဤဓမ္မနိယကို သိ၏။ သင်သည် ဤဓမ္မဝိနယကို အသို့သိနိုင်အံ့နည်း။ သင်သည် မှားသော အကျင့်ရှိသူဖြစ်၏။ ငါသည် မှန်သော အကျင့်ရှိသူဖြစ်၏။ ငါ၏စကားသည် စေ့စပ်၏။ သင်၏စကားသည် မစေ့စပ်။ သင်သည် ရှေးဦးဆိုသင့်သည်ကို နောက်မှဆို၏။ နောက်မှ ဆိုသင့်သည်ကို ရှေးဦးဆို၏။ သင်၏ ကြာမြင့်စွာ လေ့လာထားသော စကားသည် သင့်ဆီသို့ ပြန်လည်၍ တည်လေပြီ။ သင့်အယူ၌ရှိသော အပြစ်ကို ငါ တင်ပြပြီ။ သင် အရေးနိမ့်ပြီ။ ငါ တင်ပြသောအပြစ်မှ

လွတ်မြောက်ရန် ရှာကြံချေဦးလော့။ အကယ်၍ စွမ်းနိုင်လျှင်လည်း ယခုပင် ဖြေရှင်းလော့ဟူသည်တို့တည်း။ ရဟန်းသည် ဤသို့သော အငြင်းအခုံစကားတို့ကို ပြောခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## အစေအပါးအလုပ်မှ ရှောင်ကြဉ်မှု

"မင်းကြီး . . . အချို့သောသမဏဗြာဟ္မဏတို့သည် ဤသို့ ငြင်းခုံပြောဆိုကြခြင်းအပြင် အခြားသော အပြုအမူတို့လည်း ရှိချေသေး၏။ ထိုထိုသမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူအပ်သော သုံးဆောင်ဖွယ်တို့ကို လက်ခံသုံးဆောင်ကြပြီးလျှင် တမအမှု၊ အစေအပါးအမှု ဆောင်ရွက်ခြင်းကို ပြုလျက်နေကြ၏။ ထိုသည်တို့ကား အဘယ်နည်း။ မင်း-အမတ်-မင်းမျိုး-ပုဏ္ဏား-သူကြွယ်-လုလင်ပျို စသူတို့၏ ဤအရပ်မှ ထိုအရပ်သို့သွားလော့၊ ထိုအရပ်မှ ဤအရပ်သို့လာလော့၊ ဤသည်ကို ဤအရပ်မှ ဆောင်သွားလော့၊ ဤသည်ကို ထိုအရပ်မှ ဆောင်ခဲ့လော့ဟူသော အမှုတို့ပင်တည်း။ ရဟန်းသည် ဤသို့သော် တမန်အမှု၊ အစေအပါးအမှု ဆောင်ရွက်ခြင်းတို့မှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## အခွင့်အရေးမှ ရှောင်ကြဉ်မှု

"မင်းကြီး . . . ထိုမှတစ်ပါး အချို့သောသမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို ခံယူသုံးဆောင်ကြပြီးလျှင် လာဘ်လာဘအလို့ငှာ ထူးဆန်းအံ့သြဖွယ်အမှုမျိုးကိုလည်း ဖန်တီးပြသတတ်ကြသေး၏။ မြှောက်ပင့်၍လည်းပြောကုန်၏။ အရိပ်အခြည်လည်း ပြကုန်၏။ အတင်းအကျပ်လည်း ပြုကုန်၏။ မိမိတို့ထံမှ အနည်းငယ်မျှသော လာဘ်ဖြင့် သူတစ်ပါးတို့ (ကပည့်ဒါယကာ) အထံမှ များစွာသောလာဘ်တို့ကို ရရှိလေအောင်လည်း ဖန်တီးပြုလုပ်ကြကုန်သေး၏။ ရဟန်းသည် ဤသို့သော လာဘ်လာဘ အခွင့်အရေးအတွက် ထူးဆန်းအံ့သြဖွယ်ဖြစ်စေခြင်း၊ မြှောက်ပင့် သွေးဆောင်ခြင်းများကို ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

Royal Snow
Publications

## ကြီးမြင့်သောအကျင့် လောကီအတတ်များမှ ရှောင်ကြဉ်မှု

"မင်းကြီး . . .ယခုသိစေခဲ့ပြီး အပြုအမူများအပြင် အချို့သော သမဏ ဗြာဟ္မဏတို့ ပြုမူလေ့ရှိကြသော မှားသောအသက်မွေးမှုလည်း ရှိချေသေး၏။ ထိုသည်တို့ကား အဘယ်နည်း၊ အင်္ဂကျမ်း၊ နိမိတ်ကျမ်း၊ ဥပ္ပါတိကျမ်း၊ အိပ်မက်ကျမ်း၊ လက္ခဏာကျမ်း၊ ကြွက်ကိုက်ကျမ်း၊ မီးပူဇော်ခြင်းစသည်တို့ကို ညွှန်ကြားသောအတတ်၊ အင်္ဂဝိဇ္ဇာအတတ်၊ မြေကြန်အတတ်၊ မင်းမှုရေးရာ အတတ်၊ ဘေးငြိမ်းခြင်း (ယတြာချေခြင်း) ကို ပြုသောအတတ်၊ ဖုတ်တစ္ဆေ အတတ် စသည်တို့တည်း။ ရဟန်း (ငါဘုရား၏သာသနာတော်၌နေသူ)သည် ဤသို့သော ဖိလာအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## လက္ခဏာဟောခြင်းမှ ရှောင်ကြဉ်မှု

"ထို့ပြင်လည်း အချို့သော သမဏဗြာဟ္မဏတို့၏ မှားသော အသက်မွေးမှုဖြစ်သော ဖိလာအတတ်တို့လည်း ရှိလေသေး၏။ ထိုသည်တို့ကား အဘယ်နည်း။

"ကျောက်မျက်ရတနာတို့၏ လက္ခဏာ ဆိုးကောင်းယုတ်မြတ်ကို ဟောပြောခြင်း၊ အဝတ်အထည်တို့၏ လက္ခဏာကို ဟောပြောခြင်း၊ တုတ်-တောင်ဝှေး-သန်လျက်-လေးမြား စသော လက်နက်တို့၏ လက္ခဏာကို ဟောပြောခြင်း၊ မိန်းမ-ယောကျ်ား၊ သတို့သားသတို့သမီး၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ စသည်တို့၏လက္ခဏာကို ဟောပြောခြင်း၊ ဆင်-မြင်း-ကျွဲ-နွား စသည်တို့၏ လက္ခဏာကို ဟောပြောခြင်းများပေတည်း။

"ရဟန်းသည် ဤဆိုခဲ့ပြီး မှားသောအသက်မွေးမှုဖြစ်သော ဖိလာအတတ်တို့မှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်းတို့၏ သီလပေတည်း။

## စစ်မက်ရေးရာမှ ရှောင်ကြဉ်မှု

"အသင်မင်းကြီး . . .ထိုမှတစ်ပါး အခြားသော ဖိလာအတတ်တို့လည်း ရှိချေသေး၏။ အချို့သော သမဏဗြာဟ္မဏတို့သည် ထို ဖိလာအတတ်တို့ဖြင့်လည်း အသက်မွေးကြကုန်သေး၏။ ထိုဖိလာအတတ်တို့ဟူသည်ကား အဘယ်နည်း။

"ပြည့်ရှင်မင်းတို့၏ စစ်ထွက်ခြင်း၊ စစ်ဆုတ်ခြင်း၊ စစ်အောင်ခြင်း၊ စစ်ရှုံးခြင်း၊ မည်သည့်မင်းသည် စစ်ရှုံးလတ္တံ့၊ မည်သည့်မင်းသည် စစ်နိုင်လတ္တံ့ စသည် ဟောပြောဆိုညွှန်းခြင်းတို့ပေတည်း။

"ရဟန်းသည် မှားသောအသက်မွေးမှုဖြစ်သည့် ဤဖိလာအတတ်တို့မှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## နက္ခတ်ဗေဒင်ဟောပြောခြင်းမှ ရှောင်ကြဉ်မှု

"အသင်မင်းကြီး . . . ထိုမှတစ်ပါး အခြားသော ဖိလာအတတ်တို့ရှိသေးသည်ကား-ဤသို့တည်း။ လကြတ် နေကြတ် နက္ခတ်ကြတ်ခြင်းတို့ ဖြစ်မည့်အကြောင်း ဟောပြောခြင်း၊ နေလနက္ခတ်တာရာတို့၏ သွားလာရွေ့လျားပုံကောင်းဆိုးမှားမှန်ကို ဟောပြောခြင်း၊ ဥက္ကာကျခြင်း၊ မြေလျင်လှုပ်ခြင်း စသည်များနှင့်ပတ်သက်၍ နေ့ရက်ချိန်ခါကို ကြိုတင်ဟောပြောခြင်း၊ ကောင်းကျိုးဆိုးပြစ်ကို ဟောပြောခြင်း စသည်တို့ပင်တည်း။ ရဟန်းသည် ဤသို့သော ဖိလာအတတ်များမှလည်း ရှောင်ကြဉ်၏။ ယင်းသို့ ရှောင်ကြဉ်ခြင်းသည်လည်း ရဟန်းတို့၏ သီလပေတည်း။

## နိမိတ်ဟော၊ ကဗျာလင်္ကာ၊ သင်္ချာအတတ်စသည်များမှ ရှောင်ကြဉ်မှု

"ထိုမှတစ်ပါး မိုးကောင်းလတ္တံ့၊ မိုးခေါင်လတ္တံ့၊ ဝပြောသာယာလတ္တံ့၊ ခေါင်းပါးငတ်မွတ်လတ္တံ့ စသည်မျိုးကိုဟောပြောခြင်းဟူသော ဖိလာအတတ်တို့သည်လည်း ရှိသေးသည်သာတည်း။ အချို့သော သမဏ ဗြာဟ္မဏတို့သည် တပည့်ဒါယကာတို့က ကံ-ကံ၏အကျိုးတရားကို ယုံကြည်၍ လှူဒါန်းပူဇော်အပ်သော သုံးဆောင်ဖွယ်တို့ကို လက်ခံသုံးဆောင်ပြီးလျှင် ဤဆိုခဲ့သော ဖိလာအတတ်တို့ဖြင့်လည်း အသက်မွေးကြကုန်သည်သာတည်း။ ဤဖိလာအတတ်များတွင် လက်ချိုးရေတွက်ခြင်းအတတ်၊ ဂဏန်းအတတ်၊ သင်္ချာအတတ်၊ ကဗျာလင်္ကာအတတ်၊ လောကာယတကျမ်းအတတ်များလည်း အပါအဝင်ဖြစ်သည်သာတည်း။ ရဟန်းသည် ဤသို့ဆိုအပ်ခဲ့ပြီး ဖိလာအတတ်တို့မှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

Royal Snow
Publications

## လူမှုရေးကိစ္စများမှ ရှောင်ကြဉ်မှု

"မင်းကြီး . . .ဤယခုဆိုခဲ့ပြီး ဖီလာအတတ်တို့အပြင် အချို့သောသမဏ ဗြာဟ္မဏတို့ပြုမူကြသော ဖီလာအတတ်တို့သည်လည်း ရှိချေသေး၏။ ထိုသည်တို့ကား အဘယ်နည်း။ တစ်ပါးသောအရပ်မှ သတို့သမီး (သမီးကညာ) ကို အလိုရှိရာအရပ်သို့ ရောက်လာအောင် ခေါ်ယူဆောင်ကြဉ်း၍ တစ်ဦးသော သတို့သား (လုလင်ယောကျာ်း) နှင့် ထိမ်းမြားပေးခြင်း၊ အကြင်သတို့သားနှင့် သတို့သမီးတို့အား စေ့စပ်ပေးခြင်း၊ ကွာရှင်းပြတ်စဲစေခြင်း၊ ပစ္စည်းဥစ္စာတိုးပွား စေခြင်း၊ ယုတ်ဆုတ်ပျက်ပြားစေခြင်း၊ မိမိ၏ဒါယကာဟု ဆိုရမည့်သူတို့၏ ပစ္စည်းဥစ္စာများကို သိမ်းဆည်း စောင့်ရှောက်ပေးခြင်း၊ ကျော်စောထင်ရှားစေခြင်း၊ ကျော်စောထင်ရှားပြီးကို ပျက်ပြယ်တိမ်မြုပ်စေခြင်း၊ ကိုယ် မတည်မြဲသည်ကို တည်မြဲစေခြင်း၊ လက်ဟန့်၊ နားပင်း၊ နတ်သွင်း၊ နတ်မေး၊ နေကို လုပ်ကျွေးခြင်း၊ ဗြဟ္မာကိုလုပ်ကျွေးခြင်း၊ အာခံတွင်းမှ မီးတောက်စေခြင်း၊ သီရိနတ်သမီးကို ပင့်ခေါ်စေခြင်း စသည်တို့တည်း။

"အသင်မင်းကြီး . . .ငါဘုရား၏ သာသနာတော်မှ ရဟန်းဟူသည် ဤသို့သော ဖီလာအတတ်ဖြင့် အသက်မွေးခြင်း၊ ရပ်တည်နေထိုင်ခြင်းကိုလည်း ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

## လောကီပညာအမျိုးမျိုးမှ ရှောင်ကြဉ်မှု

"မင်းကြီး . . .ဖီလာအတတ်ဟူသည် အခြားအခြား များစွာလည်း ရှိချေ သေး၏။ ထိုသည်တို့ကား အဘယ်နည်း။

"မင်းကြီး . . .အချို့သော သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူဒါန်းသော သုံးဆောင်ဖွယ်တို့ကို လက်ခံသုံးဆောင်ကြပြီးလျှင် ဤသို့သော ဖီလာအတတ်တို့ကို ပြုမူကြကုန်၏။ နတ်ကိုးခြင်း၊ တောင်းဆုပြည့်သည်ဟူသော အမှတ်ဖြင့် နတ်ကိုပူဇော်ခြင်း၊ ဖုတ်တစ္ဆေအတတ် (ဝိဇ္ဇာဥ်လိပ်ပြာအစွဲ) ကို လေ့လာလိုက်စားခြင်း၊ မိန်းမလျာကို ယောကျာ်းဖြစ်စေခြင်း၊ ယောကျာ်းလျာ ကို မိန်းမဖြစ်စေခြင်း၊ မြေဆိုးမြေကောင်းလေ့လာခြင်း၊ အဆောက်အဉီအတွက် မြေကြီးကို ကောင်းစေရန်၊ ဆိုးစေရန် အမျိုးမျိုးစီရင်ခြင်း (လောကီပညာ အမျိုးမျိုး) ပို့အန်စေမှု၊ ဝမ်းသက်စေမှုတို့နှင့်တကွ ခွဲစိတ်ကုသခြင်း၊ စားဆေး

အမျိုးမျိုး၊ လိမ်းဆေးအမျိုးမျိုး၊ မျက်စဉ်းဆေး၊ နှားဆေးအမျိုးမျိုး စသည် တို့တည်း။

· "မင်းကြီး . . . ရဟန်းသည် ဤသို့သော ဖိလာအတတ်တို့မှလည်း ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်းတို့၏ သီလပေတည်း။

## ထိန်းသိမ်းစောင့်စည်းခြင်း

"မင်းကြီး . . . စင်စစ်မူကား ဤသို့ သီလနှင့်ပြည့်စုံသော ရဟန်းသည် ယင်းသို့သီလကိုစောင့်ထိန်းခြင်းနှင့် စပ်လျဉ်း၍ မည်သည့်အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရ၊ မင်းကြီး . . . အဘိသိက်သွန်းပြီးသော၊ ရန်သူကိုပယ်ပြီးသော မင်းသည် ရန်သူနှင့်စပ်၍ မည်သည့်အကြောင်းကြောင့်မျှ ဘေးကိုမတွေ့မြင်ရ သကဲ့သို့ ဤအတူ–ဤသို့ သီလနှင့်ပြည့်စုံသော ရဟန်းသည် သီလစောင့်ထိန်းခြင်းနှင့်စပ်၍ မည်သည့်အကြောင်းကြောင့်မျှ ဘေးကိုမတွေ့မြင်ရ။ ထိုရဟန်းသည် ဤ မြတ်သောသီလအစုနှင့်ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ အပြစ်ကင်းစင်သော ချမ်းသာကို ခံစား(ရ)၏။ မင်းကြီး . . . ရဟန်းဟူသည် ဤသို့လျှင် သီလနှင့် ပြည့်စုံပေ၏။

## အစွဲအမှတ်မရှိ

"မင်းကြီး . . . ရဟန်းဟူသည် ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးလည်း ရှိပေ၏။ (အာရုံခြောက်ပါးတို့၌ လုံခြုံစွာ ထိန်းချုပ်ဆောက်တည်ထားအပ်ခြင်းလည်း ရှိပေ၏။) အဘယ်သို့ ပိတ်ထားအပ်သနည်းဟူမူကား (ထိန်းချုပ်ထားအပ်သနည်းဟူမူကား) မင်းကြီး . . . အကြင်အခါ၌ မျက်စိဖြင့် အဆင်းရူပါရုံကို မြင်၏။ ထိုအခါ၌ မိန်းမ ယောကျ်ား စသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ လက် ခြေ စသောအင်္ဂါ၊ ပြုံးရယ်ဟန် စသော အမူအရာသွင်ပြင်အမှတ်လက္ခဏာကို စွဲယူလေ့မရှိ။

အကယ်၍ စက္ခုန္ဒြေ (မြင်မှု၌ ထိန်းချုပ်ခြင်း) ကို မစောင့်စည်းဘဲနေလျှင် ယင်းစက္ခုန္ဒြေဟူသော အကြောင်းကြောင့် မက်မောခြင်း အဘိဇ္ဈာ၊ နှလုံးမသာခြင်း ဒေါမနဿ ဟူသော ယုတ်မာသောအကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏။ ထို့ကြောင့် ရဟန်းသည် ထိုစက္ခုန္ဒြေ

ကို စောင့်စည်းခြင်းငှာ ကျင့်၏။ စက္ခုန္ဒြေကို စောင့်စည်း၏။ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

"ထို့အတူ ပင်လျှင် . . .

"နားဖြင့် အသံ 'သဒ္ဒါရုံ' ကို ကြားသော်၊ အသံ၌ ထိန်းချုပ်၏။

"နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ' ကို နမ်းသော်၊ အနံ့၌ ထိန်းချုပ်၏။

"လျှာဖြင့် အရသာ 'ရသာရုံ' ကို လျက်သော်၊ ရသာရုံ၌ ထိန်းချုပ်၏။

"ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို တွေ့ထိသော်၊ အတွေ့အထိ၌ ထိန်းချုပ်၏။

"စိတ်ဖြင့် သဘော 'ဓမ္မာရုံ' ကို သိသော်၊ မိန်းမယောကျ်ားစသော သဏ္ဌာန်နိမိတ်ကို စွဲယူခြင်းမရှိ၊ လက်ခြေစသောအင်္ဂါ၊ ပြုံးဟန်စသောအမူအရာ အမှတ်လက္ခဏာတို့ကို စွဲယူလေ့မရှိ"

ရဟန်းတို့၏ သီလအားလျော်စွာ စောင့်စည်းထိန်းချုပ်ခြင်း၊ ရှောင်ကြဉ်စွန့်ပယ်ခြင်းအမျိုးမျိုးကို မြတ်စွာဘုရားသည် အဇာတသတ်မင်းကြီးအား အစဦးစွာမှသည်–နောက်ဆုံးအဆင့်"အရဟတ္တဖိုလ်"သို့ ရောက်သည့်တိုင်အောင် ဤသို့ပင် အစဉ်အားလျော်စွာ တစ်ဆင့်ပြီးတစ်ဆင့် ညွှန်ကြားထုတ်ဖော် ဟောကြားတော်မူသည်။

သုတ်တော်အဆုံး၌ အဇာတသတ်မင်းကြီးသည် တရားတော်ကို အလွန်ပင်နှစ်သက်ကြည်ညိုကာ မြတ်စွာဘုရား၏ ဥပါသကာအဖြစ်သို့တိုင် သက်ဝင်ဖြစ်မြောက်သွားရသည်။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ထိုသုတ်တော် (သာမညဖလ) ကို အားလုံး အပြည့်အစုံ ဆုံးခန်းတိုင်သည်အထိ ဖော်ပြနိုင်လျှင် စာဖတ်သူတို့တွင် အလွန်ပင် သဒ္ဓါတရားထက်သန်နိုင်ကြဖွယ်ဖြစ်ပေသည်။

## သူတော်စင်အဇာတသတ်

အဇာတသတ်မင်းသည် ဗုဒ္ဓမြတ်စွာဘုရားနှင့်တွေ့ကာ သာမညဖလသုတ်တော်ကို ကြားနာရပြီးနောက်ပိုင်း၌ကား မြတ်စွာဘုရားကို အလွန်ပင် သက်ဝင်ကြည်ညိုခဲ့သည်။ မြတ်စွာဘုရားအား သဒ္ဓါကြည်ညိုရာ၌ ပုထုဇဉ်တို့တွင် အဇာတသတ်မင်းနှင့် တူမျှသူမရှိဟူ၍ပင် ဆိုစမှတ်ပြုခဲ့ကြရသည်။

Royal Snow
Publications

ထို့ကြောင့်လည်း ဗုဒ္ဓမြတ်စွာဘုရားအား ပရိနိဗ္ဗာန်စံဝင်တော်မူသော အခါ၌ အဇာတသတ်မင်းသည် သည်းပွတ်နှလုံး ပျက်ကြွေပြုန်းမျှ တုန်လှုပ်ချောက်ချားခဲ့ရရှာသည်။

"ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် ဤအရပ်၌နေ၍ အကျွန်ုပ်အား တရားဟောတော်မူသည် မဟုတ်လော၊ အကျွန်ုပ်၏ကြောက်လန့်ညှိုးပိန် စိုးရိမ်ခြင်းတည်းဟူသောငြောင့်ကို နုတ်တော်မူပေသည်မဟုတ်လော၊ အကျွန်ုပ်သည် ဖခင့်ဆယ်ဆလွန်မကအောင် ညွှတ်ခ,မပြတ် ဆည်းကပ်ပါသည် မဟုတ်လော၊ အကျွန်ုပ်အား စကားတုံ့ပြန် တစ်ခွန်းသံမျှ လှန်၍မမိန့်ပါပြီတကား"

"ဘုရားသခင်သည် တစ်ပါးအခါ၌ သယ်ာများစွာ ခြံရံလျက် နိုင်ငံအသီးသီး ပြည်ကြီးအရပ်ရပ်သို့ လှည့်ပတ်ဒေသစာရီ ကြွချီသည်ကိုသာ ကြားရပါသည်။ ယခုမှာမူကား တစ်ခါမပြန် ပြည်နိဗ္ဗာန်သို့ ဝင်စံတော်မူခြင်း သတင်းမျှကိုသာ ကြားရပါတော့သည်"

စသည်ဖြင့် အမျိုးမျိုး အသံမြည်တမ်းကာ ဦးဆံဖားလျား တုန်လှုပ်ချောက်ချားစွာသော သွင်ပြင်ဖြင့် ရာဇဗ္ဗြန္တေကိုမျှလည်း မငဲ့နိုင်၊ သတိလက်လွတ်ယွင်းချွတ်ဖောက်ပြန်ကာ သက်ကြီးရှိုက်ငင် ငိုကြွေးရှာချေ၏။

ထိုကဲ့သို့ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူချိန်တွင် သဟံပတိဗြဟ္မာကြီး တသ,ရွတ်ဆိုအပ်လေသည်မှာ တရားသဘောအားဖြင့် အလေးအနက်ဆင်ခြင်နှလုံးသွင်းထိုက်လှသည်။

**သဗ္ဗေဝနိက္ခိပိဿန္တိ၊ ဘူတာလောကေ သမုဿယံ**
**ယတ္ထဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိ ပုဂ္ဂလော။**
**တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။ ။**

"အရှင်တို့ . . . အကြင် သတ္တလောက၌ အကျုံးဝင်သော ဤသို့ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူထသော၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော၊ တုဘက်မရှိသော ပုဂ္ဂိုလ်ဖြစ်ထသော၊ အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါးသို့ ရောက်တော်မူပြီးထသော၊ အလုံးစုံသောတရားတို့ကို အလိုလိုသာလျှင် သိမြင်တော်မူပြီးထသော မြတ်စွာဘုရားသည်လည်း (မြတ်စွာဘုရားသော်မှလည်း)

ပရိနိဗ္ဗာန်စံလွန်တော်မူ(ရ)ချေသေး၏။ ဘုန်းကံနည်းရှာသူ သူတစ်ပါးမှုကား သေခြင်းမှ အဘယ်မှာ လွတ်သာချေအံ့နည်း။ ထိုသတ္တလောက၌ အကျုံးဝင်ကုန်သော အလုံးစုံသာလျှင် ဖြစ်ကုန်သော သတ္တဝါတို့သည် ခန္ဓာငါးပါးဟုဆိုအပ်သော အတ္တဘောကို မချွတ် ပစ်ရကုန်လတ္တံ့တည်း...”

ထို့နောက် သိကြားမင်းကလည်း ဤသို့ ရွတ်ဆိုအပ်သေးသည်။

**အနိစ္စာ ဝတသင်္ခါရာ၊ ဥပ္ပါဒ–ဝယဓမ္မိနော။**

**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပ သမောသုခေါ။ ။**

“အရှင်တို့ ...သင်္ခါရတရားတို့သည် အမြဲမရှိကုန်စွာတကား။ ဖြစ်ခြင်းပျက်ခြင်းသဘောရှိကုန်၏။ ဖြစ်ကုန်ပြီး၍ ချုပ်တတ်ကုန်၏။ ထိုဖြစ်တတ်ပျက်တတ်သော သဘောတရားတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာလျှင် ချမ်းသာ၏

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခြင်းအတွက် သဟံပတိဗြဟ္မာကြီးနှင့် သိကြားမင်းတို့ ကိုယ်တိုင်ပင်လျှင် နမြောတသရခြင်းနှင့်အတူ ဤမျှေ့ဤမျှကြေကွဲဟုန်လှုပ်ရချေသော် အဇာတသတ်မင်းအဖို့ သတိလက်လွတ် ရူးသွပ်ကမန်း ဖြစ်ရသည်မှာ အကြောင်းယုတ္တိကောင်းစွာပင် ခိုင်ကျည်လုံလောက်နေပေသည်။

ထိုအဇာတသတ်မင်းနှင့်စပ်လျဉ်း၍ ကျေးဇူးရှင် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ “ဓိနပ္ပပကာသနီ”တွင် တွေ့ရသည်မှာကား ဤသို့ဖြစ်လေသည်။

## အသက်ချမ်းသာ ဖြစ်စိမ့်ငှာလျှင်

ထိုအခါ ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း၏ အမတ်တို့သည် ဘုရား ပရိနိဗ္ဗာန်ယူကြောင်းကို ကြားလျှင် ဤသို့ ဆင်ခြင်တိုင်ပင်ကြကုန်၏။

“ပထုဇဉ်၏ သဒ္ဓါကြည်ညိုခြင်းတွင် ငါတို့အရှင်မင်းနှင့်တူ၍ ကြည်ညိုသောသူမရှိပြီ။ ဤမင်းသည် ဘုရားလွန်တော်မူကြောင်းကို ကြားရလျှင် တစ်ခဏချင်း နှလုံးကွဲ၍ သေရာသည်။ ထို့ကြောင့် ငါတို့သည် မင်း၏အသက်ကို စောင့်ပေသည်...” ဟု ကြံ၍ လျောင်းတန်ရုံသော ရွှေကျင်းသုံးခုကို ယူ၍ စတုမဓုဖြင့် ပြည့်စေပြီးသော် မင်းကြီးထံသို့ကပ်၍ ဤသို့ လျှောက်ကြ၏။

"အရှင်မင်းကြီး . . . အကျွန်ုပ်တို့သည် ကြောက်မက်ဖွယ်သော အိပ်မက်ကို မြင်မက်ပါသည်။ ထိုအိပ်မက်ကို ပျောက်ပျက်စေချင်ပါသည်။ အရှင်မင်းကြီးသည် ဘွဲ့ဖြူပုဆိုးနှစ်ထည်ကိုဝတ်၍ နှာခေါင်းဝမျှကိုဖော်စေလျက် ဤစတုမဓုကျင်းထဲ၌ အိပ်စက်တော်မူပါ . . ." ဟု ဆို၏။

ထိုစကားကိုကြားသောအခါ အဇာတသတ်မင်းကြီးကလည်း "ငါ၏အကျိုးစီးပွားကို ရွက်ဆောင်လို၍ဆိုသည်ကို ဘယ်မှာနားမထောင်ရှိတော့အံ့နည်း" ဆို၍ ထိုအမတ်တို့ လျှောက်ထားတိုင်း အိပ်ပေ၏။ ထိုအခါ အမတ်တစ်ယောက်သည် ဘုရားပရိနိဗ္ဗာန်စံတော်မူရာ အရပ်ဆီသို့ လက်အုပ်ချီပြီးသော်–

"အရှင်မင်းကြီး . . . ကိုယ်တော်၏ သံသယကို ပျောက်ပကျေနပ်စေတတ်သော၊ ဘုန်းတော်အာနုဘော်တက်၍ အသက်ကိုရှည်စေတတ်သော၊ ရှိသေလေးမြတ် ဆည်းကပ်ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ကုသိနာရုံပြည်အပါး၌ နိဗ္ဗာန်လားတော်မူချေပြီ . . ."ဟု လျှောက်တင်၏။

မင်းကြီးလည်း ထိုစကားကိုကြားလျှင်ပင် သစ်ပင်ထက်မှကျသောသူကဲ့သို့ သည်းအူလှိုက်ဖိုလျက် ကိုယ်စုံအလုံးတုန်ဘိ၍ သတိမရ တသမိန်းမော၍ ပြောလေ၏။ စိမ်အပ်သော စတုမဓုပင် ကျိုက်ကျိုက်ဆူ၍ အငွေ့ထွက်၏။ အမတ်တို့လည်း မင်း၏ကိုယ်ကိုချီ၍ တစ်ခုသောကျင်း၌ သိပ်ပြန်ကြသဖြင့် သတိရသောအခါ "အမောင်တို့ . . . အဘယ်ကိုဆိုကြသနည်း" ဟု မေးပြန်မှ "အရှင်မင်းကြီး . . . မြတ်စွာဘုရား ပရိနိဗ္ဗာန်လားချေပြီ" ဟု လျှောက်ကြ၏။

မင်းကြီးလည်း ရှေးနည်းတူ မိန်းမော၍ ပြောပြန်သဖြင့် တတန်သောကျင်းသို့ပြောင်းရ၏။ သတိရသောအခါ "အဘယ်အကြောင်းအရာကို ဆိုကြသနည်း" ဟု မေးပြန်၍ ဘုရားပရိနိဗ္ဗာန်လွန်ကြောင်းကို လျှောက်ပါသည်ဟုဆိုလျှင် ယခင်နည်း မိန်းမောပြန်လေ၏။ အမတ်တို့လည်း မင်းကိုချီ၍ ရေချိုးစေပြီးမှ နံ့သာရေတို့ဖြင့် ဆွတ်ဖြန်းရ၏။

အဇာတသတ်မင်းလည်း သတိရလက်သော် ဦးခေါင်းမှ ဆံပင်တို့ကို ဖရိုဖရဲကျဲဖြန့်၍ နူးညံ့သိမ်မွေ့စွာသော လက်နှစ်ဘက်တို့ဖြင့် ရင်ဘတ်ကို

တီး၍ သက်ကြီးရှိက်ငင်ငိုကြွေးလျက် ခရီးမ,သို့သက်၍ သူရူး၏အလားကဲ့သို့ ပြေးသွား၏။ တန်ဆာဆင်အပ်သော ကချေသည်မောင်းမတို့သည် နောက်မှ ဝန်းရံကာလိုက်ရ၏။ မြို့မှထွက်၍ ဇီဝက သရက်ဥယျာဉ်သို့ရောက်သောအခါ မိမိအား တရားဟောတော်မူဖူးသော နေရာကို ကြည့်မျှော်၍—

"ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဤအရပ်၌နေ၍ အကျွန်ုပ်အား တရားဟောတော်မူခဲ့သည် မဟုတ်လော၊ အကျွန်ုပ်၏ ကြောက်လန့်သွေးပိန် စိုးရိမ်ခြင်းတည်းဟူသော ငြောင့်ကို နုတ်တော်မူပေသည်မဟုတ်လော..." စသည်ဖြင့် (ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီးအတိုင်း) အမျိုးမျိုး တသမြည်တမ်းကာ ငိုကြွေးရှာချေ၏။

ထို့နောက်တစ်ဖန် ကြံမိပြန်သည်ကား "ငါသည် ငိုကြွေး၍သာနေသဖြင့် အဓွင့်မပြည့်စုံရာချေ။ အမွေအနှစ်ဖြစ်သော ဓာတ်တော်ကိုသွား၍ ဆောင်းဦးမှ သင့်မည်" ဟု ကြံလျက် မလ္လာမင်းတို့ထံ တမန်စေလိုက်၏။

"အဆွေမလ္လာမင်းတို့...ရွှေဘုန်းတော်ရှင် သခင်ဘုရားသည် မဟာသမ္မတမင်းမှစ၍ အသမ္ဘိန္န၊ ခတ္တိယဟု ဝံသမပြတ် မြတ်လှစွာသော မင်းမျိုးပေတည်း။ ငါတို့လည်း ထို့နည်းသက်ဆင်းသော မင်းမျိုးဖြစ်ရကား ဘေးတော် ဘိုးလောင်း မင်းကောင်းတို့၏ ဓာတ်အရိုးကို ကိုးကွယ်ချီးမြှင့်အပ်ပေသည်။ ထို့ကြောင့် ကိုယ်တော်စား ဓာတ်တော်များကို ငါတို့အဖို့ ရထိုက်ရပါသည်။ စေတီတည်၍ ကိုးကွယ်ပါမည်။ ဓာတ်တော်ကို ငါတို့အား ဝေဖြန့်ပါ..." ဟု တမန်စေလိုက်၏။

ဝေသာလီပြည်မှ လိစ္ဆဝီမင်းတို့ကလည်း ထို့နည်းတူ မလ္လာမင်းတို့၏ အထံသို့ တမန်စေလိုက်၏။ ကပိလဝတ်ပြည်၌ နေကုန်သော သာကီဝင်မင်းတို့ ကလည်း ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်လွန်တော်မူကြောင်းကိုကြား၍ မလ္လာမင်းများထံသို့ တမန်စေလိုက်သည်ကား—

"မလ္လာမင်းတို့...မြတ်စွာဘုရားသည် ငါတို့အမျိုးဆက်တွင် အမြတ်ထက် အမြတ်ဆုံးဖြစ်ပါသည်။ အမွေအနှစ်ကို စင်စစ် ငါတို့ခံထိုက်ပါသည်။ ထို့ကြောင့် ဓာတ်တော်များကို ငါတို့အား အဖို့ပေးပါ၊ ငါတို့ပြည်၌ စေတီတည်၍ ကိုးကွယ်လိုပါသည်"ဟု စေလိုက်၏။

Royal Snow
Publications

အလ္လကပ္ပပြည်၌နေကုန်သော ဗလအမည်ရှိသော မင်းတို့သည်လည်းကောင်း၊ ရွာမရွာ၌နေကုန်သော ကောလိယမင်းမျိုးတို့သည်လည်းကောင်း၊ ဝေဋ္ဌဒီပတိုင်း၌နေကုန်သော ပုဏ္ဏားတို့သည်လည်းကောင်း၊ ပါဝါပြည်၌နေကုန်သော မလ္လာမင်းတို့သည်လည်းကောင်း ထို့နည်းတူ တမန်စေ၍ အမွေတော်ဓာတ်တော်ကို တောင်းကြကုန်၏။ တမန်စေ၍ မျှားမကြာ အဇာတသတ်မင်းသည် စစ်သည်ဗိုလ်ပါတို့ကို စုရုံး၍ "ငါ တမန်စေတိုင်း ပေးသော်လည်း ပေးစေ၊ မပေးနေမူ ပြည်အလုံးကို ထွားထွားညက်ညက် ဖျက်ဆီး၍ ဓာတ်တော်ကို ယူအံ့" ဟု ကြွေးကြော်လျက် ကိုယ်တိုင်ထွက်၍ ချီလေ၏။

ကုသိနာရုံပြည်သို့ရောက်သောအခါ မြို့ကို ဝန်းရံကာနေ၏။ ဝေသာလီမင်း၊ ကပိလဝတ်မင်းအစရှိသော ခုနစ်ပြည်ထောင်မင်းတို့သည်လည်း ထိုနည်းတူ စစ်ချီ၍ရံလေကုန်၏။ ထိုသို့ရံပြီးမှ တစ်ဖန်အကျပ်အတည်းလွှတ်ကြ၍ "ဘုရားရှင်၏ ဓာတ်တော်ကို တည်းပေးအံ့လော၊ စစ်သော်တည်း ပေးထိုးအံ့လော" ဟု ဆိုစေ၏။ ထိုစကားကိုကြားသောအခါ မလ္လာမင်းတို့ကလည်း ဤသို့ပြန်လိုက်၏။

"ဘုရားသခင်သည် သင်တို့ပြည်၌ နေရာဝယ် ငါတို့ပင့်ခေါ်သည်လည်း မဟုတ်၊ သတင်းစကားမျှ မှာထားလိုက်သည်လည်း မဟုတ်သေး၊ အလိုလိုသာ ကြွရောက်လာ၍ ငါတို့ပြည်၌ နိဗ္ဗာန်ယူသည်။ ငါတို့ကိုးကွယ်ထိုက်၍သာ ရသည်။ သင်တို့ပိုင်သော ဂါမခေတ်၌ တစ်စုံတစ်ခုသော ရွှေငွေရတနာဖြစ်ထွန်းလာသော် ငါတို့အား သင်တို့မပေးကုန်ရာ။ လောကသုံးရွာ၌ မြတ်စွာဘုရားနှင့်တူသော ရတနာမည်သည်မရှိ၊ ထိုသို့ အသဒိသအစစ်ဖြစ်သော ရတနာကို ငါတို့ အဘယ့်ကြောင့် သင်တို့အား ပေးအံ့နည်း။ သင်တို့သာ အမိနို့ကို စို့ရသလော၊ ငါတို့ကား အမိနို့ကို မစို့ရသလော၊ သင်တို့သာ ယောကျာ်းပေလော၊ ငါတို့ကား ယောကျာ်းမဟုတ်သလော၊ သင်တို့သာ အသက်ရှိသလော၊ ငါတို့ကား အသက်မရှိသလော၊ ဖြစ်လိုသမျှဖြစ်စေ၊ ဘုရားဓာတ်တော်ကို မပေးစေ" ဟု ကြုံးဝါးသံပ၍ မာန်မာနဖြင့်သာပြန်လိုက်၏။ (ထိုမင်းတို့သည် အကယ်၍ စစ်ထိုးငြားအံ့၊ မလ္လာမင်းတို့သာ အောင်ဘိရာ၏။ အဘယ့်ကြောင့်နည်းဟူမူ ဓာတ်တော်ကို ပူဇော်ခြင်းငှာ လာသောနတ်တို့သည် မလ္လာမင်းတို့၏ အပင်းအသင်းသာ ဖြစ်သောကြောင့်တည်း။)

## ဒေါဏ ပုဏ္ဏား

ထိုမင်းတို့သည် အချင်းချင်းကြုံးဝါးသံပ၍ ငြင်းခုံရာတွင် ဒေါဏ အမည်ရှိသောပုဏ္ဏားသည် လာ၍ သင့်ရာအရပ်ကနေလျက် နှစ်ဘာဏဝါရခန့် ရှိသော စကားဖြင့် ကြုံးဝါး၍ ဆုံးမ၏။ ထိုနှစ်ဘာဏဝါရတို့တွင် ပထမ ဘာဏဝါရကိုကား အငြင်းသံများ၍ မကြားလိုက်ကုန်။ ဒုတိယ ဘာဏဝါရ အဆုံး၌သာ ငါတို့ဆရာ၏အသံကဲ့သို့ ထင်ရသည်ဟု အလုံးစုံသောမင်းတို့ပင် အသံဆိတ်လေ၏။

ထို–ဒေါဏပုဏ္ဏားကား ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထင်ရှားသော မင်းပုဏ္ဏား တို့သည် တပည့်မဖြစ်ဖူးသောသူ မည်သည်မရှိ၊ ဖြစ်ဖူးဘိသည်သာတည်း။ ထို့ကြောင့် ဆရာကို ရိုသေခြင်းဖြင့် ထိုမင်းတို့အသံဆိတ်လေသတည်း။ ထိုသို့ အသံဆိတ်သောအခါ ဆရာဒေါဏပုဏ္ဏားလည်း မင်းအများကို ဆုံးမလို၍–

"မင်းများတို့ ငါတို့ဆရာ မြတ်စွာဘုရားသည် ဘုရားမဖြစ်မီ ပါရမီ ဖြည့်တော်မူသောအခါ ခန္တီဝါဒီရှင်ရသေ့ဖြစ်တော်မူသောအခါ၊ ဓမ္မပါလမင်း ဖြစ်သောအခါ၊ မဟာသီလဝမင်းဖြစ်သောအခါ၊ မဟာကပိ မျောက်မင်းဖြစ်သော အခါကလည်းကောင်း၊ ထိုမှတစ်ပါး များစွာသော ဇာတ်ဘဝတို့၌လည်းကောင်း သူတထူးအား အမျက်မထွက်မူ၍ သည်းခံ ခြင်းကိုသာ ပြုလေ့ရှိပါသည်။ ခန္တီပါရမီကိုသာ အမြတ်ပြု၍ ချီးမွမ်း ပါသည်။ ယခုမူကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း၊ ကိုယ်တော်၏ အသက်ကို ဖျက်ဆီးအံ့သော ဒေဝဒတ်ကိုလျက် စုံမက်သနားတော် မူသေးသည်။

"ဤသို့ကျင့်တတ် မြတ်လှစွာသောဘုရားသခင်၏ဓာတ်တော်ကို ပူဇော်လိုခြင်းတည်းဟူသောအကြောင်းကြောင့် မကောင်းမှုတွေ မဖြစ် ပွားအောင် ခိုက်ရန်များခြင်း၊ စစ်ထိုးခြင်းဖြင့် မသင့်ချေတကား။ ဘုရားရှင်ထံ ကျိုးနွံဆည်းကပ်သော ဥပါသကာချည်းတကား၊ အညီ အညွတ်သာ ဖြစ်ပါကုန်လော၊ အချင်းချင်း ချစ်ခင်လျက် အရှင်မြတ် ဓာတ်တော်ကို ကြည်ညိုကိုးကွယ်ကြကုန်လော၊ တညီတမျှ ကိုးကွယ်

ရအောင် အဋ္ဌဘာဂပြု၍ (ရှစ်ပုံအညီအမျှပြု၍) ကျွန်ုပ် ဝေဖန်အံ့" ဟု ဆို၍ ဖြေဖြန်၏။

ထိုစကားကိုကြားရမှ (မင်းအများတို့လည်း) ဒေါဏပုဏ္ဏားရှိရာသို့ လာရောက်၍ ဆရာပင် ဝေဖန်ပါလောဟု အပ်နှင်းကြ၏။ ဒေါဏပုဏ္ဏားလည်း ထိုမင်းတို့၏စကားကိုကြားရလျှင် ဓာတ်တော်ကို ဝေခြင်းငှာ ရတနာသုံးပါး တို့ဖြင့် စီအပ်သော ရွှေအိုးကိုလှစ်သော် နှစ်ဆိတ်ပမာဏရှိလျက် ရွှေတိပြီးသော ဓာတ်တော်တို့ကိုမြင်သဖြင့် "ရှေးအခါက ရွှေသားအဆင်းနှင့်တူသော ကိုယ်တော် ကိုသာ ဖူးမြင်ရမြဲဖြစ်ပါလျက် ယခုမှာကား ဓာတ်တော်များကိုသာ ဖူးမြင် ရတော့ပါသည်တကား"ဟု များစွာ တ,ဆို၍ ငိုကြွေး၏။ မင်းရှစ်ဦးတို့လည်း ထိုနည်းပင် ငိုကြွေးကြ၏။

ဒေါဏပုဏ္ဏားလည်း မင်းများ မေ့လျော့နေစဉ်အခါဝယ် လက်ယာစွယ် တော်ကို ယူ၍ မိမိဦးရစ်ကြား၌ ဝှက်ထား၏။ ထို့နောက်မှ ရှစ်စုအမျှစီပြု၍ ဝေဖန်၏။ တစ်စုတစ်စုလျှင် ပြကတေ့သော ကွမ်းစားဖြင့် တစ်ဆယ့်ခြောက် ကွမ်းစားစီရ၏။ ငါတို့မြန်မာဝေါဟာရအားဖြင့် တစ်စိတ်ရှိသည်။ ပုဏ္ဏား ဓာတ်တော်ကို ဝေဖန် (ဝေမျှ) စဉ်လျှင် နတ်ဘုရင်ဖြစ်သော သိကြားမင်းသည် လက်ယာစွယ်တော်ကို အဘယ်သူ ယူသနည်းဟု ကြည့်လေလျှင် ဒေါဏပုဏ္ဏား ဦးရစ်ကြား၌ဝှက်သည်ကို မြင်၍ ဤပုဏ္ဏားသည် အရိုအသေကိုးကွယ်နိုင်ပါမည် လောဟု ရှုပြန်လျှင် မကိုးကွယ်နိုင်အံ့သည်ကို မြင်၍ နတ်တို့၏အာနုဘော်ဖြင့် စွယ်တော်ကိုယူ၍ စူဠာမဏိစေတီ၌ ဌာပနာလေ၏။

ဒေါဏပုဏ္ဏားလည်း ဓာတ်တော်ကို ဝေဖန် (ဝေမျှပေးပြီးသော ကာလ) ပြီးသောကာလ၊ မိမိဝှက်ထားသော စွယ်တော်ကိုကြည့်လျှင် မမြင်မတွေ့ဘိ ရကား မိမိက ဝှက်ထားသောကြောင့် သူတစ်ပါးကိုလည်း မမေးသာ၊ ငါ၏ အဖို့ကို ပေးဦးဆိုရမည်လည်း မိမိပင်လျှင် ဝေမျှရသောသူ ဖြစ်သောကြောင့် မသင့်ရကား "အို... မင်းများတို့၊ ငါ့အား ဓာတ်တော်ထည့်သော ရွှေအိုးကို ပေးပါကုန်လော" ဟု တောင်း၏။

မင်းတို့ကလည်း ဓာတ်တော်ချင့်သော စရွတ်ခွက်ကိုသာ ပေးကုန်၏။ ပုဏ္ဏားလည်း ထိုစရွတ်ခွက်ကိုပင် ဓာတ်တော်ကဲ့သို့ ထင်မှတ်လျက် မိမိမြို့တွင်

စေတီတည်၍ ကိုးကွယ်လေ၏။ ထိုနောက်မှ ဝိပ္ပလိဝနေ၌ နေသော ဟောရိယ မင်းတို့သည် ယခင် ခုနစ်ပြည်ထောင်မင်းတို့ကဲ့သို့ မလ္လာမင်းတို့ထံ တမန်စေ၍ ဓာတ်တော်ကို တောင်း၏။ မလ္လာမင်းတို့ကလည်း "ဓာတ်တော်ကို တောင်း၍ ကုန်ချေပြီ၊ အလောင်းတော်ကို သင်္ဂြိုဟ်သော စန္ဒကူးမီးသွေးသာ ကြွင်းပါ တော့သည်။ ဤမီးကိုသာ ကိုးကွယ်ပါလေလော့..." ဟု ပေးလိုက်၏။ ထို မောရိယမင်းတို့ စန္ဒကူးကိုသာ (မီးသွေးကိုပင်) စေတီတည်၍ ကိုးကွယ်ကြ ကုန်၏။

## ပထမသင်္ဂါယနာ

သုံးလောကသင်းကျစ် ဓမ္မရာဇ်မှန်ကူ ဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်သည် ဘိုးတော်အဥ္စနမင်းကြီး ဖြိုကြွင်းသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဖွားမြင်တော်မူ၍ ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ ဗုဒ္ဓဟူးနေ့ ဘုရားအဖြစ်သို့ ရောက်ပြီးသော် သက်တော်ရှစ်ဆယ်စေ့သဖြင့် ၁၄၈ ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ရက် နံနက်မိုးသောက်ယံတွင် နိဗ္ဗာန် လားတော်မူ၍ အလောင်းတော်ကို လပြည့်ကျော် တစ်ဆယ့်နှစ်ရက် တနင်္ဂနွေနေ့ တေဇောဓာတ်လောင်သဖြင့် ထို့နောက် တသတ္တာဟ ကုန်သော နယုန်လဆန်း ငါးရက်နေ့ဝယ် ရှစ်ပြည်ထောင်မင်းတို့ ဓာတ်တော်ကို ဝေဖန်၍ ပြီးမြောက်သည်။

ထိုနေ့ပင် အရှင်မဟာကဿပလည်း သုဘဒ်ရဟန်းကြီးဆိုသော စကား ကို နှလုံးထားတော်မူလျက် ဘုရားပရိနိဗ္ဗာန်စံယူခြင်း ကိစ္စကြောင့် စည်းဝေးလာ သမျှသော သင်္ဃာတော်ခုနစ်သိန်းတို့အား ဓာတ်တော်ထားရာ ဇရပ်၌ တညီ တညွတ်တည်း စည်းဝေးစေ၍ ဤသို့ဆိုတော်မူသည်။

"ငါရှင်တို့- ငါတို့ဆရာမြတ်စွာဘုရားသည် ကြီးမားလှစွာသော မဟာကရုဏာစိတ်ဖြင့် သတ္တဝါတို့ အပါယ်ရွာတံခါးပိတ်အောင် သိက္ခာ ပုဒ်များကို မိန့်ကြားပညတ်တော်မူပါသည်ကို မလိမ္မာသော လူ ရဟန်း တို့သည် သော့သွမ်းသောစကားတို့ဖြင့် ပယ်ရှားတွန်းလှန်ကြကုန်သည်။ ဘုရားလွန်ပြီဟု ထင်မှတ်ကြကုန်သည်။

"ငါ့ရှင်တို့-ငါသည် ပါဝါပြည်မှ ဤကုသိနာရုံပြည်သို့ သင်္ဃာ ငါးရာနှင့်တကွ လာခဲ့ကြရာတွင် ခရီးအကြား၌ တစ်ဦးသော အာဇီဝက

သည် မန္တာရဝမည်သော ပန်းကို ဆောင်လာသည်ကို မြင်သဖြင့် 'ငါ့ရှင်၊ သင်သည် ငါတို့ဆရာ မြတ်စွာဘုရားကို သိပါသလော' ဟု မေးသော် 'ကျွန်ုပ်သိပါ၏၊ သင်တို့ဆရာဂေါတမသည် ပရိနိဗ္ဗာန်လွန်၍ ယနေ့ ခုနစ်ရက်ရှိပြီ။ ဤပန်းကား ရှင်ဂေါတမ ပရိနိဗ္ဗာန်ယူရာဌာနမှ ရခဲ့သော ပန်းပင်တည်း' ဟု ဆို၏။

"ထိုအာဇီဝက၏စကားကို ကြားရလျှင် ရဟန်းများတို့ ပြင်းစွာ ငိုယိုကြကုန်သည်။ ထိုအခါ အာတုမပြည်သားဖြစ်သော 'သုဘဒ်'ရဟန်းကြီးသည် 'ငါ့ရှင်တို့–အဘယ့်ကြောင့် ငိုကြွေးကြကုန်သနည်း၊ ရဟန်းဂေါတမလက်မှ ယခု ငါတို့ လွတ်ထွက်ပြီတကား၊ ဤဂေါတမရဟန်းကြီးသည် ငါတို့အား နှိပ်စက်သည်များလှပြီ၊ ဤအခါမှစ၍ ငါတို့ အလိုရှိတိုင်း နေရတော့မည်' ဟု ဆိုသည်။

"ငါ့ရှင်တို့–'ဤသုဘဒ်ရဟန်း' ကဲ့သို့သော သူယုတ်သူဖျင်းတို့သည် မင်း၏စည်းစိမ်ကို ပေးပေသော ကျေးဇူးရှင်ကိုလျက် ရန်သူထင်မှားသော ယောကျ်ားကဲ့သို့ ချုပ်ချယ်ထိပါးလျက် ပြောဆိုကုန်သည်။ ဤသူဖျင်းတို့သည် အပင်းအသင်းကို ရကုန်သည်ရှိသော် သူတော်ကောင်းတရားတည်းဟူသော ဘုရား၏သြဝါဒသည် မကြာမီ ကွယ်လေရာသည်။

"စင်စစ်သော်ကား အကြင်မျှလောက်သော ကာလပတ်လုံး သုတ်အဘိဓမ္မာ၊ ဝိနည်းတရားသည် တည်၏။ ထိုမျှလောက်သော ကာလပတ်လုံး ဘုရား မလွန်သေးသည်သာတည်း။ ယင်းသို့ဖြစ်ရကား–

သူတော်တို့၏တရားသည် မပြန့်ပွား မတောက်ပမီ၊
သူတော်ကောင်းတို့၏တရားသည် မရွေ့ရှားမပျောက်မပျက်မီ၊
အလဇ္ဇီသူယုတ်တို့ ပြုလုပ်ပညတ်အပ်သော အဝိနယဓမ္မသည် မထွန်း၊ မပြန့်ပွားမီ၊
ဝိနည်းတရားသည် မပျက်မပြားမယိုယွင်းမီ၊
အဓမ္မဝါဒီ၊ အလဇ္ဇီပုဂ္ဂိုလ်များသည် အားမကြီးမီ၊
ဓမ္မဝါဒီ၊ လဇ္ဇီသူတော်ကောင်းများသည် အားမနည်းမီ၊
ဤ–သုတ်ဝိနည်း အဘိဓမ္မာကို သင်္ဂါယနာ တင်ကြကုန်အံ့" ဟု ဆိုလေ၏။

ထိုစကားကိုကြားသော် သဃ်ာတော်အပေါင်းတို့ကလည်း “အရှင်မဟာပဿပ၊ ဤအကြောင်းကား အလွန်ကောင်းလှ၏။ သင်္ဂါယနာတင်ခြင်း၌ အရှင်သာ အားထုတ်တော်မူပါလော၊ လျောက်ပတ်သော သံဃာကို ဖွေရှာရွေးကောက်တော်မူပါလော” ဟူ၍ လျှောက်ကြ၏။ ထိုအခါ ရှင်မဟာကဿပလည်း အလုံးစုံအင်္ဂါကိုးပါးရှိသော၊ ပရိယတ္တိသာသနာကို ဆောင်ကုန်သော၊ အရာအထောင်အသောင်းအသိန်းမကကုန်သော ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဈာန်မရသော ရဟန္တာပုဂ္ဂိုလ်တို့ကိုချန်ထား၍ များသောအားဖြင့် ဘုရားဓာတေဒဂ် မိန့်မြွက်ချီးကျူးတော်မူအပ်သော သုံးပုံပိဋကတ်တည်းဟူသော ပရိယတ္တိဓမ္မကို နေ့ည သရဇ္ဈာယ်ကာ ပဋိသမ္ဘိဒါပတ္တ၊ တေဝိဇ္ဇ၊ ဆဠဘိညဖြစ်ကုန်သော ရဟန္တာသခင် အရှင်ငါးရာတို့တွင် တစ်ပါးလျော့၍ ရွေးကောက်တော်မူ၏။

(အဘယ်ကြောင့်တစ်ပါးလျော့သနည်းဟူမူကား ရှင်အာနန္ဒာကို သွင်းခြင်းငှာ လျော့၍ထားသတည်း။ အဘယ်ကြောင့် ရှင်အာနန္ဒာကို သွင်းလိုသနည်းဟူမူကား ရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌သာ သုတ္တ၊ ဂေယျ စသော ပိဋကတ်သုံးပုံကို အကုန်သင်ရ၏။ မျက်ကွယ်၌ သင်ရသောမည်သည်မရှိ။ ထို့ကြောင့် ရှင်အာနန္ဒာနှင့်ကင်း၍ သင်္ဂါယနာတင်ခြင်းငှာလည်း မထိုက်၊ အစဉ်တစိုက်သွင်းရမည်လည်း ထိုအရှင်အာနန္ဒာသည် သောတာပန်သာ ဖြစ်သေး၏။ ရဟန္တာမဟုတ်သေး။ ထိုသို့လျက် မိမိအလိုဖြင့် ရေတွက်ကောက်ယူငြားအံ့၊ သူတစ်ပါးတို့ ကဲ့ရဲ့ခြင်း ဖြစ်ဘိလေရာသည်။

ဤအကြောင်းသာလည်း မဟုတ်၊ အရှင်အာနန္ဒာနှင့် အရှင်မဟာကဿပသည် အလွန်ချစ်ကျွမ်းဝင်ကြ၏။ ဆုံးမပြောဆိုဖွယ်သော အရေးအကြောင်းရှိလျှင် အာရှင်အာနန္ဒာ သက်တော်ခြောက်ဆယ်ကျော်၍ ဦးခေါင်းပေါ်၌ ဆံဖြူရောက်သည့်တိုင်အောင်ပင် ‘ဤသူငယ်သည် အတိုင်းအရှည်ကို မသိသေး’ ဆို၍ သူငယ်ဟူသော ဝေါဟာရဖြင့်သာလျှင် ဆုံးမလေ့ပြု၏။

ဤသို့ချစ်ကျွမ်းဝင်သူဖြစ်ရကား ရှင်မဟာကဿပသည် ဆန္ဒာဂတိသို့လိုက်သောအားဖြင့် ရဟန္တာအများရှိပါလျက် သောတာပန်သာဖြစ်သေးသောရှင်အာနန္ဒာကို ရွေးကောက်တော်မူလေသည်ဟု သူတထူးကဲ့ရဲ့မည်ကို ကြဉ်လို

သောကြောင့်လည်း ခြင်းတော်မူသည်။ ထိုသို့ခြင်းသော်လည်း သဃာတော်တို့၏ အလိုနှင့် သွင်းရအံ့သည်ကို မြင်တော်မူလျက်ပင်တည်း။)

ထိုအခါ သဃာတော်တို့က ဤသို့ တောင်းပန်ကြ၏။

"အရှင်ဘုရား. . .အာနန္ဒာမထေရ်ကား အကယ်၍ သေက္ခသာဖြစ်ငြား သော်လည်း တရားဇော်မြတ်–ပိဋကတ်အရာဝယ် ဘဏ္ဍာစိုးကြီးဖြစ်ပေသည်။ ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာကို ဘုရားရှေ့မှောက်၌သင်၍ နှုတ်တွင် ဆောင်ထားသူဖြစ်ပေသည်။ အရှင်အာနန္ဒာနှင့်ကင်း၍ သင်္ဂါယနာတင်ခြင်းငှာ မလျော်ကပ်ပေ။ ထို့ကြောင့် အရှင်အာနန္ဒာနှင့်တကွ သဃာငါးရာပြည့် ရွေးကောက်တော်မူပြီးလျှင် "ငါတို့သည် အဘယ်မြို့ရွာ၌ ဝါကပ်၍ သင်္ဂါယနာ တင်ရသော် သင့်လျော်ပါအံ့နည်း" ဟု တိုင်ပင်ကြ၏။ ထိုအခါ သဃာတော် တို့သည် ဤသို့အကြံဖြစ်၏။

"ရာဇဂြိုဟ်ပြည်သည် ကျယ်သောဆွမ်းခံရွာလည်း ရှိ၏။ မှီခိုရာကျောင်း လည်း များ၏။ ပြည်သူပြည်သားတို့လည်း ရတနာသုံးပါးအရေး၌ ယဉ်ကျေး လိမ္မာ၍ သဒ္ဓါနှင့်ပြည့်စုံကြ၏။ ငါတို့မှတစ်ပါး အခြားသဃာတို့ ဤရာဇဂြိုဟ် ပြည်၌ ဝါမကပ်လာမူ သင်္ဂါယနာတင်ခြင်းငှာ သင့်မြတ်လှ၏" ဟု အကြံဖြစ်၏။

## သာသနာ့ဒါယကာ အဇာတသတ်

အရှင်မဟာကဿပမထေရ်၊ အရှင်အနုရုဒ္ဓါထေရ်တို့သည်လည်း မိမိတို့ ပရိသတ်နှင့်တကွ ရာဇဂြိုဟ်ပြည်သို့အရောက်ညီကြသော် ပြည်၏ထက်ဝန်းကျင်၌ တည်သော တစ်ဆယ့်ရှစ်ရပ်သော ကျောင်းကြီးတို့၌ ပျက်စီးယိုယွင်းလေသည် တို့ကိုလည်းကောင်း၊ အမှိုက်သရိုက်တို့ကိုလည်းကောင်း သုတ်သင်ပြုပြင်ကြ၏။ (အဘယ်ကြောင့် ထိုကျောင်းကြီးတို့သည် ပျက်စီးယိုယွင်းခြင်းရှိလေသနည်း ဟူမူကား ရဟန်းတို့သည် ဘုရားပရိနိဗ္ဗာန်ယူသည်ဟုကြားသော် ကျောင်းတို့ကို ပစ်၍ မိမိတို့၏ သက်န်း သပိတ် ပရိက္ခရာနှင့်သာ ကုသိနာရုံပြည်သို့လာကြ သောကြောင့် စိုးစဉ်း (အနည်းငယ်) ကျိုးပျက်လေသတည်း။)

ကျောင်းတို့ကို သုတ်သင်ပြီးသော် ဝါဆိုလပြည့်နေ့၌ ဥပုသ်ပြုကြ၍ လပြည့်ကျော်တစ်ရက်နေ့၌ စည်းဝေး၍ ဝါကပ်ပြီးမှ ဤသို့တိုင်ပင်ကြ၏။

"ငါတို့၏ ပုဗ္ဗကိစ္စကား ပြီးပြီ၊ ယခုအခါ သင်္ဂါယနာတင်ကြခြင်းငှာ စည်းဝေးရာမဏ္ဍပ်သာ လိုတော့သည်။ ဤအရာကို အဇာတသတ်မင်းအား ကြားကြကုန်အံ့" ဟု တိုင်ပင်လျက် နောက်တစ်နေ့နံနက်သောအခါ သင်္ဃာတော်ရှစ်ဦးတို့ မင်းအိမ်သို့ ကြွတော်မူကြကုန်၍ မင်းကြီးအား ဤသို့ ဆိုကြလေကုန်၏။

"ပြည့်ရှင်မင်းမြတ်၊ ငါတို့ပြုအပ်သော ဝိဟာရပဋိသင်္ခါရဏ စသောကိစ္စသည် ပြီးပြီ။ ယခုအခါ တရားဓမ္မက္ခန္ဓာတို့ကို သင်္ဂါယနာတင်ရန် လိုတော့သည်" ဟု ဆိုလေ၏။ ထိုမင်းကလည်း "အရှင်ဘုရားတို့...မရွံ့မဆိတ် စိတ်တော်ရှိတိုင်း လွတ်လွတ်သာပြုတော်မူပါ၊ အကျွန်ုပ်၏ အာဏာစက်လည်း ဖြစ်ပါစိမ့်မည်၊ အရှင်ဘုရားတို့ ဓမ္မစက်လည်း ဖြစ်ပါစေကုန်၊ အရှင်တို့၌ မပြည့်စုံသော အကျွန်ုပ်တို့ ပြုဖွယ်ကိစ္စကား အဘယ်နည်း" ဟု လျှောက်၏။

"မင်းကြီး...ငါတို့ သံဃာငါးရာစည်းဝေးခြင်းငှာ လျောက်ပတ်သော မဏ္ဍပ်ကို အလိုရှိချေ၏။ ထိုမဏ္ဍပ်ကိုကား စရည်းပင်ရောက်သော လိုဏ်ဝ၌ ပြုစေချင်သည်" ဟု ဆိုလျှင် "အရှင်ဘုရား... ကောင်းပါပြီ၊ အကျွန်ုပ် ဆောက်လုပ်ပါတော့မည်" ဟု ဝန်ခံ၍ သစ် ဝါးတို့ကို မြန်စွာဆောင်စေပြီးသော် ညီညွတ်ပြီးသော မြေအပြင်တစ်ခု၌ ဝိသကြုံနတ်သားသည် ဖန်ဆင်းအပ်သည်နှင့် တူသော အကြီးအငယ် ကျဉ်းကျယ် နိမ့်မြင့်၊ အသင့်ဝေဖန်အပ်သော နံရံ သိတိုင်စောင်းတန်း ရှိထသော၊ ခြူးပန်းခြူးနွယ်တို့ဖြင့် ဆန်းကြယ်စွာ ရေးခြယ် စီခင်းလျက် မင်းအိမ် နန်းတော်၏ ကျက်သရေကို နှိပ်စက်လေသကဲ့သို့ မြင်းမိုရ်ထိပ်ဖျား သိကြား ဗိမာန်နှင့် တူထသော၊ ရှုဖွယ်ဘနန်း အံ့မခန်းသော မဏ္ဍပ်ကို ဆောက်လုပ်ပြီးလျှင် သင်္ဃာတော်တို့၏နေရာ၌ များစွာအဖိုးထိုက်တန်သော အခင်းတို့ကို ခင်းကျင်း စီရင်လတ်၍ မဏ္ဍပ်၏ အလယ်ချာ၌ ဘုရားတို့သာ နေခြင်းငှာထိုက်သော 'ဓမ္မသန'ကို ဆင်စွယ်ယပ်နှင့်တကွ ထား၍ တောင်ဘက် နံပါးကိုမှီကာ ဥတ္တရာ မုခဖြင့် သင်္ဃာထေရ်ကြီး၏နေရာကို ထား၍ ခမ်းနားတင့်တယ်စွာ စီမံပြီးသော် သင်္ဃာတော်တို့အား "အရှင်ဘုရားတို့... အကျွန်ုပ် ကိစ္စပြီးပါပြီ"ဟု လျှောက်၏။

## အရှင်အာနန္ဒာ

ထိုအခါ ဝါခေါင်လဆန်း တစ်ဆယ့်လေးရက်သို့ကျ၍ သင်္ဃာတော်တို့ကလည်း လပြည့်နေ့ပင်စ၍ သင်္ဂါယနာတင်ကုန်အံ့ဟု တိုင်ပင်ကြ၏။ ထိုအခါ အချို့သောသင်္ဃာတို့သည် ရှင်အာနန္ဒာကို ရည်၍ "ငါတို့ အစည်းအဝေးဝယ် ကိလေသာတည်းဟူသော ဆိပ်နံ့တကြိုင်ကြိုင်လှိုင်လျက် ထွက်လာဝင်လာလတ္တံ့သောသူတစ်ဦး ရှိသည်တကား" ဟု ပြက်ရယ်စကားဆိုကြ၏။

ထိုအခါ အရှင်အာနန္ဒာကလည်း ငါမှတစ်ပါး ကိလေသာတည်းဟူသော ဆိပ်နံ့လှိုင်လျက်၊ ထိုင်လတ္တံ့သောသူမည်သည် မရှိပြီ၊ ဤရဟန်းတို့သည် ငါ့ကိုရည်၍ပင် ဆိုချေသည်တကားဟု ကြီးမားသောသံဝေဂဖြစ်၏။ အချို့သော ရဟန်းတို့ကလည်း-

"ရှင်အာနန္ဒာ၊ နက်ဖြန်ပင် သင်္ဃာအစည်းအဝေးသည် ဖြစ်လတ္တံ့၊ အရှင်ကား သေက္ခသာဖြစ်၍ အထက်မဂ်အလို့ငှာ ပြုဖွယ်ကိစ္စရှိချေသေး၏။ မမေ့လျော့အားထုတ်တော်မူပါ၊ ရဟန္တာပရိသတ်သို့ ဝင်ရပါလတ္တံ့" ဟု ဆိုကုန်၏။

ထိုစကားကိုကြားလျှင် အရှင်အာနန္ဒာသည် "ငါသည် သေက္ခသာဖြစ်လျက်၊ ရဟန္တာပရိသတ်သို့ဝင်ခြင်းငှာ မသင့်၊ အားထုတ်၍ကျင့်က အရဟတ္တဖိုလ်စိတ်သည် မျက်မိတ်တစ်ခတ်၊ လျှပ်တစ်ပြက်ခန့်သာတည်း။ ငါ၏ကိစ္စသည် ယနေ့ညပြည့်စုံစေအံ့"ဟု ကြံလျက် ညဦးယံကပင် စင်္ကြံသို့ တက်၍ လူးလာလူးလာသွားလာလျက် ကာယဂတာသတိဟု ဆိုအပ်သော ဒွတ္တိံသာကာရကို အနုလောမအားဖြင့် စီးဖြန်း၍ သန်းခေါင်ယံကုန်ခန်း၏။ မိုးသက်ယံသို့လှမ်း၍မျှ တရားအထူးကို ရခြင်းငှာ မတတ်နိုင်လေသော် ဆင်ခြင်တော်မူပြန်သည်ကား-

> "မြတ်စွာဘုရားသည် ချစ်သားအာနန္ဒာ သင်ကား ပြည့်ပြီးသော ပါရမီရှိ၏။ ကမ္မဋ္ဌာန်းကိုသာ ကောင်းစွာအားထုတ်လော့၊ မမြင်မီကပင် ရဟန္တာ ဖြစ်လတ္တံ့ဟု မိန့်တော်မူဖူးပါသည်။ မြတ်စွာဘုရားတို့စကားလည်း ဖောက်ပြားချွတ်ယွင်းသောမည်သည် မရှိစဖူး၊ လွန်ကျူးသော ဝီရိယကြောင့်ပင် သတိသမာဓိကိုမျှ မရဘဲ ငါ့အား ဥဒ္ဓစ္စဖြစ်လေသလော၊ ယခုအခါ ဝီရိယနှင့် သမာဓိကို မျှစေဦးအံ့ " ဟု ကြံလျက်

စကြံမှ သက်ဆင်းပြီးသော် ကျောင်းတွင်းသို့ ဝင်၍ အပန်းဖြေတော်မူခြင်းငှာ အိပ်ရာညောင်စောင်းထက် ထိုင်၍ ငါးခိုင်သောခန္ဓာတို့၏ အနိစ္စလက္ခဏာကို ဆင်ခြင်လျက် ကိုယ်တော်ကို လျောင်းလိုက်သော် ခြေတော်ကို မြေမှအကြွ၊ ဦးခေါင်းတော် အုံးသို့ မကျမီ အထက်မဂ်သုံးဓာန်ကို ရ၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။ (ထို့ကြောင့် ငါတို့ မြတ်စွာဘုရား သာသနာတော်၌ လျောင်းစဉ်လည်း မဟုတ်၊ ထိုင်စဉ်လည်း မဟုတ်၊ ရပ်စဉ်လည်း မဟုတ်၊ သွားစဉ်လည်း မဟုတ်၊ ဣရိယာပုထ်လေးပါးမှ လွတ်ကွာလျက် ရဟန္တာဖြစ်သည်ကား အသူနည်းဟု မေးလျှင် အရှင်အာနန္ဒာပေတည်းဟု ဖြေအပ်၏။)

## ရဟန္တာ အရှင်အာနန္ဒာ

ယင်းသို့ အရှင်အာနန္ဒာရဟန္တာဖြစ်သည့်နောက် မိုးသောက်သောနေ့၌ လေးရာကိုးကျိပ်ကိုးပါးသောရဟန္တာတို့ ဆွမ်းစား၍ပြီးကြသော် သပိတ် သင်္ကန်းကို သိုမိုး၍ မဏ္ဍပ်သို့ကပ်ပြီးလျှင် ဇေရ်စဉ်နေရာဖြင့် ကောင်းစွာစည်းဝေးကြ၏။ အရှင်အာနန္ဒာ၏ အလို့ငှာလည်း နေရာကို ထားကြ၏။ အချို့သော ရဟန်းတို့ကလည်း ဤနေရာကား အဘယ်ပုဂ္ဂိုလ်၏ နေရာနည်းဟု မေးကြလျှင် အရှင်အာနန္ဒာ၏ နေရာပေတည်းဟု ပြောလင့်၏။ အရှင်အာနန္ဒာလည်း မိမိ၏ ရဟန္တာဖြစ်ကြောင်းကို သိစိမ့်သောငှာ သင်္ဃာတို့နှင့်အတူ မလိုက်မူ၍ သင်္ဃာတို့တောင့်တသောအခါမှ မဟာပထဝီကို ဝင်လျှိုးသဖြင့် ထားလင့်သော နေရာထက်၌ ရုတ်ချည်း ကိုယ်တော်ကိုပြပေ၏။ ထိုသို့ပြသောအခါမှ ရဟန္တာဖြစ်ကြောင်းကို သင်္ဃာအပေါင်းတို့ သိကြသတည်း။ တရံသောအခါလည်း အာကာသခရီးဖြင့် သွား၍နေရာ၌ ထင်ရှားပြသတည်း။

## အရှင်ဥပါလိ

သင်္ဃာတို့စည်းဝေးမိသောအခါ အရှင်မဟာကဿပလည်း "ငါ့ရှင်တို့... သုံးပုံသော ပိဋကတ်တို့တွင် ဝိနည်းကိုတည်း ရှေးဦးစွာ သင်္ဂါယနာတင်ကြအံ့လော၊ သုတ် အဘိဓမ္မာကိုတည်း ရှေးဦးစွာ သင်္ဂါယနာတင်ကြအံ့လောဟု မေး၏။ သင်္ဃာတော်တို့ကလည်း "အရှင်ဘုရား...ဝိနည်းတရားမည်သည်ကား သာသနာတော်၏အသက်တည်း၊ ဝိနည်းတည်သော်သာလျှင် သာသနာတော်

တည်ရာ၏။ ထို့ကြောင့် ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာတင်သင့်ပါသည်”ဟု လျှောက်ကြ၏။

ဝိနည်းကို တင်ကြအံ့ဆိုသော် အဘယ်ပုဂ္ဂိုလ်ကို အမှူးထား၍ တင်သင့်သနည်းဟု မေးပြန်၏။ အရှင်ဥပါလိကို အမှူးထား၍ တင်ကြကုန်အံ့ဟု လျှောက်၏။ အသို့နည်း၊ အရှင်အာနန္ဒာ မစွမ်းနိုင်သလောဟု မေးပြန်လျှင် “အရှင်အာနန္ဒာလည်း စွမ်းနိုင်ပါ၏။ သို့ရာတွင် အရှင်ဥပါလိကိုမူကား မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် အရှင်ဥပါလိကို ဝိနယရေအရာ၌ ဧတဒဂ်ထားတော်မူချေသည်။ ထို့ကြောင့် အရှင်ဥပါလိကိုပင် အမှူးထားသင့်ပါသည်ဟု လျှောက်၏။ ယင်းသို့ မေးမြန်းညှိနှိုင်းပြီးသောအခါမှ အရှင်မဟာကဿပနှင့် အရှင်ဥပါလိတို့သည် သမုတိဥ တ်ကို ထားကြ၏။

ထို့နောက်မှ အရှင်ဥပါလိသည် ဆင်စွယ်ဖြင့်စီသော ယပ်ကိုကိုင်လျက် တရားပလ္လင်ထက်၌ အရှေ့ဘက်သို့ မျက်နှာမူ၍နေ၏။ အရှင်မဟာကဿပလည်း တောင်ဘက်နံရံကို မှီလျက် မြောက်သို့ မျက်နှာမူကာ ထေရာသန၌ နေပြီးသော် ဤသို့မေးတော်မူ၏။

## ပါရာဇိက သိက္ခာပုဒ်

“အရှင်ဥပါလိ၊ ပထမပါရာဇိကသိက္ခာပုဒ်ကို ဘုရားမြတ်စွာသည် အဘယ်ပြည်ရွာ၌ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ပညတ်တော်မူပါသနည်း” ဟု မေး၏။ အရှင်ဥပါလိကလည်း “အရှင်ဘုရား . . . ဝေသာလီပြည်၌ ကလန္ဒသူဌေးသားဖြစ်သော ရှင်သုဒိန်သည် မိမိမယားဟောင်း၌ မေထုန်မှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်” ဟု လျှောက်၏။

ဤသို့သောနည်းအားဖြင့် အလုံးစုံသောသိက္ခာပုဒ်တို့၏ ဝတ္ထုကိုလည်းကောင်း၊ နိဒါန်းကိုလည်းကောင်း၊ ပုဂ္ဂိုလ်ကိုလည်းကောင်း၊ ပညတ်ရင်းကိုလည်းကောင်း၊ အနုပညတ်ကိုလည်းကောင်း၊ အာပတ္တိဝါရကိုလည်းကောင်း၊ ပဒဘာဇနီကိုလည်းကောင်း မေး၏။ မေးတိုင်းမေးတိုင်း အရှင်ဥပါလိလည်း ဖြေဆို၏။

ထိုသို့ဖြေကြားပြီးမှ ဤမျှသောသိက္ခာပုဒ်စုကား ပါရာဇိကကဏ္ဍတည်း၊ ဤမျှကား သံဃာဒိသိသ်တည်း၊ ဤမျှကား အနိယတတည်း၊ ဤသို့စသည်ဖြင့် ပါရာဇိက လေးပါး၊ သံဃာဒိသိသ်တစ်ဆယ့်သုံးပါး၊ အနိယနှစ်ပါး၊ နိဿဂ္ဂိ

ပါစိတ်သုံးဆယ်၊ သုဒ္ဓပါစိတ် ကိုးဆယ့်နှစ်ပါး၊ ပါဋိဒေသနီလေးပါး၊ သေခိယ ခုနစ်ဆယ့်ငါးပါး၊ အဓိကရဏသမထခုနစ်ပါးအားဖြင့် ပေါင်းနှစ်ရာနှစ်ဆယ့် ခုနစ်ပါးသော တရားစုကို ဘိက္ခုဝိဘင်းဟူသော အမည်ဖြင့်ထား၍ ရဟန်းမိန်းမ တို့အား ပညတ်တော်မူအပ်သော ပါရာဇိက ရှစ်ပါး၊ သံဃာဒိသသ် တစ်ဆယ့် ခုနစ်ပါး၊ နိသဂ္ဂိပါစိတ် သုံးဆယ်၊ သုဒ္ဓပါစိတ် တစ်ရာတစ်ဆယ့်ခြောက်ပါး၊ ပါဋိဒေသနီ ရှစ်ပါး၊ သေခိယ ခုနစ်ဆယ့်ငါးပါး၊ အဓိကရဏသမထ ခုနစ်ပါး အားဖြင့် သုံးရာ့နှစ်ဆယ့်တစ်ပါးသော သိက္ခာပုဒ်တို့ကို ဘိက္ခုနီဝိဘင်းဟူသော အမည်ဖြင့်ထား၍ ကြွင်းသောတရားအစုကို မဟာဝါခန္ဓက၊ စူဠဝါခန္ဓက၊ ပရိဝါ ဟူသောအမည်ဖြင့် သီးသန့်၍ထားပြီးမှ ရဟန္တာငါးရာလုံး ပေါင်းရုံး၍ သရဇ္ဈာယ် ကြကုန်၏။

## ဗြဟ္မဇာလသုတ်

ဝိနည်းကို သင်္ဂါယနာတင်ပြီးသော် အရှင်မဟာကဿပလည်း "ငါ့ရှင် တို့...သုတ်အဘိဓမ္မာကို သင်္ဂါယနာတင်ရာဝယ် အဘယ်ပုဂ္ဂိုလ်ကို အမှူးထား၍ တင်သင့်သနည်း" ဟု မေးပြန်၏။ အရှင်အာနန္ဒာကိုအမှူထား၍ တင်သင့် ပါသည်ဟု လျှောက်လျှင် ရှင်အာနန္ဒာကို ရှင်ဥပါလိ၏နေရာသို့ တက်စေ၍ ဤသို့မေးပြန်၏။

"ငါ့ရှင်အာနန္ဒာ...မြတ်စွာဘုရားသည် ဗြဟ္မဇာလသုတ်ကို အဘယ် ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောတော်မူပါသနည်း" ဟု မေး၏။

"အရှင်မဟာကဿပ၊ ဤဗြဟ္မဇာလသုတ်ကို ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒ မြို့၏အကြားသို့ ဘုရား ကြွတော်မူသောကာလ သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ် လုလင်တို့ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းဖြစ်သည်ကို အကြောင်းပြု၍ ဟောတော် မူပါသည်" ဟု လျှောက်၏။

ဤသို့စသည်ဖြင့် အလုံးစုံသော သုတ္တန် ပိဋကတ်၊ အဘိဓမ္မာပိဋကတ် တို့ကို အရှင်မဟာကဿပ မေးတော်မူသည်။ မေးတိုင်းမေးတိုင်းလည်း အရှင် အာနန္ဒာ ဖြေတော်မူသည်။ ဤသို့မေးဖြေကြပြီးမှ ရှည်သော ပမာဏရှိသော သုံးဆယ့်လေးသုတ်ကို ပေါင်း၍ ဒီဃနိကာယ်ဟု သမုတ်သည်။ အလတ်

ပမာဏရှိသော တစ်ရာငါးဆယ်နှစ်သုတ်ကိုပေါင်း၍ မဇ္ဈိမနိကာယ်ဟု သမုတ်သည်။ ငယ်သောပမာဏရှိသော ခုနစ်ထောင့်ခုနစ်ရာ့ခြောက်ဆယ့်ငါးသုတ်ကို ပေါင်း၍ သံယုတ္တနိကာယ်ဟု သမုတ်သည်။ အင်္ဂါတစ်ပါးလွန်သုတ်ကို ကိုးထောင့်ငါးရာငါး၊ဆယ့်ခုနစ်သုတ်ကို ပေါင်း၍ အင်္ဂုတ္တရနိကာယ်ဟု သမုတ်သည်။

ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန်း၊ ကတိဝုတ်၊ သုတ္တနိပါတ်၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ ဇာတ်၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ်၊ အပဒါန်၊ ဗုဒ္ဓဝင်၊ စရိယပိဋကတ်အားဖြင့် တစ်ဆယ့်ငါးကျမ်းသော သုတ်တို့ကိုလည်းကောင်း၊ အဘိဓမ္မာခုနစ်ကျမ်း၊ ဝိနည်းငါးကျမ်းတို့ကိုလည်းကောင်း၊ ထိုမှကြွင်းသော ဘုရား စကားတော်တို့ကိုလည်းကောင်း ပေါင်းနှတ်၍ ခုဒ္ဒကနိကာယ်ဟု သမုတ်သည်။

ဤသို့ အမည်အရည် သီးသန့်သတ်မှတ်ပြီးမှ ရဟန္တာငါးရာလုံး ပေါင်းရုံး၍ ရွတ်အံသရဇ္ဈာယ်ကြကုန်၏။ (ထို့ကြောင့်–သမောဓာနေတွာ ဂါယန္တိ–တ္တောတိသင်္ဂါယနာဟူသော ဝစနတ္ထနှင့်ညီစွာ သင်္ဂါယနာမည်၏။

"တွောသမယေ၊ ဤအခါ၌။ ဝါ–ဤအစည်းအဝေး၌။ သမော–ဓာနေတွာ၊ ပေါင်းရုံး၍။ ယန္တိ၊ ရွတ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ပေါင်းရုံး၍ ရွတ်ရာဖြစ်သော သတ္တိကြောင့်။ သင်္ဂါယနာ၊ သင်္ဂါယနာမည်၏။ သံရှေးရှိသော ဂါဓာတ်၊ ယုပစ္စည်း။)

ယင်းသို့ သင်္ဂါယနာတင်၍ ပြီးဆုံးသောအခါ၌ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးသည့်ပမာ မဟာသမုဒ္ဒရာအဆုံးရှိသည့်ရေကိုပြု၍ အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါမျှလှုပ်၏။ သုရာ၊ ဂဠုန်၊ ကုမ္ဘဏ်အများ၊ သိကြား၊ ဗြဟ္မာတို့၏ ကြော်ငြာဟစ်ကြွေး ကောင်းချီးပေးသောအသံတို့သည် ညံညံညုန်းညုန်း အုန်းအင်းခတ်မျှရှိကုန်၏။ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲ ထူးကဲသော တိတ်နိမိတ်တို့သည် ဖြစ်ကုန်၏။ (ပထမသင်္ဂါယနာကား ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့မှစ၍တင်သည်။ တပေါင်းလပြည့်တိုင်ရောက် ခုနစ်လမြောက်မှ ပြီးဆုံးသတည်း။)

ထိုပထမ သင်္ဂါယနာပွဲ (ပထမဦးစွာသော သင်္ဂါယနာတင်ခြင်း) ကို စာဆိုတော် ဦးယာက အန်ချင်းဖြင့် မှတ်တမ်းတင်ခဲ့သည်မှာကား ဤသို့ဖြစ်လေသည်။

မင်းချင်းလေ... ကုသိနာရုံ၊ ပန်းရဂုံဝယ်၊ ဘုံပြိုသလက်၊ ပြည့်ဝန်းရက်၌၊ ဘုံစက်မပြန်၊ သုံးနိဗ္ဗာန်တွင်၊ နှစ်ကန်ကူးမြောက်၊ ထွန်းတောက်ကိုယ်ဝါ၊ မင်းဘဒ္ဒါနှင့်၊ ဗြဟ္မာအသွင်၊ လူကရှင်သည်၊ ခုတင်တေရယ်၊ သူ့ထက်မြတ်သား၊ ထေရ်ကဿပ၊ သာဝကတို့၊ ခဲပဥ္စာ၊ ရဟန္တာနှင့်၊ ပြည်ရာဇဂြိုဟ်၊ နဂိုစိုးခြင်း၊ သံဝေပြင်းသည်၊ မင်းဇာတသတ်၊ သမုနတ်ကို၊ ထေရ်မြတ်တစ်ခု၊ အမှိပြု၍၊ ငါးခုသောတောင်၊ ပြည်ရန်အောင်ဝယ်၊ မြရောင်ဆိုင်းဆိုင်း၊ ညို့ညို့မှိုင်းသား၊ ခက်ကျိုင်းညွှန့်ရှင်၊ စရည်းပင်နှင့်၊ ခေါ်တွင်ပဗ္ဗတ၊ ဝေဘာရဟု၊ သာလှရိပ်ချမ်း၊ လိုဏ်သာဝှမ်းဝယ်၊ ကျမ်းပုဒ်ပဒ၊ ညှိနှိုင်းဆာမ၍၊ ပထမသင်္ဂါယနာ၊ တင်သောခါတွင်၊ ကြယ်မာလကြီး၊ လ,နှင့်နီးမှ၊ ပြီးစီးအောင်မြင်၊ ယင်းသဘင်၌၊ အရှင်အာနန်၊ အရဟန်စစ်၊ တိုင်မြောက်ဖြစ်သည်၊ (ရဟန္တာ-ဖြစ်သွားသည်) ရှစ်ဆယ်ကျော်သက်တွင်တည်လေ...သူကောင်းဖော်ရွှေ မင်းချင်းတို့။ ။

## မြတ်စွာဘုရား၏ ဓာတ်တော်များကို ရှင်မဟာကဿပနှင့် အဇာတသတ်မင်းတို့ ဌာပနာခြင်း

သင်္ဂါယနာပွဲပြီးသောခါ အဇာတသတ်မင်းလည်း အရှင်မဟာပဿပနှင့် ညှိနှိုင်းတိုင်ပင်ကြ၍ ဘုရားသာသနာတော်နှင့် ဂေါဇာတညီတည်း ရှိစိမ့်သောငှာ တစ်ရာ့လေးဆယ့်ရှစ်ခုသော သက္ကရာဇ်ကိုချေ၍ ကိန်းသစ်ထားလေ၏။ ထို့နောက်မှ အရှင်မဟာကဿပသည် အနာဂတံသဉာဏ်ဖြင့် ဆင်ခြင်တော်မူသော် အသီးအသီး စေတီတည်၍ ပူဇော်ကြလေသော ဓာတ်တော်တို့၏ အန္တရာယ်သည် နောင်သောအခါ ဖြစ်ရာလတ္တံ့သည်ကို မြင်၍ မင်းအိမ်သို့ ဝင်ပြီးသော် အဇာတသတ်မင်းအား ဤသို့ဆိုပေ၏။

"မင်းကြီး...ဓာတ်တော်ကို ဝေပြီးလျှင် အသီးအသီး ပင့်ဆောင်၍ မိမိတို့ပြည်ရွာ၌ အလွယ်တကူသာ စေတီတည်၍ ကိုးကွယ်ခြင်းသည် မသင့်ချေသေး။ ဘေးရန်မရှိနိုင်အောင် ဤပြည်သို့ဆောင်ယူ၍ တစုတပုံတည်းထားမှ ရှည်လျားစွာ တည်နိုင်ရာသည်" ဟု မိန့်တော်မူသည်။

ထိုအခါ အဇာတသတ်မင်းကလည်း-

"အရှင်ဘုရား . . . ဓာတ်တော်တို့ကို သိမ်းရမည့်အမှုမှာ အကျွန်ုပ်တာဝန်ဖြစ်ပါစေ၊ တိုင်းတစ်ပါးတို့သို့ သွားလေသော ဓာတ်တော်တို့ကို ဤပြည်သို့ ရောက်အောင်မှာ အကျွန်ုပ် မကြံနိုင်ပါ" ဟု လျှောက်၏။

အရှင်မဟာကဿပလည်း "ဤဓာတ်တော်တို့ကို ဆောင်ခြင်းကိစ္စသည် ငါ့ဝန်ပင်ဖြစ်စေ" ဟု ဝန်ခံ၏။ ယင်းသို့ ဝန်ခံပြီးသော တန်ခိုးတော်ဖြင့် ကြွလေ၍ ထိုထိုသော မင်းတို့၏ပြည်၌ တည်လေသော စေတီ၏အတွင်းဝယ် ကိုးကွယ်ပူဇော်ရရုံ အနည်းငယ်သော ဓာတ်တော်တို့ကို ခြွင်း၍ ကြွင်းသော ဓာတ်တော်တို့ကို ဆောင်ယူလေ၏။ ရာမရွာ၌ ရှိသော ဓာတ်တော်တစ်စုကို နဂါးတို့ စောင့်ရှောက်သောကြောင့် အန္တရာယ်မရှိဘဲ နှောင်သောအခါ လင်္ကာဒီပ၌ မဟာဝိဟာရတိုက်တွင် မဟာစေတီ၌ တည်ထားလတ္တံ့ဟု နှလုံးပြု၍ မယူဆောင်လေ။ ကြွင်းသောပြည်ထောင်မင်းတို့ထံမှသာ ဆောင်ယူ၍လာသဖြင့် ရာဇဂြိုဟ်ပြည်သို့ ရောက်လေသော် မြို့၏အရှေ့တောင် ကုန်းခေါင်မြင့်မောက်ရာ အရပ်၌ တည်တော်မူ၍-

"ဤဌာန၌ မညီညာလှသောကျောက်တို့သည် ကွယ်ပျောက်စေသော . . .

"မြေမှုန့်သက်သက်သာဖြစ်စေသော . . .

"တူး၍ နက်သော်လည်း ရေမထွက်သည်ဖြစ်စေသော . . ." ဟု မိန့်ဒွာန်တော်မူ၏။ အဇာတသတ်မင်းလည်း ထိုအရပ်ကို တူးစေ၍ တူးရွှင်းစာမြေကို အုတ်လုပ်စေပြီးလျှင် တွင်း၏ထက်ဝန်းကျင်၌ ရှစ်ကျိပ်သော မဟာသာဝက တို့၏ စေတီကို စီမံတည်ထား၏။

(အဘယ်ကြောင့်တည်ထားသနည်းဟုမူကား မင်းကြီးသည် ဤစေတီကို ပြုပြင်ခြင်းငှာသာမြေကို တူးသတည်းဟု ထင်စေ၍ ဓာတ်တော်ထားကြောင်းကို တစ်စုံတစ်ယောက်သောသူမျှ မသိစေခြင်းငှာ သာဝကရှစ်ကျိပ်တို့၏ စေတီကို တည်လုပ်လေသတည်း။)

ဓာတ်တော်တိုက်တူးသောတွင်းသည် အတောင်ခြောက်ဆယ်နက်လတ်သော် အောက်၌ သံပြားကိုခင်းစေ၍ ထိုသံပြားပေါ်၌ သိဟိုဠ်ကျွန်းထုပါရုံစေတီပမာဏရှိသော ကြေးနီဖြင့်ပြီးသော ကျောင်းကိုပြုစေ၍ ထိုအတွင်း၌ ရွှေကြုတ်

ငွေကြုတ်မွမ်းမံပြီးလျှင် ထပ်ခါထပ်ခါ ရတနာကိုးပါးဖြစ်သော ကျောက်တို့ကို ထွင်း၍ အထပ်ထပ်ထွင်း၍ အထပ်ထပ်သွင်းပြီးမှ အပေါ်ကမူကား ပတ္တမြား ပြောက်ကျောက်ကို စေတီပြု၍ထား၏။

ထိုစေတီ၏အပေါ်၌ ရွှေဖြင့်ပြီးသောကျောင်း၊ ငွေဖြင့်ပြီးသောကျောင်း၊ ဖန်ဖြင့်ပြီးသော ကျောင်းတို့ကိုလည်း ဆင့်ကာဆင့်ကာပြုလုပ်စေရကား ပြင်ဆုံး ဖြစ်သော ကြေးပြသာဒ်သို့ရောက်အောင် အထပ်ပေါင်း တစ်ရာ့ခြောက်ဆယ် ရှိလေသတည်း။ ထိုဓာတ်တော်ဌာပနာရာတိုက်၌ ရတနာဖြင့်ပြီးသော သဲတို့ကို ကြဲဖြန့်၍ ရေပန်းကြည်းပန်းအပေါင်းတို့ကိုလည်း ကောင်းစွာခင်းထားလျက် နံပါးနှစ်ဘက်တို့၌လည်း ငါးရာ့ငါးဆယ်သော ဇာတ်ရုပ်၊ သုဒ္ဓေါဒနမင်း၊ သိရိမဟာမာယာမိဖုရား၊ ဖွားဖက်တော်သားတို့၏ အရုပ်ကိုလည်းကောင်း ရွှေအတိသွန်းလုပ်၍ ထားပေ၏။

ထိုအကြား၌ ထက်ဝန်းကျင်မှရံလျက် ရွှေတံခွန်ငါးရာ၊ ငွေတံခွန်ငါးရာ၊ ရွှေမြူတာငါးရာ၊ ငွေမြူတာငါးရာကိုလည်း ကောင်းစွာဆောက်စေ၏။ ရွှေဆီမီးတိုင်ငါးရာ၊ ငွေဆီမီးတိုင်ငါးရာတို့ဖြင့် နံ့သာဆီမီးကိုလည်း တညီတည်း ပူဇော်၏။ အထုံအခိုးမွှေးမျိုးအပေါင်းကိုလည်း ကောင်းစွာ ကြဲဖြန့်၏။

## အဓိဋ္ဌာန် ပန်းဆီးမီး

ထိုသို့စီရင်ပြီးမှ အရှင်မဟာကဿပသည် မွှေးကြိုင်လှသော ကြာညိုပန်း ကို စိုက်ပြီးမှ ဤပန်းသည် နောင်သောအခါတွင် ဓမ္မာသောကမင်းကြီးသည် ဓာတ်တော်ကို ပင့်ဆောင်၍ ဇမ္ဗူဒိပ်ကျွန်းကို ပြန်လတ္တံ့၊ ထိုအခါတိုင်အောင် ပန်းမညှိုးနိုင်သည်ဖြစ်စေသော၊ နံ့သာမျိုးတို့သည် အခိုးရနံ့မပြယ်ဖြစ်စေသော၊ ဆီမီးမငြိမ်းသည်ဖြစ်စေသော...ဟု ဓိဋ္ဌာန်တော်မူ၏။ ရွှေပေ၌ အက္ခရာကို ရေးသား၍လည်း ထားစေ၏။

အက္ခရာကား–

**အနာဂတေ ပိယဒါသောနာမ ကုမာရော ဆတ္တံ ဥဿာပေတွာ အသောကော နာမ ဓမ္မရာဇာ ဘဝိဿတိ။ သော ကုမာရော ဓာတုယော ဂဟေတွာ ဝိတ္ထာရိကာ ကရိဿတိ။** ဟူသည်တည်း။

Royal Snow
Publications

နောင်သောအခါ၌ ပယဒါသအမည်ရှိသော မင်းသားသည် ဇမ္ဗူဒိပ်လုံး သိမ်းကြုံးစိုးလစ် ကေရာဇ်ထီးဖြူကို စိုက်ဆောက်၍ အသောက အမည်ခံသော မင်းတရားသည် ဖြစ်လတ္တံ့။ ထို အာသောကမင်းသည် ဤဓာတ်တော်တို့ကို ယူ၍ နှံ့စေသည်ကို ပြုလတ္တံ့။

## အစောင့်အရှောက်

ထို့နောက် အဇာတသတ်မင်းသည်လည်း အလုံးစုံသော တန်ဆာတို့ကို ပူဇော်ပြီးမှ တံခါးဝတို့ကို အစဉ်အတိုင်းပိတ်လျက် အထက်ဆုံးဖြစ်သော ကြေးနီ တံခါးမကြီးဝယ် ကြီးကျယ်သော မင်းတုတ်ကိုဖွဲ့၍ နှစ်ဆယ့်လေးကုဋေ အဖိုးထိုက်သောပတ္တမြားကို တံခါးဝ၌ထားပြီးသော် “နောင်သောအခါ ဆင်းရဲစွာ သော မင်းတို့သည် ဤပတ္တမြားကိုယူ၍ ဓာတ်တော်တို့ကို ပူဇော်စေသတည်း” ဟု အက္ခရာတို့ကို ရေးသား၍ ထားစေ၏။

ထို့နောက်မှ ဘူတာဝါဟန ယန္တရားစက်တပ်ဆင်တတ်သောသူကို ရှာ၍ ဆုလာဘ်များစွာပေးပြီးလျှင် အသက်ရှင်သော လူယောက်ျားကဲ့သို့ သစ်သား ဖြင့်ပြီးသော ကြောက်မက်ဖွယ်သောလက်နက်ကို စွဲကုန်လျက်ထားလေ၏။ လေအဟုန်ကဲ့သို့သော လျင်ခြင်းဖြင့် အဆင့်ဆင့် လည်စေလျက်ထားပေ၏။

(ဓာတုဝင်၌ကား သိကြားက,စေ၍ ဝိသကြုံနတ်သားသည် ယန္တရား စက်ရုပ်ကို စီရင်၍ထားလာသည်ဟု ဆို၏။ ထိုစကားသည် ဒီပဝင်မဟာဝင် စသော ကျမ်းတို့နှင့်မညီ၊ ဥပမာယူသော်ကား သင့်ရာ၏။)

ယင်းသို့ကြောက်မက်ဖွယ်သော ယန္တရားစက်ရုပ်ကို ထားပြီးမှ အထက်၌ တစ်ခုသောကျောက်ဖျာဖြင့် ဖုံး၍ ထိုကျောက်ဖျာပေါ်၌ မြေမှုန့်တို့ကို ဖို့ပြီးသော် အပေါ်၌ ကျောက်စေတီကို ပြုပေ၏။ ဤသို့ဓာတ်တော်တို့ကို ကောင်းစွာ သိမိုးပြီးသော် သာဝကကြီးဖြစ်သော အရှင်မဟာကဿပလည်း ပရိနိဗ္ဗာန်လွန် တော်မူ၏။ ထိုမှကြွင်းသော အရှင်တို့လည်း အသက်အတိုင်းတည်၍ နိဗ္ဗာန် ယူလေကုန်၏။ အဇာတသတ်မင်းလည်း အစဉ်အတိုင်း မင်းပြု၍ မင်းစည်းစိမ်ကို သုံးဆယ့်နှစ်နှစ်ရှိသော ကာလ၊ သားတော် ဥဒယဘဒ္ဒ လုပ်ကြံ၍ ကံကုန် လေ၏။

## နောက်ဆုံးအဖြစ်

ထိုမင်းကား ဘုရားနိဗ္ဗာန်မလွန်မီ ရှစ်နှစ်၊ နိဗ္ဗာန်လွန်ပြီးနောက် နှစ်ဆယ့်လေးနှစ်အားဖြင့် သုံးဆယ့်နှစ်နှစ် မင်းမူသတည်း။ အဇာတသတ် မင်းကား တိဟိတ်ပဋိသန္ဓေနေသောသူဖြစ်လျက် အဆွေခင်ပွန်းယုတ်ဖြစ်သော ဒေဝဒတ်နှင့် ပေါင်းမိသောကြောင့် ပိတုဃာတက ကံကိုပြုမှား၍ ရှည်လျားစွာ အဝိစိငရဲ၌ခံထိုက်သူဖြစ်လျက် ဘုရားရတနာ၌ အလွန်သဒ္ဓါ၍ သာသနာကို ချီးမြှောက်ပေရကား အဝိစိအနီးအပါးဖြစ်သော သောမာကုမ္ဘိငရဲ၌ အနှစ် ခြောက်သောင်းခံ၍ လွတ်ပြီးလျှင် မေတ္တေယျဘုရားရှင်အကြား၌ "ဝိဇိတာဝိ" မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့တည်း။

## နိဂုံးချုပ် နှုတ်ခွန်းဆက်

ဤစာအုပ်၌ အဇာတသတ်မင်းအကြောင်းမှာ ဤနေရာတွင် ဆုံးခန်း တိုင်ခဲ့ချေပြီ။ အဇာတသတ်မင်းသည် ဝေသာလီပြည်ကို တိုက်ခိုက်သိမ်းယူခြင်း အကြောင်းကိုမူ ချန်လှပ်ထားခဲ့သည်။

အကြောင်းအရာရှည်လျားနေမည်စိုး၍ တစ်ကြောင်း၊ သာမညဖလသုတ်၊ ဗြဟ္မဇာလသုတ်တော်များနှင့် အလုမ်းဝေးသွားမည်စိုး၍လည်း တစ်ကြောင်း ဖြစ်ပေသည်။

အဇာတသတ်မင်းအကြောင်း၌ အဓိက ရေးရှုရည်ရွယ်ရင်းမှာ လောက သဘာဝ၊ လူ့သဘာဝ ကောင်းဆိုးမှားမှန်ကို ချင့်ချိန်ဝေဖန်နိုင်ကြစေရန် ဖြစ် သည်။ အဇာတသတ်သည် သာမန်ပုဂ္ဂိုလ်မဟုတ်၊ တိဟိတ်ပဋိသန္ဓေတည်နေ လာခဲ့သူဖြစ်သည်။ သို့ရာတွင် အပေါင်းအသင်းမှားခြင်းကို အကြောင်းပြု၍ မကောင်းသောအမှုကို ပြုမှားမိခဲ့ရသည်။ အပေါင်းအသင်းမှားရခြင်းမှာလည်း အခြေအနေအချိန်အခါနှင့် ဆက်စပ်နေပြန်သည်။

ခြုံလိုက်သောအခါ လူ့ဘဝတွင် ပတ်ဝန်းကျင်အခြေအနေနှင့် အချိန်အခါ (ခေတ်ကာလ)သည် ကောင်းကျိုးဆိုးကျိုးကို ဖန်တီးတတ်သည်၊ ဖြစ်မြောက်စေ တတ်သည်ဟု သိမှတ်နားလည်ရမည်ဖြစ်သည်။

မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိ၏ သားသမီးဆွေမျိုးသားချင်းပင်ဖြစ်စေ မကောင်းသောပတ်ဝန်းကျင်နှင့် ဆက်စပ်နေခဲ့လျှင် ကောင်းသောပတ်ဝန်းကျင်

သို့ ပြောင်းရမည်။ ကြုံကြိုက်နေဆဲခေတ်ကာလ အခြေအနေအရ ဘေးအန္တရာယ် မရှိရလေအောင်၊ မကောင်းကျိုးများ မသက်ရောက်ရလေအောင်လည်း ကြိုတင် စီစဉ်တတ်ရပေမည်။

အဇာတသတ်သည် အသက်ငယ်ရွယ်စဉ်အခါတွင် အခြေအနေအရ မှားခဲ့သည်။

သို့သော် အကြောင်းအားလျော်စွာ (ဗုဒ္ဓမြတ်စွာဘုရားနှင့် တွေ့ပြီး) အမှန်ကို သိမြင်လာရသည့်အခါတွင်ကား ထိုအမှန်တရားနှင့် အလေးအနက် သက်ဝင် ကျင့်သုံးခဲ့သည်။ ကြိုးပမ်းအားထုတ်ခဲ့သည်။

ထို့နည်းအတူပင် အကြောင်းတစ်ခုခုဖြင့် မှားခဲ့ပြီးသူ၊ မှားခဲ့ဖူးသူသည် လည်း မှားမှန်းသိသည့်အခါ ထိုအမှားကို စွန့်ပစ်ဆင်ခြင်ကာ အမှန်တရား၌ အလေးအနက် သက်ဝင်ကြိုးပမ်းခဲ့လျှင် လူဖြစ်ရကျိုး၊ အသက်ရှင်ရပ်တည်နေ ရကျိုး နပ်နိုင်ပေလိမ့်မည်။

အဇာတသတ်မင်းသည် ရှင်ရဟန်းပြုရခြင်း၏ အကျိုးတရား (သာမည ဖလသုတ်) ကို မြတ်စွာဘုရားအထံတော်မှ ကြားသိနားလည်ခဲ့ရသည်။ သိရ သည်နှင့်အမျှလည်း မြတ်စွာဘုရားအမှူးသော တရားတော်၏ ဂုဏ်ကျေးဇူး၊ ရဟန်းသံဃာ၏ ဂုဏ်ကျေးဇူးကို အထူးသိမြင်နားလည်ကာ သက်ဆုံးတိုင်ပင် ဥပသကာပုဂ္ဂိုလ်ဖြစ်မြောက်သွားခဲ့ရသည်။ အမှန်တရား၌ သက်ဝင်ရင်းနှီးသွား ရသည်။

ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းများသည် အဇာတသတ်မင်း၏ ဆိုးကောင်း မှားမှန်ကို ဝေဖန်သိမြင်နိုင်သောအားဖြင့်လည်းကောင်း၊ သာမညဖလ သုတ်တော် ဂုဏ်ကျေးဇူး၌ ညွတ်နူးသက်ဝင် သိမြင်နားလည်နိုင်သောအားဖြင့် လည်းကောင်း၊ ကောင်းမြတ် ဖြောင့်မှန်လှစွာသော ဗုဒ္ဓသာသနာတော်၌ အလေးအနက် သက်ဝင်ယုံကြည် ပွားများကာ အားထုတ်နိုင်ကြပါစေသတည်း။

ဗုဒ္ဓကျေးဇူး၊ ဂုဏ်အထူးကို၊ ညွတ်နူးကော်ရော်၊ ရှိ-ပူဇော်လျက်။

ဦးကောင်းထွန်း

**အခြေခံ မှီငြမ်းပြု**

- **ကထာဂတ ဥဒါန ဒီပနီ**
  ဒိပဲယင်း ဆရာတော်ဘုရား
- **ဇိနတ္ထပကာသနီ**
  ကျီးသဲလေးထပ် ဆရာတော်ဘုရား
- **သီလက္ခန် ပါဠိတော်** (သာမညဖလသုတ်)
  နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့
- **ယသဝမ္မနဝတ္ထု**
  တောင်ဖီလာဆရာတော်
- **ဦးပုည ဝတ္ထုပေါင်းချုပ်**
  ဦးပုည
- **ပဥ္စပါပီရကန်**
  နားခံတော် ဦးရွှေနီ

## ဦးကောင်းထွန်း ရေးသား ထုတ်ဝေပြီး စာအုပ်များ

- ဗုဒ္ဓဝါဒ – ဗုဒ္ဓသာသနာ
- ဗုဒ္ဓခေတ် ပြဿနာများ
- မိလိန္ဒ အမေး–အဖြေ
- အမတ်ကြီး ဦးပေါ်ဦး၏ ဟာသပဒေသာ မြတ်ပညာ
- တရားစစ်သူကြီး – ရှင်ဥတ္တမကျော်နှင့်<br>ရွှေ့နေလှမော် – ခုံတော်မောင်ကျဘမ်း

စာမူခွင့်ပြုချက်အမှတ်
၇၀၇ / ၂၀၀၃ (၁၀)

- သိရခက်ခဲနက်နဲလှသော ဗုဒ္ဓနှင့်ပတ်သက်သည့် မိလိန္ဒမင်း၏ အမေးပုစ္ဆာများ
- ကိုးကြောင်းမှန်ကန် လျော်ကန်သင့်မြတ်လှသော အရှင်နာဂသေန၏ အဖြေများ
- ဘဝပေါင်းများစွာ ဖြည့်ကျင့်ဆည်းပူးခဲ့သည့် ဗုဒ္ဓ၏ပါရမီတော်များ
- ဤလောကသုံးပါး၏ နှိုင်းရာမမြင်၊ ယှဉ်ရာမရှိ မဟာပုရိသ လက္ခဏာတော်များ
- မဖြစ်စဖူး ထူးကဲဆန်းကြယ်သော တန်ခိုးပြာဋိဟာများနှင့်ပတ်သက်၍ ပုစ္ဆာများ၊ ပဟေဠိများ

ဦးကောင်းထွန်း

# ရှင်နာဂသေနနှင့် မိလိန္ဒမင်း

# သို့မဟုတ်

# ဓမ္မကထာ မိလိန္ဒပဉှာ

သင်၏ရင်ထဲမှ ယုံမှားသံသယများ၊ ထင်ယောင်မြင်ယောင်အတွေးများ၊ ဝေဝါးထွေပြားသော သက်ာမကင်းမှုများလည်း သည်စာအုပ်ဖတ်ပြီးလျှင် နေလာနှင်းကဲ့သို့ ရှင်းရှင်းလင်းလင်း ကြည်လင်သန့်စင် လွင့်စင်ပျောက်ပျက်သွားပါလိမ့်မည်။

– မကြာမီထွက်မည် –



# နေမင်းကွယ်ချိန် လသာချိန်
# သို့မဟုတ်
# သာမညဖလသုတ်တော်နှင့်အဇာတသတ်

## ဦးကောင်းထွန်း